၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

tw(12)? trw(7) 2002 rw 7 wi pwixwa0on 1375 cEp? wec;vjynae ? Lumoyaw;? ({ly 25 ? 2013)

# အခွန်တိမ်းရှောင်ခွင့်ရရှိထားသည့် ကုမ္ပဏီ လုံးဝမရှိတော့ဟုဆို

**မိုးညို**

**ရန်ကုန်၊ မေ-၂၀**

အစိုးရသို့ အခွန်ထမ်းဆောင်ရာတွင် တရားဝင်အခွန်တိမ်းရှောင်ခွင့်ရရှိထားသည့် ကုမ္ပဏီများယခင်ကရှိခဲ့သော်လည်း ယခုလုံးဝမရှိတော့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

ပြီးခဲ့သည့် ဧပြီလ ၉ ရက်က ကုန်သည်စက်မှု အသင်းချုပ်ရုံး၌ စီးပွားရေးလုပ်ငန်းရှင်အများစုနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တွေ့ဆုံပွဲတွင် စီးပွားရေးလုပ်ငန်းရှင်များက အခွန်တိမ်းရှောင်ခွင့်ရရှိထားသည့် ကုမ္ပဏီများရှိနေသည်ဟုဆိုခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာနက ယခုကဲ့သို့ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

ယခင်က တပ်မတော်အရာရှိကြီးများ ပိုင်ဆိုင်သည်ဟုဆိုသော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ကုမ္ပဏီကို ၂၀၀၅ ခုနှစ်မှစတင်၍ကုန်သွယ်လုပ်ငန်းခွန်နှင့် ပတ်သက်ပြီးတရားဝင်အခွန်ကင်းလွတ်ခွင့် ပေးခဲ့ရာမှ ယခုအရပ်သားအစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်မှစတင်ကာ အခြားစီးပွားရေး လုပ်ငန်းရှင်များနည်းတူ ပြန်လည်အခွန်ထမ်းဆောင်စေခဲ့သည်ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးက ဆိုသည်။

**စာ(၁၂)သို့**

## ကုန်းတွင်းရေနံလုပ်ကွက် လုပ်ကိုင်ခွင့် ပဏာမရွေးရာတွင် ဩစတြေးလျကုမ္ပဏီ အများဆုံးပါဝင်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၁၈**

ကုန်းတွင်းရေနံလုပ်ကွက် ၁၈ ကွက် လုပ်ကိုင်ခွင့် ပဏာမ ရွေးချယ်ရာတွင်ဩစတြေးလျကုမ္ပဏီများ အများဆုံးပါဝင်ကြောင်း သတင်းရရှိသည်။

လျှောက်ထားသော နိုင်ငံများအနက် ဩစတြေးလျနိုင်ငံက စုစုပေါင်းကုမ္ပဏီ ၁၂ ခုဖြင့် ပထမအများဆုံးဖြစ်ပြီး အိန္ဒိယ၊ ဗြိတိန်နိုင်ငံတို့က ပဏာမရွေးချယ်သည့် စာရင်းတွင် အခြားနိုင်ငံများထက် အရေအတွက်ပိုများသည်။

တင်ဒါခေါ်ယူမှုကို မတ်လ ၁၆ ရက်က စာရင်းပိတ်ခဲ့ပြီး နိုင်ငံတကာကုမ္ပဏီပေါင်း ၉၀ လျှောက်ထားခဲ့ရာမှ ၅၉ ခုကို ပဏာမ ရွေးချယ်ခဲ့ကြောင်း၊ ၅၉ ခုအနက် နည်းပညာမြင့်မားပြီး ငွေကြေးအင်အား တောင့်တင်းခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုက်နာသော ကုမ္ပဏီများကို ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း စွမ်းအင် ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အချပ်ပို(D)သို့**




*တောင်ဒဂုံမြို့နယ် ၂၄ရပ်ကွက်တွင် ဆင်းမ်ကတ်မဲနှိုက်နေစဉ်*

ဓာတ်ပုံ-သူရဇော်

## ၁၅၀၀ ကျပ်တန် ဆင်းမ်ကတ်ရောင်းချရာတွင် ရိုးသားမှုမရှိက အစိုးရအဖွဲ့သို့ တိုင်ကြားနိုင်

**ကျင်းဆောင်၊ ဟေမာန်နှင်း၊ ချစ်ဝိုင်း**

**ရန်ကုန်၊ မေ-၁၉**

၁၅၀၀ ကျပ်တန်မိုဘိုင်းဖုန်း ဆင်းမ်ကတ်များ မေ ၂၄ ရက်မှစတင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် မဲဖောက်ရောင်းချပေးမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုမရှိဘဲ မရိုးမသားပြုလုပ်မှုများရှိပါက သက်ဆိုင်ရာမြို့နယ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်ကြားနိုင်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးဦးအောင်ခင်က ပြောကြားသည်။

“ပြည်သူတွေအတွက် ပွင့်လင်းမြင်သာမှုရှိအောင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ညွှန်ကြားချက်အတိုင်း သက်ဆိုင်ရာမြို့နယ်တွေမှာ ရောင်းဝယ်ရေးကော်မတီဖွဲ့ပြီးတော့ ပြည်သူတွေရှေ့မှာ မဲစနစ်နဲ့ ရောင်းပေးမှာ ဖြစ်ပါတယ်” ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီး ဦးအောင်ခင်က ပြောကြားသည်။

“မေ ၂၁ရက်နေ့မှာမဲနှိုက်ပြီးပြီ။ ရပ်ကွက်ထဲက ပြည်သူတွေရှေ့မှာပဲ မဲနှိုက်ကြတာပါ။ လျှောက်ထားတဲ့စောင်ရေကတော့၁၅၀၀ ကျော်လောက်ရှိတယ်။ ကျွန်တော်တို့ရတဲ့ ခွဲတမ်းကတော့ ၂၄၀ လောက်ရတယ်” ဟု မြောက်ဥက္ကလာပမြို့နယ်တွင် အပိုင်း(၁)မှ (၈)အထိ အုပ်ချုပ်သော အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းက ပြောသည်။

**စာ(၁၂)သို့**

## လူမျိုးတုံး သတ်ဖြတ်ခဲ့သည်ဟု လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ စွပ်စွဲချက် အစိုးရကန့်ကွက်မည်

**အေးသူစံ၊ မိုးညို**

**ရန်ကုန်၊ မေ-၂၂**

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်မှာ ရိုဟင်ဂျာ မွတ်ဆလင်များအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း Human Rights Watch အဖွဲ့၏ ထုတ်ပြန်ချက်အား မြန်မာအစိုးရက ကန့်ကွက်သွားမည်ဖြစ်ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ပြောသည်။

အဆိုပါ အစီရင်ခံစာပါ အချက်များအနက် သမ္မတဦးသိန်းစိန်အစိုးရအား လူသားမျိုးနွယ်ပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအား ကိုင်တွယ်ပုံညံ့ဖျင်းကြောင်း ပြောကြားထားပြီး မွတ်ဆလင်အိမ်ထောင်ပေါင်းများစွာကို မီးရှို့ဖျက်ဆီးနေသည့်လက်နက်ကိုင် ဗုဒ္ဓဘာသာ လူအုပ်စုကို ရဲတပ်ဖွဲ့ဝင်များက တားဆီးရန်ပျက်ကွက်ခဲ့ကြောင်း၊ မွတ်ဆလင်များကိုကာကွယ်ရန် အစိုးရအဖွဲ့က မသိကျိုးကျွန်ပြုနေကြောင်း၊ အချို့အကြမ်းဖက်မှုများတွင် အစိုးရတပ်ဖွဲ့ဝင်အချို့ကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့ကြောင်း စသည်ဖြင့် ရေးသားထားသည်။

“ဒီအစီရင်ခံစာကို အသေးစိတ်လေ့လာပြီး နိုင်ငံခြားရေးဝန်ကြီးဌာနကနေတစ်ဆင့် သံတမန်နည်းလမ်းအရတုံ့ပြန်ဆောင်ရွက်သွားမှာပါ” ဟု ဦးရဲထွဋ်က ပြောကြားသည်။

**စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# တိုင်းရင်းသားပါတီများအပါအဝင် ဒီမိုကရေစီ အင်အားစုပါတီများနှင့် ဆက်ဆံရေးကောင်းမွန်ရန် တရုတ်ကြိုးပမ်း

**အိဖြူလွင်၊ ထွန်းနိုင်**

**ရန်ကုန်၊မေ-၁၉**

ပြည်တွင်းနိုင်ငံရေးပါတီများနှင့် ကောင်းမွန်သည့်ဆက်ဆံရေးရရှိလာရန် တရုတ်အစိုးရက အလေးထားဆောင်ရွက်လာကြောင်း နိုင်ငံရေးအင်အားစုများကပြောသည်။

ယခင်အာဏာရစစ်အစိုးရနှင့် ၂၀၁၀ရွေးကောက်ပွဲမှတစ်ဆင့်လွှတ်တော်များအတွင်းနေရာအများဆုံးရရှိထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့နှင့်သာ ဆက်ဆံရေးကောင်းမွန်ရန် အလေးထားသည်ဟု မကြာခဏဝေဖန်ခံရသော တရုတ်နိုင်ငံသည် တိုင်းရင်းသားပါတီများ၊ အခြားဒီမိုကရေစီအင်အားစုများကိုပါ အလေးထားဆက်ဆံလာသည်ကို တွေ့ရကြောင်း နိုင်ငံရေးပါတီအချို့ကပြောသည်။

"စစ်အစိုးရလက်ထက်မှာရော အစိုးရအဆက်ဆက်မှာရော အစိုးရချင်းဆက်ဆံရေးပဲပေါ့။ သူတို့ (တရုတ်)ကျင့်သုံးတဲ့မူကအဲဒါပဲလေ။ အခုကျတော့ ပြည်သူဗဟိုပြုတဲ့ဒီမိုကရေစီခေတ်ကိုတကယ်တမ်းပြောင်းတော့မယ်ဆိုတော့ သူတို့နိုင်ငံတကာဆက်ဆံရေးမှာလည်း မြန်မာနိုင်ငံအပေါ် ပြောင်းလဲဆက်ဆံရမယ်ဆိုတာ သိမြင်လာတာပေါ့" ဟုအမျိုးသား ဒီမိုကရေစီအင်အားစုပါတီ (NDF) ဥက္ကဋ္ဌ ဦးခင်မောင်ဆွေကပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် နေရာအများစုကို အနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျန်းမာရေးကွန်ရက်အတွက်လည်း ဧပြီလအစောပိုင်း၌ တရုတ်သံရုံးက လှူဒါန်းမှုအချို့ ပြုလုပ်ခဲ့ပြီး ၎င်းသည် နိုဗယ်ငြိမ်းချမ်းရေးဆုရှင်၏ ပါတီနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရရှိရန်ကြိုးပမ်းလိုခြင်းဖြစ်နိုင်ကြောင်း မြန်မာ့နိုင်ငံရေးလေ့လာသူများကသုံးသပ်သည်။ အင်အားကြီးပါတီများနှင့် ကောင်းမွန်သည့်ဆက်ဆံရေးထူထောင်ရန် ကြိုးစားရုံမျှမက တိုင်းရင်းသား ပါတီများနှင့်လည်း ပိုမိုထိတွေ့ဆက်ဆံမှုများပြုလုပ်လာကြောင်း တိုင်းရင်းသားပါတီအချို့က ပြောသည်။

"အရင်တုန်းကတော့ ကြံ့ခိုင်ရေးနဲ့ပဲ ဆက်ဆံတာကိုး၊ ကျန်တဲ့ ပါတီအသေးလေးတွေကို ဆက်ဆံတာမတွေ့ရဘူးလေ။ အခုကျွန်တော်တို့အပါအဝင်ပါတီငယ်တွေကို ဦးစားပေးလာတယ်ဆိုတော့ ထူးခြားမှုတစ်ခုလို့ပြောလို့ရပါမယ်"ဟု ကျားဖြူပါတီဟု လူသိများသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ အတွင်းရေးမှူး ဦးစိုင်းလှကျော်ကပြောသည်။




*တရုတ်နိုင်ငံသို့ သွားရောက်မည့် နိုင်ငံရေးပါတီများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌တွေ့ရစဉ်*

ဓာတ်ပုံ-Chinese Embassy Facebook

တရုတ်နိုင်ငံမှ သံအရာရှိများနှင့် တွေ့ဆုံပါက အစိုးရနှင့် ဆက်ဆံရေးကောင်းမွန်အောင်ထူထောင်ခြင်းအပြင်ပြည်သူနှင့်ဆက်ဆံရေးကိုပါအလေးထားရန် ပြည်တွင်းနိုင်ငံရေး အင်အားစုများက မကြာခဏသတိပေးမှုများ ပြုလုပ်ခဲ့ကြောင်း ဆွေးနွေးခဲ့သည့်နိုင်ငံရေးပါတီများကပြောသည်။ တရုတ်နိုင်ငံကလည်းပါတီများနှင့် ဆက်ဆံရေးကောင်းမွန်ရန် ကြိုးစားလိုသည့်သဘော ထုတ်ဖော်ပြောဆိုမှုများရှိကြောင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ(တစည) ဗဟိုကော်မတီဝင်ဦးသိန်းထွန်းကပြောသည်။

တရုတ်ကွန်မြူနစ်ပါတီကလည်း မြန်မာနိုင်ငံမှတ. စ. ည၊ အင်န်ဒီအက်ဖ်၊ ကျားဖြူပါတီ၊ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ စသည့် နိုင်ငံရေးပါတီလေးခုကိုဧပြီလနှောင်းပိုင်းတွင် ကိုးရက်ကြာတရားဝင်ခရီးတစ်ခုဖိတ်ကြားပြီး ပါတီချင်းဆက်ဆံရေးတိုးတက်ရန်ကြိုးစားလာကြောင်း ၎င်းကပြောသည်။

"အစိုးရချင်းဆက်ဆံရေးအပြင်ပါတီချင်းဆက်ဆံမှုတွေလည်း တိုးမြှင့်လိုတဲ့ သဘောထားရှိပုံရပါတယ်" ဟုဦးသိန်းထွန်းကပြောသည်။ တရုတ်အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို မြှင့်တင်လိုသည့် မြန်မာနိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်ရန် အမြဲအသင့်ရှိကြောင်း၊ ၎င်းအပြင် ဝေဖန်မှုများကြုံတွေ့နေရသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုပယ်ချလိုက်ပြီး တိုင်းရင်းသားပါတီများအပြင် အခြားပါတီများနှင့်လည်း ချောမွေ့သည့် ဆက်ဆံရေးရှိပါကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးတာဝန်ရှိသူကပြောကြားသည်။

tradecarview
ကျွန်ုပ်တို့ရဲ့ Trade Car View အွန်လိုင်းဝက်ဆိုဒ်တွင်ဂျပန်နိုင်ငံ
မှအရည်အသွေးကောင်းမွန်သောကားအစီးရေ၄၅ဝဝဝကျော်ရှိပါ သည်။


1997 Mitsubishi Pajero
CIF $4,350 ~


2008 Nissan Wingroad
CIF $6,561 ~


2007 Toyota Dyna Truck
CIF $10,047 ~


2003 Toyota Alphard
CIF $4,767 ~

သင့်စိတ်တိုင်းကျဈေးနှုန်းချိုသာသောကားကိုဝယ်ရန်အခက်အခဲများရှိ
ပါကအောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။
Tel : 01-9010402 Contact : 09-421067549



ကျွန်ုပ်တို့နှင့်ဆက်သွယ်ထားသောမြန်မာနိုင်ငံကား
Show Room များမှကားများကိုလည်းဝယ်ယူနိုင်ပါသည်။
Carview Corporation tradecarview support service center
No.222, 226, 6th Floor, Room 601,Bo Myat Tun Hotel Building,
Bo Myat Tun Street, Botataung Township,Yangon, Myanmar.
http://www.tradecarview.com/mm/

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013



# သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေတို့အား တရားစွဲဆိုရန် နို့တစ်ပို့

**အေးသူစံ**

**ရန်ကုန်၊ မေ-၁၉**

ရန်ကုန်တိုင်းဒေသကြီး တရားရုံးအား ပုဂ္ဂလိကသို့ လွှဲပြောင်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေတို့အားတရားမမှုစွဲဆိုရန် နို့တစ်စာပေးပို့လိုက်ပြီဖြစ်ကြောင်း ရှေ့နေများကွန်ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါရန်ကုန်တိုင်းတရားရုံးကို နိုင်ငံတော်၏ အမျိုးသားအမွေအနှစ်အဖြစ် သက်ဆိုင်ရာတရားရုံးက မြွက်ဟကြေညာပေးစေသည့် ဒီကရီတစ်ရပ်ချမှတ်ရန်၊ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ ယင်းအဆောက်အအုံကို ရောင်းချခြင်းမှ ထာဝရတားဝရမ်းထုတ်ပေးစေရန် နို့တစ်စာကိုတရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရ ရက် ၆၀ ကြိုတင်၍ ဧပြီလ ၉ ရက် ရက်စွဲဖြင့် ပေးပို့လိုက်ခြင်း ဖြစ်သည်။

နို့တစ်စာပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်သူများထံမှ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



"ဟိုတယ်လုပ်မယ့် ပုဂ္ဂလိကကုမ္ပဏီနဲ့ အစိုးရကိုယ်စားလှယ်စာချုပ်ချုပ်ခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နဲ့ နိုင်ငံပိုင် အဆောက်အအုံတွေကို ရောင်းချခွင့်ပြုခဲ့တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းတို့ကို ဒီကိစ္စမှာ အဓိကတာဝန်ရှိသူတွေအနေနဲ့ ထည့်သွင်းတရားစွဲဆိုရတာဖြစ်ပါတယ်" ဟု ရှေ့နေများကွန်ရက်မှ တရားလွှတ်တော်ရှေ့နေ ဦးသန်းတင်က ရှင်းပြသည်။

ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ရန်ကုန်တိုင်းတရားရုံးနှင့် မဟာဗန္ဓုလပန်းခြံလမ်းရှိ တိုင်းတရားလွှတ်တော်တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းရောင်းချခဲ့ခြင်းကို ၂၀၁၂ ခုနှစ်၊ နှစ်လယ်ပိုင်းကတည်းက မြန်မာနိုင်ငံရှေ့နေများကွန်ရက်က ဆန္ဒဖော်ထုတ်ပွဲများ ပြုလုပ်ခဲ့ပြီး အစဉ်တစိုက်ကန့်ကွက်ခဲ့ကြသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလဆန်းက သမ္မတရုံးဝန်ကြီးဦးစိုးသိန်းက ရှေ့နေများကွန်ရက်နှင့် တွေ့ဆုံခဲ့ပြီး တရားရုံးနှစ်ခုအား ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်ကြီးမြင့်ခြင်းကြောင့်ရောင်းချခဲ့ကြောင်း၊ တိုင်းတရားလွှတ်တော်ကိုမူ အပြီးအပြတ်ရောင်းချခြင်း မဟုတ်ဘဲ တတိယထပ် တစ်ထပ်တည်းကို သာပြတိုက်အဖြစ်ပြုလုပ်ရန်စီစဉ်ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ပြည်သူ့လွှတ်တော်တွင်ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ယင်းတရားရုံးများအား မူလအတိုင်းထားရှိရန် အရေးကြီးအဆိုတင်သွင်းခဲ့သော်လည်း ယင်းအဆိုမှာ ရှုံးနိမ့်ခဲ့သည်။

"မဆလ၊ နဝတအစိုးရလက်ထက်တုန်းက ဒီလိုမျိုးအစိုးရကို တရားစွဲဖို့ မဖြစ်နိုင်ခဲ့ဘူး။ ခုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၇ မှာလည်း ပြဋ္ဌာန်းထားတယ်။ ခု ဦးစိုးသိန်းနဲ့ ဦးမြင့်ဆွေကို တရားစွဲရတာကလည်း အဖွဲ့အစည်းတစ်ခုတွင်းက တာဝန်ရှိတဲ့ ထိပ်ဆုံးပုဂ္ဂိုလ်တွေဖြစ်လို့ သူတို့ကို နာမည်တပ်ပြီး နို့တစ်စာပေးပို့ရတာပါ" ဟု တရားလွှတ်တော်ရှေ့နေ ဦးသိန်းသန်းဦးက ပြောသည်။

ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ တိုင်းတရားရုံးကို ပြည်တွင်းမှ Flying Tiger Engineering ကုမ္ပဏီသို့ လွှဲပြောင်းရောင်းချခဲ့ပြီး ယခုအခါ ဟိုတယ်ဆောက်လုပ်ရန် ဖြိုဖျက်ပြင်ဆင်နေပြီဖြစ်သည်။ ပထမဆုံးအကြိမ်အဖြစ် အစိုးရသစ်လက်ထက်၌ ၂ နှစ်ကျော်ကြာကာလအတွင်း အစိုးရထိပ်ပိုင်း ခေါင်းဆောင်များကို တရားစွဲဆိုရန် နို့တစ်စာထုတ်ပြန်ခဲ့ခြင်းလည်း ဖြစ်သည်။

## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကြီး၍ တစ်နှစ်အောက် ကလေးငယ်များ နေပူထဲမခေါ်သင့်

**ဝတ်ရည်အောင်**

**ရန်ကုန်၊မေ-၂၂**

ကျန်းမာရေးဝန်ကြီးဌာနက ခရမ်း လွန်ရောင်ခြည်အန္တရာယ်နှင့် ပတ်သက်၍ သတိပြုနေထိုင်ရန် နှိုးဆော်လိုက်ပြီး အသက်တစ်နှစ်အောက်ငယ်သည့်ကလေးများကိုနေပူထဲသို့ခေါ် ဆောင်ခြင်း မပြုရန် ထည့်သွင်းကြေညာခဲ့သည်။

နှစ်စဉ်ပုံမှန် သတိပေးနှိုးဆော်သည့် အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်အပြင် ခရမ်းလွန်ရောင်ခြည်နှင့် ပတ်သက်သည့် အသိပေးနှိုးဆော်မှုကိုပါ ယခုနှစ်တွင် ထည့်သွင်းသတိပေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ခရမ်းလွန်ရောင်ခြည်အညွှန်း ကိန်း မြင့်မားစွာကျရောက်နေရာ ယခုရက်ပိုင်းအတွင်း ကျရောက်သည့် အညွှန်းကိန်း ပိုမိုမြင့်မားလာပြီး မိုးမကျမီအချိန်အထိ အနည်းငယ် ဆက်လက်မြင့်မားလာနိုင်သေးကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

"ဒီနေ့အတွက် ၁၃ ဒသမ ၉ ရှိတယ်။ ဒါတောင် တော်တော်ပြင်းနေပြီ။ မိုးမကျမီအထိတော့ အများဆုံး ၁၄ ဒသမ ၅ လောက်အထိ တက်ဦးမယ်လို့ ခန့်မှန်းထားတယ်"ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

ထိုပမာဏကို အန္တရာယ်ရှိသည့် အခြေအနေအဖြစ် သတ်မှတ်ထားကြပြီး ခရမ်းလွန်ရောင်ခြည် ကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော အရောင်ရင့်သည့် အဝတ်အစားများ၊ ထူသော အဝတ်အထည်များကို ဝတ်ဆင်ရန်၊ မျက်စိထိခိုက်နိုင်သည့်အတွက် အလှအပသက်သက် နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန် အသုံးပြုကြရန် သတိပေးနှိုးဆော်ထားသည်။

**စာ(၁၂)သို့**



CRIME မှုခင်း သတင်း CORNER

## လင်မယားချင်းစကားများကာ ဆရာဝန်က ခင်ပွန်းဖြစ်သူအား တူနှင့်ထုသဖြင့် ပွဲချင်းပြီးသေဆုံး

**သန်းဌေး**

**ရန်ကုန်၊မေ–၁**

သကြၤန်ကာလအတွင်း ရန်ကင်းကလေးဆေးရုံဆရာဝန်လိုင်းခန်းတွင် လင်မယားနှစ်ဦးစကားများရန်ဖြစ်ရာ ဇနီးဖြစ်သူ ဆရာဝန်အမျိုးသမီးက အိမ်သုံးတူနှင့် ထုရိုက်လိုက်သောကြောင့် ခင်ပွန်းဖြစ် သူ၏ ဦးခေါင်းကြေမွကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားကြောင်းသတင်း ရရှိသည်။

သကြၤန်အကျနေ့ ညကိုးနာရီဝန်းကျင်ခန့်က စတင်ကာ လင်မယားချင်း ရန်ဖြစ်ကြရာ အနီးအနားရှိ သူနာပြုလိုင်းခန်းများနှင့် အလုပ်သမားများပင် ဆူညံသံများ ကြားရပြီး ညဆယ်နာရီကျော် တွင် အသံများ တိတ်ဆိတ်ငြိမ်သက်သွားသည်။ နောက်တစ်နေ့နံနက်ကိုးနာရီတွင် အဆိုပါဆရာဝန်မက ဆေးရုံအုပ်ကြီးအား သွားရောက်အကြောင်းကြားမှသာ လူသတ်မှုဖြစ်ပေါ်ကြောင်း ပတ်ဝန်းကျင်က သိရှိခဲ့ကြသည်။

"သူ့အမျိုးသားက အရက်မူးပြီး ဓားဆွဲတာနဲ့ သူလည်းဒေါသထွက်ပြီး ဆိတ်ချိုတူနဲ့ထုလိုက်တယ်။ စနေသမီးဆိုတော့ စိတ်ကြီးတာနေမှာ"ဟု ရန်ကင်းမြို့နယ် ရဲစခန်းမှူး ရဲအုပ်မင်းဟန်ကပြောသည်။

အဆိုပါအမှုကို မေလ၁၀ရက်ခန့်တွင် တရားရုံးတင်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"သူတို့တွေညဘက်ရန်ဖြစ်နေတာ ဘယ်သူမှသွားမဖျန်ဖြေရဲဘူး၊ ညားတာကလည်း နှစ်လလောက်ပဲရှိသေးတယ်။ ဆရာဝန်မကတော့ ဒီဆေးရုံစဖွင့်ကတည်းက တာဝန်ကျနေတာ။ ယောက်ျားက အရက်တွေမူးလို့ရန်ဖြစ်ကြတယ်တဲ့။ မနက်ကျတော့မှ ဆရာဝန်မကိုယ်တိုင်ဆေးရုံအုပ်ကြီးကို အကြောင်းကြားပြီး ရဲစခန်းမှာ သွားအဖမ်းခံတယ်"ဟုအနီးဖအနားရှိ မျက်မြင်သက်သေက ပြောသည်။

ယခင်က သတ္တုတွင်းဝန်ကြီးဌာနပိုင် အဆောက်အအုံကို ဧရာဝတီဖောင်ဒေးရှင်းက ပြုပြင်ကာ ရန်ကင်းကလေးဆေးရုံအဖြစ် လွန်ခဲ့သော ၂နှစ်ခန့်ကလှူဒါန်းထားခဲ့သည်။

ယခုလူသတ်မှုကျူးလွန်သူဆရာဝန်မမှာ အသက် ၃၂ နှစ်ဖြစ်ပြီး သေဆုံးသွားသည့်ခင်ပွန်းမှာအသက်၃၈နှစ်အရွယ်ဖြစ်သည်။ လင်မယားနှစ်ဦးလုံးသည် ရှမ်းပြည်နယ်မှ ရန်ကုန်သို့လာရောက်ကာ ယင်းဆရာဝန်မတာဝန်ကျရာဆေးရုံရှိ ဆရာဝန်လိုင်းခန်းတွင်ပင် အတူတကွ နေထိုင်ကြောင်းသိရှိရသည်။

ယင်းအမှုကို အဆိုပါဆေးရုံအုပ်ဒေါက်တာဇော်မြင့်လွင်က တရားလိုပြုလုပ်ကာ ရန်ကင်းရဲစခန်းတွင် တိုင်ကြားသောကြောင့် ပြစ်မှုပုဒ်မ ၃၀၂အရ အမှုဖွင့်ထားကြောင်းသတင်းရရှိသည်။

## ကျောက်မျက်အသင်း ဥက္ကဋ္ဌအဖြစ် ဦးတေဇပြန်ယူမည်



**မိုးညို**

**ရန်ကုန်၊မေ–၁၉**

မြန်မာနိုင်ငံ၏ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးတေဇမှာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌရာထူးကိုပြန်လည်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ အတွင်းရေးမှူးကပြောသည်။

"ကျန်းမာရေးကောင်းတဲ့ပေါ် မူတည်ပြီး တာဝန်ထမ်းဆောင်မှာပါ" ဟု ၎င်းကပြောသည်။ ပြီးခဲ့သည့် ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလအတွင်းက အသင်း၏ ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ရန်အသင်းသို့ တရားဝင်စာတင်ခဲ့သော်လည်း အသင်းမှ အတွင်းရေးမှူးများ အပါအဝင် ဗဟိုအလုပ်အမှုဆောင်များက နုတ်မထွက်ရန်အတွက်တောင်းဆိုမှုများပြုလုပ်ခဲ့သည်။ အသင်းသားများဆန္ဒအရ ပြန်လည်ထမ်းဆောင်ရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်းသိရသည်။

ဦးတေဇမှာ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌရာထူးကိုပြီးခဲ့သည့် ၂၀၁၂ခုနှစ်နိုဝင်ဘာလက သုံးကြိမ်မြောက်ရယူထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၉ရက်က အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ထိပ်ပိုင်းအကြီးအကဲများတွင် အမေရိကန်နိုင်ငံက စီးပွားရေးအရပိတ်ဆို့အရေးယူခံထားရသူများရာထူးမှစွန့်လွှတ်သင့်ကြောင်း အဆိုတစ်ရပ်တင်သွင်းခဲ့သည်။

"လွှတ်တော်အစည်းအဝေးတွေပြီးခါနီးကာလတုန်းက သတ္တုဝန်ကြီးကပြောဖူးတယ်၊ အသင်းရဲ့ထိပ်ပိုင်းရာထူးတွေကိုပြန်လည်စိစစ်ရွေးချယ်မယ်လို့ပြောထားတယ်။ ဥက္ကဋ္ဌ ရာထူးကို သူကိုယ်တိုင်လဲ ဆက်မလုပ်ချင်တော့ဘူးထင်ပါတယ် ဒါပေမဲ့အခု အသင်းသားတွေရဲ့ ဆန္ဒအရပြန်လုပ်တာလို့ထင်တယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေကပြောသည်။

ဦးတေဇမှာအမေရိကန်နိုင်ငံက နောက်ဆုံးကြေညာခဲ့သောစီးပွားရေးအရပိတ်ဆို့စာရင်းတွင် ပါဝင်နေဆဲဖြစ်သည်။

## ကေအိုင်အိုနယ်မြေမှ ဒုက္ခသည်များကူညီရန် မြန်မာနိုင်ငံသားများကိုသာ ခွင့်ပြု

**အောင်နိုင်**

**ရန်ကုန်၊ မေ–၁၉**

ကေအိုင်အိုအုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဒုက္ခသည်စခန်းများကို အကူအညီများ ပေးအပ်နိုင်ရန် ကုလအဖွဲ့မှ မြန်မာနိုင်ငံသား ဝန်ထမ်းများအား တရားဝင်ခွင့်ပြုချက်ပေးထားပြီးဖြစ်သော်လည်း နိုင်ငံခြားသားဝန်ထမ်းများ ခွင့်ပြုချက်မရရှိသေးကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သတင်းရရှိသည်။

"မေလ၆ရက်ကယူအင်န်ဝန်ထမ်း မြန်မာနိုင်ငံသားတွေကို ခွင့်ပြုချက်ပေးပြီးပါပြီ။ ကေအိုင်အိုနယ်မြေထဲကို အကူအညီတွေ သွားရောက်ပေးနိုင်အောင်ပါ"ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့မှ အရာရှိဝန်ထမ်းတစ်ဦးက ပြောသည်။

ကုလနှင့်နိုင်ငံတကာအဖွဲ့အစည်းများသည် ယမန်နှစ်က ကေအိုင်အိုနယ်မြေအတွင်းရှိစစ်ဘေးဒုက္ခသည်များအား အကူအညီများ တစ်ကြိမ် သွားရောက်ပေးအပ်နိုင်ခဲ့သော်လည်း ယခုနှစ်အတွင်း ထပ်မံသွားရောက်နိုင်ခြင်း မရှိသေးပေ။

"အစိုးရ၏ ခွင့်ပြုချက် စောင့်နေတာပါ။ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး အများကြီးရှိတယ်။ မကြာမီရက်အတွင်းမှာ အကူအညီတွေ သွားရောက်ပေးနိုင်မယ်လို့မျှော်လင့်ပါတယ်" ဟု ရန်ကုန်မြို့ရှိ ကုလအဖွဲ့ရုံး ပြောရေးဆိုခွင့်ရှိသူ ဦးအေးဝင်းက ပြောသည်။

အစိုးရနှင့် ကေအိုင်အိုတို့ကြား အပြီးသတ်ငြိမ်းချမ်းရေးဆွေးနွေးပွဲမပြုလုပ်နိုင်သေးဘဲ စစ်ဘေးဒုက္ခသည် ရှစ်သောင်းကျော်မှာလည်း ယာယီစခန်းများတွင်နေထိုင်ကာ အကူအညီများ လိုအပ်နေဆဲဖြစ်သည်။

အကူအညီပေးအပ်ရန် လာရောက်သည့်ကုလအဖွဲ့တွင် နိုင်ငံခြားသားများ ပါဝင်လာခြင်းနှင့် စပ်လျဉ်း၍လည်း "နိုင်ငံတကာအဖွဲ့အစည်းတွေမှာတာဝန်ခံတွေက နိုင်ငံခြားသားတွေလေ။ သူတို့ရဲ့ပေါ်လစီကိုက ကိုယ်တိုင်ကိုယ်ကျ ထိထိရောက်ရောက် ကူညီချင်တဲ့ ဆန္ဒကြောင့် ဖြစ်မယ်။ အစိုးရက လွတ်လွတ်လပ်လပ်သွားခွင့်ပေးသင့်ပါတယ်" ဟု ကချင်နှစ်ခြင်းအသင်းတော် (KBC) အတွင်းရေးမှူး ဒေါက်တာ ခလမ်ဆမ်ဖွန်က ပြောသည်။

ကုလနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ ဖားကန့်ဒေသရှိ စစ်ဘေးဒုက္ခသည်စခန်းများအားဆေးဝါးရိက္ခာနှင့်ထောက်ပံ့ရေးပစ္စည်းများကို ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပေးပို့ခဲ့သည်။

## တရားမဝင် ငွေလဲလှယ်သူများကို စီမံချက်ဖြင့် ဖမ်းဆီး

**အောင်သူရ**

**ရန်ကုန်၊ မေ–၁၉**

ဆူးလေဘုရားနှင့် မဟာဗန္ဓုလပန်းခြံအနီးတွင် တရားမဝင် ငွေလဲ၍ နိုင်ငံခြားသားထံမှ လိမ်လည်နေသူများကို မေ ၁၉ရက် နံနက်က အထူးစီမံချက်ဖြင့် ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

"ခရိုင်အထူးအဖွဲ့တွေနဲ့ပေါင်းပြီး ရဲတပ်ဖွဲ့အင်အား ၂၀လောက်နဲ့ လမ်းတွေပိတ်ပြီးဖမ်းတာ ပြေးတဲ့လူလည်း ပြေးဆိုတော့ လေးယောက်တော့မိလိုက်တယ်" ဟု ကျောက်တံတားရဲစခန်းမှ နယ်ထိန်းတာဝန်ခံ ရဲအုပ်ထွန်းနိုင်အောင်က ပြောသည်။

ငွေလဲလုပ်ကိုင်နေသူများနှင့် လိမ်လည်နေသူများကို ယခင်က ဖမ်းဆီးခဲ့သော်လည်း ထိထိရောက်ရောက် ဆောင်ရွက်လိုသဖြင့် ဆက်စပ်မြို့နယ်များမှ ရဲတပ်ဖွဲ့များ ပူးပေါင်းကာ စစ်ဆင်ရေးပြုလုပ်၍ ဖမ်းဆီးခဲ့ကြောင်း ရဲအုပ်ထွန်းနိုင်အောင်ကပြောသည်။

"စီမံချက်နဲ့ ဖမ်းပြီးရင်လည်း လေးငါးခြောက်လလောက် စောင့်ပြီး ကြည့်နေမှ ပျောက်သွားမှာ။ ဖြစ်နိုင်ရင် ငွေလဲကောင်တာတစ်ခု အဲဒီနေရာမှာ ဖွင့်လိုက်ရင် ပိုကောင်းတယ်" ဟု ဂျာမန်ဧည့်လမ်းညွှန် ကိုဟန်ထက်အောင်က ပြောသည်။

သကြၤန်ကာလမှနှစ်ဆန်းတစ်ရက်နေ့အတွင်း ကမ္ဘာလှည့်ခရီးသွားများထံမှ ငွေလိမ်လည်ခဲ့သူများအား ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

"ခက်တာက အလိမ်ခံရတဲ့လူတွေ၊ အခိုးခံရတဲ့လူတွေက ပိုက်ဆံပြန်ရရင် အမှုမဖွင့်ကြတော့ဘူး ဆိုကြတော့ ရဲအရေးယူရတာ တော်တော် ခက်တယ်" ဟု ကျောက်တံတားရဲစခန်းမှ ရဲအုပ်ကျော်မိုးက ပြောသည်။

ထို့ကြောင့် ငွေလိမ်လဲသူများကို ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မများနှင့်သာ အရေးယူနိုင်ပြီး ယခုဖမ်းဆီးထားသူများကိုလည်း ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၅/၁၀ (ဆ)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း ရဲအုပ်ကျော်မိုးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်တွင် ထိုကဲ့သို့ ငွေလိမ်လည်သူ ၆၀ဦးအားအရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။






7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013



## ညောင်ချောင်းသာ အပန်းဖြေစခန်းတွင် လေးလအတွင်း ရေနစ်သေဆုံးသူ ကိုးဦးရှိဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊**

**မေ-၂၁**

ညောင်တုန်းမြို့နယ်ရှိ ညောင်ချောင်းသာ ရေချိုအပန်းဖြေစခန်းတွင်လေးလအတွင်း ရေနစ်သေဆုံးသူ ကိုးဦးရှိကြောင်း ညောင်တုန်းမြို့နယ်ရဲစခန်း စခန်းမှူးရဲအုပ် နေထွန်းက ပြောသည်။

သင်္ကြန်ကာလအတွင်း သုံးဦးသေဆုံးခဲ့ပြီး သင်္ကြန်မတိုင်မီ ခြောက်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများသည် ရန်ကုန်မှ လာရောက်အပန်းဖြေကြသူများဖြစ်ကြောင်း၊ အရက်သောက်သုံးထားသဖြင့် တားမြစ်နေရာကိုကျော်လွန်ကာ ရေဆင်းကူးရာမှ ရေနစ်သေဆုံးကြကြောင်း စခန်းမှူးက ပြောသည်။

"တချို့က အရက်မူးနေတော့ ပေါင်လယ်လောက်၊ ဒူးခေါင်းလောက်တောင် ရေနစ်သေကြတာ။ တချို့ကျတော့လည်း ကန့်သတ်ထားတဲ့နေရာကို ကျော်ပြီး ကူးကြလို့ သေကြတယ်" ဟု ညောင်တုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မင်းက ပြောသည်။

ညောင်ချောင်းသာရေချိုကမ်းခြေသည် ပန်းလှိုင်မြစ်အတွင်း သဲသောင်ပြင်ဖြစ်ပေါ်ရာမှ ပေါ်ထွန်းလာခြင်းဖြစ်ပြီး မိုင်ဝက်ခန့်ကျယ်ပြန့်ရှည်လျားသော နေရာဖြစ်ခြင်းကြောင့် တစ်စုံတစ်ဦး ရေနစ်နေသည်ကို သိရှိရန် ခဲယဉ်းကြောင်း၊ ထို့ကြောင့် ကမ်းခြေရှိ ဆိုင်များက မိမိဆိုင်တွင် အနားယူသည့် ဧည့်သည်များကို ဂရုစိုက်လေ့လာစောင့်ကြည့်ရကြောင်း ညောင်ချောင်းသာရေချိုကမ်းခြေတွင် ဆိုင်ဖွင့်လှစ်ထားသူ ဦးစိန်ဖိုးက ပြောသည်။

"တစ်နေ့တစ်နေ့ကို လာတဲ့သူကများတော့ အခုလိုမဖြစ်အောင် ကိုယ့်နေရာလောက်ပဲ ဂရုစိုက်ကြည့်နိုင်တယ်။ သိနေရင်၊ မြင်နေရင်တော့ ဒီမှာဖွင့်တဲ့ဆိုင်တွေက ဘယ်သူမဆိုဆင်းဆယ်ကြတယ်။ တစ်နေရာနဲ့ တစ်နေရာကလည်း ဝေးတယ်လေ။ စည်းတွေတော့တားထားပါတယ်။ ဒါပေမဲ့ တချို့တွေက စကားနားမထောင်ဘူး သွားကြတယ်" ဟု ဦးစိန်ဖိုးက ပြောသည်။

ရုံးပိတ်ရက်များတွင် တစ်နေ့လျှင် ခရီးသည် သောင်းဂဏန်းအထိ လာရောက်လျက်ရှိသော်လည်း ပုံမှန်ရက်များတွင် ခရီးသည်အလာကျဲကြောင်း ဒေသခံဈေးသည်အချို့က ပြောသည်။

ညောင်ချောင်းသာသည် ပန်းလှိုင်မြစ်နှင့် ရောဝတီမြစ်ဆုံရာတွင် ဖွင့်လှစ်ထားသော ရေချိုအပန်းဖြေကမ်းခြေဖြစ်ပြီး ဖွင့်လှစ်သည်မှာ နှစ်နှစ်ခန့်မျှသာ ရှိသေးသည်။

## ပုဂံယဉ်ကျေးမှုဇုန်ဝင်ကြေးကောက်ခံမှုကို ခရီးသွားဆိုင်ရာ အသင်းအဖွဲ့ များသို့ လွှဲပြောင်းပေးမည်

**ငြိမ်းချမ်း**

**ရန်ကုန်၊**

**မေ-၂၀**

တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်ဝင်ငွေရရှိသော ပုဂံယဉ်ကျေးမှုဇုန်ဝင်ကြေး ကောက်ခံမှုကို ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အသိအမှတ်ပြု ခရီးသွားဆိုင်ရာအသင်းအဖွဲ့များကို လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်းသတင်းရရှိသည်။

"တစ်ဦးတစ်ယောက်တည်းကိုမပေးဘူး၊ ဟိုတယ်ခရီးကခွင့်ပြုထားတဲ့ အသင်းအဖွဲ့ အစည်းတွေကိုသာပေးမှာပါ။ သူတို့ကလျှောက်လို့လုပ်ချင်တယ်ဆိုရင်ချက်ချင်းလွှဲပေးမယ်" ဟု ပုဂံရှေးဟောင်းဦး စီးဌာနညွှန်ကြားရေးမှူး ဦးနိုင်ဝင်းကပြောသည်။

အဆိုပါဇုန်ဝင်ကြေးကောက်ခံမှုကိုပုဂံရှေးဟောင်းဦးစီးဌာနက ကောက်ခံနေပြီး ယခုပထမဆုံးအကြိမ်အသင်းအဖွဲ့ အစည်းများကို လွှဲပြောင်းပေးခြင်းဖြစ်သည်။

ဇုန်ဝင်ကြေးကောက်ယူပေးရန် တာဝန်ပေးခြင်းခံရပါက တစ်နှစ်လျှင် ယဉ်ကျေးမှုဝန်ကြီးဌာန (နိုင်ငံတော်) သို့ အနည်းဆုံးအမေရိကန်ဒေါ်လာနှစ်သန်း (သို့မဟုတ်) ကောက်ခံရရှိငွေ၏ ၈၅ ရာခိုင်နှုန်းကို ပေးသွင်းရမည်ဖြစ်ကြောင်းဦးနိုင်ဝင်းက ဆက်ပြောသည်။

၂၀၁၂ခုနှစ်တွင် ပုဂံဒေသသို့ နေ့စဉ် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁,၀၀၀ ဝန်းကျင် လာရောက်ပြီး ဇုန်ဝင်ကြေးမှာ နေ့စဉ် ဒေါ်လာတစ်သောင်းဝန်းကျင် ကောက်ခံရရှိကြောင်း ပုဂံရှေးဟောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဟန်က ပြောသည်။

၂၀၁၁ခုနှစ်က ပုဂံမြို့ဟောင်းသို့ နိုင်ငံခြားသားဧည့်သည် တစ်သိန်းကျော်ဝင်ရောက်ခဲ့ပြီး ဇုန်ဝင်ကြေးအမေရိကန်ဒေါ်လာတစ်သန်းကျော် ရရှိခဲ့သည်။

"ဒီလို အသင်းအဖွဲ့တွေကို လွှဲပြောင်းပေးတာကြိုဆိုပါတယ်။ ဒါပေမဲ့ တာဝန်တော့ကြီးတာပေါ့၊ ပုဂံဒေသကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးရမှပဲ၊ စိတ်ဝင်စားကြမှာပါ" ဟု မြန်မာနိုင်ငံခရီးသွားလာရေးအသင်းအတွင်းရေးမှူး ဦးတင်ထွန်းကပြောသည်။

အဆိုပါလုပ်ငန်းကို စိတ်ဝင်စားသော အသင်းအဖွဲ့အစည်းများအနေဖြင့် မေ ၃၀ရက်နောက်ဆုံးထား၍ ယဉ်ကျေးမှုဝန်ကြီးဌာနသို့စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယခုလက်ရှိတွင် ပုဂံညောင်ဦးဒေသသို့ နေ့စဉ် ကမ္ဘာလှည့်ခရီးသွား ၂၀၀ ဝန်းကျင်လာရောက်နေကြောင်း သတင်းရရှိသည်။




မင်္ဂလာနှစ်သစ်မှာ
Yadanarpon
DIAMOND PLAZA
ရတနာပုံဒိုင်းမွန်းပလာဇာရဲ့
ဆိုင်ခန်းငှားရမ်းခနှုန်းထားများအား နေရာအနေအထားပေါ်မူတည်၍
Discount 50%
အထူးသတ်မှတ် ငှားရမ်းပေးနေပါပြီ......
ဆက်သွယ်ရန် Diamond Plaza , Marketing Dept:
၇၇×၇၈လမ်းကြား ၃၃×၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
၀၉ - ၂၀၁၅၂၈၇, ၀၉ - ၆၈၀၁၉၀၄, ၀၉ - ၆၈၀၁၉၀၅, ၀၂ - ၆၉၃၅၁,၆၉၃၇၁(လိုင်းခွဲ - ၂၁၆)

# ပြည်ထောင်စုဝန်ကြီးသားပါဝင်သည့် လူတစ်စုက သရုပ်ဆောင်ရှိန်းကို ရိုက်နှက်ဟုဆို

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ-၂၁**

ဆန်းကစ်အချိုရည် ကြော်ငြာရိုက်ကူးနေသော ဗီဒီယိုနှင့် ကြော်ငြာ သရုပ်ဆောင်ရှိန်းကို ပြည်ထောင်စုဝန်ကြီး၏ သားနှင့် ဗိုလ်ချုပ်ဟောင်း၏သားများ ပါဝင်သည့် လူငယ်တစ်စုက ၂၄ နာရီဖွင့်သည့် သမ္မတရုံးအနီးရှိ၃၆၅စားသောက်ဆိုင်တွင် ဝိုင်းဝန်း ရိုက်နှက်ခဲ့ကြောင်း သတင်းရရှိသည်။

"ခေါင်းမှာ ဒဏ်ရာနှစ်ချက်ရတယ်။ ခေါင်းမှာ နှစ်ချက်ချုပ်ရတယ်။ ကျွန်တော့် သူငယ်ချင်း ဖွဲ့သတ္တိက ငါးချက်ချုပ်ခံရတယ်။ ကျွန်တော့်ဗိုက်ကို ဓားနဲ့ထိုးတဲ့အချိန်မှာ လက်နဲ့ကာပြီး ဆိုင်ထဲဝင်ပြေးရတယ်"ဟု သရုပ်ဆောင်ရှိန်း (ခေါ်) ကိုဖုန်းမြင့်ဝင်းက ပြောသည်။

သမ္မတရုပ်ရှင်ရုံအနီး ဖွင့်လှစ်ထားသော ၃၆၅ စားသောက်ဆိုင်အတွင်း စားသောက်ရင်း သရုပ်ဆောင်ရှိန်းက ဆိုင်အပြင်သို့ ဆေးလိပ်ထွက်သောက်စဉ် ဆိုင်အပြင်တွင် ထိုင်နေသော မြန်မာ့စီးပွားရေးဦးပိုင်ဥက္ကဋ္ဌဟောင်း ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) ၏သား ဝင်းထွေးလှိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏သား သန့်ဇင်လှိုင် အပါအဝင် လူငါးယောက်က ရိုက်နှက်ခဲ့ခြင်းဖြစ်ကြောင်း သရုပ်ဆောင်ရှိန်းကပြောသည်။

"ရန်ငြိုးရန်စမရှိဘဲဖြစ်တာတော့ မဟုတ်ဘူး။ ရှိန်းတို့နဲ့ အတူပါလာတဲ့ ဘိုဝင်းမြနဲ့ ဝင်းထွေးလှိုင်တို့အဖွဲ့မှာ ပါလာတဲ့ ဘိုဘိုနိုင်တို့ ၂၀၁၃ သုံးလပိုင်းမှာ ရန်ဖြစ်ဖူးတယ်"ဟု ဒဂုံမြို့နယ်ရဲစခန်းမှတာဝန်မှူးကပြောသည်။

ခိုက်ရန်ဖြစ်ပွားခဲ့သော တရားလိုသက်သေနှင့် တရားလိုများကို စစ်ဆေးပြီးနောက် တရားခံများအား ခံဝန်ကတိပေးထားပြီး ဆေးစာရရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒဂုံမြို့နယ်တာဝန်မှူးကပြောသည်။

ခိုက်ရန်ဖြစ်ပွားခဲ့စဉ်က အသုံးပြုခဲ့သော လက်နက်များအား သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားပြီး ဝင်းထွေးလှိုင်နှင့် သန့်ဇင်လှိုင် အပါအဝင် ယင်းအမှုတွင် ပါဝင်ခဲ့သူ ငါးဦးကို နာကျင်စေမှု ပုဒ်မ ၃၂၄/၃၂၅/၁၁၄ တို့ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

# ငွေလဲနှုန်းများမြင့်တက်

**အောင်သူရ** **ရန်ကုန်၊ ဧပြီ-၂၂**

ရွှေဈေးကျဆင်းမှုကြောင့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းမှာ တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး ဧပြီ ၂၂ ရက်တွင် ပြင်ပပေါက်ဈေးတစ်ဒေါ်လာလျှင် ၈၉၅ ကျပ်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

"ရွှေဈေးကျရင် ငွေဈေးတက်တယ်ဆိုတာ နဂိုကတည်းကဒီအတိုင်းပဲ။ ရင်းနှီးမြှုပ်နှံတဲ့လူတွေကရွှေဘက်ကနေ ငွေဘက်ပြောင်းလုပ်တဲ့သဘောပါ"ဟု Farmer ငွေလဲလှယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ပြင်ပငွေကြေးဈေးကွက်ပို့ကုန်ရငွေ (Earning) တစ်ယူနစ်လျှင် ကျပ် ၉၀၀၊ ဟွန်ဒီဈေးနှုန်းမှာ ကျပ် ၉၁၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ငွေလဲလုပ်ငန်းဈေးကွက်မှ စုံစမ်းသိရှိရသည်။ သို့သော် တရားဝင်အစိုးရဖွင့်လှစ်ထားသောငွေလဲကောင်တာများတွင်ဧပြီလ ၂၂ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၈၈၉ကျပ် (ရောင်း ဈေး)သာ သတ်မှတ်ထားသည်။

ထိုကဲ့သို့ငွေလဲနှုန်းမြင့်တက်လာသဖြင့်လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ပဲမျိုးစုံမှာ ဈေးတက်လာကြောင်း ပခုက္ကူကုန်စည်ဒိုင် တွဲဖက်အတွင်းရေးမှူး ဦးဇင်မင်းထွန်းက ပြောသည်။

ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် မြန်မာ့ရွှေဈေးမှာ ဧပြီလဆန်းပိုင်းက တစ်ကျပ်သားလျှင် ကျပ်ခုနစ်သိန်းကျော်ရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ကျပ်ခုနစ်သိန်းအောက် ရောက်ရှိသွားခဲ့သည်။

သင်္ကြန်ရုံးပိတ်ရက် မတိုင်မီက ပြင်ပငွေလဲလှယ်ဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၈၈၀ ဝန်းကျင်သာ ဈေးရှိခဲ့သည်။


၇ ရက် နေ့စဉ်သတင်းစာ

7DAY DAILY

မနက်ဖြန် ထွက်မည်

7Day Daily သတင်းစာကို ဧပြီ ၂၅ရက်တွင်စတင်ထုတ်ဝေဖြန့်ချိမည်ဖြစ်ပါသည်။ နေ့စဉ်ပုံမှန်ထုတ်ဝေမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် 7Day News ဂျာနယ်နှင့် 7Day Daily သတင်းစာ နှစ်မျိုးပေါင်း၍ ပုံစံသစ်ဖြင့် ထွက်ရှိပါမည်။ ထို့ကြောင့် ဂျာနယ်ဝယ်သူများသည် ဗုဒ္ဓဟူးနေ့တွင် သတင်းစာပါအခမဲ့ရရှိမည်ဖြစ်ပါသည်။

အများပြည်သူနှင့်သက်ဆိုင်သောအကြောင်းအရာများကို **7Day** နေ့စဉ်သတင်းစာမှတစ်ဆင့် ရင်ဖွင့်ဖော်ပြလိုပါက အယ်ဒီတာ့ထံ ပေးစာအဖြစ် **editor@7daynewsjournal** သို့ရေးသား ပေးပို့နိုင်ပြီး စာတိုက်မှတစ်ဆင့်ပေးပို့လိုပါက အောက်ပါလိပ်စာအတိုင်း ရေးသားပေးပို့နိုင်ပါသည်။

အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသတင်းအချက်အလက်များ ပေးပို့လိုလျှင်၊ ထိပ်တန်းလျှို့ဝှက်ချက်များ ပြောကြားပေးပို့လိုလျှင် လုံခြုံစိတ်ချစွာ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

၀၉ ၇၃၂ ၂၄၅၄၃၊ ၀၉ ၇၃၀ ၃၂၀၀၆

**စာမူပေးပို့လိုသူများဆက်သွယ်ရန်**

7Day Daily သတင်းစာတိုက် -

Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

စီးပွားရေး၊ လူမှုရေးကြော်ငြာများ၊ ဥပဒေရေးရာကြော်ငြာများနှင့် နာရေးထည့်သွင်းဖော်ပြလိုပါက ကြော်ငြာဌာန ဖုန်း-၀၉၇၃၀၃၂၀၀၆ သို့ဆက်သွယ်နိုင်ပါသည်။

7Day Daily သတင်းစာ အိမ်အရောက်ပို့ ဈေးနှုန်းများ

| | ၁ လ | ၃ လ |
|---|---|---|
| ဈေးနှုန်း | ၄,၅၀၀ ကျပ် | ၁၂,၁၅၀ ကျပ် |
| အရေအတွက် | ၃၀ စောင် | ၉၀ စောင် |

အိမ်အရောက်ပို့စနစ်ဖြင့် စတင်မှာယူသူများမှာ ဗုဒ္ဓဟူးနေ့တိုင်း 7Day News ဂျာနယ်ကိုပါ လက်ဆောင်ရမည်ဖြစ်သည်။ ဧပြီလအတွင်း အိမ်အရောက်ပို့မှာယူသူတိုင်းကို ဧပြီလထုတ် သတင်းစာများ အခမဲ့ ပို့ဆောင်ပေးပါမည်။

အိမ်အရောက်ပို့ မှာယူရန်
၀၉ ၇၃၀ ၅၃၃၂၀
၀၉ ၇၃၂ ၀၀၉၀၇

ကြော်ငြာရှင်များ ဆက်သွယ်ရန်
၀၉ ၇၃၀ ၇၀၄၂၉
၀၁ ၅၃၃၅၃၅ ~ ၉

ဖြန့်ချိရေးကိုယ်စားလှယ်များ ဆက်သွယ်ရန်
၀၉ ၇၃၀ ၅၃၃၂၀

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

## ၂၀၁၃ မေ ၂၄ မှ ၃၀ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်အတွင်းမှာလည်း မုန်တိုင်းတစ်ခုဖြစ်လာဖို့ အခြေအနေတွေ တိုးလာနိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာပါမယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေမှ ၂ ပေအထိ ရှိနိုင်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၃ ပေမှ ၄ ပေခန့် ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

တစ်ပြည်လုံးတွင် နေ့အပူချိန်များ တိုးလာနိုင်ပါတယ်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၂-၃၄ ဒီဂရီစင်တီဂရိတ်ခန့်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ၃၅-၃၇ ဒီဂရီစင်တီဂရိတ်ခန့်၊ ကျန်တစ်ပြည်လုံးတွင် ၃၈-၄၃ ဒီဂရီစင်တီဂရိတ်ခန့်အထိ မြင့်တက်နေနိုင်ပါတယ်။

**ခရမ်းလွန်ရောင်ခြည် ကျရောက်နိုင်မှုအခြေအနေ**

UV Index တန်ဖိုးများ နေ့ ၁၁ နာရီမှ ၁ နာရီအတွင်း ကချင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်းတို့မှာ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း ၈-၉ အထိ မြင့်တက်နိုင်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့တွင် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း ၉-၁၀ အထိ မြင့်တက်နိုင်။ ကျန်မြန်မာနိုင်ငံဒေသအားလုံးတွင် အညွှန်းကိန်း ၁၀-၁၁ အထိရှိနိုင်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ။**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလွဲ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးတိမ်တောင်ဖြစ်နိုင်ခြေများ မြင့်မားနေနိုင်ပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ မိုးတိမ်တောင်ဖြစ်ရန် ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိရှိနိုင်ပါတယ်။ အထူးသဖြင့် ညနေပိုင်းအချိန်အခါများတွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်ခြင်းတို့ကို မြန်မာနိုင်ငံအနောက်မြောက်ပိုင်းနဲ့ အထက်ပိုင်းဒေသများတွင် ပိုမိုသတိထားဖို့ လိုပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။**

ကချင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်။ ရွာရန်ရာနှုန်း ၆၀ ရာခိုင်နှုန်းခန့် ရှိနိုင်ပါတယ်။ ကျန်ဒေသများတွင် သာယာပါမယ်။

**ဒေါက်တာထွန်းလွင်**

# ပြည်တွင်း အဆိုတော်အချို့ အနုပညာကြေး တိုးတောင်း

**အေးသူစံ**

**ရန်ကုန်၊ မေ-၁၉**

ပြည်တွင်းနာမည်ရအဆိုတော်အချို့၏ အနုပညာကြေးများ ယခင်နှစ်ကထက် ၂၀ ရာခိုင်နှုန်းခန့်မြင့်တက်သွားကြောင်း သတင်းရရှိသည်။

ယခုနှစ်သင်္ကြန်ကာလမတိုင်မီကပင် နာမည်ရအဆိုတော်အချို့ အနုပညာကြေး တိုးတောင်းမှုများ ရှိနေပြီး သင်္ကြန်ကာလတွင်လူငယ်ကြိုက်အဆိုတော်များမှာ ကျပ်သိန်းရာဂဏန်းဝန်းကျင်အထိ အနုပညာကြေးများရရှိသွားကြောင်း ယင်းအဆိုတော်များနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှ သတင်းရရှိသည်။

"အနုပညာကြေးက နှစ်ဆယ်ရာခိုင်နှုန်းလောက်ကို တက်လာတယ်။ အနုပညာကြေးတိုးတောင်းရတဲ့အကြောင်းက ဖက်ရှင်နဲ့ ပါဖောမန့်ပိုင်းကို တစ်ပွဲနဲ့ တစ်ပွဲမတူအောင်လုပ်ရတဲ့အတွက် လို့ပြောပါတယ်"ဟု ရှိုးပွဲများပုံမှန်စီစဉ်လေ့ရှိသူ ကိုဘိုဆန်းက ပြောသည်။

"ကျွန်တော်တို့ ဈေးနည်းနည်းတိုးယူဖို့တော့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့အခွေလည်း ထွက်ပြီးပြီ။ ဗီစီဒီကလည်း ထွက်တော့မယ်။ ဗီစီဒီကျတော့ အရုပ်နဲ့အသံနဲ့တွဲပြီးပျံ့နှံ့တော့လူလည်း ပိုအသိများသွားမှာမို့ ဈေးတိုးယူဖို့ လုပ်တာပါ" ဟု လူငယ်ဟစ်ဟော့ပ်ပရိသတ်များစွာ ရရှိထားသည့်ဟစ်ဟော့ပ်အဆိုတော်တစ်ဦးက ဈေးနှုန်းတိုးသွားသည့်အပေါ် အတည်ပြုပြောသည်။

ပြည်တွင်းဂီတဖျော်ဖြေရေးဈေးကွက်တွင် အဆိုတော် တစ်ဦး၏ အဓိကရပ်တည်မှုမှာ ဖျော်ဖြေပွဲများမှရရှိသည့် ဝင်ငွေများဖြစ်ပြီး နာမည်ရအောင်မြင်သွားပါက ရှိုးပွဲများမှရရှိသည့်ဝင်ငွေမှာ တစ်ကိုယ်တော် စီးရီးမှ ရရှိနိုင်သည့် ဝင်ငွေနှင့် အဆမတန်ကွာခြားလျက်ရှိသည်။ ခိုးကူးခွေများကြောင့် စီးရီးထုတ်ရာမှ ရရှိလာမည့် အကျိုးအမြတ်ကို မမျှော်ကိုးနိုင်တော့သော်လည်း နာမည်ရအဆိုတော်များအတွက်မူ ပြည်တွင်းပြည်ပ ဖျော်ဖြေပွဲများမှ ရရှိသည့် ဝင်ငွေဖြင့် ကောင်းစွာရပ်တည်နိုင်လာသည်။ သို့သော် ယခုနောက်ပိုင်းတွင် ဖျော်ဖြေပွဲလက်မှတ်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ရှိုးပွဲ များမှာအောင်မြင်သင့်သလောက် အောင်မြင်မှု မရရှိခဲ့ကြပေ။

"ပရိသတ်ကတော့ ဘယ်အဆိုတော်ပါရင် ကြည့်မယ်ဆိုတဲ့ သံယောဇဉ်လေးတော့ရှိကြသေးလို့ ပွဲစီစဉ်သူတွေအဖို့ နည်းနည်းတော်သေးတယ်။ နောက်ဆို ရှိုးပွဲတွေအလားအလာကသိပ်မကောင်းနိုင်ဘူး"ဟုကိုဘိုဆန်းကဆက်လက်ပြောကြားသည်။

ပွဲစီစဉ်သူအများစုမှာ အဆိုတော်များ အနုပညာကြေးတိုးတောင်းခြင်း၊ အထွေထွေကုန်ကျစရိတ် တိုးလာခြင်းအပေါ် ကာမိစေရန် အခြားသော စီးပွားရေးလုပ်ငန်းများ ဖြန့်ကြက်ထူထောင်လုပ်ကိုင်ထားရကြောင်း သိရှိရသည်။

# ရွှေဂုံတိုင်နှင့် ဘုရင့်နောင်ခုံးကျော်တံတားများ ဒီဇင်ဘာအပြီးတည်ဆောက်မည်ဟုဆို

**မိုးညို၊ဆွေမွန်**

**ရန်ကုန်၊မေ-၁၉**

ရန်ကုန်မြို့၌ ကျန်ရှိနေသေးသော ခုံးကျော်တံတားနှစ်စင်းဖြစ်သည့် ရွှေဂုံတိုင်ခုံးကျော်တံတားနှင့် ဘုရင့်နောင် ခုံးကျော်တံတား စီမံကိန်းတို့ကို ယခုနှစ်ကုန် ဒီဇင်ဘာလတွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်းနှင့်တံတားမှ ဒုတိယဌာနမှူး ဦးမျိုးလွင်ကပြောသည်။



ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းအား တွေ့ရစဉ်

ဓာတ်ပုံ - ကျော်ဇင်သန်း

ရန်ကုန်မြို့တွင်းပိုင်း ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းနိုင်ရေးအတွက် ခုံးကျော်တံတားသုံးစင်းကို အစိုးရက တည်ဆောက်လျက်ရှိရာ ပထမဆုံးပြီးစီးခဲ့သည့် လှည်းတန်းခုံးကျော်တံတားပြီးနောက် ယင်းတံတားနှစ်စင်းမှာ လာမည့်ရှစ်လတာကာလအတွင်း ပြီးစီးမည်ဖြစ်သည်။

"ပြီးအောင်ဆောက်ဖို့ ညွှန်ကြားထားတဲ့အတွက် ပြီးအောင်ဆောက်ဖို့ကြိုးစားနေပါတယ်"ဟု အထက်ပါဒုတိယဌာနမှူးက ပြောသည်။

ဘုရင့်နောင်ခုံးကျော်တံတားစီမံကိန်းကို ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်ကစတင်ခဲ့ပြီး ဒီဇင်ဘာလတွင် ပြီးစီးပါက ၁၆ လအတွင်း အပြီးတည်ဆောက်နိုင်သည့် တံတားတစ်စင်းဖြစ်ကာ ရွှေဂုံတိုင်ခုံးကျော်တံတားစီမံကိန်းမှာ ၂၀၁၂ နိုဝင်ဘာလကုန်က စတင်တည်ဆောက်ခဲ့ရာ ဒီဇင်ဘာလတွင် ပြီးစီးမည်ဆိုပါက ၁၄ လအတွင်း ပြီးစီးသည့် တံတားတစ်စင်းလည်း ဖြစ်လာမည်ဖြစ်သည်။ လှည်းတန်းခုံးကျော်တံတား စီမံကိန်းမှာမူ ၁၀ လအတွင်း တည်ဆောက်နိုင်ခဲ့သော ပထမဆုံးပြီးစီးခဲ့သည့် ခုံးကျော်တံတားဖြစ်သည်။

လက်ရှိ တည်ဆောက်နေသော ခုံးကျော်တံတားနှစ်စင်းတွင် ရွှေဂုံတိုင်ခုံးကျော်တံတားစီမံကိန်းကို Capatial Life ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီး ဘုရင့်နောင်ခုံးကျော်တံတားစီမံကိန်းကို FMI ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည်။ ရွှေဂုံတိုင်ခုံးကျော်တံတား စီမံကိန်းအတွက် ခန့်မှန်းကုန်ကျစရိတ် ကျပ် ၁၃ ဘီလီယံရှိပြီး ဘုရင့်နောင် ခုံးကျော်တံတား စီမံကိန်းအတွက် ခန့်မှန်းကုန်ကျစရိတ် ကျပ် ၂၁ ဘီလီယံရှိကြောင်း အဆိုပါ ကုမ္ပဏီများက ထုတ်ပြန်သည်။

ခုံးကျော်တံတား စီမံကိန်းများ ပြီးစီးပါက ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု ၇၀ ရာခိုင်နှုန်းကျော်ကို ဖြေရှင်းပေးနိုင်ဖွယ်ရှိကြောင်း ကြိုးမဲ့၊ ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲမှူးတစ်ဦးက ဆိုသည်။

လုပ်ကိုင်ခွင့် ရရှိထားသည့် ကုမ္ပဏီနှစ်ခုအား မေးမြန်းရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားထားသော ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူများက ပြောသည်။

အဆိုပါ ခုံးကျော်တံတား စီမံကိန်းများ ပြီးစီးပါက မြေနီကုန်းလမ်းဆုံနှင့် ရှစ်မိုင် လမ်းဆုံတွင် ခုံးကျော်တံတားများ ဆက်လက်တည်ဆောက်နိုင်ရေးအတွက် နေ့စဉ်ယာဉ်သွားလာအသုံးပြုမှု၊ မီးပွိုင့်စနစ် လမ်းကြောများ အသုံးပြုမှုအတွက် စစ်တမ်းများ ကောက်ယူလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် Thousand Islands Business Group မှ ကျင်းပမည့်

YANGON LIFESTYLE FURNITURE FAIR

မုတ်သုံအကြိုပရိဘောဂပြပွဲ

SINMA FINE COLLECTION
Main Sponsor

တပ်မတော်ခန်းမ

၂၆-၄-၂၀၁၃ မှ ၂၉-၄-၂၀၁၃
နံနက်(၉)နာရီမှ ညနေ(၆)နာရီ

ပြခန်းတွင်ပြသထားသော ပစ္စည်းများအား အထူးလျှော့ဈေးဖြင့် ရောင်းချမည့်အပြင် ကျပ် (၅) သိန်းဖိုးနှင့်အထက် ဝယ်ယူသူများအား ပရိဘောဂပစ္စည်းများ ကံစမ်းမဲဖောက်ပေးမည့်အစီအစဉ်ပါရှိပါသည်။

Life
7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013



ရန်ကုန်သင်္ကြန်မြင်ကွင်း

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အေးချမ်းခဲ့သည့် သင်္ကြန်ရေ

ဥက္ကာကိုကို

**ခရမ်းလွန်ရောင်ခြည်စိုးရိမ်အဆင့်ရောက်နေသော ပြေနေ့လယ်ခင်းကိုအန်တုကာ မြူးတူးခုန်ပေါက်နေသည့် ရန်ကုန်မြို့သူမြို့သားတို့က အပူရှိန်တရိပ်ရိပ်တက်နေသောလမ်းမများပေါ်မှာ ၂၀၁၃ မဟာသင်္ကြန်ကို ဆင်နွှဲခဲ့ကြပြန်ပါပြီ။**

မြန်မာကောဇာသက္ကရာဇ် ၁၃၇၄ခုနှစ်မှာ အညစ်အကြေးများကိုစွန့်ပယ်ကာ ၁၃၇၅ခုနှစ်သစ်ဆီသို့ ကူးပြောင်းခဲ့သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သည် လူအများစိုးရိမ်နေသည့်အခြေအနေအရပ်ရပ်ကိုသယ်ဆောင်လာခြင်းမရှိဘဲ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါသည်။

ယမန်နှစ်အတွင်းကဖြစ်ပေါ်ခဲ့သော ပြည်တွင်းပဋိပက္ခများကြောင့် သင်္ကြန်ကာလတွင်တစ်စုံတစ်ရာဖြစ်ပွားမည်ကို လူအများက စိုးရိမ်ပူပန်ခဲ့ကြပြီး ကောလာဟလများသည် ပျံ့နှံ့နေခဲ့ခြင်းကြောင့် အပြင်ထွက်မလည်ရဲသူများလည်းရှိခဲ့ကြသည်။

နိုင်ငံတော်သမ္မတကြီးကလည်း "ပြီးခဲ့တဲ့နှစ်ဟောင်းကဖြစ်ပျက်ခဲ့တဲ့ပဋိပက္ခများအပေါ် လူမျိုးရေး၊ ဘာသာရေးပုံဖော်လိုတဲ့ ပြည်တွင်းပြည်ပမှ အကြမ်းဖက်လုပ်ရပ်များကိုလည်း ဒီသင်္ကြန်ကာလမှာ သတိထားကာကွယ်သွားကြပါရန် တိုက်တွန်းအပ်ပါသည်" ဟု သင်္ကြန်အကျနေ့က မိဘပြည်သူသို့မေတ္တာရပ်ခံခဲ့သည်။

သို့သော်လည်း ယခုနှစ်သင်္ကြန်သည်ကား မည်သည့်အကြမ်းဖက်ဖြစ်ရပ်မှ ဖြစ်ပွားခြင်းမရှိဘဲ ခိုက်ရန်ဖြစ်မှုအချို့၊ မူးယစ်ရမ်းကားမှုအချို့သာလျှင် နှစ်စဉ်ထုံးစံအတိုင်း ဖြစ်ပွားခြင်းသာရှိခဲ့သည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ အသက်(၂၅)နှစ်အရွယ်ကိုအောင်မြင်က "ဒီနှစ်သင်္ကြန်မှာတစ်ခုခုဖြစ်မှာကိုစိုးရိမ်နေတာ။ လူတစ်ဦးတစ်ယောက်ရဲ့ မလိမ္မာမှုကနေ တိုင်းပြည်အတွက် မလိုလားအပ်တာတွေ ဖြစ်သွားမှာကိုလေ။ ဒါပေမဲ့ ခုလို အေးချမ်းစွာပြီးဆုံးသွားတာကို တကယ်ဝမ်းသာပါတယ်" ဟုဆိုလာသည်။

ယမန်နှစ်သင်္ကြန်က မမြင်ချင်အဆုံးဖြစ်ခဲ့ကြရသော ဝတ်လစ်စားလစ်မဖြစ်ရုံတမည်ဆန်းကြယ်သည့်မြင်ကွင်းများလည်း ယခုသင်္ကြန်တွင် မြင်တွေ့မှုသိသိသာသာလျော့ကျသွားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆန့်ကျင်သောအပြုအမူ၊ အပြောအဆို၊ အဝတ်အစား၊ ကခုန်သီဆိုမှုများမပြုလုပ်ရန်အတွက် သက်ဆိုင်ရာကလည်း အသိပေးကြေညာထားခဲ့သည်။

မိုးလေဝသပညာရှင်ကြီး ဦးထွန်းလွင်ကလည်း သင်္ကြန်ကာလတွင် အဝတ်အစားလုံခြုံစွာမဝတ်ဆင်ခြင်းသည် ခရမ်းလွန်ရောင်ခြည်ဘေးသင့်မှုအတွက် အကာအကွယ်မဲ့စေနိုင်ပြီး သင်္ကြန်ရေ၏ ရောင်ပြန်ဟပ်မှုကြောင့် ခရမ်းလွန်ရောင်ခြည်သင့်မှုကို ၂၅ရာခိုင်နှုန်း ပိုမိုမြင့်တက်လာစေနိုင်ကြောင်း သတိပေးထားခဲ့သည်။

၂၀၁၂ သင်္ကြန်ကာလအတွင်း အနုပညာရှင်အချို့ သရုပ်ပျက်ဝတ်စားဆင်ယင်ခဲ့မှုများ လူမှုကွန်ရက်အင်တာနက်စာမျက်နှာများပေါ် ပျံ့နှံ့ခဲ့သည်။ ယခုနှစ်တွင် သင်္ကြန်ရေကစားကြမည့် အနုပညာရှင်များအနေဖြင့် သရုပ်ပျက် ဝတ်ဆင်မှုများမပြုလုပ်ကြပါရန် တိုက်တွန်းခဲ့ရကြောင်း ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးဇင်ဝိုင်းကဆိုသည်။

တေးသံရှင်ဖြူဖြူကျော်သိန်းက "စင်ပေါ်မှာ ဖျော်ဖြေသူတွေအနေနဲ့ ဟော့ဟော့ရမ်းရမ်းတွေ မရှိပါဘူး။ သရုပ်ပျက်တယ်ဆိုတာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီတဲ့ ကွဲပြားတဲ့သတ်မှတ်ချက်တွေရှိပါတယ်။ ကိုယ့်ပတ်ဝန်းကျင်ကိုယ့်ယဉ်ကျေးမှုကို မသင့်တော်ဘူးလို့ သတ်မှတ်ထားတာမျိုးဆိုရင်တော့ သရုပ်ပျက်တာပေါ့" ဟု ၎င်း၏အမြင်ကို ပြောသည်။

"ဒီနှစ်သင်္ကြန်က အရင်နှစ်ကထက်စာရင် ဝတ်တာစားတာတွေသိပ်မကြမ်းဘူးလို့မြင်တယ်။ ပြီးတော့မင်းသမီးတွေကိုဝတ်တာစားတာ တင်းကျပ်လိုက်တယ်လို့ကြားတယ်။ အဲဒါကြောင့်မို့လို့ အရမ်းကြီးဆိုးဆိုးရွားရွားသိပ်မတွေ့ရဘူး" ဟု စီးပွားရေးတက္ကသိုလ်ပထမနှစ်ဂုဏ်ထူးတန်းတက်ရောက်နေသောမသက်ရည်ဦးက ပြောသည်။

အပြင်မှာလျှောက်လည်တဲ့သူတွေက အရှည်တွေဝတ်ပြီး မဏ္ဍပ်ထိုင်တဲ့သူတွေက အတိုတွေဝတ်တာများတယ်" ဟုမော်ဒယ်သရုပ်ဆောင် သဲနော်ဇာက သုံးသပ်သည်။

စာ(၃၀)သို့




## ကန်စွန်းဥအချဉ်မဆလာ



ဒီတစ်ပတ်ဝိုက်ဖီက ကိုရီးယားကားတွေကြည့်တဲ့ အိမ်ရှင်မတွေအတွက် ရည်ရွယ်ပြီးချက်ပြုတ်ထားတာပါ။ ကိုရီးယားကားတွေမှာ ကန်စွန်းဥကိုပုံစံအမျိုးမျိုးနဲ့ ကျန်းမာရေးရှုထောင့်အဖုံဖုံနဲ့ စားသောက်လေ့ရှိတာကို တွေ့ရမှာပါ။ တချို့ကလည်း ကိုရီးယားကားထဲကလို ရင်သွေးရတနာရအောင် ကန်စွန်းဥအစိမ်းလိုက်စားကြတာတောင်ရှိပါသေးတယ်။

မြန်မာပြည်မှာလည်း ကန်စွန်းဥကို ကိုရီးယားဇာတ်လမ်းတွဲတွေကြောင့် မဟုတ်ဘဲ အစဉ်အဆက်စားသုံးခဲ့တဲ့အစားအစာတစ်မျိုးပဲဖြစ်ပါတယ်။

ဝိုက်ဖီကတော့ ကိုရီးယားတွေစားတဲ့ ပုံစံလည်းမဟုတ် မြန်မာတွေစားနေကျပုံလည်းမဟုတ်ဘဲ မဆလာမန်ကျည်းနှစ်နဲ့ ချိုချိုမွှေးမွှေးလေးချက်ထားတာ ပါ။ အခွံနွှင်ပြီး ညီညီညာညာတုံးထားတဲ့ ကန်စွန်းဥလေးတွေကို ထုံးစံအတိုင်းကြက်သွန်ဖြူနီဆီသတ်ပါ။ မဆလာထည့်သတ်ပါမယ်။ ပြီးရင်အရသာထည့်ပါ။ ကန်စွန်းဥလေးအိသွားအောင် ရေနည်းနည်းထည့်ပါမယ်။ နောက်ဆုံးကျမှ မန်ကျည်းနှစ်ထည့်ပါ။ ဆီပြန်တော့ချလို့ရပါပြီ။

ကန်စွန်းဥရဲ့ အချိုအရသာနဲ့ အချဉ်မဆလာအနံ့အရသာ ပေါင်းလိုက်ရင်တကယ်ကိုစားကောင်းတဲ့အရန်ဟင်းတစ်ခွက်ရပြီပေါ့။



7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# နိုင်ငံတော်သမ္မတမွေးနေ့အတွက်လူငယ်အချို့ အနုပညာဖန်တီးမှုဖြင့် ဆုတောင်းပေး

အိဖြူလွင်

**ရန်ကုန်၊**
**ဧပြီ-၂၀**

ဧပြီ ၂၀ ရက်တွင် ကျရောက်သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ (၆၈)နှစ်မြောက် မွေးနေ့အတွက် လူငယ်အချို့ အနုပညာဖန်တီးမှုများဖြင့် လူမှုကွန်ရက် စာမျက်နှာများ၌ ဆုတောင်းပေးမှုများရှိလာကြောင်း သတင်းရရှိသည်။

သမ္မတအနေဖြင့် မွေးနေ့တွင် သီးသန့်အခမ်းအနား မကျင်းပကြောင်း နိုင်ငံတော်သမ္မတရုံးမှ သတင်းရရှိသည်။

"ကြီးကြီးကျယ်ကျယ် အခမ်းအနားမျိုးတော့ မရှိပါဘူး။ ဘုန်းကြီးဆွမ်းကပ်တာ၊လှူတာလောက်ပဲ"ဟု နိုင်ငံတော် သမ္မတရုံးညွှန်ကြားရေးမှူး ဦးဇော်ဌေးက ဆိုသည်။ ၎င်း၏ ၆၈နှစ်ပြည့်မွေးနေ့တွင် ဆုတောင်းပေးခဲ့ကြသော ပြည်တွင်းပြည်ပမှ မိဘပြည်သူများနှင့်မိတ်ဆွေများအားလုံးကို ကျေးဇူးတင်ရှိကြောင်းကို သမ္မတရုံးဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

သမ္မတ၏ မွေးနေ့အတွက် လူမှုကွန်ရက်စာမျက်နှာများတွင် မွေးနေ့ဆုတောင်းပေးခြင်း၊ပန်းချီဆွဲ၍ ဂုဏ်ပြုခြင်းများကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကောလ်စင်တာဖြစ်သည့် ရတနာပုံကောလ်စင်တာကလည်း သမ္မတကြီး၏(၆၈)နှစ်မြောက်မွေးနေ့အား "1875 Hot Line နှင့် 1876 Hot Line မှကြိုဆိုပါသည်" ဟူ၍ ကြေညာထားသည်ကို တွေ့ရသည်။

သမ္မတဦးသိန်းစိန်အတွက် မွေးနေ့ဆုတောင်းပေးသူများတွင် လူငယ်အများစုလည်းပါဝင်နေပြီး ခဲပန်းချီ၊ ရေဆေးပန်းချီ ဒီဇိုင်းများဖြင့် နိုင်ငံတော်သမ္မတ၏ ပုံတူကို ရေးဆွဲကြသလို ဓာတ်ပုံများဖြင့်လည်း မွေးနေ့ဆုတောင်းပေးကြသည်။

"ဒီပုံကို ဆွဲပေးတာကတော့ သူ့ရဲ့လုပ်ရပ်တွေလုပ်ဆောင်ချက်တွေကို လေးစားလက်ခံပြီး အသိအမှတ်ပြုတဲ့အနေနဲ့ ဆွဲပေးတာပါ။ သူမြင်နိုင်မယ်၊မမြင်နိုင်ဘူးကတော့ မပြောတတ်ဘူးပေါ့လေ။ ပြောချင်တာကတော့ သူ့လုပ်ရပ်တွေကို အကုန်အားမရသေးပေမယ့် ကျေနပ်မိပါတယ်"ဟု စင်ကာပူနိုင်ငံတွင်နေထိုင်သည့်နည်းပညာတက္ကသိုလ်ကျောင်းဆင်းကို




**သမ္မတပုံဂရက်ဖတီဆွဲ၍မွေးနေ့ဆုတောင်းခဲ့သည့် ကိုအာကာကျော်လက်ရာအား တွေ့ရစဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သာပိုက သမ္မတ၏ပုံတူပန်းချီကားရေးဆွဲဖြစ်ခဲ့ပုံကို ပြောကြားသည်။

သမ္မတသည် ကျန်းမာရေးမကောင်းဘဲ နှလုံးခုန်စက် တပ်ထားရသူဖြစ်သော်လည်း ရိုးသားသည့် သူ့လုပ်ရပ်များမှာ ပေါ်လွင်သဖြင့် လေးစားစိတ်ဖြင့် မွေးနေ့ဆုတောင်းများ၊ မှတ်ချက်များ ပေးကြခြင်းဖြစ်ကြောင်း သမ္မတအတွက် မွေးနေ့ဆုတောင်းပေးခဲ့သူများက ဆိုသည်။

" Social Network မှာ ကိုယ်မသိတဲ့သူတွေကိုတောင် Birthday wish ပေးနေတာဆိုတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံးရဲ့ သမ္မတကြီးကို ပန်းချီကားတစ်ချပ်နဲ့ အနည်းဆုံးဂုဏ်ပြုထိုက်တယ်ဆိုပြီး ဖန်တီးခဲ့တာပါ။ သမ္မတကြီးကို မိုးမွှန်အောင် ချီးကျူးထားတဲ့ ဘုန်းတော်ဘွဲ့ ရေးထားတာလည်း မဟုတ်ဘဲ အနုပညာတစ်ရပ်အနေနဲ့ ပန်းချီဖန်တီးတာဖြစ်လို့ လိပ်ပြာလည်းသန့်သလို ကိုယ့်ကိုယ်ကိုယ် အားလည်းအားရမိပါတယ်"ဟု သမ္မတပုံတူကို ခဲပန်းချီဖြင့် ရေးဆွဲပေးခဲ့သည့် ရေကြောင်းပညာတက္ကသိုလ်ကျောင်းဆင်းတစ်ဦးဖြစ်သူကိုအောင်ဆန်းကျော်ကဆိုသည်။

ထို့အပြင် ရန်ကုန်မြို့တွင် အမေရိကန်သမ္မတ အိုဘားမား လာရောက်စဉ်က ဂရပ်ဖတီအနုပညာဖြင့်ပုံဆွဲကြိုဆိုခဲ့သည့်လူငယ်တစ်ဦးဖြစ်သူ အာကာကျော်ကလည်း Happy Birthday Mr.President ဟူ၍ သမ္မတ၏ ပုံတူကို မရမ်းကုန်းမြို့နယ်တွင်းရှိ အုတ်တံတိုင်းတစ်ခုတွင် ရေးဆွဲဂုဏ်ပြုခဲ့သည်ကိုတွေ့ခဲ့ရသည်။

လမ်းဘေးအုတ်တံတိုင်းတွင် ရေးဆွဲခဲ့သည့် ဂရပ်ဖတီပုံတူမှာ ရေးဆွဲပြီး နာရီပိုင်းအတွင်း သက်ဆိုင်ရာမှ ဖျက်ဆီးခြင်းခံခဲ့ရသည်။

သမ္မတ၏ မွေးနေ့တွင်ပြင်ပလှုပ်ရှားမှုထက် လူမှုကွန်ရက်မီဒီယာများ၌ ဆုတောင်းပေးသူများတွင် ပါဝင်သူအများစုမှာ လူငယ်များသာဖြစ်ခဲ့သလိုကိုအောင်ဆန်းကျော်၏ သမ္မတပုံတူခဲပန်းချီသည် နှစ်သက်သူ ၇,၀၀၀ ကျော်အထိ ရရှိခဲ့သော ပုံတစ်ပုံ ဖြစ်ခဲ့သည်။

အခြားပန်းချီများ၊ကွန်ပျူတာဒီဇိုင်းပုံများသည်လည်း လူမှုကွန်ရက်သုံးစွဲသူများကြားတွင် ရေပန်းစားခဲ့ပြီး အများစုက ကျန်းမာရေးအတွက်ဆုတောင်းပေးခြင်းနှင့် နိုင်ငံအတွက် ဖြစ်ချင်သော ဆန္ဒများကိုပါရေးသားဆုတောင်းခဲ့ကြသည်ကို တွေ့ရသည်။

နိုင်ငံတော်သမ္မတရုံး၏ အင်တာနက်စာမျက်နှာနှင့် အစိုးရဌာနအသီးသီး၏ စာမျက်နှာများတွင်မူ သမ္မတ၏ မွေးနေ့အတွက် တစ်စုံတစ်ရာဆုတောင်းလွှာများကို မတွေ့ရပေ။

ယမန်နှစ်က သမ္မတမွေးနေ့တွင် ပထမဆုံးအကြိမ်အလွှာစုံမှ ပြည်သူအများဆုံးပါဝင်သော ဆန္ဒပြမှုတစ်ရပ်အဖြစ် မန္တလေးမြို့တွင် လျှပ်စစ်မီးရရှိရေး ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်။



7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013



စမှ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ရှုလော့ယောဂီ

ဝိပဿနာရှုစရာဌာနသည် စစ်တမ်းထုတ်ရင် ခန္ဓာပေါ်မှာပဲနော် ခန္ဓာပေါ်မှာ ရှုရတဲ့အခါကျတော့ ခန္ဓာဆိုတာ ကြားဖူးတာ ငါးပါးပါပဲ၊ ခန္ဓာငါးပါးရှိပါတယ်၊ ငါးပါးမှာ ဘယ်အပေါ်မှာရှုရမှာတုံး။ ခန္ဓာပေါ်ရှုဆိုတော့ ခန္ဓာက ငါးပါးဖြစ်နေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့မှာ ခန္ဓာငါးပါးရှိတယ်ဆိုသော်ငြားလည်းကွာ၊ ငါလေးပုံပုံထားတယ်လို့ ဖြေပြန်တယ်၊လေးပုံပုံထားတယ်လို့ ဖြေတာက ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါပဲ၊ အေး. . လေးပုံပုံဆိုငြားသော်လည်းကွာ ခန္ဓာကို လေးပုံပုံပြီး တစ်ပုံကိုပဲ ရှုပါတဲ့။ တစ်ပုံရှုတော့“ကောယနေ့ာအယံဘိက္ခဝေမဂ္ဂေါ”လို့ ဘုရားကပဲ ဆက်ဟောတယ်၊ ဘိက္ခဝေ=ရဟန်းတို့၊ အယံမဂ္ဂေါ= ဤဝိပဿနာရှု တယ်ဆိုတဲ့ မဂ္ဂင်တရားသည်၊ ဧကာယနော= တစ်ပုံတည်းရှုတာနဲ့ တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏။ တစ်ပုံပိုင်ပိုင်ရှုရင် ရောက်ပါတယ်ကွာတဲ့။ ဗျာများစရာမရှိတော့ပါဘူးနော်။ ဩော် လေးပုံ ပုံပြီး တစ်ပုံကို ရှုရင်လည်း နိဗ္ဗာန်ရောက်ပါတယ်။

**ကျေးဇူးတော်ရှင်အဂ္ဂမဟာမဏ္ဍိတ မိုးကုပ်ဆရာတော်ကြီး**



**ပထမဆုံးသော နိုင်ငံတကာအခပေးဖျော်ဖြေပွဲဖြစ်သည့် မိုက်ကယ်လန်းတူရော့ခ်အဖွဲ့ ရန်ကုန်မြို့တွင် လာရောက်ဖျော်ဖြေခဲ့စဉ်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဖျော်ဖြေပွဲအချို့ လက်မှတ်ခများ လူတန်းစားစုံ လက်လှမ်းမမီ

**အေးသူစံ**

**ရန်ကုန်၊ မေ-၁၉**

ပြည်တွင်းအနုပညာဖျော်ဖြေပွဲအများစု၏ လက်မှတ်ဈေးနှုန်းများမှာ ယခုနှစ်ဆန်းပိုင်းမှစ၍ သောင်းဂဏန်းအထိ မြင့်တက်လာပြီး လူတန်းစားမျိုးစုံ လက်လှမ်းမီကြည့်ရှုနိုင်ရန် အလှမ်းဝေးလာကြောင်း သတင်းရရှိသည်။

ဖျော်ဖြေပွဲအများစု၏ လက်မှတ်ဈေးနှုန်းများမှာ အနိမ့်ဆုံး ကျပ်တစ်သောင်းမှ အမြင့်ဆုံး ငါးသောင်း အထိ ဖြစ်လာခဲ့သည်။ ထို့အပြင် ပြည်ပမှ မိုက်ကယ်လန်းတူရော့ခ် ဂီတအဖွဲ့ ဖျော်ဖြေပွဲမှာလည်း အမြင့်ဆုံးလက်မှတ်ဈေးနှုန်းမှာ ကျပ်တစ်သိန်းခွဲထိ ဖြစ်ခဲ့သည်။ ယခုမြင့်တက်သွားသော လက်မှတ်ဈေးနှုန်းများမှာ ပြည်တွင်းရှိ အခြေခံလူတန်းစားများ၊ ပြည်သူ့ဝန်ထမ်းများ၏ တစ်လစာ လုပ်ခနီးပါး ဖြစ်ခဲ့ခြင်းကြောင့် ဖျော်ဖြေပွဲ ကြည့်ရှုလိုသော်လည်း လက်လွှတ်ခဲ့ရသော ပရိသတ်များ များစွာ ရှိခဲ့သည်။

လက်ရှိ နိုင်ငံ၏ စီးပွားရေး အနေအထား ကျဆင်းနေခြင်းကြောင့် ပြည်သူအများစုမှာ စားဝတ်နေရေးနှင့် စီးပွားရေးကိုသာ အာရုံစိုက်လုပ်ကိုင်နေကြရပြီး ဖျော်ဖြေရေးအမျိုးအစားတွင်ပါဝင်သော အငြိမ့်ပွဲများ၊ စင်မြင့်ဖျော်ဖြေပွဲများ၏ လက်မှတ်ဈေးနှုန်းများမှာ သာမန်လူတန်းစားများ၏ တစ်လစာဝင်ငွေနီးပါးဖြစ်နေခြင်း အပေါ် ဝေဖန်မှုများထွက်ပေါ်နေသည်။ လက်မှတ်ဈေးနှုန်းကြီးမြင့်လာခြင်းအပြင် ပုံမှန်နှုန်းထားဖြင့် ပင်ပြုလုပ်သောပွဲများတွင်လည်း ကြည့်ရှုသည့်ပရိသတ်ယခင်ကထက် တစ်စတစ်စ နည်းပါးလာကြောင်းပွဲစီစဉ်သူများထံမှသတင်းရရှိသည်။

“ကျွန်တော်တို့ ပြီးခဲ့တဲ့ လကလုပ်တဲ့ပွဲနှစ်ပွဲလုံး သိန်းကို ရာနဲ့ချီပြီး ရှုံးတယ်။ ဒါတောင် လက်မှတ်ဈေးနှုန်းက ပုံမှန်အတိုင်း ၆,၅၀၀ ပဲယူထားတာပါ။ လူတွေက စီးပွားရေးမကောင်းတော့ ပျော်ပွဲရွှင်ပွဲ မသွားနိုင်ကြတော့ဘူး”ဟု ဟစ်ဟော့ပ်ရှိုးပွဲများကို ပုံမှန်ပြုလုပ်လေ့ရှိသည့် ဘိုဘိုအန်တာတိန်းမန့်မှ ကိုဘိုဆန်းက ပြောသည်။

ပြည်တွင်းတွင် ရုပ်သံလိုင်းများ များပြားလာခြင်း၊ ရှိုးပွဲတင်ဆက်မှု များပြားလာခြင်းကြောင့် တစ်ပွဲနှင့်တစ်ပွဲ အပြိုင်အဆိုင် တင်ဆက်ရခြင်း၊ စက်ပစ္စည်းကိရိယာနှင့် အသံစနစ်တို့ကို ငှားရမ်းရာတွင် ဈေးနှုန်းကြီးမြင့်လာခြင်း၊ အဆိုတော်များ ဈေးနှုန်းမြင့်တက်လာခြင်းနှင့် ရှိုးပွဲပြုလုပ်ရန် နေရာကျယ်အခက်အခဲတို့ ရှိလာခြင်း၊ ရှိုးစင်မြင့်နောက်ခံ LED ပရိုဂျက်တာများတပ်ဆင်လာရခြင်းစသည့် အထွေထွေကုန်ကျစရိတ်ကြီးမြင့်လာခြင်းတို့ကြောင့် ရှိုးပွဲလက်မှတ်များ ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူတို့က ပြောသည်။ တစ်ဖက်တွင်လည်း အများပြည်သူ အခမဲ့ကြည့်ရှုနိုင်မည့် Free Show များတင်ဆက်မှုများ ရှိနေပြီး ရုပ်သံလိုင်းများတွင် ပြန်လည်အသုံးချထုတ် လွှင့်နိုင်ခြင်းနှင့်ပံ့ပိုးလိုသည့်ကြော်ငြာလုပ်ငန်းရှင်များ ရှိနေခြင်းတို့ကြောင့် အခမဲ့ထုတ်လွှင့်နိုင်ခြင်းဖြစ်ကြောင်း စီးသူတစ်ကိုယ်တော် ဖျော်ဖြေပွဲကို အခမဲ့ပြုလုပ်ခဲ့သည့် Forever Group မှ ဦးမျိုးမြတ်သူက ရှင်းပြသည်။

“ကျွန်တော်တို့မှာ ပွဲကို တီဗီက တိုက်ရိုက်ထုတ်လွှင့်နိုင်တော့ တစ်ပြည်လုံး ပရိသတ်အများကြီး ကြည့်နိုင်တယ်။ ကြော်ငြာရှင်တွေကလည်း တစ်ပြည်လုံးအနှံ့ထုတ်လွှင့်တော့ ကြော်ငြာလွှင့်ဖို့ စိတ်ဝင်စားတယ်။ အဲဒီအကျိုးအမြတ်တွေပြန်ရတာကြောင့် အခမဲ့ပြနိုင်တာပါ။ ပြည်သူဆီက ဝင်ငွေက အဓိကမကျတော့ အခမဲ့လည်း ပြနိုင်တယ်။ ဈေးလည်းလျှော့နိုင်တယ်”ဟုၾငင်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရှိုးပွဲများကျင်းပရန် နေရာကျယ်ဝန်းသော ခန်းမကျယ်ကြီးများ၊ ကွင်းပြင်များမှာရှားပါးပြီး ယခုလက်ရှိပြုလုပ်နေသည့်ခန်းမများမှာဝင်ဆံ့သည့် လူအရေအတွက် နည်းပါးခြင်းကြောင့် ကုန်ကျစရိတ်ကာမိစေရန် ဈေးနှုန်းသတ်မှတ်ချက်ကြီးမြင့်သွားရခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူများက ရှင်းပြသည်။

“အမျိုးသားကဇာတ်ရုံတို့၊ စထရင်းဟိုတယ်တို့ဆို ဝင်ဆံ့တဲ့ လူက ကန့်သတ်ချက်ရှိတော့ အရင်းကြေအောင် လက်မှတ်ကို တွက်ချက်ယူရတော့ဈေးကြီးသွားရတာပါ။ အရင်ကလည်း အဲဒီနေရာတွေမှာ ကျပ်လေးငါးထောင်နဲ့ ရှိုးပွဲလုပ်ခဲ့ပေမယ့်အခုအထွေထွေ ကုန်ကျစရိတ်တွေ အရမ်းတက်လာတော့ ခန်းမတွေမှာပွဲလုပ်ရင် ဈေးတွေ မြင့်ကုန်ရတာပါ” ဟု ကိုဘိုဆန်းက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ပရိသတ်သိန်းချီဆံ့သော ဖျော်ဖြေရေးနေရာများ ပိုမိုများပြားလာပါက လက်မှတ်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ဦးမျိုးမြတ်သူက ထောက်ပြပြောကြားသည်။“မိုင်ဒါကွင်းဆို လူရှစ်သောင်းကျော်လောက် ဆံ့တယ်။ မြန်မာနိုင်ငံမှာ ပရိသတ်အများကြီးဆံ့တဲ့ နေရာကျယ်မျိုးကို ရင်းနှီးမြှုပ်နှံဖို့ လိုပါတယ်။ ဒါမှ ပရိသတ်များများဆံ့လေ လက်မှတ်ခကို လျှော့ချလို့ရလေ ဖြစ်မှာပါ” ဟု ၎င်းကဆိုသည်။

## အယ်ဒီတာထံ ပေးစာ

အယ်ဒီတာခင်ဗျား

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ကပါ။ ကျွန်တော်တို့ရပ်ရွာမှာ လူငယ်တွေ ဦးဆောင်ပြီး သာဂရ-မြို့သစ်ဆက်သွယ်ထားတဲ့ မြေသားလမ်းမကြီးကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ၂၀၁၂ ခုနှစ် မတ်လကတည်းက စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ သာဂရ-မြို့သစ်လမ်းပိုင်းဟာ ပေ ၅,၈၀၀ ခန့်ရှိပြီး ပထမလမ်းပိုင်းအနေဖြင့် ပေ ၂,၂၀၀ ကို ကျောက်ချောလမ်းအဖြစ် ၂၀၁၂ ခုနှစ် မကုန်မီမှာပင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ခင်းပြီးခဲ့ပါတယ်။ မြို့နယ်စည်ပင်သာယာဌာနက စက်ကိရိယာအကူအညီများပေးခဲ့၍ အဆင့်မီသည့် လမ်းကောင်း (လမ်းပိုင်း) တစ်ခု ဖြစ်ခဲ့ပါတယ်။

သာဂရကျေးရွာမှာ ခင်ဦး-ရေဦးကားလမ်းပေါ်ရှိပြီး သာဂရမှ မြို့သစ်-ကံကြီးကုန်း-ရွှေယမင်း-ရွှေသိမ်တော်-ကြာပင်အိုင်ကျေးရွာများအထိဆိုလျှင် ငါးမိုင်၊ ခြောက်မိုင်ခန့်ရှိမယ် ထင်ပါတယ်။ ကြာပင်အိုင်ကျေးရွာမှာ ရေဦး-ညောင်ပင်သာ-ရွှေဘိုလမ်းမကြီးဘေးဖြစ်၍ အဆိုပါလမ်းပိုင်းတစ်ခုလုံးကိုသာ ကျောက်ချောလမ်းဖောက်လုပ်နိုင်ခဲ့မည်ဆိုလျှင် ဒေသခံတို့အတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က သာဂရ-မြို့သစ်-ကျောက်ချောလမ်း ပထမလမ်းပိုင်း ၂၀၁၂ ခုနှစ် ဆောင်ရွက်စဉ် လာရောက်ကြည့်ရှုစဉ်က လမ်းကော်မတီအဖွဲ့က တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ထိုစဉ်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒီဇယ်ဂါလန် ၂၀၀ ပေးသည်ဟု သိရသော်လည်း မြို့နယ်မှတစ်ဆင့် ကိုင်ထား၍ ဘယ်အတိုင်းအတာအထိ ထုတ်ပေးခဲ့သည်ကို ရပ်ရွာလူထုမှ တိတိကျကျ မသိရသေးပါ။ ဝန်ကြီးချုပ်လာစဉ်က မြို့နယ်စည်ပင်က ကျပ် ၂၅ သိန်းဖိုး ကျောက်ချပေးမည်ဟု ဆိုသော်လည်း ယနေ့အချိန်အထိ ကျောက်ချပေးခြင်းမျိုး(သို့) ငွေချပေးခြင်းမျိုး မကြားမတွေ့ရသေးပါ။

၂၀၁၂ ခုနှစ် မတ် ၆ ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၌ မြေသားလမ်း တစ်မိုင် ကျပ်ကိုးသိန်း၊ ကျောက်လမ်း တစ်မိုင်လျှင် ကျပ်သိန်း ၃၀၊ ကတ္တရာလမ်း တစ်မိုင်လျှင် ကျပ်သိန်း ၆၀ နိုင်ငံတော်မှ ထောက်ပံ့ပေးကြောင်း ဖတ်ရှုမှတ်သားခဲ့ရပါတယ်။ သာဂရမြို့သစ်လမ်းပိုင်းအတွက် ကျောက်ချော လမ်းပြီးမြောက်အောင်မြင်စေရန် ထိုထောက်ပံ့လှူဒါန်းငွေများ လိုအပ်ပါတယ်။

ယခု ၂၀၁၃ ခုနှစ်အတွက် သာဂရ-မြို့သစ် ဒုတိယလမ်းပိုင်းကျောက်ချောလမ်းအဖြစ် ဆက်လက်ခင်းကျင်းရန် ကျေးရွာလမ်းကော်မတီအဖွဲ့က ကျောက်ကျင်းပေါင်း ၇၀ ခန့်ဝယ်ယူပြီး အနေအထားဖြစ်ပါတယ်။ ကျေးရွာလူထုမှ ယခုကဲ့သို့ မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တက်ကြွစွာကြိုးစားဆောင်ရွက်လုပ်ကိုင်ရာတွင် မြို့နယ်စည်ပင်မှဖြစ်စေ၊ ၂၀၁၂ ခုနှစ် မတ်လ ၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဌာနမှဖြစ်စေ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့မှဖြစ်စေ အမြန်ဆုံး ပံ့ပိုးကူညီထောက်ပံ့လှူဒါန်းပေးကြပါရန် မီဒီယာမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ကျေးရွာသားများ**

## မြို့ပတ်ရထားများတွင် အထူးတွဲဆိုင်းတစ်တွဲစီ ထည့်သွင်းပြေးဆွဲ

**သန်းဌေး**

**ရန်ကုန်၊ မေ-၁၈**

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော မြို့ပတ်ရထားများတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှ စတင်၍ သီးသန့်စီးလိုသူ ခရီးသည်များအတွက် ရည်ရွယ်ကာ အထူးတွဲဆိုင်းတစ်တွဲစီ ထည့်သွင်းပြေးဆွဲပေးနေကြောင်း သတင်းရရှိသည်။

ယခင်က ပြေးဆွဲပေးနေသော မြို့ပတ်ရထားတွဲများတွင် တွဲဆိုင်းအားလုံး တစ်ပြေးညီဖြစ်၍ မြို့တစ်ပတ်စီးနင်းခမှာ လူတစ်ဦးလျှင် တစ်ရာကျပ်ဖြစ်ပြီး ရုံးတက်၊ ရုံးဆင်းချိန်များ၌ ရထားတိုင်းခရီးသည်များနှင့် ပြည့်ကျပ်လျက်ရှိသည်။

“သီးသန့် စီးချင်သူတွေနဲ့ နိုင်ငံခြားသားတွေအတွက် ရထားတစ်စီးရဲ့ တွဲဆိုင်းငါးခုမှာ အထူးတွဲတစ်တွဲစီ ထည့်ပေးထားတယ်။ ခရီးသည်တွေ စီးနင်းမှု သက်သောင့်သက်သာ ဖြစ်စေချင်လို့ပါ။ အဝေးပြေးရထားတွေရဲ့ ရိုးရိုးတန်းက လူစီးသစ်သားထိုင်ခုံတစ်တွဲစီကို မြို့ပတ်ရထားတွေမှာ ချိတ်ပေးတာ။ မီးရထားဝန်ကြီးရဲ့ အစီအစဉ်နဲ့ မြို့ပတ်ရထားကို စမ်းသပ်တိုးမြှင့်လုပ်ကြည့်တာပါ”ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ကြောင့် ယခုအခါ နေ့စဉ်နေ့တိုင်း မြို့ပတ်ရထားငါးစီးဖြင့် ရန်ကုန်ဘူတာကြီးမှ လက်ဝဲရစ် ၁၅ခေါက်၊လက်ယာရစ်၁၅ခေါက်စီ ပြေးဆွဲပေးနေသည်။ အဆိုပါ အထူးတွဲအတွက် နှစ်ရာ ကျပ်တန် လက်မှတ်မပါရှိဘဲ စီးနင်းခြင်းနှင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်းတွေ့ရှိပါက လူတစ်ဦးလျှင် ဒဏ်ငွေကျပ် နှစ်ထောင်စီ ပေးဆောင်ရမည်ဖြစ်ကြောင်း မြို့ပတ်ရထားရပ်နားသည့် ဘူတာတိုင်းတွင် သတိပေးစာများ ကပ်ထားသည်။

“လူချောင်ချောင် စီးရတာပေါ့။ သက်သောင့်သက်သာတော့ ရှိပါတယ်။ သိပ်ကြီးတော့ မထူးလှပါဘူး”ဟု အထူးတွဲပေါ်မှ ရထားစီးခရီးသည် အမျိုးသားကြီးတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ပတ်ရထားစီးနင်းသူ ခရီးသည် ကိုးသောင်းနီးပါးခန့်ထံမှ တစ်နေ့လျှင် ကျပ်သိန်းလေးဆယ်ကျော်ဝင်ငွေရရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

မျက်နှာဖုံးမှ

## လူမျိုးတုံးသတ်ဖြတ်ခဲ့သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ စွပ်စွဲချက် အစိုးရကန့်ကွက်မည်

"စကားလုံး အသုံးအနှုန်းက အစီရင်ခံစာ အရဆိုရင်တော့ တော်တော်ပြင်းထန်တယ်။ ဒီပဋိပက္ခဖြစ်စဉ်တွေကြောင့် အခု ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာမှာ ပုံရိပ်တော်တော်ကျဆင်းသွားပြီ။ အခုဒီပုံရိပ်ကိုပဲပြန်ကောင်းအောင် လုပ်ရမယ်။ နှစ်ဦးနှစ်ဖက် မုန်းတီးမှုတွေ ဘယ်လို ချေဖျက်နိုင်မလဲ ကိုပဲ စဉ်းစားရမှာ။ ဒီအစီရင်ခံစာက တော်တော်လေး လက်ခံရခက်ပါတယ်"ဟု ဦးနေသန်မောင်က သုံးသပ်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ် အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများအဖွဲ့မှ ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ရိုဟင်ဂျာ မွတ်ဆလင်များ၏ ပြောစကားများကိုသာ ရယူရေးသားထားပြီး မြန်မာ တိုင်းရင်းသားများ၏ ပြောကြားချက်များမပါဝင်ကြောင်း၊ လူမျိုးတုံးသတ်ဖြတ်မှုဟူသည့်စကားရပ်ကိုထည့် သွင်းသုံးစွဲထားကြောင်း အစီရင်ခံစာ လေ့လာသူများက ပြောကြားသည်။ ထို့ပြင် ယခုအစီရင်ခံစာမှာ နိုင်ငံတော် သမ္မတက ဖွဲ့စည်းပေးထားသည့် ရခိုင်ပဋိပက္ခ စုံစမ်းရေးကော်မရှင်အဖွဲ့၏ အစီရင်ခံစာ မထုတ်ပြန်မီ တစ်ရက်အလိုတွင် ကြိုတင်ထုတ်ပြန်ခဲ့ခြင်း၊ နိုင်ငံတော် သမ္မတဦးသိန်းစိန်ကို အမေရိကန်ပြည်ထောင်စုမှ ငြိမ်းချမ်းရေးဆု ပေးအပ်သည့်နေ့တွင် ထုတ်ပြန်ခဲ့ခြင်း၊ ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံ ပေါ်စီးပွားရေးအရပိတ်ဆို့အရေးယူမှုများကို ဖြေလျှော့ရန်ပြန်လည် သုံးသပ်နေသည့် အချိန်ဖြစ်ခြင်း၊ လာမည့် မေလကုန်တွင် အမေရိကန်အစိုးရမြန်မာနိုင်ငံအပေါ် စီးပွားရေး အထူးအခွင့်အရေးများ ပေးအပ်တော့မည့်အချိန်နှင့် အချိန်ကိုက် ထုတ်ပြန်လာသည့် အစီရင်ခံစာမှာ ရိုးသားမှုမရှိကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောကြားသည်။

"အဖြစ်မှန်မဟုတ်တဲ့ကိစ္စကို စွပ်စွဲတယ်လို့ထင်တယ်။ HRW ဟာ နိုင်ငံတကာမှာ ဂုဏ်သိက္ခာမရှိတဲ့ အဖွဲ့အစည်းတစ်ခုလို့ မြင်တယ်။ အစိုးရကိုယ်တိုင် အစီရင်ခံစာမှာ အကြမ်းဖက်ပါဝင်ပတ်သက်နေတယ်လို့ ပြောတာဟာ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးတယ်လို့ မြင်တယ်"ဟု ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ ဒုဥက္ကဋ္ဌ ဦးသန်းထွန်းကဆိုသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီပြောရေးဆိုခွင့်ရှိသူ မိုဟာမက်စလင်းကမူ "လူမျိုးတုံးသတ်ဖြတ်မှုတွေ မဟုတ်ဘူးဆိုပေမယ့် အများအားဖြင့်တော့ ခံတာများပါတယ်။ ဒါဟာ နိုင်ငံရေးလုပ်ကွက်ကြီးပါ။ အစိုးရကိုယ်တိုင် ပါဝင်ပတ်သက်နေတယ်ဆိုတာကိုတော့ လုံးဝလက်မခံပါဘူး"ဟု ပြောဆိုသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ယင်းသို့တစ်ဖက်သတ်ရေးသားထားသည့်အစီရင်ခံစာအပေါ် အလေးထားမည်မဟုတ်ဘဲ တရားဝင်ဖွဲ့စည်းထားသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တွေ့ရှိချက်များ၊ အကြံပြုချက်များအပေါ်သာ အလေးထား အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဦးရဲထွဋ်က ပြောကြားထားသည်။

HRW အဖွဲ့၏ အစီရင်ခံစာတွင် မြန်မာအစိုးရအပေါ် ဝေဖန်ပြောကြားထားသော်လည်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက နှစ်စဉ်ကမ္ဘာ့နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများကိုလေ့လာစောင့်ကြည့်ပြီး ထုတ်ပြန်သည့် အစီရင်ခံစာတွင်မူမြန်မာအစိုးရ၏ လူ့အခွင့်အရေးဆောင်ရွက်ချက်များကို ချီးကျူးပြောကြားထားသည်။

ရခိုင်ပြည်နယ် ကျောက်နီမော်ကျေးရွာတွင် ၂၀၁၂ ခုနှစ် မေလကုန်ပိုင်းက ရခိုင်တိုင်းရင်းသူ တစ်ဦးအား မွတ်ဆလင်အမျိုးသား သုံးဦးက မုဒိမ်းကျင့်သတ်ဖြတ်ခဲ့မှုမှ အစပြု၍ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှု ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ မိတ္ထီလာမြို့တွင်လည်း ရွှေဆိုင်တစ်ဆိုင်မှ အရောင်းအဝယ်ကိစ္စမှ အစပြု၍ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ် မတ် လ ၂၂ ရက်မှစပြီး ယနေ့ထိ နိုင်ငံတော်သမ္မတမှ အရေးပေါ်ဥပဒေသတ်မှတ်ကြေညာထားသည်။

မျက်နှာဖုံးမှ

## ၁၅၀၀ ကျပ်တန် ဆင်းမ်ကတ် ရောင်းရာတွင် ရိုးသားမှုမရှိက အစိုးရအဖွဲ့ သို့ တိုင်ကြားနိုင်

ယခုရောင်းချပေးသည့်ကျပ် ၁၅၀၀တန်ဆင်းမ်ကတ် CDMA 800 Mhz ဝယ်ယူရာတွင်လျှောက်လွှာတင်ထားသူများသည် မဲမပေါက်ခဲ့ပါက နောက်လများတွင် ထပ်မံချထားပေးမည့်ဆင်းမ်ကတ်များအတွက် လျှောက်လွှာတင်ရန် မလိုကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုမဲနှိုက်လို့မပေါက်တဲ့သူတွေက နောက်ထပ်ချပေးမယ့် ဆင်းမ်ကတ်အတွက် လျှောက်လွှာတင်စရာ မလိုတော့ဘူး။ လျှောက်လွှာ ပျက်စီးတာတို့၊ ပျောက်သွားတာတို့ကတော့ ထပ်တင်ရမယ်"ဟု ၎င်းကပြောသည်။

၁၅၀၀ ကျပ်တန် ဆင်းမ်ကတ်များကိုပထမအသုတ်တွင်ကတ်ပေါင်း ၃၅၀,၀၀၀ ခွဲဝေရောင်းချပေးမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် CDMA 800 MHz ဆင်းမ်ကတ်များကိုသာ ရောင်းချပေးမည်ဖြစ်ပြီး CDMA လိုင်းမမိသည့် နေရာများတွင်သာ WCDMA ဖုန်းဆင်းမ်ကတ်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တရားဝင်သတင်းထုတ်ပြန်ထားသည်။

"အခုလက်ရှိကတော့CDMA 800 MHz ကိုပဲ ဦးစားပေးရောင်းချသွားမယ်။ နောင်တစ်လ၊ နှစ်လလောက်နေရင်တော့ WCDMA လိုချင်တဲ့သူတွေ ဝယ်နိုင်အောင် ရောင်းချပေးဖို့စီစဉ်ထားပါတယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။

မိုဘိုင်းဖုန်းဝယ်လိုသူ အများစုမှာ CDMA 800 MHz ဖုန်းထက် WCDMA နှင့် ဂျီအက်စ်အမ် ဖုန်းလိုင်းကိုသာ ဝယ်ယူလိုသူများကြောင်း သတင်း ရရှိသည်။

လမ်းမတော်မြို့နယ်နေ WCDMA ဖုန်းလိုချင်သူတစ်ဦးက "အခုချထားပေးမယ့် CDMA 800 MHz ကိုတော့ မလိုချင်ဘူး။ WCDMA ပဲ လိုချင်တာ။ CDMA 800 MHz က ဟန်းဆက်လည်း မပေါဘူး။ ရန်ကုန်တို့ မန္တလေးတို့လိုမြို့ကြီးတွေမှာ လိုင်းကောင်းပေမယ့် နယ်ရောက်သွားရင်တော့ အဆင်မပြေတော့ဘူး" ဟု ဆိုသည်။ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တပ်ဆင်ထားသည့် CDMA မိုဘိုင်းတာဝါတိုင်အရေအတွက်ပေါ် မူတည်ပြီး CDMA ဆင်းမ်ကတ် ၃၅၀,၀၀၀ ကို ခွဲဝေရောင်းချပေးခြင်းဖြစ်ကြောင်း ဆက်သွယ်ရေးမိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။

မျက်နှာဖုံးမှ

## အခွန်တိမ်းရှောင်ခွင့်ရရှိထားသည့်ကုမ္ပဏီ လုံးဝမရှိဟုဆို

ယင်းကဲ့သို့ တန်းတူညီမျှ အခွန်ဆောင်ရန် သတ်မှတ်လိုက်ခြင်းက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ပြိုင်ဆိုင်မှုတွင် မျှတမှု ရှိလာနိုင်ပြီး ဒေသတွင်းကုန်ထုတ်စွမ်းအားနှင့် အရည်အသွေးများလဲတိုးတက်မြင့်မားလာနိုင်စေရန်အတွက် ရည်ရွယ်ကြောင်း ၎င်းကဆိုသည်။

ထို့အပြင်လက်ရှိအသေးစား၊ အလတ်စားစီပွားရေးလုပ်ငန်းများကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင်ကောက်ခံနေသောအခွန်နှုန်းထားများမှာ ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိတော့ခြင်း၊ နှုန်းထားများ ကြီးမြင့်နေခြင်း၊ ကောက်ခံမှု ပုံစံမမျှတခြင်းများရှိနေသဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုစနစ် ပေါ်ပေါက်လာပါက ပြည်ပမှလာမည့် လုပ်ငန်းရှင်များကို ယှဉ်ပြိုင်နိုင်ရန် အခက်အခဲများစွာရှိကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှလုပ်ငန်းရှင်များက ဆိုသည်။

"ဦးပိုင်သာမကပါဘူး။ အခြားသော အစိုးရပိုင်စီးပွားရေးတွေက ကောက်ခံနေတဲ့ အခွန်နှုန်းထားတွေက တစ်မျိုးစီဖြစ်နေတာတွေလဲရှိတယ်။ ဒါဆိုတန်းတူညီမျှလုပ်သင့်နေပြီ။ လုပ်မယ်ဆိုရင်တောင် အခု နှစ်နှစ်ရှိနေပြီ။ ဒီနိုင်ငံရဲ့ ဈေး ကွက်စီးပွားရေးစနစ်ပီပြင်ဖို့ ဒါဟာနောက်ကျနေပြီလို့တောင် ပြောလို့ရတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည့်မြင့်က ပြောကြားသည်။

"အခွန်ရှောင်တယ်ဆိုတာ နိုင်ငံတကာမှာလဲရှိတယ်။ အခုထိကိုင်တွယ်ပုံတွေက မတူကြဘူးလေ။ခေတ်ကပြောင်းသွားပြီလေ။ အရင်က ရသင့်ရထိုက်တာတွေ မရခဲ့တာတွေ၊ သူများထက်အခွင့်ထူးခံရခဲ့တာတွေ လက်ညှိုးထိုးပြီး ပြန်ပြောနေလို့ ဘာမှမထူးပါဘူး။ ရှေ့ဆက်သွားရမယ်။ အနာဂတ်မှာ အဲဒီလိုမဖြစ်အောင် ထိန်းသိမ်းရမယ်"ဟု ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လေး က ပြောကြားသည်။

ကော့မှူးမြို့နယ် ပြည်သူ့ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်က အခွန်ကောက်ခံမှုနှင့် ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် မျှမျှတတ စဉ်းစားပေးရန်လိုအပ်ကြောင်း၊ နိုင်ငံသားတိုင်းအခွန်သည် မိမိအတွက် ကောက်ခံခြင်းဖြစ်သည်ကိုသိထားရန်လိုအပ်ကြောင်း၊ အစိုးရအနေဖြင့်လည်း ပွင့်လင်းမြင်သာစွာ အခွန်ကောက်ခံရန်ဆောင်ရွက်သင့်ကြောင်း သူရဦးရွှေမန်းနှင့်လုပ်ငန်းရှင်များတွေ့ဆုံသည့်ပွဲတွင် တိုက်တွန်းပြောကြားခဲ့သည်။

ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဝန်ထမ်းနှင့် လုပ်ငန်း ရှင်ထိတွေ့ရန်မလိုသော ဝင်ငွေခွန်အား မိမိဘာသာမိမိ ကြေညာသည့်စနစ်ကို ပြောင်းလဲကျင့်သုံးတော့မည်လည်းဖြစ်သည်။ ယင်းစနစ်အောင်မြင်ပါကပြည်တွင်း၏ အခွန်ဝင်ငွေပမာဏယခုထက် ပိုမိုတိုးပွားလာနိုင်ဖွယ်ရှိသည်ဟု ကျွမ်းကျင်သူတို့က သုံးသပ်သည်။

နှစ်အလိုက်ပြည်တွင်း အခွန်ဦးစီးဌာနမှအခွန်ကောက်ခံရရှိမှု ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင်ကျပ်သန်းပေါင်း ၁၅၀၀၀၀ ကျော်ရရှိခဲ့ပြီး၊ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၂၅၀၀၀၀နီးပါး ရရှိခဲ့ကြောင်းပြည်တွင်းအခွန်များ ဦးစီးဌာနမှ ထုတ်ပြန်သည်။




စာ(၃)မှ

## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကြီး၍ တစ်နှစ်အောက် ကလေးငယ်များ နေပူထဲမခေါ်သင့်

ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် အသက်တစ်နှစ်အောက်ငယ်သော ကလေးများကို နေပူထဲသို့ မခေါ်ရန်၊ အရိပ်ထဲတွင် ကစားစေခြင်းနှင့် အပြင်ထွက်ရန် လိုအပ်ပါက သနပ်ခါးထူထူ (သို့မဟုတ်) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေး၍ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးခြင်း၊နေကာမျက်မှန်တပ်ခြင်း၊ ဦးထုပ်၊ ထီးဆောင်းပေးရန်ပါ ထည့်သွင်းနှိုးဆော်ထားသည်။

ခရမ်းလွန်ရောင်ခြည်အန္တရာယ်သည် တစ်နှစ်ပတ်လုံးကျရောက်နေပြီး ပူပြင်းသောဒေသများတွင်သာမက အေးသော အရပ်ဒေသများတွင်လည်း ကျရောက်နိုင်ပြီး ခရမ်းလွန်ရောင်ခြည် လတ်တလော ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ ခံစားရနိုင်သည်။ ထိတွေ့မှုကာလ ကြာမြင့်လာပါက မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားလာနိုင်ကြောင်း သတိပေးနှိုးဆော်ချက်တွင် ပါရှိသည်။

အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်ပူချိန်တက်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းအပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်ကြောင်း သိရသည်။

Health

7DAY NEWS JOURNAL

Vol.12, No.7 • APRIL 25 , 2013

# ပြည်တွင်း၌ ကြက်၊ ငှက်တုပ်ကွေး သံသယရှိလူနာ မတွေ့ရသေးကြောင်း တာဝန်ရှိသူပြောကြား

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ-၂၀**

တရုတ်နိုင်ငံတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါပြန်လည်စတင်ဖြစ်ပွားသည့် အချိန်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြက်ငှက်တုပ်ကွေး သတိပေးနှိုး ဆော်ပြီး တရုတ်နိုင်ငံမှ ဆိုက်ရောက်လာသည့် လေယာဉ်များအား အထူးဂရုပြုစစ်ဆေးလျက်ရှိရာ ယခုအချိန်ထိ ကြက်ငှက်တုပ်ကွေး သံသယရှိလူနာ မတွေ့ရှိသေးကြောင်း သတင်းရရှိသည်။

"လေဆိပ်ပုံမှန်ကူးစက်ရောဂါစောင့်ကြည့်ခြင်းအပြင် တရုတ်မှာစဖြစ်နေကတည်းက alert လုပ်ပြီး စစ်ဆေးတာကို သကြ်န်မတိုင်ခင်ကတည်းက ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားပြီး ဆောင်ရွက်နေတယ်"ဟု လေဆိပ်ကူးစက်ရောဂါစောင့်ကြည့်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၂ အတွင်း တရုတ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ဝင်ရောက်သူမှာ ပျမ်းမျှလစဉ်လူဦးရေ၃,၆၀၀ ကျော်ရှိကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ စာရင်းများအရ သိရသည်။

တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးမျိုးကွဲဖြစ်သည့် $H_7N_9$ ဗိုင်းရပ်စ်ကြောင့် လူအချို့သေဆုံးခဲ့ရာ ယမန်နေ့ကအထိ သေဆုံးသူ ၁၇ ဦးရှိလာကြောင်း တရုတ်နိုင်ငံ၏ သတင်းစာများတွင် ဖော်ပြထားသည်။

"တရုတ်နိုင်ငံနဲ့လည်း နယ်နိမိတ်ချင်းထိစပ်နေတော့ နယ်စပ်တွေမှာလည်း ဂရုပြုစစ်ဆေးစောင့်ကြည့်နေတယ်"ဟုတိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ပြောသည်။



တရုတ်နိုင်ငံ ပေကျင်းမြို့ ငှက်ဈေးတွင် ငှက်ရောင်းချသူတစ်ဦးအား ဧပြီ၁၄ရက်က တွေ့ရစဉ်

ဓာတ်ပုံ-အေအက်ဖ်ပီ

ပြည်တွင်းတွင် အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်စေသည့် ကြက်များ သေဆုံးမှု လုံးဝမရှိသေးကြောင်း ဒေါက်တာအောင်ကြီးက အတည်ပြုပြောကြားသည်။

ယခင်ဖြစ်ပွားကူးစက်သည့် $H_5N_1$ ဗိုင်းရပ်စ်ပိုးသည် ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်မှ လူသို့ ကူးစက်ပြီး လူအချင်းချင်း ဆက်လက်ကူးစက်သည့် ရောဂါပိုးဖြစ်ပြီး ယခု $H_7N_9$ ဗိုင်းရပ်စ်သည် တိရစ္ဆာန်မှ လူသို့ အချင်းချင်း ကူးစက်၍ လူအချင်းချင်း ပျံ့နှံ့ကူးစက်သည့် လက္ခဏာမတွေ့ရကြောင်းနှင့် တုပ်ကွေးစတင်ဖြစ်ပွားသည့် ဇစ်မြစ်ကို သေချာစွာမသိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ကလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း နိုင်ငံတကာ သတင်းများတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနကလည်း တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် $H_7N_9$ ကြက်ငှက်တုပ်ကွေးရောဂါ မြန်မာနိုင်ငံသို့ ကူးစက်မလာစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ဘဲ၊ ငုံးများ ထိတွေ့မှုမရှိစေရေး ဂရုပြုရန်၊ ကြက်၊ ဘဲ၊ ငုံးစသည့် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို ဂရုပြုရန်၊ ကြက်၊ ငှက်၊ အသား ဥများကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်နှင့် ကြက်၊ ငှက်များ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးကုသရေး ဦးစီးဌာနသို့ သတင်းပို့ရန် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် အသိပေးနှိုးဆော်ထားသည်။

အထူးသဖြင့် ကြက်ခြံများတွင်ပိုးသတ်ဆေးများအသုံးပြုရန်၊ ခြံသန့်ရှင်းရေး ပိုမိုအလေးပြုဆောင်ရွက်ရန်၊ အစာရေများ သန့်ရှင်းစေရန် မွေးမြူရေးခြံများကို အသိပေးထားကြောင်း ဒေါက်တာအောင်ကြီးက ပြောသည်။

"စားသုံးသူတွေဘက်ကလည်း အတတ်နိုင်ဆုံးလတ်ဆတ်တဲ့ အသားကိုပဲစားကြဖို့ သေချာမကျက်သေးတဲ့ အသားကင်တွေကို သတိထားစားသုံးဖို့ လိုအပ်ပါတယ်" ဟု ဒေါက်တာအောင်ကြီးက ပြောသည်။


"လောလောဆယ် တိရစ္ဆာန်ကနေ လူကိုကူးစက်ဖြစ်ပွားနေပါတယ်။ ဒါကြောင့် ရောင်းတဲ့သူတွေဘက်ကလည်းအသားကိုင်တဲ့အခါမှာ လက်အိတ်သုံးတာမျိုးတွေ၊ ရုတ်တရက်သေတဲ့အသားတွေကိုလည်း ထုတ်ရောင်းတာမျိုးမဟုတ်ဘဲ ဌာနဆိုင်ရာကို အသိပေးတာမျိုးတွေလုပ်ဖို့ လိုအပ်ပါတယ်"ဟုဒေါက်တာအောင်ကြီးက ဆက်လက်ပြောသည်။

ဈေးကွက်အတွင်းကြက်သားဈေးနှုန်းမှာလည်း ပုံမှန်သာရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

# လူမှုမီဒီယာများ အသုံးပြုခြင်းဖြင့် သက်ကြီးရွယ်အိုများ သတိမေ့တတ်မှု လျော့နည်းနိုင်

**လူဇင်ဘာ့ဂ်၊မေ-၁၆**

လူမှုမီဒီယာများ အသုံးပြု၍ အဆက်အသွယ်လုပ်ခြင်းဖြင့် မကြာခဏသတိမေ့တတ်သောသက်ကြီးရွယ်အိုများတွင် စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုများ ရရှိနိုင်ကြောင်း လူဇင်ဘာ့ဂ် သုတေသနပညာရှင်များက ပြောကြားသည်။



သင်ပုန်းကွန်ပျူတာများနှင့် အင်တာနက်အသုံးပြုနိုင်သောပစ္စည်းများ အသုံးများလာခြင်းနှင့်အတူ ယခုအခါ လူကြီးများသည် အွန်လိုင်းလူမှုရေးကွန်ရက်များနှင့် အွန်လိုင်းဆွေးနွေးပွဲများတွင် ပိုမိုစိတ်ဝင်စားလာကြောင်း လူဇင်ဘာ့ဂ်တက္ကသိုလ်မှဒေါက်တာအန်ဂျလီယက်က ပြောကြားသည်။ ကွန်ပျူတာနှင့် အွန်လိုင်းပစ္စည်းအသုံးပြုမှုများလာခြင်းဖြင့် လူကြီးများသည် မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု၊ မိမိကိုယ်ကို ယုံကြည်မှုနှင့်ပတ်သက်သော ခံစားချက်များ ပိုမိုအားကောင်းလာသည်ဟု ဒေါက်တာလီယက်က ပြောကြားသည်။

"လက်တွေ့ကုသမှုပိုင်းမှာ လူမှုမီဒီယာတွေရဲ့ အစွမ်းအစနဲ့ ပတ်သက်တဲ့ သက်သေတစ်ခုရှိတာကို လေ့လာရတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ လူကြီးတွေက ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်တွေရှာဖို့နဲ့ လူနာနှင့် လူနာ၊ လူနာနှင့် ဆရာဝန် ဆွေးနွေးမှုတွေမှာ ပါဝင်ဖို့ လူမှုမီဒီယာများကို အသုံးပြုနိုင်ပါတယ်" ဟု ဒေါက်တာလီယက်က ပြောကြားသည်။

"စိတ်ရောဂါဖြစ်နေတဲ့ ခင်ပွန်းသည် (သို့မဟုတ်) စိတ်ဓာတ်ကျနေတဲ့ လူတွေကို စောင့်ရှောက်ပေးနေတဲ့ လူတွေလိုမျိုး ခက်ခဲတဲ့ ဘဝအခြေအနေတွေမှာ ရောက်နေတဲ့ လူတွေအနေနဲ့ လူမှုရေးထောက်ပံ့မှုတွေ ရယူမယ်။ ပြီးတော့ ပြန်ပေးမယ်။ အတွေးတွေကို ဖလှယ်မယ်ဆိုတဲ့ အွန်လိုင်းဆွေးနွေးမှုတွေ အများကြီးပဲ ရှိပါတယ်။ အထီးကျန်ဆန်နေတဲ့ သက်ကြီးရွယ်အိုတွေဟာ မိသားစုတွေ၊ သူငယ်ချင်းတွေ၊ အခြားဝါသနာတူသူတွေနဲ့ အဆက်အသွယ်လုပ်ပြီးတော့ အထီးကျန်မှုတွေကို ကျော်လွှားနိုင်ပါတယ်ဆိုတဲ့ အခြားကောင်းကျိုးတွေလည်း ရှိပါသေးတယ်"ဟု ဒေါက်တာလီယက်က ဆက်လက်ပြောကြားသည်။

သို့ရာတွင် လူကြီးများအတွက် လူမှုကွန်ရက် အသုံးပြုမှုနှင့်ပတ်သက်၍ အန္တရာယ်ရှိသော သတင်းအချက်အလက်များလက်လှမ်းမီမှုနှင့် ကိုယ်ရေးအချက်အလက်များကို လွဲမှားစွာ အသုံးပြုမှုကဲ့သို့ မကောင်းသော အကျိုးဆက်များ ဆက်လက်လေ့လာရဦးမည်ဖြစ်ကြောင်း သိရှိရသည်။

—Ref: UPI



7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013



## အမျိုးသမီးများ အမျိုးသားများထက် မျက်မမြင်ဖြစ်နိုင်သည့် အန္တရာယ်ပိုများ

**ချီကာဂို၊မေ-၁၇**

အမေရိကန်နိုင်ငံတွင် အသက် (၄၀)နှစ်နှင့်အထက် အမျိုးသမီးပေါင်း ၂ ဒသမ ၆ သန်းသည် ပြန်လည်ကုသ၍ မရနိုင်သော မျက်စိမှုန်ခြင်း (သို့မဟုတ်) မျက်မမြင်ဖြစ်နေကြောင်း၊ အမျိုးသားများတွင် ယင်းအရေအတွက်မှာ ၁ ဒသမ ၅ သန်းသာရှိကြောင်း Prevent Blindness America အဖွဲ့က ပြောကြားသည်။

ယင်းသို့အမျိုးသမီးများ မျက်စိရောဂါဖြစ်ရခြင်း အကြောင်းရင်းမှာ အမျိုးသမီးများ အသက်ပိုရှည်ခြင်းနှင့် ဟော်မုန်းဓာတ် ပြောင်းလဲမှုများကြောင့် ဖြစ်သည်ကို အမျိုးသားမျက်စိအင်စတီကျူဒ်က တွေ့ရှိခဲ့ကြောင်း PBA ဥက္ကဋ္ဌ မစ္စတာ ဟုချ်ပယ်ရီက ပြောကြားသည်။

အသက်(၄၀)နှစ်နှင့်အထက် အမျိုးသမီးများအနေဖြင့် မျက်စိကို မှန်ဘီလူးဖြင့် အကျယ်ချဲ့စစ်ဆေးခြင်းကို ခံယူသင့်ကြောင်းနှင့် စောစီးစွာ ရောဂါစစ်ဆေးတွေ့ရှိပြီး ကုသမှုခံယူနိုင်ပါက အမြင်အာရုံ ဆုံးရှုံးခြင်းများ လျော့နည်းသွားနိုင်သည်ဟု မစ္စတာပယ်ရီက ဆက်လက်ပြောကြားသည်။

ထို့အပြင် မျက်စိရောဂါကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ ဆရာဝန်ညွှန်ကြားသော မျက်စိအားတိုးဆေးများ စားခြင်း၊ ခရမ်းလွန်ရောင်ခြည်ကာကွယ်သော မျက်မှန်တပ်ခြင်း၊ အပြင်သွားလျှင် ဦးထုပ်ဝိုင်းဝိုင်းများ ဆောင်းခြင်းနှင့် မိသားစုမျက်စိရောဂါ ရာဇဝင်ကို သတိပြုခြင်းများစသည့်အချက်များ သတိထားသင့်သည်ဟု PBA အဖွဲ့က ဆက်လက်အကြံပြုထားသည်။

—Ref: UPI



## ထိရောက်မှုမရှိသော ကျန်းမာရေးစနစ်များကြောင့် ကလေးငယ် ၂၂ သန်း ကာကွယ်ဆေး မရရှိ

**ဂျီနီဗာ၊မေ-၂၀**


ထိရောက်မှုမရှိသော ကျန်းမာရေးစနစ်များနှင့် ဆေးဝါးပေးပို့ရေးစနစ်များကြောင့် ကမ္ဘာတစ်ဝန်း ရောဂါကာကွယ်ဆေးထိုးနှံရန် လိုအပ်သော ကလေးငယ်ပေါင်း ၂၂ သန်းမှာ ကာကွယ်ဆေးထိုးမှု မရရှိကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

အန္တရာယ်ရှိသော်လည်း ကာကွယ်နိုင်သော ရောဂါများနှင့် အခြေခံကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုကောင်းမွန်သော ဆေးဝါးဖြန့်ဖြူးရေးနှင့် အခြားထောက်ကူပစ္စည်းများလိုအပ်သည်ဟု ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘတ်စတာရိုက ပြောကြားသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း တိုးတက်မှုများ ရှိလာခဲ့သော်လည်း ကလေးများ အသက်ကယ်နိုင်သော ကာကွယ်ဆေးများ ဖြန့်ဖြူးခြင်းနှင့် မှတ်တမ်းထားခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းများ၌ နိုင်ငံအများအပြားတွင် အခက်အခဲများ ရှိနေဆဲဟု WHO ညွှန်ချုပ်က ဆက်လက်ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကလေးများရန်ပုံငွေအဖွဲ့၊ ဘီလ်နှင့် မလင်ဒါဂိတ်စ်ဖောင်ဒေးရှင်းနှင့် ဂါဗီမဟာမိတ်များအဖွဲ့တို့သည် ကလေးငယ်များအတွက် ကာကွယ်ဆေးများ ရှာဖွေဖော်ထုတ်ရေးနှင့် ဆေးထိုးခြင်း၊ မှတ်တမ်းများ စနစ်တကျရှိရေး ပိုမိုပူးပေါင်းလုပ်ဆောင်ရန် ရည်မှန်းထားကြောင်း သိရသည်။

—Ref: UPI



# Regional

7DAY NEWS JOURNAL

Vol.12, No.7 • APRIL 25 , 2013


# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ကြီး ခြောက်မြို့အတွက် စီဒီအမ်အေ ၈၀၀ မိုဘိုင်းဖုန်းအလုံး ၁၄,၀၀၀ ပထမ အဆင့်ရောင်းမည်

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့၊ စစ်ကိုင်းမြို့၊ ချောင်းဦးမြို့၊ မြင်းမူမြို့၊ အရာတော်မြို့နှင့် ရွှေဘိုမြို့တို့အတွက် စီဒီအမ်အေ -၈၀၀ မိုဘိုင်းဖုန်းအလုံး ၁၄,၀၀၀ ကို ဧပြီလ ၂၄ ရက်တွင် ပထမအဆင့် အနေဖြင့် ရောင်းချမည် ဖြစ်ကြောင်း ကြေညာချက်များအရ သိရှိရသည်။

ပထမအဆင့်အနေဖြင့် မုံရွာမြို့တွင် ဖုန်းအလုံးရေ ၅,၃၀၀၊ စစ်ကိုင်းမြို့တွင် ဖုန်း အလုံးရေ ၄,၇၆၀ ၊ ချောင်းဦးမြို့တွင် ဖုန်း အလုံးရေ ၁,၀၉၀၊ မြင်းမူမြို့တွင် ဖုန်းအလုံးရေ၁,၀၉၀၊ အရာတော်မြို့တွင် ဖုန်းအလုံးရေ ၁,၀၉၀ နှင့် ရွှေဘိုမြို့တွင် ဖုန်းအလုံးရေ ၉၇၀ လုံး စုစုပေါင်း ဖုန်းအလုံးရေ ၁၄,၀၀၀ လုံးတိတိအား ဧပြီလ ၂၄ ရက်တွင် မဲစနစ်ဖြင့် ရောင်းချမည် ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ပါရှိသည်။

ရောင်းချမည့် စီဒီအမ်အေ ၈၀၀ ဖုန်းအတွက် တစ်နိုင်ငံလုံးတွင် တည်ဆောက်ထားသည့် ဘီတီအက်စ်စခန်းပေါင်း ၂၇၅ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့တွင် စခန်းငါးခု၊ စစ်ကိုင်းမြို့တွင် စခန်းသုံးခု၊ ချောင်းဦးမြို့တွင် စခန်းတစ်ခု၊ မြင်းမူမြို့တွင် စခန်းတစ်ခု၊ အရာတော်မြို့တွင် စခန်းတစ်ခု၊ ရွှေဘိုမြို့တွင် စခန်းတစ်ခု စုစုပေါင်း ဘီတီအက်စ် စခန်း ၁၂ ခုရှိကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

စီဒီအမ်အေ-၈၀၀ မိုဘိုင်းဖုန်း လျှောက်ထားသူများသည် မည်သည့် မိုဘိုင်းတယ်လီဖုန်းမျှ မရရှိသေးသူ ဖြစ်ရမည်ဟု ဖော်ပြထားသည်။ လျှောက်ထားသူသည် ကိုယ်တိုင်ရေး လျှောက်လွှာဖြင့် မှတ်ပုံတင် မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့ကို ပူးတွဲတင်ပြ လျှောက်ထားရမည် ဖြစ်သည်။ ဧပြီလ ၁၇ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ မုံရွာ မြို့တော်ခန်းမတွင် လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို မှတ်တမ်းတင်လက်ခံ၍ မူလတန်းကျောင်း သားများက ဧပြီလ ၂၀ ရက်နှင့် ၂၁ ရက်တွင် နံနက် ၉ နာရီခွဲအချိန်မှ စတင်၍ မဲနှိုက်ကာ အမှတ်စဉ်စီမည် ဖြစ်သည်။

လျှောက်ထားသူများ မဲနှိုက်သည့် စာရင်းများကို အများပြည်သူ သိရှိစေရန် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် မေ ၂၃ ရက်၌ အသိပေးကြေညာထားမည်ဖြစ်ပြီး မေ ၂၄ ရက်တွင် မဲပေါက်သူများကမိုဘိုင်းဖုန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးများ၌ ရုံးချိန်အတွင်း ထုတ်ယူရမည် ဖြစ်သည်။ ကျန်လများတွင် မိုဘိုင်းဖုန်းထုတ်ယူရမည့် ရက်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများ၌ ထပ်မံကြေညာသွားမည်ဖြစ်သည်။

# ဧပြီလလယ် တိုက်ခတ်သော လေပြင်းကြောင့် မြေနုကျွန်းမှ ကြက်စာပြောင်းဖူး အထွက်လျော့နိုင်

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၁၉**



ချင်းတွင်းမြစ်ကမ်းတစ်လျှောက်မြေနုကျွန်းများတွင်စိုက်ပျိုးထားသော ပြောင်းဖူးခင်းများ

ဧပြီလလယ် ယခုနှစ် ရက်ပိုင်းအတွင်း တိုက်ခတ်သော လေပြင်းများကြောင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ မြေနုကျွန်းများတွင် စိုက်ပျိုးထားသော ကြက်စာပြောင်း (စီပီပြောင်း)စိုက်ခင်းများ ပျက်စီးမှုများရှိ၍ ကြက်စာပြောင်း အထွက်နှုန်း လျော့ကျနိုင်ကြောင်း အဆိုပါကျေးရွာဒေသခံများ ပြောပြချက်အရ သိရှိရသည်။

“လေပြင်းက သကြ်န်အကြတ်နေ့ ညနေပိုင်းကစပြီး တိုက်ခဲ့တာ။ လေပြင်းကြောင့် ကြက်စာပြောင်းတွေတော့ အပျက်အစီးအလဲအပြိုရှိတယ်။ ကျန်တဲ့ ကောက်ပဲသီးနှံတွေတော့ အပျက်အစီးနည်းပါတယ်။ ကြက်စာပြောင်းတွေက ရေသွင်းစိုက်ရတာဆိုတော့ ဒီနှစ်နွေမှာ အစိုက်နည်းတယ်။ စိုက်တဲ့အခင်းတိုင်းလည်း လေကြောင့် သုံးပုံတစ်ပုံတော့ ပျက်တယ်” ဟု မုံရွာမြို့နယ်၊ နတ်ကြီးကျွန်းကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်၊ ချင်းတွင်းမြစ်ရေဝင်ဒေသ၊ ညောင်ဖြူပင် ကျေးရွာဒေသခံတစ်ဦးကလည်း“အဖူးတွေက မရင့်သေးဘူး။ မြေဆီကျွေး(ဓာတ်မြေသြဇာထည့်)ပြီး ရေသွင်းထားတော့ အပင်တွေက သန်နေတာ။ အဲဒီအချိန်လေပြင်းကတိုက်တော့ အဖူးနုနု အပင်သန်သန်မှာ လေအတိုး ခါးပြတ်ကုန်တယ်” ဟု ဆိုသည်။

မုံရွာမြို့နယ်အတွင်း ကြက်စာပြောင်းဖူးစိုက်ခင်းများ ရာသီဥတုဒဏ်ခံနိုင်ပြီး ဈေးကွက်တွင် အရှုံးနည်း၍ စိုက်ပျိုးသူ ပိုမိုများပြားလာကြောင်း သိရှိရသည်။ ကြက်စာပြောင်းဖူး တစ်ဧကလျှင် တင်း ၄၀ မှ တင်း ၇၀ ကျော်အထိ ထွက်ရှိပြီး ယခုနှစ် ဧပြီလလယ် ရက်ပိုင်းအတွင်း တိုက်ခတ်သော လေပြင်းကြောင့် ကြက်စာပြောင်းဖူးစိုက်ခင်းအချို့ လုံးဝပျက်စီးမှုများရှိပြီး အများစုမှာ အထွက်အနည်းငယ်လျော့နိုင်ကြောင်းချင်းတွင်းရေဝင်ဒေသကြက်စာပြောင်းဖူးစိုက်တောင်သူများပြောပြချက်အရ သိရှိရသည်။ ဧပြီလအတွင်း ကြက်စာပြောင်းဖူးတစ်တင်းလျှင် ကျပ် ၈,၀၀၀ ဝန်းကျင်ဖြင့် မုံရွာဈေးကွက်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

# မန်းရွှေစက်တော်ဘုရားပွဲတော်တွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**စောရန်နိုင်**

**စကု၊ မေ – ၁၉**

မန်းရွှေစက်တော်ဘုရားပွဲတော်အတွင်း မှော်မိတ်ဆွေ၊ တည်းခိုဆောင်အနောက်ဘက်မန်းချောင်းအတွင်း၌ ဧပြီလ ၁၇ ရက်နံနက်က အမျိုးသားတစ်ဦးရေနစ် သေဆုံးမှုဖြစ်ပွားခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိ ရဲတပ်ဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့များ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ရေနစ်သူမှာ စကုမြို့နယ်၊ ကျောင်းရွာနေတည်းခိုဆောင်ဧည့်ကြို ဖြစ်ပြီးအရက်သေစာ သောက်စားထားကာ မန်းချောင်းအတွင်းရေအနက်လေးပေခွဲခန့်တွင် ရေဆင်းချိုးခဲ့ရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထိုအမျိုးသားသေဆုံးမှုနှင့်ပတ်သက်၍စကုနယ်မြေရဲစခန်းမှ သေမှုသေခင်းဖြင့်ဖွင့်ထားကြောင်းသိရသည်။




7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# ဗောဓိတစ်ထောင်-ကျောက္ကာ ကျေးလက်ကျောက်ချောလမ်း လမ်းအသုံးပြုခ စတင်ကောက်ခံ

**ရန်နိုင်ကျော်**

**မုံရွာ၊ ဧပြီ-၁၉**

မုံရွာမြို့နယ် ဗောဓိတစ်ထောင်တောရကျောင်းတိုက်နှင့် ကျောက္ကာ ရွှေဂူနီမြတ်စွာဘုရားအားတိုက်ရိုက်ဖြတ်လမ်းအဖြစ်ဖောက်လုပ်ထားသော ဗောဓိတစ်ထောင်-တောင်မတော-ညောင်ပင်-ထနောင်းဝန်း ကျေးလက် ကျောက်ချောလမ်းကို ဧပြီ လ ၁၁ ရက်က စတင်၍ လမ်းအသုံးပြုခ ကောက်ခံနေပြီဖြစ်ကြောင်း အဆိုပါဒေသခံများကပြောသည်။

"ဗောဓိတစ်ထောင်-ကျောက္ကာဖြတ်လမ်း ကျေးလက်ကျောက်ချောလမ်းကို စခင်းတုန်းက ညောင်ပင်-ထနောင်းဝန်းလမ်းပိုင်းက အရင်ဆုံးခင်းတယ်။ အဲဒီတုန်းက ညောင်ပင်ကျေးရွာဇာတိ၊ ကလေးမြို့မှာနေတဲ့ ဦးသောင်းလှိုင်မိသားစုက ကျပ်သိန်း ၃၀၀ မတည်လှူဒါန်းခဲ့တယ်။ ကျေးရွာဒေသခံတွေရဲ့ ငွေအား၊ လုပ်အားတွေနဲ့ စုပေါင်းဖောက်လုပ်ခဲ့တာ ကျပ်သိန်း ၈၀၀ ကျော်အထိ ကုန်တယ်။ ကျေးလက်ကျောက်ချောလမ်းလို့ ဆိုပေမယ့် လမ်းတွေပေါက်တိုင်း နှစ်စဉ်ကျေးရွာက ကိုယ့်အားကိုယ်ကိုး ပြုပြင်ခဲ့ရတာပါ။ ကျေးရွာအလှူရှင်တွေနဲ့ ဖောက်လုပ်ထားတဲ့ လမ်းကို အခုလမ်းအသုံးပြုခကောက်ခံနေပြီ" ဟု ညောင်ပင်ကျေးရွာ ရပ်မိရပ်ဖဖြစ်သူ ဦးမင်းဆွေက ပြောသည်။

"မုံရွာနဲ့ ညောင်ပင်က ကိုးမိုင် ဝန်းကျင်ပဲ ဝေးပါတယ်။ အဲဒီလမ်းကလေးကို လမ်းအသုံးပြုခ ကနှစ်နေရာပေးနေရတယ်" ဟု ညောင်ပင်ကျေးရွာမှ မုံရွာမြို့သို့ ကုန်စည် သယ်ယူ ပို့ ဆောင်နေသော သုံးဘီးယာဉ် မောင်းတစ်ဦးက ပြောသည်။

အဆိုပါလမ်းပိုင်းကို ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင် ဖောက်လုပ်ခဲ့ပြီး ထနောင်းဝန်း-ညောင်ပင်လမ်းပိုင်း တစ်မိုင် ငါးဖာလုံကို ခြောက်လကြာ ဖောက်လုပ်ခဲ့ရကြောင်းသိရှိရသည်။ ထနောင်းဝန်း-ညောင်ပင်လမ်း အတွက် ဒေသခံများစုပေါင်း၍ ငွေအား၊ လုပ်အားလှူဒါန်းခဲ့ရာ စုစုပေါင်း အလှူငွေကျပ်သိန်း ၄၁,၀၆၇,၆၁၁ နှင့် ကလေးမြို့မှ အလှူရှင် ဦးသောင်းလှိုင်မိသားစု မတည်ငွေကျပ်သိန်း ၃၀၀ တို့ဖြင့် ဖောက်လုပ်ခဲ့သည်။

ညောင်ပင်ကျေးရွာမှ ကန္ဒီမချောင်းအထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက် လုပ်ခဲ့ပြီး ကန္ဒီမချောင်းမှ ဗောဓိ တစ်ထောင်လမ်းအထိ မုံရွာမြို့နယ် စည်ပင်သာယာက တာဝန်ယူ ဖောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

ဗောဓိတစ်ထောင်ကျောက္ကာဘုရားဖူးကျေးလက်လမ်းသည် ၆ ဒသမ ၀၄ မိုင်ရှိပြီး ကုန်တင်ယာဉ်ခြောက်တန်နှင့်အထက်ယာဉ်ကြီးများ မောင်းနှင်ခွင့် မပြုသော်လည်း တန်ပို တင်ဆောင်လာသည့် ကုန်တင်ယာဉ်ကြီးများ၊ ရေနံ့သယ်ယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်မှုကြောင့် လမ်းပိုင်းနေရာအချို့ ပေါက်ပြဲပျက်စီးခဲ့ကြောင်း ဒေသခံများ ပြောပြချက်အရ သိရှိရသည်။

ဗောဓိတစ်ထောင်-ကျောက္ကာ ကျေးလက်လမ်းတွင် လမ်းဖြတ်သန်းအသုံးပြုခအဖြစ် သုံးဘီးယာဉ် (ဆိုက်တွဲ)တစ်စီး ကျပ်နှစ်ရာ၊ နှစ်တန်အောက် ယာဉ်ငယ်/ ကိုယ်ပိုင်ကားတစ်စီးလျှင် ကျပ်နှစ် ရာ၊ နှစ်တန်အောက်/ ဟိုင်းလတ်၊ လိုက်ထရပ်၊ ထော်လာဂျီယာဉ် အသေး၊ ခရီးသည်တင်ယာဉ်အ သေး တစ်စီးလျှင် ကျပ်လေးရာ၊ နှစ်တန်အောက် ယာဉ်(ကုန်ပါ) ကျပ်ငါးရာ ၊ ခရီးသည်တင်ယာဉ် လတ်တစ်စီး ကျပ်ခုနစ်ရာ၊ ခရီးသည်တင်ယာဉ်ကြီးတစ်စီး ကျပ်တစ်ထောင်၊ ထော်လာဂျီယာဉ်ကြီး(ကုန်ပါ) ကျပ်တစ်ထောင်၊ ခြောက်တန်အောက်ယာဉ်ကြီး(ကုန်မပါ)ကျပ်နှစ်ထောင်၊ ခြောက်တန်အောက် ယာဉ်ကြီး (ကုန်ပါ) ကျပ်သုံးထောင်နှုန်းဖြင့် ဧပြီလ ၁၁ ရက်မှ စတင်ကောက်ခံခဲ့သည်။




# မန္တလေးမြို့ လျှပ်စစ်မီးပေးဝေမှု လျှော့ချမည်မဟုတ်ဟုဆို

**ညီညီဇော်**

**မန္တလေး၊ဧပြီ-၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း သင်္ကြန်ကာလအပြီး လျှပ်စစ်မီးပေးဝေမှုကို ယခင်ပေးဝေမှုနှုန်းထက် လျှော့ချသွားမည်မဟုတ်ဘဲ သင်္ကြန်ကာလမတိုင်မီကအတိုင်း ဆက်လက် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အရင်လိုပဲ ညနေ ၅ နာရီက နေ မနက် ၅ နာရီအထိ တစ်ညလုံး ပေးမယ်။ နေ့ခင်းကိုတော့ သတ်မှတ်ထားတဲ့ မြို့နယ်အလိုက် ၃ နာရီ ခွတ်အားဖြတ်၊ ၆ နာရီ ခွတ်အားရတဲ့ အစီအစဉ်အတိုင်း ဆက်ပေးသွားမယ်"ဟု မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင် ပုံမှန်နေ့ခင်းပိုင်း လျှပ်စစ်ဓာတ်အား ဖြတ်တောက်ချိန် ၃ နာရီထက် ကြာသည့်အခါမျိုး ရှိလာသည့်အတွက် မြို့ခံများက ယခုအခြေအနေထက် လျှပ်စစ်မီးရရှိမှု နည်းမည်ကို စိုးရိမ်နေကြသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စနစ်ပေါ် မူတည်ကာ လိုတိုးပိုလျှော့ လုပ်ရခြင်းသာဖြစ်ပြီး ယခုအခြေအနေထက် ပေးဝေမှုလျှော့နည်းရန် မရှိနိုင်သေးကြောင်း ယင်းတာဝန်ရှိသူက ဆိုသည်။

"နေ့ခင်း ၃ နာရီလောက် ပျက်တာကတော့ အလုပ်ကို အရမ်းကြီးမထိခိုက်သေးဘူး။ ဒီထက်များရင်တော့ မကောင်းဘူး။ ညပျက်ရင်တော့ ပိုဆိုးတယ်။ ဖယောင်းတိုင်တွေ ဘာတွေသုံးရင် မီးဘေးအန္တရာယ်လည်း များတယ်"ဟု အမရပူရမြို့မှ စက်မှုလုပ်ငန်းရှင် အမျိုးသားတစ်ဦးက ပြောသည်။

ယခုပေးဝေသည့်ပုံစံထက် မလျှော့နည်းသည့် လျှပ်စစ်ဓာတ်အားပေးဝေမှုကို ရရှိလိုပါက ပြည်သူများအနေဖြင့်လည်း သတ်မှတ်ထားသည့်အတိုင်း ညပိုင်းတွင် စက်မှုလက်မှုလုပ်ငန်းများကို စည်းကမ်းလိုက်နာကာ ရပ်နားထားစေလိုခြင်း၊ အလှည့်ကျရရှိချိန်တွင်လည်း လိုအပ်သလောက်ကိုသာ ချွေတာသုံးစွဲပေးရန် ယင်းတာဝန်ရှိသူက မေတ္တာရပ်ခံသည်။

"တစ်အိမ်တစ်အိမ်ကနေ လေးပေမီးချောင်းတစ်ချောင်း ချွေတာလိုက်မယ်ဆိုရင် ရှစ် မဂ္ဂါဝပ်လောက် ထွက်လာမယ်။ အဲဒီ ရှစ်မဂ္ဂါဝပ်က အိမ်ခြေတစ်သောင်းခွဲလောက်ကို မီးပေးလို့ရတယ်"ဟု ၎င်းက ဥပမာပေး ရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူ အိမ်ထောင်စု လေးသိန်းခန့်ရှိပြီး မန္တလေးမြို့ပေါ်တွင်ပင် နှစ်သိန်းခန့်ရှိကြောင်း လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ တိုင်းဒေသကြီး အတွင်း အိမ်ခြေ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကိုသာလျှပ်စစ်မီးပေးနိုင်သေးပြီး ကျန်မြို့ပေါ်နှင့်ကျေးရွာ ၃၀ ရာခိုင်နှုန်းခန့်ကို ပေးဝေနိုင်မှု မရှိသေးကြောင်း သတင်းရရှိသည်။

# သင်္ကြန်တွင်း လည်ပတ်သူများခြင်းကြောင့် ဦးပိန်တံတား ကြံ့ခိုင်မှု အားနည်းလာ



*သင်္ကြန်တွင်းတွေ့ရသည့် ဦးပိန်တံတားပေါ်သို့ လာရောက်လည်ပတ်သူများ*

ဓာတ်ပုံ - ညီညီဇော်

**ညီညီဇော်**

**မန္တလေး၊ ဧပြီ-၁၉**

ဦးပိန်တံတားပေါ်သို့ သင်္ကြန်ပွဲတော်ကာလအတွင်း လာရောက်လည်ပတ်သူ များပြားခဲ့သောကြောင့် တံတား၏ နေရာအချို့မှာ ယခင်ထက်ကြံ့ခိုင်မှုပိုမိုနည်းလာကြောင်း သတင်းရရှိသည်။

တံတား၏ တိုင်လုံးများနှင့် ကြမ်းခင်းများမှာ သင်္ကြန်မတိုင်မီကာလထက် သိသာစွာ ပိုမိုယိုင်နဲ့လာကြောင်း သွားရောက်ခဲ့သူ ဒေသခံအချို့က ပြောသည်။ "ပုံမှန်ရက်တွေမှာ လူများများသွားရင်ကို တံတားက အတော်လေးလှုပ်လာတယ်။ ခုလို သင်္ကြန်ရက်ကျတော့ တံတားပေါ်မှာ တိုးမပေါက်အောင် စည်ကားတော့ တံတားကမခံနိုင်တော့ဘူး။ ဒီကြားထဲ တချို့လူငယ်တွေက တံတားတိုင်တွေကို လှုပ်ရမ်းပြီး စနောက်ကြသေးတော့ ပိုဆိုးလာတယ်" ဟု ဦးပိန်တံတားတွင် ဈေးရောင်းသူ အမျိုးသမီးတစ်ဦးက ပြောသည်။

အချို့နေရာများတွင် တံတားအောက်ခြေတိုင်လုံးများကို သစ်သားများဖြင့် ကြက်ခြေခတ်သဏ္ဌာန်တုပ်နှောင် ရိုက်နှံထားရကြောင်း ဒေသခံများက ပြောသည်။ "ဦးပိန်တံတားမှာ သင်္ကြန်တွင်း တစ်တွင်းလုံး လူကလည်း တအားများတော့ ကျွန်တော်တို့ ဂေါပကအနေနဲ့ တံတားကြီးပေါ် စုပြုံမရပ်ဖို့၊ မခုန်ဖို့ မိုက်ကနေ ကြေညာပြီး သတိပေးနေရတယ်" ဟု ဦးပိန်တံတား အနောက်ထပ်ရှိ ဦးပိန်တံတားဝန်းကျင် သာယာလှပရေးဆောင်ရွက်နေသော တောင်မင်းကြီးဘုရား ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်မင်းကြီးဂေါပက အဖွဲ့အနေဖြင့် ဦးပိန်တံတားကြံ့ခိုင်မှု အားနည်းလာသည့် နေရာများကို ဧည့်သည်များနှင့် ဒေသခံများက လာရောက်ပြောပြသည့်အခါသွားရောက်စစ်ဆေးပြီး သက်ဆိုင်ရာ ရှေးဟောင်းယဉ်ကျေးမှုဦးစီးဌာနသို့ တင်ပြလေ့ရှိကြောင်း ယခုအခြေအနေများကိုလည်း စစ်ဆေးကာတင်ပြသွားမည်ဖြစ်ကြောင်း ယင်းတာဝန်ရှိသူက ပြောသည်။

တောင်သမန်အင်းအတွင်း ရေများရာသီမပြတ် ထည့်သွင်းထားခြင်းသည်လည်း ဦးပိန်တံတားအခြေတိုင်များ ပျက်စီးရခြင်းအကြောင်းရင်းများတွင် ပါဝင်ကြောင်း ဒေသခံအချို့က ဝေဖန်ကြသည်။ ယခုလက်ရှိတွင် တံတားကြီး ကြံ့ခိုင်ရေးအတွက် စက်ဘီးစီးခြင်းကို တားမြစ်ထားသည်။ ဦးပိန်တံတားသည် တောင်သမန်အင်းပေါ်တွင် အမရပူရမြို့နှင့် အရှေ့ဘက်ရှိ တောင်သမန်ကျေးရွာများသို့ ဆက်သွယ်ထားသည်။

မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ်(ခရစ်နှစ် ၁၈၄၉) ခုနှစ်တွင် မြို့စာရေးဦးပိန်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၃,၉၆၇ ပေ ရှည်လျားကာ ကျွန်းတိုင်လုံးပေါင်း ၁,၀၈၆ တိုင်ရှိသည်ဟု မှတ်တမ်းများတွင် ဖော်ပြထားသည်။

# မန္တလေးသင်္ကြန်တွင်း မှုခင်းဖြစ်ပွားမှု ယခင်နှစ်ကထက် လျော့နည်း

**ညီညီဇော်**

**ရန်ကုန်၊ဧပြီ-၂၀**

မန္တလေးမြို့ သင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းဖြစ်ပွားမှုနှုန်းမှာ ယမန် နှစ်ကထက် လျော့နည်းခဲ့ကြောင်း သတင်းရရှိသည်။

ယခုနှစ်သင်္ကြန်လေးရက်တာကာလအတွင်း သင်္ကြန်နှင့် ဆက်နွှယ်သည့် မှုခင်းပေါင်း ၁၂၇ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ နှစ်ဦး၊ ဒဏ်ရာရသူ ၁၃ဦးရှိခဲ့ကြောင်း၊ ယင်းပမာဏမှာ ယမန်နှစ်သင်္ကြန်ကာလထက် လျော့နည်းကြောင်းမန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းအမှုများအနက်ယစ်မျိုးအမှုမှာ အများဆုံးဖြစ်ပြီး ၆၂ မှု ဖြစ်ပွားခဲ့သည်။ ဒုတိယ လိုက်သည့်အမှုမှာ မူးယစ်ရမ်းကားမှုဖြစ်ပြီး ၄၃မှုဖြစ်ပွားခဲ့သည်။

"ဒီနှစ်ကျုံးပတ်လည် ဆိုးဆိုးရွားရွားမဖြစ်ဘူး။ နည်းတယ်။ တုတ်၊ ဓားလက်နက်ရှာတာတွေ လုပ်ခဲ့တယ်။ ဒါတောင် ဓားထိုးမှု တစ်ခုဖြစ်လိုက်သေးတယ်။ ခါးပေါ်မှာ အရက်ပုလင်းပါလာရင်လည်း သိမ်းပစ်တယ်"ဟု မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိုးညိမ်းက ပြောသည်။

အရက်ကြောင့် မှုခင်းများ ပိုမိုဖြစ်ပွားလေ့ရှိသောကြောင့် လိုင်စင်မရှိဘဲ ရောင်းချနေသည့် အရက်ဆိုင်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ မဏ္ဍပ်ပေါ်တွင်လည်း အရက်သေစာများ မသောက်စားရန် မဏ္ဍပ်ပိုင်ရှင်များကို ခေါ်ယူသတိပေးခြင်းများ ပြုလုပ်ခဲ့သည်ဟု ရဲမှူးကပြောသည်

သင်္ကြန်မတိုင်မီ ဧပြီလ ၁ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်အထိ အုပ်စုဖွဲ့ရမ်းကားသူများနှင့် ပြစ်မှုကျူးလွန်ရန် မသင်္ကာဖွယ်ရှိသူ စုစုပေါင်း ၈၃ ဦးကို ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိခဲ့သည်။

သင်္ကြန်နှင့် ဆက်နွှယ်မှုမရှိသည့် မှုခင်းများလည်း ၈၈မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှု ၃၁မှုဖြစ်ပွားခဲ့ပြီး သင်္ကြန်နှင့် ဆက်နွှယ်သည့် ယာဉ်တိုက်မှုထက်များပြားခဲ့ကာ သေဆုံးသူ ၁၂ဦး၊ ဒဏ်ရာရသူ ၇၇ဦးရှိခဲ့သည်။ ခိုက်ရန်ဖြစ်ပွားမှုမှာလည်းသင်္ကြန်လည်ပတ်၍ဖြစ်ပွားသည်ထက် ပိုမိုများပြားနေပြီး ၁၅မှုဖြစ်ပွားကာ တစ်ဦးသေဆုံးခဲ့ပြီး ၁၆ ဦးဒဏ်ရာရရှိခဲ့သည်။ကျန်အမှုများမှာ သေမှုသေခင်း ၁၂မှု၊ သေဆုံးသူ ၁၂ဦး၊ ကာယိန္ဒြေဖျက်ဆီးမှု နှစ်မှု၊ ခိုးမှု နှစ်မှု၊ ပြည့်တန်ဆာနှစ်မှု၊ ခြေချုပ်တစ်မှု၊ဦးတိုက်မှုတစ်မှု၊အခြားအမှု ၂၂မှုဖြစ်ပွားခဲ့သည်။

ယမန်နှစ်သင်္ကြန်ကာလ ယာဉ်များမတော်တဆ တိုက်မှုဖြစ်ပွားရာ သင်္ကြန်ငါးရက်အတွင်း ၂၄၃ဦး ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ပြီး နှစ်ဦးသေဆုံးခဲ့သည်ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။

# အရှိန်လွန်ယာဉ်ကြောင့် ဆိုင်ကယ်စီးလာသော မိသားစုဝင်သုံးဦး သေဆုံး

**ရန်နိုင်ကျော်**

**မုံရွာ၊ ဧပြီ-၁၈**

မုံရွာမြို့နယ်၊ ပုရစ်ကုန်းကျေးရွာ၊ ရန်အောင်မြင် ဆင်ခံရုပ်ပွားတော်ကြီးရှေ့တွင် ဧပြီ ၁၈ ရက်ညနေ ၄ နာရီအချိန်၌ မုံရွာ-မန္တလေး ကားလမ်းမကြီးပေါ်တွင် အရှိန်လွန်မောင်းနှင်မှုကြောင့် တိုယိုတာဗင်အမျိုးအစားယာဉ်နှင့် ဝမ်းတူးဖိုက်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မှုကြောင့် ဆိုင်ကယ်စီးနင်းလာသူ မိသားစုဝင်သုံးဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

မုံရွာ-မန္တလေးကားလမ်းအတိုင်း ပုရစ်ကုန်းကျေးရွာ ရန်အောင်မြင်ဘုရားကြီးရှေ့တွင် တောင်မှမြောက်သို့ မောင်းနှင်လာသော ဝမ်းတူးဖိုက်ဆိုင်ကယ်နှင့် မြောက်မှတောင်သို့ မောင်းနှင်လာသော တိုယိုတာဗင်အမျိုးအစား ယာဉ်တို့ အရှိန်မထိန်းနိုင်ဘဲမျက်နှာချင်းဆိုင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ပြီး လမ်းအရှေ့ဘက်သို့ထိုးကျသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် မော်တော်ဆိုင်ကယ်စီးနင်းလာသော မုံရွာမြို့၊မုံရွာတောင်ရပ်ကွက်၊ပိတောက်ကုန်းရပ်ကွက်နေ အသက်(၄၁)နှစ်အရွယ် ဦးစိုးထွန်း၊ သမီးဖြစ် သူ အသက် (၁၃) နှစ်အရွယ် မနှင်းထားထားခိုင်နှင့် အသက်(၈)နှစ်အရွယ်မောင်စည်သူထွန်းတို့ သေဆုံးခဲ့ကြောင်း ရဲမှတ်တမ်း များအရ သိရသည်။

ယာဉ်တိုက်မှုကို မုံရွာမြို့နယ် အမှတ် (၁) ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

# သားသတ်ရုံမှ နွားအကောင် ၂၀ အား ဘေးမဲ့ ပေး



*ဘေးမဲ့လွှတ်မည့် နွားတစ်ကောင်နှင့် အလှူရှင်များကို တွေ့ရစဉ်*

ဓာတ်ပုံ - မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ ဧပြီ-၁၇**

သားသတ်ရုံများတွင် သတ်ဖြတ်ရန်စီစဉ်ထားသည့် နွားအကောင် ၂၀ အား မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဘေးမဲ့နွားအဖြစ် ဇီဝိတဒါနနွားဘေးမဲ့အဖွဲ့က လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

"နွားအကြီး ၁၄ ကောင်၊ နွားငယ် ခြောက်ကောင် စုစုပေါင်း နွားအကောင်ရေ ၂၀ ကို ဘေးမဲ့နွားအဖြစ် ကယ်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ နွားအားလုံး ဝယ်ယူတဲ့ ကုန်ကျငွေက ကျပ်ငါးဆယ့်ခြောက်သိန်း ငါးသောင်း ကုန်ကျပါတယ်" ဟု မုံရွာမြို့ ချမ်းသာကြီးမြတ်စွာဘုရား ဇီဝိတဒါန နွားဘေးမဲ့ပွဲတော် ကျင်းပရေးကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် မုံရွာမြို့ ဇီဝိတဒါနနွားဘေးမဲ့လွှတ်ပွဲကို (၃၁) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ မုံရွာမြို့ ဇီဝိတဒါနနွားဘေးမဲ့လွှတ်ပွဲအား နှစ်စဉ်နှစ်ဆန်းတစ်ရက်နေ့တွင် ကျင်းပခဲ့ရာ ပထမအကြိမ် (မြန်မာသက္ကရာဇ် ၁၃၄၅ ခုနှစ်) မှ ယခုနှစ် ၃၁ ကြိမ်မြောက်အထိ နွားအကောင်ရေ ၅၄၃ ကောင်အား ဇီဝိတဒါန နွားဘေးမဲ့အဖြစ် အသက်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် သားသတ်ရုံများမှ အသက်ကယ်တင်ခဲ့သော နွားအကောင်ရေ ၂၀ အား မကွေးတိုင်း၊ ရေစကြိုမြို့နယ် ပန်းတိုင်းခြံကျေးရွာ တိရစ္ဆာန်ကယ်ဆယ်စောင့်ရှောက်ရေးမေတ္တာစိမ်းစိမ်း ဘေးမဲ့ဥယျာဉ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# ချင်းပြည်နယ်အတွင်း မြို့နယ်အချို့တွင် သောက်သုံးရေအခက်ကြုံ

**အောင်သစ်လွင်**

**ရန်ကုန်၊ မေ- ၂၀**

ချင်းပြည်နယ်အတွင်း မြို့နယ်အချို့တွင် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသောကြောင့် သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရေပေးဝေရေးလုပ်ငန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ်ကစပြီး ချင်းပြည်နယ်မှာသောက်သုံးရေအခက်အခဲရင်ဆိုင်နေရတာ။ အညာဒေသတွေမှာလို ရေအလှူရှင်တွေနဲ့ မြို့နယ်တာဝန်ရှိသူတွေ ပူးပေါင်းပြီး ရေအခက်အခဲကို ဖြေရှင်းဖို့ လိုအပ်နေပါပြီ" ဟု အဆိုပါ တာဝန်ရှိသူက ဆိုသည်။

ချင်းပြည်နယ်သည် စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် မိုးတွင်းကာလ ရွာသွန်းသော မုတ်သုံမိုးမှ အဓိကရရှိသော်လည်း ပြီးခဲ့သည့် မိုးရာသီက နှစ်စဉ်ရွာသွန်းသော ပျမ်းမျှမိုးရေချိန် ၅၀ နှင့် ၆၀ လက်မကြားထက် များစွာလျော့နည်းခဲ့ကြောင်းပြည်နယ်မိုး/ဇလမှ စုံစမ်းသိရှိရသည်။

ချင်းပြည်နယ်တွင် မြို့နယ်ကိုးမြို့နယ်၊ မြို့နယ်ခွဲ နှစ်မြို့နယ်ရှိပြီး ဟားခါး၊ ဖလမ်း၊ မတူပီ၊ မင်းတပ်နှင့် တီးတိန်မြို့နယ်များတွင် သောက်သုံးရေအခက်အခဲ ပိုမိုကြုံတွေ့နေရကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးငွန်မောင်းက ပြောသည်။

"ဒေသတွင်း သောက်သုံးရေအခက်အခဲကို မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့လို နွေရာသီမှာ အဖွဲ့အစည်းတွေက ရေလာလှူတဲ့ပုံစံမျိုးက အဆင်မပြေနိုင်ဘူး။ အစိုးရက ဦးဆောင်ပြီး ရေရှည်စီမံကိန်းနဲ့ အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

တီးတိန်မြို့မှ ဒေသခံ ဒေါ်ဇာတလမ်းက "အရင်နှစ်တွေတုန်းက အခုနှစ်လောက် ရေအခက်အခဲ မကြုံခဲ့ရဘူး။ အခုဆိုရင် အဝတ်လျှော်ဖို့တောင် သုံးရက်လောက် ရေစုပြီးမှ လျှော်ရတယ်" ဟု ရေရရှိမှု အခက်အခဲကိုပြောသည်။

ချင်းပြည်နယ်သည်ကုန်းမြင့်တောင်တန်းဒေသဖြစ်ပြီး သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် မိုးတွင်းကာလရွာသော မိုးကို မြေဆီလွှာများမှ စုပ်ယူထားပြီး နွေအခါတွင် ကျောက်တောင်များကြားမှ ပြန်လည်စိမ့်ထွက်လာသည့် စိမ့်စမ်းရေကို ပိုက်များဖြင့် သွယ်တန်းစုဆောင်းအသုံးပြုခြင်းဖြစ်သည်။

ဟားခါးမြို့ မြို့သစ်ရပ်ကွက်မှ ဒေသခံ မဆုန်ဆုန်က "မနက်လေးနာရီလောက် အိပ်ရာထပြီး ပိုက်ကနေ ရေစောင့်ခပ်ရတယ်။ နောက်ကျရင် အဲဒီနေ့အတွက် ထမင်းချက်ဖို့တောင် ရေမရတော့ဘူး" ဟု ဆိုသည်။

ပြီးခဲ့သည့်နှစ်က ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းမဖြစ်ခဲ့ဘဲ မုတ်သုံမိုး ရရှိမှုနည်းခဲ့ခြင်းသည် ချင်းပြည်နယ်လိုဒေသအတွက် ရေအရင်းအမြစ်ရရှိမှု နည်းပါးသွားစေကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်က သုံးသပ်သည်။

"စိမ့်စမ်းရေကို အဓိက အားကိုးနေရတဲ့ဒေသမှာ မိုးကခေါင်တော့ ရေအရင်းအမြစ်အတွက် စီမံခန့်ခွဲမှုကောင်းကောင်း လိုအပ်ပါတယ်" ဟု ၎င်းက ပြောသည်။

ဒေသတွင်း စိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုသော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုး နည်းစနစ်ကြောင့် သဘာဝတောများကို မီးရှို့ရှင်းလင်း၍ စိုက်ပျိုးမြေအဖြစ် အသုံးပြုခြင်းကလည်း ရေရှည်တွင် ဂေဟစနစ်ပျက်စီး၍ မိုးခေါင်ရေရှားမှုကို ဖြစ်ပေါ်စေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင် ဦးအုန်းက ပြောသည်။

ချင်းပြည်နယ်သည် တောင်တန်းဒေသဖြစ်သောကြောင့် အခြားဒေသများကဲ့သို့ မြစ်ချောင်းအင်းအိုင်များ ပေါများစွာမရှိဘဲ ဒေသတွင်းဖြတ်သန်းစီးဆင်းသော မြစ်အဖြစ် အိန္ဒိယနိုင်ငံ အာသံပြည်နယ်ဘက်မှ စီးဝင်လာသော မဏိပူရမြစ်တစ်စင်းသာရှိသည်။ အဆိုပါမြစ်မှာလည်း အနီးဆုံးမြို့ဖြစ်သော ဖလမ်းမြို့နှင့်ပင် ၁၄ မိုင်ခန့်ဝေးသောကြောင့် သောက်သုံးရေအတွက် သွားရောက်သယ်ယူရန် အခက်အခဲရှိကြောင်း ဒေသခံများက ပြောသည်။

"တောင်ဆင်းတောင်တက်ခရီးကို တစ်နာရီခွဲလောက် အသွားအပြန်လုပ်ပြီး ရေသယ်ရတာ အဆင်မပြေပါဘူး" ဟု ဖလမ်းမြို့ ဒေသခံ ဦးရောဘတ်က ဆိုသည်။

ယခုနှစ် နွေရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့အပါအဝင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်သောက်သုံးရေအခက်ခဲကိုယခင်နှစ်များထက် စောစီးစွာ ကြုံတွေ့နေရသောကြောင့် အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ အဆိုပါဒေသများသို့ ကူညီထောက်ပံ့ရေးလုပ်ငန်းများ သွားရောက်လုပ်ဆောင်နေရကြောင်း သိရသည်။




## အုတ်ရေကန်ပြိုကျရာမှ ကလေးငယ် သုံးဦးသေဆုံး

**စောရန်နိုင်**

**နတ်မောက်၊ မေ - ၁၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် အုတ်ရေကန်ပြိုကျခဲ့ရာမှကလေးငယ်သုံးဦးသေဆုံးမှု မေ ၁၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါနေ့ နံနက်က နတ်မောက်မြို့နယ်၊ ရွှေပန်းတောရဲစခန်းတောင်ဘက် နှစ်မိုင်အကွာ၊ (ပ)ငွေးချိုရွာ၌ ဒေသခံကျေးရွာပိုင်ရေဂါလန် ၁,၅၀၀ ဆံ့ အုတ်ရေကန်မြောက်ဘက်ခြမ်းအုတ်နံရံထု ရှစ်လက်မခန့်သည် ရုတ်တရက် အချပ်လိုက် ပြိုကျခဲ့ပြီး အနီးတွင်ရေကစားနေကြသည့် ကလေးငယ်လေးဦး အပေါ် ပိကျခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့်ကလေးသုံးဦးသေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

အဆိုပါသေဆုံးမှုနှင့် ပတ်သက်၍ နတ်မောက်မြို့နယ်၊ ရွှေပန်းတော ရဲစခန်းက သေမှုသေခင်းဖြင့်အမှုဖွင့်ထားသည်။






# အေဂျင်စီအရွေးမှား၍ စင်ကာပူရောက် မြန်မာလုပ်သားအချို့ အခက်အခဲများနှင့် ရင်ဆိုင်နေရဟုဆို

**နိုင်ချို**

**ရန်ကုန်၊ မေ-၁၉**



ဓာတ်ပုံ-အေအက်ဖ်ပီ

ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအချို့၏ အဆက်အသွယ်ဖြင့် စင်ကာပူနိုင်ငံသို့ သွားရောက်သည့်မြန်မာနိုင်ငံမှလုပ်သားအများစုမှာ အေဂျင်စီအချို့က ပြဿနာများ တာဝန်ယူဖြေရှင်းမပေးခြင်း၊ နေထိုင်ခွင့် သက်တမ်းတိုး၍ မရခြင်းတို့နှင့် ရင်ဆိုင်နေရကြောင်း စင်ကာပူရောက် မြန်မာအလုပ်သမားများထံမှ သတင်းရရှိသည်။

"ကျွန်တော်က စင်ကာပူကို အေဂျင်စီကနေတစ်ဆင့်သွားတာ။ ဒီမှာပြောတော့ လုပ်ရမယ့်အလုပ်က ရုံးပိုင်း၊ ဟိုရောက်တော့သင်္ဘောတည်ဆောက်ရေးမှာ အလုပ်ကြမ်းလုပ်ရတယ်။ နေထိုင်ခွင့်က Work Permit ပဲရတယ်။ S pass မရဘူး။ ကျွန်တော့် ပတ်စ်ပို့ကို စင်ကာပူသူဌေးက သိမ်းထားတယ်။ အေဂျင့်ကို စင်ကာပူဒေါ်လာ ၄,၀၀၀ လောက်ပေးရတယ်" ဟု စင်ကာပူနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသော ကိုအောင်သန်းက ပြောသည်။

ထိုသို့ အလုပ်အကိုင်လွဲမှားမှုအပေါ် ပို့ဆောင်ပေးသော အေဂျင်စီကို ဆက်သွယ် ပြောကြားရာ အလုပ်အကိုင် နေရာချထားပေးမှုမှာ ၎င်းတို့နှင့် မသက်ဆိုင်ကြောင်း၊ ပို့ဆောင်ခကို ပြန်လည်ပေးမည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း ၎င်းက ပြန်လည်ပြောပြသည်။

ထို့အပြင် စင်ကာပူနိုင်ငံရှိ ကုမ္ပဏီအချို့မှာလည်း ၎င်းတို့ထံတွင် S pass Quota မရှိဘဲ မြန်မာ လုပ်သားအချို့အား S pass လျှောက်ပေးမည်ဟု ကတိခံယူပြီး မြန်မာအေဂျင်စီအချို့နှင့် ပူးပေါင်းကာ အချိန်ကာလ တစ်ခုအထိ လိမ်လည်ခိုင်းစေခြင်းကြောင့် နေထိုင်ခွင့်မရဘဲ မြန်မာအလုပ်သမားအချို့ ပြည်တော်သို့ပြန်ရကြောင်း သိရသည်။

"ကျွန်မက စင်ကာပူကိုအလည်နဲ့သွားတာ။ ဟိုရောက်တော့ အလုပ်မရတော့ အေဂျင်စီနဲ့ အလုပ်ရှာတယ်။ စင်ကာပူဒေါ်လာ ၄,၅၀၀ ပေးရတယ်။ ကျွန်မ Auto CAD ဒီဇိုင်းဆွဲတဲ့ အလုပ်ရတယ်။ ဒါပေမဲ့ ကျွန်မတစ်လလောက်ပဲ လုပ်ရတယ်။ ကျွန်မကို ဘာသာစကား မကျွမ်းကျင်ဘူးဆိုပြီး အလုပ်ဖြုတ်တယ်။ S pass မလျှောက်ပေးဘူး။ သူတို့မှာ S pass Quota မရှိဘဲနဲ့ ကျွန်မလုပ်အားကို လိမ်ယူတာ။ ကျွန်မ ဗီဇာကလည်း သက်တမ်းပြည့်တော့မယ်။ အေးဂျင့်ကိုပြောတော့ သူတို့ဘာမှ လုပ်ပေးလို့ မရဘူး။ ငွေလည်း ပြန်မအမ်းဘူး" ဟု စင်ကာပူနိုင်ငံတွင် ခေတ္တသွားရောက် အလုပ်လုပ်ကိုင်ဖူးသော မဝါဝါအောင်က ပြောသည်။

ယင်းအပြင်မြန်မာအမျိုးသမီးအများစုမှာ စင်ကာပူနိုင်ငံသို့ အိမ်အကူအဖြစ် အေဂျင်စီများမှ တစ်ဆင့် သွားရောက်လုပ်ကိုင်သူ များပြားပြီး အချို့အိမ်အကူများ မှာ စင်ကာပူအိမ်ရှင်များက လုပ်ခလစာ ပုံမှန်မပေးခြင်း၊ ၎င်းတို့အား အေးဂျင့်ဖြင့် အဆက်အသွယ် မပြုလုပ်စေခြင်း၊ နေထိုင်ခွင့်သက်တမ်း ကုန်ပါက လေယာဉ်လက်မှတ်သာ ဝယ်ပေးခြင်းအပြင် အလုပ်လုပ်မည့် အိမ်သုံးအိမ်ထက် ပို၍ ရွေးချယ်ခွင့်မရှိကြောင်း စင်ကာပူနိုင်ငံတွင် အိမ်အကူအဖြစ်သွားရောက်လုပ်ကိုင်ဖူးသူ မိန်းကလေးတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ကတော့ မသေချာဘဲနဲ့ အလုပ်မရှာပေးဘူး။ အရင်ဆုံး အင်တာဗျူး ဖြေတဲ့အထိ အေးဂျင့်ခ မပေးရဘူး။ အလုပ်ရပြီဆိုမှ ပေးရပါတယ်။ တချို့က ဘာသာစကား မကျွမ်းကျင်တော့ ခဏလေးနဲ့အလုပ်ပြုတ်တာပေါ့" ဟု စင်ကာပူနိုင်ငံပန်နရူးလားပလာဇာ တတိယထပ်ရှိအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင်စင်ကာပူနိုင်ငံ၏ လူဦးရေမှာ ၅ ဒသမ ၃၁ သန်းရှိပြီး နိုင်ငံသားဦးရေ ၃ ဒသမ ၂၉ သန်းနှင့် အမြဲတမ်းနေထိုင်ခွင့်ရ ဦးရေ ဝ ဒသမ ၅၃ သန်း၊ နိုင်ငံခြားသားဦးရေ ၁ ဒသမ ၄၉ သန်းရှိသည်။

စင်ကာပူနိုင်ငံ အစိုးရကလည်း ၎င်းတို့၏ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းရရှိမှု မဆုံးရှုံးစေရန် နိုင်ငံခြားသား အလုပ်သမားဦးရေကို လျှော့ချလျက်ရှိကြောင်း သိရှိရသည်။

# ကိုရီးယားနှစ်နိုင်ငံတင်းမာမှုကြောင့် EPS စနစ်ရပ်ဆိုင်းရန် အစီအစဉ်မရှိဟုဆို

**ပြည့်သိမ်း၊ ဟေမာနှင်း**

**ရန်ကုန်၊ မေ-၁၉**

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားအခြေအနေ တင်းမာမှုကြောင့် ပုံမှန်ကျင်းပနေသော EPS စာမေးပွဲများ ရပ်ဆိုင်းသွားမည်မဟုတ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်က ပြောကြားလိုက်သည်။

သို့သော် ကိုရီးယားနှစ်နိုင်ငံကြား နိုင်ငံရေးအခြေအနေ တင်းမာမှုကြောင့် တောင်ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေသူများကြား စိုးရိမ်မှုဖြစ်ပွားနေခြင်းနှင့် ပတ်သက်၍ ၎င်းက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

"တောင်ကိုရီးယားက တာဝန်ရှိသူတွေက ခင်ဗျားတို့လူတွေ မလွှတ်နဲ့တော့။ ဒီမှာစိတ်မချရတော့ဘူးလို့မပြောသရွေ့ကတော့ လွှတ်နေမှာပါ။ ဟိုမှာရှိတဲ့ မြန်မာသံရုံးကလည်း အခြေအနေအားလုံး တည်တည်ငြိမ်ငြိမ်ရှိနေပါတယ်လို့ ပြောတယ်။ ဒါကြောင့် EPS စာမေးပွဲတွေကို အရင်ကျင်းပနေတဲ့ ပုံစံအတိုင်းပဲ ကျင်းပသွားမှာပါ" ဟု ၎င်းကထပ်မံပြောကြားသည်။

လက်ရှိတောင်ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေသူများကိုပြန်လည်ခေါ် ဆိုရန် အစီအစဉ်မရှိသေးဘဲ တောင်ကိုရီးယားနိုင်ငံ အခြေစိုက်မြန်မာသံရုံးမှလည်း အခြေအနေအရပ်ရပ်ကို စောင့်ကြည့်လျက်ရှိပြီး လိုအပ်လျှင် အရေးပေါ် သယ်ယူပို့ဆောင်ရေးအတွက် စီစဉ်ပေးသွားမည်ဖြစ်ကာ အလုပ်သမားက မိမိဆန္ဒအလျောက်ပြန်လိုပါက အလုပ်ရှင်က ခွင့်ပြုလျှင်ပြန်နိုင်ကြောင်း ၎င်းက ဆိုသည်။

"ဒီမှာတော့ အေးအေးချမ်းချမ်းပါပဲ။ အခြေအနေမကောင်းရင်တော့ အစိုးရက အလုပ်ရှင်ကနေတစ်ဆင့် ပြန်လွှတ်ဖို့ စီစဉ်ပေးမယ်လို့ ပြောတယ်။ ကိုယ့်ဘာသာကိုယ်တော့ ပြန်ဖို့အစီအစဉ် မရှိဘူး" ဟု တောင်ကိုရီးယားရှိ အာစန်မြို့ တစ်ရှူးစက်ရုံတွင် လုပ်ကိုင်နေသော မြန်မာလုပ်သားတစ်ဦးက ဆိုသည်။ တောင်ကိုရီးယားနိုင်ငံတွင် EPS စနစ်ဖြင့် သွားရောက်လုပ်ကိုင်နေသော မြန်မာလုပ်သား ၁၀,၀၀၀ ကျော်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် EPS (Employment Permit System) စနစ်ဖြင့် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အလုပ်သမားများကို ခေါ်ယူလျက်ရှိပြီး လက်ရှိတွင် EPS စနစ်ဖြင့် သွားရောက်လုပ်ကိုင်နေသော မြန်မာလုပ်သားပေါင်း ၇,၀၀၀ ခန့်ရှိသည်။ လာမည့် မေလတွင် ကိုရီးယားအရည်အချင်းစစ်စာမေးပွဲ (EPS) ကို ပုံမှန်အတိုင်းကျင်းပသွားမည်ဖြစ်ပြီး တောင်ကိုရီးယားမှ မြန်မာလုပ်သား ၅,၀၀၀ ခန့်ခေါ်ယူရန် ထပ်မံကမ်းလှမ်းထားကြောင်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသားဆံပင်ညှပ်ကျွမ်းကျင် (၁)
အမျိုးသမီးဆံပင်ညှပ်ကျွမ်းကျင် (၁) ဦး
အသင် သင်တန်းသူ မ (၅) ဦး
လစာအပြင် ကော်မရှင်ခံစားခွင့်ရှိသည်။
ဖုန်း - ၀၉-၄၀၁၆၅၃၅၄၀

--------------------------------

**အလိုရှိသည်**

Super Air-Con Service
၁။ Air-Con ကျွမ်းကျင် (၃) ဦး
၂။ Helper (၃) ဦး
၃။ အလုပ်သင်ဝန်ထမ်း (၅) ဦး
အမှတ် (၂၆/၃)၊ သုမင်္ဂလာအိမ်ရာ၊ လေးဒေါင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်။
ဖုန်း - ၅၆၉၉၀၅၊
၀၉-၅၁၈၇၁၃၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

တက္ကသိုလ်ဟန်မင်းဦး
ဓာတ်ပုံအနုပညာ သင်တန်းကျောင်း
ပညာသင်ဝန်ထမ်း မ (၁၀) ဦး အလိုရှိသည်။
(သင်တန်းကာလအတွင်း လမ်းစရိတ်ပေးမည်။ သင်တန်းပြီးက အလုပ်ပြန်လည်ခန့်ထားမည်။ အမှန်တကယ်ပညာလိုချင် အလုပ်လုပ်ချင်သူများသာ လျှောက်ထားပါရန်)
အမှတ် ၂၀၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း- ၂၂၇၁၉၉

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ အရောင်းတာဝန်ထမ်းဆောင်ရန်အတွက် မ (၂) ဦး
၂။ စာရင်းနှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်ရန်အတွက် မ (၂) ဦး
ဖုန်း - ၀၉-၄၄၈၀၀၉၅၉၉၊
၀၁-၃၇၆၈၃၀

--------------------------------

**အမြန်အလိုရှိသည်**

ယာဉ်မောင်း (၁) ဦး
အော်တိုဂီယာမောင်းနိုင်ရမည်။ တစ်ခါတစ်ရံ နယ်သို့ ခရီးထွက်နိုင်ရမည်။
ဖုန်း - ၀၁-၅၄၁၂၂၅၊
၅၅၃၇၀၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. General Manager M/F (1) P
2. Secretary M/F (1) P
3. Marketing Manager M/F (1) P
4. Marketing Executive M/F (1) P
Asterism International Co., Ltd.
အမှတ် ၈၁၊ လှိုင်မြင့်မိုရ်(၁)လမ်း၊ ၁၀ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၅၁၃၇၁၄၇
Email : mkt@asmbuilding.com

--------------------------------

**ဝန်ထမ်းအလိုရှိသည်။**

1. Sales and Marketing Manager M/F (2) Posts
2. စာရင်းစစ်/စာရင်းကိုင် F (3) Posts
3. Sale and Marketing Supervisor M/F (3) Posts
4. ယာဉ်မောင်း M (3) Posts
No. 29, Pan Din Wun U Shwe Bin Street, Industrial Zone (1), Hlaing Tharyar Township, Yangon.
Ph : 685526, 685988,
v 706300

--------------------------------

**ယာဉ်မောင်းအမြန်အလိုရှိသည်**

ကုမ္ပဏီကားမောင်းရန်၊ အသောက်အစားကင်းရှင်းပြီး ယာဉ်ကို ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
ဖုန်း - ၀၁-၂၀၁၃၃၆၊
၀၉-၄၃၁၉၇၉၇၃

--------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



သွားနှင့်ခံတွင်း ကျန်းမာရေး အခမဲ့ စစ်ဆေးပေးခြင်းနှင့် အခြားအစီအစဉ်များစွာ
သွားနှင့်ခံတွင်း ကျန်းမာရေးအတွက်
တစ်လတာအစီအစဉ် မိတ်ဆက်ပွဲ
Junction Square, ၃၀.၄.၂၀၁၃ နံနက် ၁၁း၀၀ မှ ညနေ ၆း၀၀ အထိ
မေလ တစ်လတာအတွင်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော သွားဆေးခန်းတိုင်းတွင်
သွားနှင့်ခံတွင်း ကျန်းမာရေးကို အခမဲ့ စစ်ဆေးပေးသွားပါမည်။
အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၁ ၇၀၇၁၈၁ သို့ ဆက်သွယ်ပါ။
သွားနှင့်ခံတွင်း
ပြဿနာများ
လုံး၀
ကင်းဝေးစေရေး
Colgate
မြန်မာနိုင်ငံသွားနှင့်ခံတွင်း
ဆရာဝန်အသင်း




အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းနှင့်ရောဂါများကို
ကာကွယ်ထားမယ်...
Protec
နဲ့
အနီရောင်စပျစ်စေ့မှ ထုတ်လုပ်ထားသော
အစွမ်းထက် Anti-Oxidant
Protec

7DAY NEWS JOURNAL

Vol.12, No.7 • APRIL 25 , 2013

## ပညာရေးဝန်ကြီးဌာနက နေ့စား လပေး ဝန်ထမ်း ၄၀,၀၀၀ ခန့် လာမည့်စာသင်နှစ်တွင် ခန့်အပ်သွားဖွယ်ရှိ

**ရန်ကုန်၊ မေ-၂၀**

အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်ရန် နေ့စား လပေး ဝန်ထမ်း ၄၀,၀၀၀ ခန့်ကို လာမည့်ပညာသင်နှစ်အမီ ခန့်အပ်သွားဖွယ်ရှိနေကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

ပညာရေးဝန်ကြီးဌာနသည် နေ့စား လပေး ဝန်ထမ်းများ ခန့်အပ်ရန် ယခုနှစ် မတ်လ နောက်ဆုံးထား၍ လျှောက်လွှာခေါ်ယူခဲ့ရာ ဝန်ထမ်း စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၂၃၀,၀၀၀ ခန့်ရှိခဲ့ကြောင်း သိရသည်။

“စာမေးပွဲရလဒ် ထုတ်ပြန်မယ့်အချိန်ကတော့ မသိရသေးဘူး။ လစ်လပ်နေတဲ့ နေရာတွေ ဖော်ထုတ်နေတယ်။ လေးသောင်းလောက်ခန့်သွားဖို့ရှိတယ်။ဝေးလံခေါင်ဖျားတဲ့ ဒေသတွေကို ဦးစားပေးခန့်အပ်သွားမှာပါ။ လာမယ့်ပညာသင်နှစ်အမီ ဝန်ထမ်းခန့်ထားမှာပါ”ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။



**လက်ရှိတာဝန်ထမ်းဆောင်နေသည့်ကျောင်းဆရာ၊ဆရာမများ**

ဓာတ်ပုံ-နေလင်းထွန်း

မူလတန်းပြဆရာ၊ ဆရာမများ၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူ၊ အထွေထွေလုပ်သား၊ အငယ်တန်းစာရေးနှင့် အခြား ကျောင်းဝန်ထမ်း ရာထူးများအတွက် နေ့စား လပေးအနေဖြင့် ခန့်ထားရန် ယခုနှစ်မှစ၍ ပညာရေးဝန်ကြီးဌာနက စတင်ကြေညာခဲ့ခြင်း ဖြစ်သည်။

အထက်ပါ ရာထူးတာဝန်များအတွက် ဘွဲ့ရသူများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် တက္ကသိုလ်ဝင်တန်း မအောင်မြင်သူများဟူ၍ သုံးမျိုးခွဲခြားခေါ်ယူခဲ့ရာ လျှောက်ထားသူများတွင် ဘွဲ့ရရှိသူများက အများဆုံးဖြစ်နေကြောင်း သိရသည်။

ပထမဆုံးအကြိမ် ခေါ်ယူခဲ့သော ပညာရေး နေ့စား လပေး ဝန်ထမ်းအခွင့်အလမ်းအတွက် အသက်ကန့်သတ်ချက် လျှော့ပေါ့ပေးထား၍ အသက်(၄၀)နှစ်ထက် မကြီးသူများလည်း လျှောက်ထားနိုင်ရာ စိတ်ဝင်စားလျှောက်ထားသူများပြားခဲ့ခြင်း ဖြစ်သည်။

“အသက်ကန့်သတ်ချက်ကလည်း အဆင်ပြေတယ်။ ကိုယ့်နယ်မှာ ကိုယ် အလုပ်ရနိုင်တာကြောင့်ရော တော်တော်လျှောက်ကြတယ်။ အမျိုးသမီးတွေ အများစုပဲ”ဟု ပဲခူးတိုင်းဒေသကြီး အတွင်းမှ ဒေသခံတစ်ဦးက ပြောကြားသည်။

နေ့စား လပေး ဝန်ထမ်းများ အနေဖြင့် မိမိတာဝန်ထမ်းဆောင်လိုသောနေရာနှင့် မည်သည့်ဒေသမဆို သွားရောက် တာဝန်ထမ်းဆောင်လိုခြင်း ရှိ၊ မရှိကို ဖော်ပြပေးရမည်ဖြစ်ပြီး အမြဲတမ်းဝန်ထမ်းဖြစ်လာရန် အခွင့်အလမ်းရှိမည်ဖြစ်သည်။

## ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဒေသ ၁၈ ခုတွင် ဆွေးနွေးပွဲပြုလုပ်မည်

**ဖွဲ့ညက်**

**မေ-၁၉**

ပညာရေးပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်၏ဒေသဆိုင်ရာပညာရေးဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသ ၁၈ခုတွင်ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါကွန်ရက်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါ်သူသူမာက ပြောသည်။

ဒေသဆိုင်ရာပညာရေးဆွေးနွေးပွဲများကို ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ မွန်ပြည်နယ်တွင် မော်လမြိုင်၊ ရခိုင်ပြည်နယ်တွင် တောင်ကုတ်၊ ရှမ်းပြည်နယ်တွင် တောင်ကြီးနှင့် လားရှိုး၊ ကရင်ပြည်နယ်တွင် ဘားအံနှင့် သံတောင်၊ ချင်းပြည်နယ်တွင် ဟားခါး၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ မကွေးတိုင်းဒေသကြီးတွင် ပခုက္ကူ၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး၊ ပေါင်းတည်နှင့် တောင်ငူ၊ ဧရာဝတီတိုင်းဒေသကြီးတွင် မြောင်းမြနှင့် ဟင်္သာတတို့၌ပြုလုပ်ရန်လျာထားသည်ဟု သတင်းရရှိသည်။

အဆိုပါကွန်ရက်သည် ယခင်က ပြည်သူ့လွှတ်တော်သို့ နိုင်ငံလုံးဆိုင်ရာပညာရေးမူဝါဒမူကြမ်းကို ၂၀၁၄ခုနှစ်တွင်တင်ရန် လျာထားခဲ့သော်လည်း မကြာမီပြန်လည်ကျင်းပမည့် ပထမအကြိမ်သတ္တမပုံမှန်အစည်းအဝေးစတင်ချိန်၌ တင်ပြမည်ဖြစ်ရာ ဒေသဆိုင်ရာပညာရေးဆွေးနွေးပွဲများကို မေလအတွင်းပြုလုပ်မည်ဟု ဆိုသည်။

ထို့အပြင် ယင်းမူဝါဒရေးဆွဲရန် နိုင်ငံလုံးဆိုင်ရာ ပညာရေးဆွေးနွေးပွဲကိုလည်းဇွန်လလယ်ပိုင်းတွင်ပြုလုပ်မည်ဟုသတင်းရရှိသည်။ ပညာရေးပြုပြင် ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်ကို နိုင်ငံလုံးဆိုင်ရာ ပညာရေးမူဝါဒ တစ်ရပ်ချမှတ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ပညာရေးအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်၍ ယခုနှစ် ဇန်နဝါရီမှ မတ်လအတွင်း ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

## ရန်ကုန်နှင့် မန္တလေး နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ရန် JICA ကူညီမည်

**ရန်ကုန်၊ မေ-၁၉**

၂၀၁၂-၁၃ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည့်ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်မန္တလေးနည်းပညာတက္ကသိုလ်တို့ကိုအဆင့်မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)က ပံ့ပိုးကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ရမှတ်အများဆုံး ရရှိခဲ့သူများ တက်ရောက်ရန် စိတ်ဝင်စားကြသော နည်းပညာတက္ကသိုလ် နှစ်ခု၏ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားရေးဆိုင်ရာနှင့် အခြားလိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးရန် လေ့လာဆန်းစစ်မှုများ စတင်ပြုလုပ်သွားမည် ဖြစ်သည်။

“အခုကတော့ Survey(လေ့လာစမ်းစစ်မှု) အရင် လုပ်သွားမှာပါ။ ဘယ်လိုအပိုင်းတွေမှာ လိုအပ်ချက်ရှိနေတယ်။ ပံ့ပိုးဆောင်ရွက်ဖို့လိုအပ်နေတယ်ဆိုတာ အရင်လေ့လာသွားမှာပါ။ ပြီးတော့မှ လိုအပ်တဲ့ဖြည့်ဆည်းမှုတွေကို ကူညီပံ့ပိုးသွားဖို့ ရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲမှာ အမှတ်အများဆုံး ရထားတဲ့ ကျောင်းသားတွေ တက်ရောက်နေတဲ့ တက္ကသိုလ်တွေဖြစ်လို့ အဆင့်မြှင့်တင်ရေးဆောင်ရွက်တာဟာ နိုင်ငံအတွက်လည်း အကျိုးရှိစေမှာပါ”ဟု သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် မန္တလေးနည်းပညာ တက္ကသိုလ်တို့သည် ပြီးခဲ့သည့် ၂၀၁၂-၁၃ ပညာ သင်နှစ်တွင် ပြန်လည်ဖွင့် လှစ်ခဲ့ ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်း သူများ၏ စိတ်ဝင်စားမှုကို အများ ဆုံး ရရှိခဲ့သည်။

ဂျပန်နိုင်ငံ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီသည် မြန်မာနိုင်ငံ၌ ပညာရေး၊ ကျန်းမာရေး၊ ရေအရင်းအမြစ်နှင့် သဘာဝ ဘေးစီမံခန့်ခွဲမှု၊ လူမှု ဖူလုံရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ ရေလုပ်ငန်း၊ အခြေခံအဆောက်အအုံ စသည့်ကဏ္ဍများအတွက် ပံ့ပိုး ကူညီမှုများ ဆောင်ရွက်နေသည်။

## အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားများ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို လာရောက်လေ့လာ

**ရန်ကုန်၊ မေ-၁၉**

ဗြိတိန်နိုင်ငံရှိ အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားသမဂ္ဂ (OUSU)ဥက္ကဋ္ဌဦးဆောင်သည့်ကျောင်းသား၊ ကျောင်းသူ ကိုးဦးသည် မြန်မာနိုင်ငံသို့ နှစ်ပတ်ကြာလာရောက်၍ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ အင်းလေးဒေသများရှိ မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်နေရာများကိုလေ့လာခဲ့ကြကြောင်း အဆိုပါခရီးစဉ်အား လိုက်ပါစီစဉ် ပေးသည့် မခိုင်မွန်လင်းက ပြောသည်။

“အရပ်ဘက်အဖွဲ့အစည်း ၂၀ ဝန်းကျင်လောက်နဲ့ တွေ့သွားတယ်။ မြန်မာနိုင်ငံရဲ့ အကူးအပြောင်းကာလကို စိတ်ဝင်စားလေ့လာလိုတဲ့အတွက် လာရောက်ခဲ့ကြတာပါ။ မြန်မာကျောင်းသားတွေနဲ့ အဆက်အသွယ်ဖြစ်စေဖို့နဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေ ဆောင်ရွက်သွားမယ်လို့ ထင်ပါတယ်”ဟု ၎င်းကပြောသည်။

အောက်စ်ဖို့ဒ်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌကလည်း မြန်မာနိုင်ငံခရီးစဉ်မှ စိတ်ဝင်စားဖွယ်အတွေ့အကြုံများ ရရှိခဲ့ပြီး လူငယ်များ၊ လူမှုအကျိုးပြုစိတ်ရှိသူများနှင့် ဆက်ဆံရေးတည်ဆောက်နိုင်ခဲ့၍ ဝမ်းသာမိကြောင်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ဘွဲ့သွားရောက်ရယူသော ခရီးစဉ်တွင် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံစဉ်က မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ခေါ်ခဲ့မှုကြောင့် ယခုကဲ့သို့ အောက်စ်ဖို့ဒ် ကျောင်းသား၊ ကျောင်းသူများ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ကန်အဆင့်မြင့်ပညာရေးအဖွဲ့ မြန်မာနိုင်ငံပညာရေး အားနည်းချက် ထောက်ပြ

**ရန်ကုန်၊မေ-၂၀**

မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးတွင် လူသားအရင်းအနှီး နည်းပါးမှုနှင့် ဗဟိုချုပ်ကိုင်၍ အဆင့်ဆင့် အုပ်ချုပ်သောစနစ် ဖြစ်ပေါ်နေခြင်းကြောင့် နိုင်ငံတကာနှင့် ပညာရေးပူးပေါင်းဆောင်ရွက်ရာတွင် အားနည်းချက်များ ဖြစ်နေကြောင်း အမေရိကန်အဆင့်မြင့်ပညာရေးအဖွဲ့ (IIE)က သတင်းထုတ်ပြန်ထားသည်။

အမေရိကန် အဆင့်မြင့်ပညာရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး အဆင့်မြင့် ပညာရေး ပြန်လည်တည်ဆောက်ရေးအတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ရန် လေ့လာခဲ့သည်။

အမေရိကန်နိုင်ငံရှိ မြန်မာသံအမတ်ကြီးသန်းရွှေ အမေရိကန်တက္ကသိုလ်၊ ကောလိပ် ၅၀ မှကိုယ်စားလှယ်များနှင့် အမေရိကန်ပညာရေးကျွမ်းကျင်သူများသည် မေ ၁၂ ရက်တွင် အမေရိကန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေး ပြန်လည်တည်ဆောက်မှုအတွက် အစီရင်ခံစာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စာ - ၂၂သို့

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# အင်္ဂလိပ်စာသင်ရိုးညွှန်းတမ်း အဆင့်မြှင့်ပါက ကျောင်းသား၊ ကျောင်းသူများ တိုးတက်လာမည်ဟုဆို

**ချစ်ဝိုင်း**

**ရန်ကုန်၊မေ-၂၀**

အခြေခံပညာအဆင့် အင်္ဂလိပ်စာ သင်ရိုးညွှန်းတမ်းကို ဗြိတိသျှကောင်စီနှင့် ပူးပေါင်း၍ အဆင့်မြှင့်တင်မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အင်္ဂလိပ်စာ တိုးတက်ကောင်းမွန်လာ မည်ဖြစ်ကြောင်း ပညာရေးနယ်ပယ်မှ ပညာရှင်များက ကြိုဆိုသုံးသပ်သည်။

ထိုကဲ့သို့ ဗြိတိသျှကောင်စီနှင့် ပူးပေါင်း၍ အဆင့်မြှင့်တင်မည့်သင်ရိုးညွှန်းတမ်းအား လာမည့် ၂၀၁၃-၁၄ ပညာသင်နှစ်တွင် စတင်အသုံးပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးမှာ သုံးနေတဲ့ သင်ရိုးညွှန်းတမ်းက တော်တော်ကွာခြားတယ်။ အခုလိုမျိုး အဆင့်မြှင့်တင်မယ်ဆိုရင်တော့ နောက်မကြာတော့မယ့်နှစ်တွေ အတွင်းမှာ တော်တော်ကို တိုးတက်လာနိုင်တယ်။ အခုလို အဆင့်မြှင့်တင်တဲ့အတွက်လည်း ဝမ်းသာပါတယ်။ ကြိုဆိုပါတယ်"ဟု အင်္ဂလိပ်စာသင်ကြားနေသော ဆရာဦးဇော်ဝင်းက ပြောသည်။



*အခြေခံပညာကျောင်းတစ်ခု၏ ကျောင်းဆင်းချိန်မြင်ကွင်း*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အင်္ဂလိပ်စာ သင်ရိုးညွှန်းတမ်းမြှင့်တင်နိုင်ရန်အတွက် ယခုလက်ရှိသင်ကြားနေသော သင်ရိုးညွှန်းတမ်း၊ ဆရာ၊ ဆရာမများ၏ အရည်အချင်းများ၊ စာသင်ခန်းများနှင့် ကျောင်းသားများ အင်္ဂလိပ်စာကိုစိတ်ဝင်စားလာအောင် သင်ကြားပေးနိုင်ရန် လိုအပ်ကြောင်း ၎င်းကပြောသည်။

"ဘယ်သင်ရိုးညွှန်းတမ်းပဲဖြစ်ဖြစ် အခြေခံကစပြီး အဆင့်မြှင့်တင်ရမယ်။ ကလေးတွေကို အောက်ခြေခိုင်အောင် လုပ်ပေးရမယ်။ ဒါမှကြီးလာတဲ့အခါမှာ အခက်အခဲမရှိနိုင်မှာ။ ဒါကလည်း သင်ကြားပေးမယ့် ဆရာတွေ၊ ဆရာမတွေပေါ်မှာလည်း မူတည်တယ်။ မြန်မာနိုင်ငံမှာရှိတဲ့ကလေးတွေက ဉာဏ်ကောင်းကြပါတယ်။ အဆင့်မြှင့်တာကိုလည်း လိုက်နိုင်ကြမှာပါ"ဟု အငြိမ်းစားကျောင်းအုပ်ဆရာမကြီးတစ်ဦးက ပြောသည်။

အင်္ဂလိပ်စာဘာသာရပ်ကို အဆင့်မြှင့်တင်နိုင်ရန် ဗြိတိသျှကောင်စီမှ အဓိကတာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အခြားနိုင်ငံခြားမှ အသိပညာရှင်များကိုလည်း ဖိတ်ခေါ်၍ ဘာသာစကားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အခြေခံဘာသာစကားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အကြံပြုချက်များ ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုလ ၄ ရက်က ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဗြိတိသျှကောင်စီမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး စဉ်ပြောကြားသွားသည်။

"ကျောင်းတွေမှာ အင်္ဂလိပ်စာကို အရေးရေး၊ အဖတ်ရေး အဆင့်မြှင့်မယ်ဆိုရင်တော့ ကောင်းတာပေါ့။ နွေရာသီကျောင်းပိတ်ရက်ရောက်ရင်ကလေးကိုSpeaking သင်တန်းတို့၊ သဒ္ဒါသင်တန်းတို့ကို သွားထားနေရတယ်။"ဟု ရန်ကင်းတီတီစီကျောင်းမှတတိယတန်းကျောင်းသားမိခင်တစ်ဦးက ပြောသည်။

စာမျက်နှာ (၂၁) မှ

## ကန်အဆင့်မြင့် ပညာရေးအဖွဲ့ မြန်မာနိုင်ငံ ပညာရေး အားနည်းချက်ကို ထောက်ပြ

မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ကျောင်းသားများ၊ သင်ကြားရေးဌာနများနှင့် တက္ကသိုလ်စီမံခန့်ခွဲ အုပ်ချုပ်သူများက စိတ်အားပြင်းပြမှု မြင့်တက်နေသော်လည်း နိုင်ငံရေး၊ စီးပွားရေးစနစ်များ၏ စွမ်းဆောင်နိုင်မှုထက် စိန်ခေါ်မှုနှင့် လိုအပ်ချက်များက ပိုများနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးလိုအပ်ချက်သည် ကြီးမားကျယ်ပြန့်နေပြီး အခြေခံ အဆောက်အအုံ၊ သတင်းအချက်အလက် နည်းပညာ၊ အကယ်ဒမစ်သင်ရိုးညွှန်းတမ်းများ၊ သင်ကြားရေးဌာနများ၏ အရည်အသွေး အဆင့်မြှင့်တင်မှု၊ အဆင့်မြင့် ပညာရေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု ဆိုင်ရာပြုပြင်ပြောင်းလဲရေးနှင့်နိုင်ငံတကာထိတွေ့ဆက်ဆံမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သုံးသပ်ထားသည်။

ပြုပြင်ပြောင်းလဲရေး ကာလတိုရည်မှန်းချက်များအတွက် သင်ကြားရေးဌာနနှင့်ဝန်ထမ်းဖလှယ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ဆောင်ရွက်သွားရန်၊ဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများနှင့် ခေတ်မီသင်ကြားရေးနည်းစနစ်များ ထိတွေ့စေခြင်းကဲ့သို့ အခြေခံသုတေသန နည်းစနစ်နှင့် သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးမှုများတွင် ကူညီပေးရမည်ဖြစ်သည်။ အထူးသဖြင့် စာကြည့်တိုက်နှင့် သိပ္ပံလက်တွေ့ခန်းကဲ့သို့ အခြေခံ အဆောက်အအုံများ တည်ဆောက်ရန် ပံ့ပိုးပေးခြင်းနှင့် အင်္ဂလိပ်ဘာသာစကားဖြင့် ထိရောက်စွာ သင်ကြားနိုင်ရန် ဆရာ၊ ဆရာမများကို အင်္ဂလိပ်စာ စွမ်းရည် မြင့်မားလာစေရန် သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အထက်ပါ အစီရင်ခံစာတွင် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ မြန်မာနိုင်ငံသို့ ပညာရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တင်ပြထားသည်။


**လည်းပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊အဆစ်အမြစ် ရောင်းရမ်းနာကျင်ခြင်းကို ကုသပေးခြင်း**



ဆေးခန်းဖွင့်ချိန် – နံနက် ၈ နာရီမှ ည ၈ နာရီထိ

ပိတ်ရက်မရှိ

**အိပ်ထောင်ရေးသုခ သုတ်လွှတ်မြန်ခြင်း ပန်းသေရောဂါ ကုသပေးခြင်း**



**တစ်ကြိမ်တည်းဖြင့် လိပ်ခေါင်းရောဂါကို အမြစ်ပြတ် ကုသပေးခြင်း**



ဆေးခန်းဖွင့်ချိန် – နံနက် ၈ နာရီမှ ည ၈ နာရီထိ

ပိတ်ရက်မရှိ

**အချိန်တိုတွင်း ဆီးချိုရောဂါကို ပျောက်ကင်းအောင် ကုသပေးခြင်း**

**နယူးဟောင်ကောင်ဆေးကုခန်း**

အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁-၈၆၁၀၅၁၀

# မြန်မာနိုင်ငံသမ္မတရုံး ဖေ့စ်ဘွတ်ခ်စာမျက်နှာ တရားဝင်မဟုတ်ဟု တာဝန်ရှိသူပြောကြား

**ထွန်းနိုင်**

**ရန်ကုန်၊ မေ-၂၀**

ဖေ့စ်ဘွတ်ခ်ပေါ်တွင် "ပြည်ထောင်စု မြန်မာနိုင်ငံသမ္မတရုံး" အမည်ဖြင့်တွေ့ရသည့်စာမျက်နှာမှာ သမ္မတရုံး၏ တရားဝင်စာမျက်နှာ မဟုတ်ကြောင်း နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးက ပြောသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမှတ်တံဆိပ် ရုပ်ပုံကိုတင်ကာ "Government Organization" ဟုလည်း ရေးသားထားသည့် အဆိုပါစာမျက်နှာသည် ၂၀၁၃ ခုနှစ် မတ်လ ၂၉ ရက်က စတင်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

"လုပ်တဲ့သူကိုတော့ ကျွန်တော်သတင်းစကားပို့ထားတယ်။ ဒါက သမ္မတရုံးရဲ့ တရားဝင်ဖေ့စ်ဘွတ်ခ်သဘောမျိုးဖြစ်နေတော့ ဖြုတ်ပေးပါလို့။ Profile ပုံတွေ၊ နာမည်တွေ ပြောင်းပါလို့ ပြောထားတယ်။ အကြောင်းမပြန်ဘူး" ဟု ဖေ့စ်ဘွတ်ခ်ပေါ်တွင် မှူးဇော်ဟုလူသိများသည့် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးက ပြောကြားသည်။

ယင်းစာမျက်နှာ စတင်ဖွင့်လှစ်ပြီး သုံးပတ်ခန့်အတွင်း ပြည်တွင်းအခြေစိုက် သတင်းသမားများအပါအဝင် လူ ၃,၀၀၀ ကျော် Like လုပ်ထားသော အဆိုပါစာမျက်နှာအား လူမှုကွန်ရက်မှ ပပျောက်သွားရေးကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဦးဇော်ဌေးက ဆက်လက်ပြောကြားသည်။

"အခု ကျွန်တော်တို့ Report လုပ်နေတယ်။ ကျန်တဲ့ သုံးတဲ့သူတွေလည်း နည်းနည်းဝိုင်းကူပေးစေချင်တယ်" ဟု ၎င်းက ပြောသည်။

နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ချက်များကို တရားဝင်အင်တာနက်စာမျက်နှာဖြစ်သည့် www.president-office.gov.mm မှတစ်ဆင့်သာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

# တန်ဖိုးနည်းဆင်းမ်ကတ်များ သီးသန့်ငွေဖြည့်ကတ်သုံးရမည်

**ဆွေမွန်**

**ရန်ကုန်၊ မေ-၂၀**

ဧပြီလ ၂၄ ရက်တွင် ကျပ် ၁၅၀၀ ဖြင့် ရောင်းချမည့် တန်ဖိုးနည်း စီဒီအမ်အေမိုဘိုင်းဆင်းမ်ကတ်များကို လက်ရှိရောင်းချသုံးစွဲနေသည့် ငွေဖြည့်ကတ်များဖြင့် အသုံးပြု၍ မရဘဲ MECTel အမှတ်တံဆိပ်ပါ ငွေဖြည့်ကတ်များဖြင့်သာ အသုံးပြုဆက်သွယ်နိုင်မည်ဖြစ်ရာ ယင်းငွေဖြည့်ကတ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဖုန်းဆိုင် ၇၈ ဆိုင်တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

"အရင်ငွေဖြည့်ကတ်တွေကတော့ သုံးလို့မရတော့ပါဘူး။ ငွေဖြည့်ကတ်နှုန်းထားကတော့ အရင်နှုန်းထားတွေ အတိုင်းပါပဲ" ဟု ဆက်သွယ်ရေးကျောင်းအုပ် ဦးကျော်စိုးက ပြောသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် ရောင်းချပေးမည့် ဖုန်းဆိုင်များကို ယနေ့နေ့လယ်၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းထုတ်ပြန်ပေးထားခြင်းဖြစ်ကြောင်း ရတနာပုံကောလ်စင်တာမှ သတင်းရရှိသည်။

ဝယ်ယူရရှိနိုင်မည့် ဖုန်းဆိုင်များတွင် ရန်ကုန်မြို့၌ ၁၂ ဆိုင်၊ မန္တလေးမြို့တွင် ၁၀ ဆိုင်၊ ပဲခူးတိုင်းတွင် ခုနစ်ဆိုင်၊ နေပြည်တော်၊ မွန်ပြည်နယ်၊ ဧရာဝတီ၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးအသီးသီးတွင် ငါးဆိုင်စီ၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် လေးဆိုင်စီ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ် အသီးသီးတွင် သုံးဆိုင်စီ၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နှစ်ဆိုင်စီ ရောင်းချခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖုန်းဆိုင်များ၌ ရန်ကုန်မြို့တွင် လူကြီးမင်း၊ Mobile King ၊ Best One ၊ Mobile Tel အစရှိသည့် ဆိုင်များလည်းပါဝင်ကြောင်း ရတနာပုံကောလ်စင်တာမှ သတင်းရရှိသည်။

လူကြီးမင်းဖုန်းဆိုင်သို့ ဆက်သွယ်မေးမြန်းရာ "ရောင်းချမယ့်သတင်းက အခုလောလောဆယ်ထိတော့ အတိအကျမသိရသေးပါဘူး။ တကယ်တမ်းရောင်းမယ်ဆိုရင်တော့ ရောင်းချဖြစ်မှာပါ" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် ရောင်းချပေးမည့်ဆိုင်များအား ဧပြီ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။




Photo - AFP

# ဆမ်ဆောင်းဂလက်ဇီ S4 ဧပြီ ၂၇ တွင် စတင်ရောင်းမည်

**စင်ကာပူ၊ ဧပြီ-၁၉**

နည်းပညာချစ်သူများ စောင့်မျှော်နေသည့် ဆမ်ဆောင်းကုမ္ပဏီ၏ နောက်ဆုံးပေါ် ဂလက်ဇီS4 စမတ်ဖုန်းကို လာမည့်ဧပြီ ၂၇ ရက်တွင် စင်ကာပူနိုင်ငံ၌ ကန်ဒေါ်လာ ၉၉၈ ဖြင့် စတင်ရောင်းချသွားမည်ဖြစ်သည်။

နောက်ဆုံးပေါ် မြန်နှုန်းမြင့်ဆက်သွယ်ရေးကွန်ရက် 4G LTE စနစ်တွင် အသုံးပြုနိုင်မည့် ယင်းစမတ်ဖုန်းကို ယခုအခါစင်ကာပူနိုင်ငံရှိ ဒေသခံမိုဘိုင်းအော်ပရေတာကုမ္ပဏီသုံးခုဖြစ်သည့် M1, Sing Tel နှင့် StarHub တို့တွင် အွန်လိုင်းမှ ကြိုတင်မှာယူနိုင်ပြီဟုလည်း သိရသည်။ ဆမ်ဆောင်း ဂလက်ဇီ S4 ဖုန်းတွင် မျက်နှာပြင်အကျယ် ငါးလက်မရှိသည်။ Gorilla Glass 3 ဖန်သားဖြင့် ပြုလုပ်ထားပြီး အကြမ်းခံမည်ဖြစ်ကာ အရှေ့နှင့်အနောက် ကင်မရာနှစ်ခုပါဝင်သည်။ အနောက်ဘက် ကင်မရာ၏ ပုံထွက်အရည်အသွေးမှာ 13 Megapixel ဖြစ်ပြီး အခြားသော နည်းပညာသစ်များ၊ ဆော့ဖ်ဝဲများကိုလည်း ကောင်းမွန်စွာ အသုံးပြုနိုင်ရန် စီစဉ်ထားသည်ဟု သိရသည်။ *—Ref: Asiaone*

# မိုဘိုင်းဖုန်းများကို တစ်စက္ကန့်အတွင်း အားသွင်းနိုင်သော ဘက်ထရီတီထွင်

**အီလီနွိုက်၊ ဧပြီ-၂၀**

စမတ်ဖုန်းများမှာ နည်းပညာများ ပိုမိုဆန်းသစ်လာသော်လည်း ဘက်ထရီများ ဖွံ့ဖြိုးတိုးတက်မှုမှာ အကန့်အသတ်နှင့်ရှိနေခဲ့၍ စမတ်ဖုန်းများ စွမ်းဆောင်ရည်ကို ကန့်သတ်ထားသကဲ့သို့ ဖြစ်ခဲ့သည်။

သို့သော် ယခုအခါ အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အလွန်သေးငယ်သော ဘက်ထရီများ (Micro Batteries)များကို တီထွင်လိုက်ကြောင်း သိရသည်။

**စာမျက်နှာ(၂၄)သို့**



## တန်ဖိုးနည်း ဆင်းမ်ကတ်များ ထွက်လာသော်လည်း အများသုံးဖုန်းများ ပိတ်သိမ်းမည်မဟုတ်

**ဆွေမွန်**

**ရန်ကုန်၊ မေ-၂၀**

တန်ဖိုးနည်း ၁,၅၀၀ ကျပ်တန် မိုဘိုင်းဆင်းမ်ကတ်များ ထွက်ပြီး နောက်ပိုင်းတွင်လည်း အများပြည်သူသုံးတယ်လီဖုန်း (PCO) များကိုပြန်လည်သိမ်းယူသွားမည်မဟုတ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ယင်းဖုန်းများကို အသစ်ထပ်မံချထားပေးခြင်း မရှိတော့သည်မှာ ကြာမြင့်ပြီဖြစ်ပြီး ထိုလုပ်ငန်းလုပ်ကိုင်နေသည့် ဝန်ထမ်းများပြန်လည်အပ်နှံမှသာ လျော့ကျသွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်ဦးဒွေးဝင်းက ပြောသည်။

“ပီစီအို ဝန်ထမ်းတွေက သူတို့ဘာသာ သူတို့ မလုပ်ချင်တော့လို့ လာအပ်မှသာ တဖြည်းဖြည်းလျော့ကျသွားမှာ။ မြန်မာ့ဆက်သွယ်ရေးကတော့ လျော့သွားမှာမဟုတ်ဘူး။ နောက်ပိုင်းတော့ အဲဒီဖုန်းတွေ ပျောက်ကွယ်သွားမှာပေါ့” ဟု ၎င်းက ပြောသည်။

“အနည်းနဲ့ အများတော့လာဆက်တဲ့သူ နည်းသွားမယ်ထင်တာပဲ” ဟု သာကေတမြို့နယ်ရှိ ပီစီအိုဝန်ထမ်းတစ်ဦးက ပြောသည်။

“ဒီအလုပ်လုပ်လာတာလည်း ဆယ်နှစ်ရှိပြီဆိုတော့ ဒီအလုပ်ပဲ ဆက်လုပ်ချင်တယ်။ နောက်ပိုင်းတော့ ဘယ်လိုဖြစ်လာဦးမလဲ မသိဘူး။ တကယ်လို့ ဖုန်းဆက်တဲ့သူ နည်းလို့ ပီစီအိုတွေလျော့မယ်ဆိုရင်တော့လည်း ဆက်မလုပ်ဘဲ နေရမှာပေါ့” ဟု ပီစီအိုဝန်ထမ်း အမျိုးသမီးတစ်ဦးက ပြောသည်။

ဧပြီလ ၂၄ ရက်မှ စတင်၍ စီဒီအမ်အေ-၈၀၀ MHz ဆင်းမ်ကတ် သုံးသိန်းခွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်ပြီး နောင်လများ၌ GSM (2.75 G) နှင့် WCDMA (3G) မိုဘိုင်းဖုန်းများကိုပါ ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှထုတ်ပြန်ကြေညာထားသည်။




## Motorola ဖုန်းအသစ်များ ပစ်ချလျှင် မကွဲအက်နိုင်ကြောင်း ဂူးဂဲလ်စီအီးအိုပြော

**ဆန်ဖရန်စစ္စကို၊မေ-၂၀**

တစ်ချိန်က ကမ္ဘာ့မိုဘိုင်းဖုန်းဈေးကွက်ကို စိုးမိုးခဲ့သော Motorala မှထွက်ရှိလာမည့်ဖုန်းအသစ်များမှာ သုံးစွဲသူများအကြိုက် ဟာ့ဒ်ဝဲနှင့်ဆော့ဖ်ဝဲများ ထည့်သွင်းနိုင်ပြီး ရောင်စုံကာလာ ၂၀ ခန့်ဖြင့်ပေါ်ထွက်လာမည်ဟူသော ကောလာဟလသတင်းများထွက်ပေါ်နေသည်။

Motorala ဖုန်းများမှာ အရွယ်အစားမကြီး၊ မသေးနှင့် အနေတော်ဖြစ်မည်ဟုလည်း ဆိုသည်။သို့သော် ဖုန်းတွင်ပါဝင်မည့် စနစ်များ၏ အသေးစိတ်အချက်များမှာမူ ပေါ်ထွက်လာခြင်း မရှိသေးပေ။

မကြာသေးမီက ဂူးဂဲလ်ဥက္ကဋ္ဌ အဲရစ်ရှမစ်က အသစ်ထွက်ပေါ်လာမည့် Motorala ဖုန်းသစ်များမှာ အလွန်ထူးခြားမည်ဖြစ်ကြောင်း ပြောကြားသည်။


ဂူးဂဲလ်ကုမ္ပဏီ ဝင်ငွေတိုးတက်လာကြောင်းပြောကြားသောသတင်းကွန်ဖရင့်တွင်လည်း ဂူးဂဲလ်အမှုဆောင်အရာရှိချုပ် လယ်ရီပေ့ချ်က Motorala ဖုန်းများမှာ ကြမ်းပြင်သို့ပစ်ချလျှင်ပင် မကွဲနိုင်ကြောင်း အရိပ်အမြွက် ပြောကြားသည်။

Motorala ကုမ္ပဏီအား ဂူးဂဲလ်ကဝယ်ယူထားပြီးဖြစ်ရာ ဖုန်းအသစ်များကို လာမည့် ဩဂုတ်လအတွင်း ဖော်ထုတ်မိတ်ဆက်သွားဖွယ်ရှိသည်။

*—Ref: Uberzimo.com*




ရှေ့ဖုံးမှ



## မိုဘိုင်းဖုန်းများကို တစ်စက္ကန့်အတွင်းအားသွင်းနိုင်သော ဘက်ထရီတီထွင်

ယင်းမိုက်ကရိုဘက်ထရီများမှာ လက်ရှိအသုံးပြုနေသော လစ်သီယမ်ဘက်ထရီများထက် အဆပေါင်းတစ်ထောင်ပိုမိုအားကောင်းပြီး စမတ်ဖုန်းများကို တစ်စက္ကန့်အတွင်း အားသွင်းနိုင်လောက်အောင်ပင် ကောင်းမွန်သည့်ဘက်ထရီများပေါ်ထွက်လာနိုင်သည်ဟု ဆိုသည်။

“ဒါဟာ ဘက်ထရီတွေနဲ့ ပတ်သက်ပြီး လုံးဝဆန်းသစ်တဲ့ စဉ်းစားနည်းပါပဲ”ဟု သုတေသီ ဝီလီယမ်ကင်းက ပြောသည်။

ဘက်ထရီအရွယ်အစားမှာ မီလီမီတာအနည်းငယ်သာရှိပြီး အထဲတွင်သုံးဘက်မြင်ပုံစံ အလွန်သေးငယ်သည့် ဖွဲ့စည်းပုံများပါဝင်သော ပါးလွှာသည့်ဖလင်ပြားများထည့်သွင်းထားသည်။ သို့သော် ယင်းဘက်ထရီလေးများမှာ ကားတစ်စီးကို စက်နှိုးနိုင်လောက်အောင် အားကောင်းသည်။ ယင်းနောက်ဘက်ထရီကို တစ်စက္ကန့်မျှ ပြန်အားသွင်းလိုက်လျှင် အားပြန်ပြည့်သွားနိုင်ကြောင်း သိရသည်။

*—Ref: Reuters*

# နှစ်သစ်သည် ကျွန်ုပ်တို့အား

## မင်္ဂလာအောင်သပြေဖြင့် ကြိုဆိုပါစေသား

သင်းရီ


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နှစ်သစ်ကူးခဲ့ပြီ။ အဟောင်းတွေ မှန်သမျှ ကျန်ခဲ့ပြီ။ မကောင်းမှု မှန်သမျှကိုလည်း နှစ်ဟောင်းနှင့်အတူ ချန်ထားခဲ့ချင်သည်။နှစ်သစ်မှာမင်္ဂလာအပေါင်းနှင့် ပြည့်စုံလျက် တိုင်းပြည်နှင့်အဝန်းငြိမ်းချမ်းသာယာ တိုးတက်ပါစေကြောင်းလည်း မျှော်လင့်ကြီးစွာ ရှိမိရသည်။ နှစ်သစ်ကူးသည့် မဟာအတာသင်္ကြန် ရေကစားပွဲတော်ကြီးကမူ ထိခိုက်ရှုနာ နည်းစွာပင် ပြီးဆုံးခဲ့ပြီဟု ဆိုရမည်ထင်၏။

သို့သော် ယမန်နှစ်တုန်းကလောက် မစည်ကားလိုက်ဘူးလားလည်း ထင်မိသည်။ ကိုယ်တို့ စမ်းချောင်း ဗေယျဝတီလမ်းမကြီးပေါ်တွင်တော့ မနှစ်ကထက် ရေပက်ခံကားတွေနည်းတာ သေချာသည်။

ကိုယ်ကတော့ သင်္ကြန်လည်ရမည့်အရွယ် မဟုတ်သဖြင့် ဘယ်မှမထွက်ဖြစ်ဘဲ ကွန်ပျူတာရှေ့တွင်ထိုင်ကာ သင်္ကြန်ပုံရိပ်တွေ တက်လာမည့် Facebook စာမျက်နှာကိုသာ ဖွင့်နေမိသည်။

သင်္ကြန်ပုံရိပ်တွေကို Facebook ပေါ်ကနေခံစားနေရင်းနှင့် အတက်နေ့ ညနေစောင်းတော့ အင်းလျားဘက်သို့သွားလည်မည့် တူတော်မောင်တို့ ကားက လိုက်ချင်လိုက်ခဲ့ပါလားဆိုသဖြင့် ဘာပဲဖြစ်ဖြစ်သည်နှစ်သင်္ကြန်မြင်ကွင်းကို ကြည့်ရမြင်ရတာပေါ့ဟု လိုက်ဖြစ်ခဲ့သည်။

သင်္ကြန်အတက် နောက်ဆုံးနေ့ပေမို့လားမသိ ပြည်လမ်း အင်းလျားဘက်တွင်တော့ ကားတွေ ကျပ်ခံနေအောင်ထိ စည်နေသည်။ အင်းလျားလမ်းနှင့် ပြည်လမ်းဆုံရာအလွန် ကတ္တရာလမ်းပေါ်တွင် မြောက်ဘက်မြင့်ရာမှ စီးလာသည့်ရေတွေက မိုးသည်းသည်းရွာထားသလို ချောင်းပေါက်နေ၏။ စောစောကများ သည်ဘက်မှာ မိုးရွာသွားလိုက်သေးသလားထင်ရသည်။

ကန်ပေါင်ရိုးပေါ် ရောက်တော့ ဘီယာဆိုင်တွေမှာ လူတွေလူတွေ ကျပ်ခဲလို့။ ဘီယာ စတုဒိသာတိုက်နေတာလားပင်မသိ။ သို့သော် မိန်းကလေး၊ မိန်းမငယ်တွေ သောက်ကြသည်ကို တစ်ယောက်၊ နှစ်ယောက်စ တွေ့ရသော်လည်း သိပ်မတွေ့ရ။ မနှစ်တုန်းကတော့ လူမြင်ကွင်းမှာကို လိုင်စင်ရနေခဲ့ကြသေးသည်။ ယခုနှစ် သည်လိုမဟုတ်သည့်အတွက်လည်း ကျေးဇူးတင်ရပြန်ပါ၏။

ယောကျ်ားလေးတွေ အတော်များများကတော့ ညနေစောင်းပြီမို့ အမူးလည်းရင့်နေကြပြီ။ တချို့ဆို တစ်ယောက်ပခုံးတစ်ယောက်မှေးဖက်ရင်း အတွဲလိုက်ယိမ်းကသလိုလမ်းလျှောက်နေကြသည်။

မနက်အစော အိမ်မှထွက်ကတည်းက ကားပေါ်မှာ အချမ်းပြေရယ်ဟုဆိုကာ ထိုင်းနိုင်ငံလုပ် ဘီယာချမ်းဘူးတွေနှင့် ချမ်းချမ်းမချမ်းချမ်း အချမ်းဖြေလာခဲ့ကြသည်ပဲ။

ဘာပဲဖြစ်ဖြစ် အပျော်အပါးရယ်မို့အနည်းအပါး သောက်ကြ စားကြသည်က ဩော်. . . ယောကျ်ားလေးတွေပဲဟု အပြစ်မဆိုချင်လှသော်လည်း မနက်အစောပိုင်း ခုနစ်နာရီခွဲလောက်က ကိုယ်တို့အိမ်ရှေ့လမ်းမမှာ စည်းကမ်းမဲ့ လုပ်သွားခဲ့ကြပုံက ကိုယ့်အတွေးထဲ ပြန်ရောက်လာသည်။

ကိုယ့်အိမ်ရှေ့မှာ ရပ်လိုက်သည့် သူတို့လိုက်ထရပ်ကားပေါ်မှာ အသက် ၂၀-၂၅ နှစ်ဝန်းကျင်ရှိမည့် ကောင်လေးတွေချည်း ၁၀ ယောက်လောက်ပါသည်။ သူတို့ကားပေါ်ပါလာသည့် ရေခဲတုံးတွေစိမ်ထားသော ပလတ်စတစ်ရေစည်တစ်လုံးထဲသို့ ဘီယာချမ်းဘူး ကတ်လေးကတ်ကို ဖောက်ထည့်လိုက်ကြသည်။ ထည့်ပြီးသည်နှင့် အခွံဖြစ်သွားသော ကတ်ဘူးခွံတွေကို လမ်းမ အလယ်ကောင်ပေါ် သည်အတိုင်း ပစ်ချထားခဲ့ကြသည်။ ကတ်ဘူးခွံတွေ၏ အတိုင်းအတာက အနံတစ်ပေခွဲ၊ အလျားနှစ်ပေလောက်ရှိလျက် ထုက ခြောက်လက်မလောက်ရှိသည်။ အဲဒီလောက်ရှိသည့် ဘူးခွံတွေက လမ်းအလယ်ကောင်ရောက်နေသည့်အခါ ကားတွေက ဘာမှန်းမသိတော့ ဖြတ်မနင်းရဲကြ။ ကွေ့ပတ်ပြီး မောင်းကြရသည်။ ကိုယ်တို့လမ်းက ကားအသွားအလာများသည့်အပြင် ဗေယျဝတီလမ်းမှ ဝေဠုဝန်ဘက်ကွေ့သည့် တစ်ဆစ်ချိုးကွေ့ဆိုတော့ အဲဒီဘူးလေးဘူးက ခရီးသွားကားတွေကိုအချိန်အတော်ကြာအောင် ဒုက္ခပေးနေတော့သည်။ ကိုယ်ကဖြင့် အဲဒီမြင်ကွင်းကိုကြည့်ရင်း စိတ်မသက်မသာ ဖြစ်နေမိသည်။ ဟိုဘက်၊ သည်ဘက်က လာကြသည့် ကားတွေက သည်ဘူးခွံတွေကို ကွေ့ဝိုက်ရှောင်ရင်းနှင့်များ အာရုံများကာ မတော်တဆမှုတစ်ခုခု . . . ဟု တွေးမိတော့ စောစောက ကလေးတွေကို သည်လောက်တောင်မှ ပြည်သူ့နီတိ မရှိရကောင်းလား၊ စည်းကမ်းမဲ့ရကောင်းလားဟု စိတ်ထဲမှနေ၍ ဗျစ်တောက်ဗျစ်တောက် လုပ်နေမိခဲ့သေးသည်။ မီးခိုးကြွက်လျှောက်ဆက်တွေးမိပြန်တော့ ပြည်သူ့နီတိဆိုသည့် စကားလုံးကိုတောင်မှ အဲဒီကလေးတွေ သိမှ သိကြပါလေစ။ ကျောင်းတွေမှာ ပြည်သူ့နီတိသင်ရိုးကို ဖြုတ်ပယ်ပစ်ခဲ့ကြသည်ပင် နှစ်ပေါင်းဘယ်လောက်ကြာခဲ့ပြီလဲ။ အမှန်တကယ်အပြစ်တင်ရမည့်သူက သည်ကလေးတွေမှမဟုတ်ဘဲ။ ဒါဖြင့် ဘယ်သူ့ကို တင်ရမည်လဲ. . .။ အတွေးစိတ်က ခရီးဆက်နေသေးသဖြင့် ဇွတ်ဖြတ်ရသည်။

ယခုတော့ဖြင့် ညနေစောင်းခဲ့ပြီမို့ ဘီယာသမား၊ ဝီစကီသမား သင်္ကြန်ပျော် ကိုယ့်ဆရာလေးတွေ ရေချိန်ယိုင်ကုန်ကြပြီ။ တချို့က ရေချိန်မှောက်ကုန်ကြပြီ။

တစ်ယောက်များ အင်းလျားရေစပ်မှာ မှောက်လျက်ကြီးလဲနေလိုက်ပုံက တုတ်တုတ်မျှမလှုပ်။ အသက်မှ ရှုပါလေသေးရဲ့လားလည်းမသိတော့။ အနားမှာ ကူဖော်လောင်ဖက် အဖော်လည်းမတွေ့ရ။ ညနေက အတော်စောင်းပြီ။ ညမှောင်ရင်. . . ဟုတွေးမိတော့ သူ့အသက်နှင့်ကျန်းမာရေးကိုသာမက သူ့မိဘတွေကိုယ်စားပါ ရင်ပူမိရသည်။

ဆက်လျှောက်တော့ နောက်တစ်ဖွဲ့က စောစောက လူငယ်ထက်ပင် ဖြစ်ပုံဆိုးသလား ထင်သည်။ သုံးယောက်အဖွဲ့။ ကန်ပေါင်ရိုး ဆင်ခြေလျှောမြက်ခင်းပေါ်မှာ တစ်ယောက်ပေါ်တစ်ယောက် အပြန်အလှန်ထပ်ကာ အထွေးလိုက်ကြီး လဲနေကြသည်။ အန်ထားသည့် အန်ဖတ်တွေကလည်း မြင်မကောင်းအောင်ပင် ပေလူးညစ်ပတ် စုတ်ပွဲလို့။ သည်ကောင်တွေကို မြင်တော့ အော့နှလုံးနာသည်။ အရက်သိက္ခာကျအောင် သည်လောက်တောင်မှ ခွေးသောက်နွားသောက် သောက်ရသလား စိတ်ထဲက ပြောမိသည်။ ပြောသာပြောရ ခွေးတွေနွားတွေက အရက်သောက်တတ်ကြသည် မဟုတ်။ ၃၁ ဘုံမှာ လူဆိုသည့် သတ္တဝါတွေထဲမှ ကိုယ်အပါအဝင် အတော်များများကသာ အရက်သောက်တတ်ကြသည်။ သောက်သည်မို့ သောက်ပြီထားဦးတော့ သည်လောက်ကြီးတော့ဖြင့် လူထူထူမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ဖို့ မကောင်းဘူးထင်သည်။ အရက်မှာအပြစ်မရှိ လူမှာသာ အပြစ်ရှိလေသည်။

သကောင့်သား သုံးကောင်ကို ခပ်သုတ်သုတ်မျက်နှာလွှဲပြီး ဆက်လျှောက်တော့ အင်းလျားကန်ထဲမှရေတွေကိုရေပက်ကစားဖို့ စုပ်တင်နေသည့် ရေစုပ်စက်ကြီးတွေနားသို့ရောက်သွားသည်။ ခပ်လှမ်းလှမ်းမှာ IBC အဆောက်အအုံကို မြင်နေရသည်။ ဘာရယ်မဟုတ်ဘဲ ရေစုပ်စက်ကြီးတွေကို ရေတွက်ကြည့်မိတော့ စုစုပေါင်း ၁၂ လုံး။ အားလုံးက မြင်းကောင်ရေ ၂၀-၂၅ ထက်နည်းပုံမရသည့် အင်ဂျင်ကြီးတွေဖြစ်၏။ ရှစ်လက်မပိုက်ကြီးတွေနှင့် လီဘာကုန် တထုံးထုံး မောင်းနေကြသည်။ ခုမှ ပြန်တွေးတော့ စောစောကပြည်လမ်းပေါ်တွင်ချောင်းပေါက်အောင်စီးနေသည့်ရေတွေ ကမိုးရွာသည်မှမဟုတ်ဘဲ။သင်္ကြန်မောင်မယ်တို့ ရေကစားကြသည့် အင်းလျားကန်ထဲမှ ရေတွေပါလား. . .။

သည်ရေတွေကိုကြည့်ရင်းနှင့်ပင် ကိုယ့်စိတ်က မနက်တုန်းကမှ Facebook မှာဖတ်လိုက်ရသည့် Online မိတ်ဆွေ ကဗျာဆရာမလေးတစ်ယောက် ရေးထားသည့် စာစုလေးတစ်ခုဆီပြန်ရောက်သွားသည်။အဲ့ဒီစာကလေးကို ကိုယ်ကတော့ ကဗျာလေးလို့ပဲ ခံစားရသည်။ သီဂီရနှင့် ကရုဏာရသ မြောက်နေသည့် သူ့ကဗျာလေးက ကောင်းလွန်းတော့ သူ့စေတနာ စာနာစိတ်ကလေးက ကိုယ့်ရင်ထဲ စွဲကျန်နေခဲ့သည်။

"သူငယ်ချင်းရေ. . . ငါတို့ဆီမှာ သင်္ကြန်ကျနေပြီ။ မင်းတို့တောင်ပေါ်မှာတော့ ရေတွေ ခန်းနေရောပေါ့နော်. . . အနူးတစ်ယောက် အနိမ့်ထဲကို ရေဆင်းပိုးရတော့မှာပေါ့။ အနူးကို ရေဆင်းမပိုးပါခိုင်းပါနဲ့ဟယ်. . . အနူးတစ်ခုခုဆို မလွယ်ဘူးပေါ့. . . ငါဖြင့်လေ အနူးအတွက်တအားစိတ်ပူတယ်သိလား. . ." တဲ့။

ချင်းတောင်တန်းပေါ်မှာရေတွေရှားနေတဲ့အချိန် တို့တွေက (ရေတွေဖုံးပေါလအော သုံးကြတဲ့) သင်္ကြန်ကျနေပြီတဲ့။ အနူး (အမေ)ကို ရေမပိုး (သူတို့ဆီမှာတော့ ရေရှိတဲ့တောင်အောက်ကနေ တောင်ပေါ်ကို ဝါးဆစ်ပလိုင်းနဲ့ကျောပိုးတက်ရသည်မို့)မခိုင်းပါနဲ့. . . တဲ့။ တောင်ပေါ်သူ သူငယ်ချင်းရဲ့ မိခင်အတွက် စိတ်ပူတတ်နေတဲ့ရေပေါရာ မြေပြန့်က မြန်မာသူငယ်ချင်းမလေးရဲ့စေတနာ။ ကိုယ်ချင်းစာစိတ်. . . .။

ခုတော့သည်မှာ ရန်ကုန်မြို့ ပြည်လမ်းမကြီးပေါ်မှာ အင်းလျားကန်ထဲမှ စက်ကြီး ၁၂ လုံးနဲ့ အားကောင်းမောင်းသန် စုပ်ထုတ်ပြီး အဟောသိကံ ဖြစ်နေလိုက်သည့် ရေတွေက ကုန်းခေါင်ခေါင်ချောင်းကြီးဖောက်လို့. . .။ မြန်မာ့ရိုးရာအတာသင်္ကြန်ဆိုသည်က ငွေဖလားထဲမှနံ့သာရေကိုသပြေခက်ဖြင့် အသာဖျန်းကြသည်တဲ့။ ခုတော့မီးသတ်ပိုက်တွေနှင့်လည်း အင်ဂျင်စက်ကုန်ဖွင့်ပြီး အသေအကြေထိုးနေကြပုံက သင်္ကြန်မှ ဟုတ်လေရဲ့လား ရေတွေကို အဟောသိကံ ဖြန်းတီးပစ်နေသလိုနှင့် မတူပေဘူးလား အတွေးက ကြွက်မြီးတန်းနေမိပြန်သည်။

ကန်ပေါင်ပေါ်မှ ဆင်းကာ ပြည်လမ်းပေါ်ရှိနှစ်ထပ်ရေကစားမဏ္ဍပ်ကြီး တစ်ခုရှေ့မှ ပလက်ဖောင်းပေါ်ရပ်ပြီး မော့ကြည့်မိတော့ နှစ်ထပ်မဏ္ဍပ်ကြီးပေါ်မှာ ကိုယ်စီကိုင်ထားသည့် ရေပိုက်ကလေးတွေက သဲသဲလှုပ်။ အဲဒီလို မဏ္ဍပ်တစ်ခုတွင် ရေကစားနိုင်သည့် ပိုက်အချောင်းပေါင်း ၅၀၀ ကျော် ရှိသည်တဲ့။

စင်ရှေ့တွင် ကားတွေက မရွေ့တမ်း ကျပ်ခံနေသည်။ ဘာသံစဉ်မှန်းမသိသည့် တေးသွား၏ ဘေ့စ်သံက နှလုံးသွေးကြောကိုပင် လာလာဆို့ပစ်လိုက်သလား ခံစားရသည်။ ဘာပဲဖြစ်ဖြစ် သူတို့ဟာနှင့်သူတို့ အဆင်ပြေပြေကနေ၊ခုန်နေကြသူတွေက စင်ရှေ့မှာ အများအပြား။

မျက်လုံးကို ဟိုသည်ရွှေ့မိတော့ ကတ္တရာလမ်းမပေါ်တွင် ဟိုတစ်ကွက်၊ သည်တစ်ကွက် ဗရပွကျဲနေသည့် အရက်အန်ဖတ်တွေကို မြင်သည်။ ကိုယ့်နားရွက်နောက်မှ မွေးညင်းတွေ ထောင်လာပြီး ကြက်သီးတွေ ထလာသဖြင့် ခပ်မြန်မြန် မျက်နှာလွှဲရသည်။ အူတွေ၊ အသည်းတွေပင် ယားသွားသည်။ အော်ဂလီဆန်စရာ မြင်ကွင်းကြောင့် သင်္ကြန်၏ အလှအပတွေလည်း ပျက်ကုန်သည်။

ကပျာကယာ ရွှေ့ပစ်လိုက်မိသည့် မျက်လုံး၏မြင်ကွင်းထဲသို့ အသက်(၇)နှစ်၊ (၈)နှစ်အရွယ်ရှိမည့် ကလေးမလေးတစ်ယောက် ရောက်လာသည်။ သင်္ကြန်ရေတွေ စီးနေသည့် ပလက်ဖောင်းစပ်မှာ။ ဖိနပ်မပါသည့် သူ့တစ်ကိုယ်လုံးလည်း ရေတွေရွှဲရွှဲနစ်လို့။ သူ့နှုတ်ခမ်းလေးတွေကပြာနေပြီ။ သူ့မျက်လုံးလေးတွေက ဟိုသည် တဖျပ်ဖျပ်ရွေ့နေ၏။ သူ့မျက်လုံးလေးထဲမှာ အရောင်တစ်ချက် လက်သွားသည်။ ပလက်ဖောင်းစပ်တွင် ကျနေသည့် ရေသန့်ဘူးခွံလေးကို ရတနာတစ်ခုလို ပြေးကောက်သည်။ သူ့ရင်ဘတ်ကလေးထဲမှာ နဂိုကတည်းက တန်ဖိုးထား ပွေ့ပိုက်လာသည့် ရေသန့်ဘူးခွံ လေး၊ ငါးဘူးနှင့် ရောကာ ပွေ့လိုက်သည်။ သူ့မျက်လုံးလေးတွေက နောက်ထပ် ရေသန့်ဘူးခွံလေးများ တွေ့လိုတွေ့ငြား ဟိုသည် တဖျပ်ဖျပ်ရွေ့နေပြန်သည်။မဏ္ဍပ်ဆီမှ တီးလုံးသံလည်းကြားဟန်မတူ။ သင်္ကြန်ရေလည်း မြင်ဟန်မတူ။ သည်ကလေးကိုကြည့်ရင်း ကိုယ့်ရင်ထဲမှာဖြင့် တစ်ခုခုက လာဆို့ထားသလို နင်နေသည်။

ကိုယ့်ရှေ့မှ ဖြတ်လျှောက်သွားသည့် ကလေးမလေး၏ ရေစိုစို ခြေသလုံး မည်းမည်းလိုလိုလေးနောက်သို့ပါသွားသည့်ကိုယ့်မျက်လုံးက ဆိုင်းထမ်းဒယ်အိုးသေးသေးလေးနှင့် ဘယာကြော်ကြော်ရောင်းသည့် အိန္ဒိယနွယ်ဖွား လူငယ်လေးဆီ ရောက်သွားပြန်သည်။ သူ့အသက်(၂၀)နှစ်အောက်မှာပဲရှိမည်ထင်သည်။ပြုံးနေသည့်သူ့မျက်လုံးအစုံက သူ့လက်ထဲမှ သူရေတွက်နေသည့် ငွေစက္ကူတွေထဲသို့ စိုက်ဝင်နေသည်။ သူ့လက်ထဲမှာ ငါးထောင်တန်တွေ. . . တစ်ထောင်တန်တွေ. . . ငါးရာတန်တွေ. . . အထပ်လိုက်. . .။

ငွေစက္ကူတွေကို ရေတွက်ပြီးသွားသည့် သူ့မျက်နှာက ဝင်လုဆဲနေလုံးကြီးဆီ မော့ကြည့်လိုက်သည့်အခါ သက်ပြင်းလေး ဖွဖွမှုတ်လိုက်သေးပုံရသော်လည်း အပြုံးတွေနှင့်. . .။

သူနှင့်အတူဝင်လုဆဲနေဝန်းနီကြီးဆီ ကိုယ်ပါလှမ်းကြည့်မိတော့ နေဝန်းကြီးက ၁၃၇၄ ခုနှစ်ကို နှုတ်ဆက်နေပြီ။ ၁၃၇၅ ခုနှစ်ဆီ ခရီးဆက်ဖို့ ဟန်ပြင်နေပြီ။

သို့ဆိုစေနှစ်သစ်သည်ကျွန်ုပ်တို့ကမ္ဘာသူ၊ ကမ္ဘာသား အားလုံးတို့အား မင်္ဂလာအောင် သပြေဖြင့် ကြိုဆိုပါစေသား. . . ဟု။ ။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

၂၀၁၂၊ ဖေဖော်ဝါရီ အရင်ဆုံး အင်ဂျင်နီယာများ ရောက်လာသည်။ မှန်ပြောင်းတွေ၊ ကွန်ဗတ်စ်တွေ၊ ပေကြိုးတွေနှင့် ကြည့်ကြ၊ တိုင်းကြသည်။ ကရိန်း လိုဝန်ချီစက်ကြီးတွေ ရောက်လာသည်။ ပြည်လမ်းမကြီးတွင် ယာဉ်များဖြတ်သန်းနေခြင်းကို အကာအရံတွေဖြင့်ကန့်သတ်လိုက်သည်။ Safety First ဆိုင်းဘုတ်အနီတွေ ထောင်လိုက်ကြသည်။ ရောမလွန် တူးစက်ကြီးတွေက အသွားတမြမြဖြင့် နှစ်ပရိစ္ဆေဒကြာမြင့်လှပြီဖြစ်သော ကတ္တရာလမ်းမကြီးကို အလယ်ဗဟိုမှ ထက်ပိုင်းခြမ်းထိုးခွဲ ကော်ထုတ်လိုက်သည်။ နဂိုတည်းက ယာဉ်ကြောကျပ်တည်းနေသော နေရာတွင် အကာအရံ၊ အတားအဆီးတွေချထားလိုက်တော့ သွားရေးလာရေးအချိန် ပိုမိုကြာမြင့်လာသည်။ နဂိုတည်းက လှည်းတန်းဝန်းကျင်ဆို မလိုက်ချင်သော တက္ကစီတွေ အငှားရခက်သွားသည်။ ခုံးကျော်တံတားကြီး တည်ဆောက်နေချိန်အတွင်း လှည်းတန်းဝန်းကျင်မှာ ဖုန်အလိမ်းလိမ်းထနေပေတော့သည်။ လမ်းလျှောက်သွားလာသူအချို့ မြောင်းတွေ၊ စက်ကိရိယာတွေရှောင်ကွင်းသွားရသည်။ တဝှီးဝှီးလေတိုးသံနှင့်အတူ လိုင်းကားကြီးတွေအနားမှ ပွတ်ကာသီကာအသည်းတယားယားဖြတ်သန်းသွားကြ၊ မြောင်းနှုတ်ခမ်းစပ်လျှောက်နေသူများမျက်နှာဆီ ဖုန်မှုန့်တွေပြေးကပ်လာကြ။

ဤသည်မှာ ကမာရွတ်လှည်းတန်းလမ်းဆုံ ခုံးကျော်တံတားတည်ဆောက်နေချိန် မြင်ကွင်းများ ဖြစ်လေသည်။

# ပါရာဒိုင်း လှည်းတန်း

ချမ်းငြိမ်း



ဓာတ်ပုံ - ကျော်ဇင်သန်း

(၁)

၂၀၁၁ နှစ်ကုန်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းခေါင်းဆောင်သော အဖွဲ့က နေပြည်တော်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကာ မြို့တော်ရန်ကုန်၌ လေးလအတွင်း ခုံးကျော်တံတား လေးစင်း တည်ဆောက်မည်ဟု ပြောသည်။ ရန်ကုန်ပြည်သူတွေ မျက်ခုံးပင့်သွားသည်။ သို့ရာတွင် ယင်းတံတား လေးစင်းအနက် ပထမဦးဆုံးသော လှည်းတန်း ခုံးကျော်တံတား စီမံကိန်းကိုပင် ၂၀၁၂ ဖေဖော်ဝါရီလမှစတင်နိုင်ခဲ့ရာ သတင်းထုတ်ပြန်ပြီး သုံးလကျော်မှ စတင်နိုင်ခြင်းဖြစ်သည်။ လှည်းတန်းခုံးကျော် တံတားနှင့်အတူ မူလက ဘုရင့်နောင်၊ ရွှေဂုံတိုင်နှင့် တာမွေအရပ်တို့တွင် ခုံးကျော်တံတားများတည်ဆောက်မည်ဟု လျာထားခဲ့သော်လည်း နောက်ပိုင်း၌ တာမွေခုံး ကျော်တံတား စီမံကိန်း ပျက်သွားသည်။ တံတားများ တည်ဆောက်ခြင်းနှင့်အတူ ပြည်တွင်းမီဒီယာများတွင် ဝေဖန်မှုများ ပေါ်ထွက်လာသည်။ ယခုလို တံတားများ တစ်ပြိုင်နက်တည်း ဆောက်လုပ်မည်ဆိုပါက အသစ်တင်သွင်းခွင့်ပြုထားသည့် မော်တော်ယာဉ်မူဝါဒကြောင့် ယာဉ်ကြောကျပ်တောက်ခြင်း အလွန်အမင်း ဖြစ်ကုန်မည်ကိုဝေဖန်ထောက်ပြလာကြသည်။ သို့သော် အစိုးရမင်းတို့ကား မူလစီစဉ်ထားသည့်အတိုင်း အကောင်အထည် ဖော်လေတော့သည်။ တကယ်လည်း အားသွန်ခွန်စိုက်လုပ်ရှာပါ၏။ သို့ရာတွင် ထိုခုံးကျော်တံတားများမှာ လေးလနှင့်မပြီး၊ ရှစ်လနှင့်လည်းမပြီးပါ။ မူလခန့်မှန်းထားသည့်အတိုင်း ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှုများ အကြီးအကျယ်ပေါ်ပေါက်လာသည်။ အထူးသဖြင့် ဘုရင့်နောင်နှင့် လှည်းတန်းက တစ်ဆက်တည်းမို့ထိုဝန်းကျင်မှာယာဉ်တွေ ရှေ့တိုးမရ၊ နောက်ဆုတ်မရ ကျောက်ချကြရပြီ။ အချို့ ကားထဲမှထွက်ကာနီးစပ်ရာအရိပ်အောက် ငုတ်တုတ်သွားထိုင်နေကြသည်။ အထူးသဖြင့် ဒဂုံရောအဝေးပြေးဝင်းမှလာသော မြစ်ဝကျွန်းပေါ်ဘက်က ဒေသခံတွေ တစ်လမ်းလုံး ဒုံးပြေးစီးလာပြီးကာမှ ဘုရင့်နောင်မှာ၊ လှည်းတန်းမှာ သောင်တင်ကြရသည်။ ဤသည်မှာကာလအားဖြင့် တစ်နှစ်ကျော်ခဲ့ပါသည်။

(၂)

ဟိုးတုန်းကတော့ လှည်းတန်း ဝန်းကျင်သည် လွမ်းစရာကောင်းလှသည်။ ရန်ကုန်တက္ကသိုလ်၊ အင်းလျားတို့ဖြင့် တစ်ဆက်တည်း တည်ရှိသော ကမာရွတ်လှည်းတန်းသည် သမိုင်းကြောင်းအရ အထင်အရှားလူသိများခဲ့သည်။ လှည်းတန်းဟုဆိုလျှင် တစ်ချိန်က သိမ့်သိမ့်တုန်သွားတတ်သည်။

အဘယ်ကြောင့်ပါနည်း။

ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် တက္ကသိုလ်ကျောင်းသားများအရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များထဲ၌ လှည်းတန်းက ထိပ်ဆုံးမှပါသည်။ မာန်ဟုန်ပြင်းသည့် ခွပ်ဒေါင်းအလံ စွဲကိုင်ပြီး တက္ကသိုလ်ပရိဝုဏ်ထဲမှ ထွက်ခွာကာ မိဘပြည်သူများနှင့် အကြိမ်ကြိမ် ထိတွေ့ပေါင်းစည်းခဲ့တာ လှည်းတန်းမှာ ဖြစ်သည်။ ဆင်မလိုက်သဘော်ာကျင်း အလုပ်သမားတွေ ဥဩပြိုင်တူဆွဲပြီး အလုပ်သမားအလံကို လွှင့်ထူကာ ဦးတည်ချီတက်ခဲ့တာ လှည်းတန်းအဝိုင်းကြီးဆီဖြစ်သည်။ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း ကျောင်းသားပြည်သူတွေ အစာအငတ်ခံကာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့တာဟောသည့်လှည်းတန်းထိပ်မှာဖြစ်သည်။ ၁၉၉၆ ဒီဇင်ဘာလက လမ်းမီးအမှောင်ချကာ ကျောင်းသား၊ ကျောင်းသူတွေကို ရက်ရက်စက်စက် နှိမ်နင်းရိုက်နှက်ခဲ့တာ ဟောသည့် လှည်းတန်းထိပ်မှာ ဖြစ်သည်။ ဒီမိုကရေစီအရေး၊လူ့အခွင့်အရေးအတွက် လူထုကြွေးကြော်သံတွေ၊ တက်ခေါက်သံတွေ၊ ဂျီသရီး ဂျီဖိုး မောင်းပြန်သေနတ်သံတွေ၊ ကျည်ဆန်ထိမှန်၍ အော်ဟစ်ညည်းတွားသံတွေရောပွမ်းရာ မြေမှာ ထိုလှည်းတန်းမြေဖြစ်သည်။

မှတ်မိနေသေးသည်။ ကျောင်းသားအရေးအခင်းတစ်ခုတွင် စစ်တပ်က တက္ကသိုလ် ပရိဝုဏ်ထဲ ဝိုင်းဝန်းပိတ်ဆို့ နှိမ်နင်းရာမှ လွတ်မြောက်လာသည့် ကျောင်းသားလေးနှစ်ဦးမှာ လှည်းတန်းရှေ့ တက္ကသိုလ် ဓမ္မာရုံကြီးနားရောက်ခါမှ ကြက်ကလေး၊ ငှက်ကလေးလို အဖမ်းခံရသည်။ သံချပ်ကာ ဘရင်းကယ်ရီယာများ တပ်စွဲထားသော ဓမ္မာရုံဝင်းထဲမှ လက်နက်ကိုင်စစ်သားများက လက်နက်ဆို၍ အပ်တိုတစ်ချောင်းပင် မပါရှာသော ထိုကျောင်းသားလေးနှစ်ဦးအား လုံ့စွပ်ဖြင့်ချိန်ရွယ်ကာ အသင့်ရပ်ထားသည့် အချုပ်ကားပေါ်သို့ တက်ခိုင်းသည့်မြင်ကွင်းကို ယနေ့တိုင် မမေ့နိုင်သေး။ ထိုစဉ်က အဆိုပါ ကျောင်းသားလေးနှစ်ဦးမှာ ဖုန်အလူးလူးဖြင့် ပေရေညစ်ပတ်နေပြီး ဖိနပ်ပင်မပါဘဲ အချုပ်ကားပေါ်သို့ ခေါင်းငိုက်စိုက်တက်သွားကြသည်။ သမိုင်းအစဉ်အလာ ကြီးမားခဲ့သော တက္ကသိုလ် ဓမ္မာရုံဝင်းကြီးထဲမှာ လုံ့စွပ်တပ် မောင်းပြန်သေနတ်ကိုင်ဆောင်ထားသည့် စစ်သားတွေအပြည့်။ သံချပ်ကာအမြောက်တင်ယာဉ်ကြီးတွေ၊ စက်သေနတ်ကြီးတွေ တကားကား။ ဤမြင်ကွင်းက လှည်းတန်းနှင့် ပတ်သက်တိုင်း မကြာခဏ မြင်ယောင်နေသော မြင်ကွင်းလည်း ဖြစ်ပါသည်။ လှည်းတန်းသမိုင်းသည် မင်းဆိုးမင်းညစ် အဆက်ဆက်ကြောင့်ညစ်ညမ်းခဲ့ရသည်။ လှည်းတန်းထိပ်မှာ သွေးနဲ့မျက်ရည်မိတ်ဆွေဖြစ်ခဲ့ကြသည်။ ဤသည်ပင် မြန်မာပြည်နွေဦးကို စတင်ဖွင့်လှစ်ရာ နေရာဖြစ်ခဲ့သည်။

(၃)

ယခုတော့တံတားအောက်မှ ရေများ စီးသွားကြသလို အချိန်ကာလ၏ ရွေ့လျောခြင်းနှင့်အတူ လှည်းတန်း ဝန်းကျင်သည် အပြောင်းလဲကြီးပြောင်းလဲလာသည်။ လှည်းတန်းထိပ် လှည်းတန်းလမ်းနှင့် အင်းစိန်လမ်းမ ဆုံရာတွင် တည်ရှိသော လိပ်ပြာတောင် အဆောက်အအုံကို ဖျက်ကာ ပြည်မြန်မာကုန်တိုက်ဟူသည့် မှန်အမည်းတပ်ရှစ်ထပ်တိုက်ကြီးဆောက်လုပ်လိုက်ပြီး ထိုမှတစ်ဖန် ယင်းအဆောက်အအုံကို ပုဂ္ဂလိကထံ လေလံပစ်ခဲ့သည်။ ယင်း၏ မျက်နှာချင်းဆိုင်ဖြစ်သော ဂိုးရှိုးစတိုး၊ အမိပတိစတိုး၊ Union ဓာတ်ပုံတိုက်၊ ဝင်းဆံသ၊ ရှမ်းတောင်တန်းလက်ဖက်ခြောက်၊ အလိမ္မာစာပေ နေရာတွင် လှည်းတန်းစင်တာဟူ၍ ဆောက်လိုက်ကြသည်။ ထိုလှည်းတန်းစင်တာစတင်ဆောက်လုပ်စဉ် လွန်ခဲ့သော ဆယ်မိုးဆယ်နွေက ၂၈ ထပ်ပါသည့် အဆောက်အအုံတည်ဆောက်ရန် စီစဉ်ခဲ့သော်လည်း ၂၀၀၆ ခုနှစ်တွင်ရှစ်ထပ်သာဆောက်လုပ်မည်ဟု ဆောက်လုပ်သည့်ကုမ္ပဏီက ထုတ်ပြန်ကာ အချိန်အတန်ကြာ စီမံကိန်းကို ရပ်နားထားခဲ့သည်။ ဆောက်လုပ်စဉ်က သုံးနှစ်သာကြာမည်ဆို၍ သဘောတူ ဖယ်ရှားပေးခဲ့သော မူလပိုင်ရှင်တွေ လည်တဆန့်ဆန့်ဖြစ်ကုန်သည်။ သုံးနှစ်စီမံကိန်းသည် ခြောက်နှစ်လည်းမပြီး၊ ကိုးနှစ်လည်းမပြီး။ သို့သော် ယခု ဆယ်မိုးဆယ်နွေအကြာမှာတော့ဝင့်ထည်လှပစွာပြီးစီးလုပါပြီ။ သို့သော် ထိုဆယ်နှစ်တာကာလအတွင်းမှာ မူလနေထိုင်သူများ ဘဝအခြေအနေ ပြောင်းသွားသည်။ အချို့ကွယ်လွန်ခဲ့သလိုအချို့မှာ အိမ်နေရာချည်းသက်သက် ဖယ်ပေးရခြင်းမျိုးမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းပါဖျက်ပေးရ၍ ဘဝတွေပျက်သွားကြသည်။ မြို့သစ်တွေဆီ လွင့်ကုန်သည်။ အဆောက်အအုံသစ်ဆောက်လိုက်၍ အောင်ချမ်းသာလမ်းပျောက်သွားသည်။ ဆရာဦးခင်မောင်လတ်သင်တန်းကျောင်းလေး မရှိတော့၊ ကိုယုန်ကြေးအိုးမရှိတော့။ အဖျက်ခံရသည့်အထဲ စာရေးဆရာကြီး ထင်လင်း၏ အိမ်လေးပါသွားသည်။ ခနုဖြူဒေါ် စောရီထမင်းဆိုင် ပါသွားသည်။ ယခုမူ သူတို့အားလုံးမှာ နှစ်ကာလများစွာ စောင့်ဆိုင်းခဲ့ရသော လှည်းတန်းစင်တာကြီး ပြီးလုပြီဖြစ်၍ မူလနေရာသို့ပြန်တက်ရန် တပြင်ပြင်။

သို့ရာတွင်ကား. . . . .

(၄)

ဆယ်စုနှစ် နှစ်ခုနီးပါး စည်ကားခဲ့သော ယခင်ပြည်မြန်မာကုန်တိုက်ကြီးမှာ ယခုမူ ခြောက်သယောင်းနိုင်လှသည်။ တစ်ချိန်က ထိုအဆောက်အအုံကြီးထဲမှ ဖြတ်လမ်းသည် လှည်းတန်းနှင့် မကင်းသူတိုင်း လျှောက်ဖူးသည်။ တစ်ချိန်က ပြည်မြန်မာကုန်တိုက်ဝင်းထဲမှာ ကုမ္ပဏီရုံးခန်းတွေရှိခဲ့သည်။ စက်ချုပ်ဆိုင်၊ အဝတ်အထည်ဆိုင်တွေ စီတန်းရှိခဲ့သည်။ စာရေးကိရိယာ၊ မိတ္တူ၊ ဖိနပ်၊ အလှကုန်ပစ္စည်း၊ ဖန်စီပစ္စည်း၊ ဓာတ်ပုံဆိုင်အသီးသီးတည်ရှိခဲ့သလို လက်ဖက်ရည်ဆိုင်များဖြင့် ဆယ်စုနှစ်နှစ်ခုခန့်ကြာ စည်ကားသိုက်မြိုက်စွာ ရှိခဲ့ဖူးသည်။ ထိုတစ်ပိုင်တစ်နိုင် ဆိုင်လေးတွေမှာ ဝင်ရောက်လုပ်ကိုင်ရင်း ဘွဲ့ရသွားသည့် ကျောင်းသူတွေလည်း မရှား။ နိုင်ငံခြားသဘော်ာလိုက်သွားသည့် အဝေးသင်တက္ကသိုလ် ကျောင်းသားလေး၏ ဘဝတစ်ဆစ်ချိုး နေရာဆိုရင်လည်း မမှား။ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ တည်ရှိရာအရပ်၊ ထိုအရပ်သည်. .

၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီ စစ်အစိုးရ၏ နောက်ဆုံးငွေရှာပွဲဟု ဆိုချင်ဆို အထင်ကရအဆောက်အုံတွေ၊ မြေနေရာတွေကို လေလံပစ်သည်။ လေလံအောင်သူအများစုမှာ ၎င်းတို့နှင့် ပတ်သက်ဆက်နွှယ်သော ခရိုနီကြီးများဖြစ်ကြသည်။ လေလံစာရင်းကို သတင်းစာမှ တရားဝင်ထုတ်ပြန်ပါသော်လည်း ယင်း၏ နောက်ဆက်တွဲ အပေးအယူ၊ အလွှဲအပြောင်းများတွင်ပွင့်လင်းမြင်သာမှု မရှိခဲ့။

သိသာထင်ရှားမှုကတော့ ပြည်မြန်မာကုန်တိုက်ဝင်းကြီးထဲက ဘဝတွေ လွင့်သွားကြသည်။ တစ်ပိုင် တစ်နိုင် စီးပွားရေးလုပ်ငန်းလေးတွေ ပျက်သွားကြသည်။ ဆိုင်ရာက အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်း၍ ဖုတ်ပူမီးတိုက် ဆိုင်ဖျက်ပေးလိုက်ရသည်။ အပြောချိုချို၊ စေတနာပါပါဖြင့် ရောင်းလေ့ရှိသော ဖိနပ်ဆိုင်မှကောင်မလေး ပျောက်သွားသည်။ အမြဲလိုလို တက်ကြွစွာ စာပွဲထိုးလေ့ရှိသော အညာသားလေး မမြင်ရတော့။ ဆိုရလျှင် ဘဝပေါင်းများစွာဖရိုဖရဲလွင့်ထွက်သွားပါသည်။ ဤသို့ ဖုတ်ပူမီးတိုက် ပြောင်းရွှေ့ခံရ၍ ပြည်မြန်မာကုန်တိုက်ကြီး နေရာတွင် တစ်စုံတစ်ရာ အလျင်အမြန် ပေါ်ထွက်လာနိုးနိုး လူတွေစိတ်ဝင်စားလာ ကြသည်။ သို့သော် ထိုစိတ်ဝင်စားမှုမှာ တစ်လမခံ။ ဝင်းတံခါးကြီးကို သော့ခလောက်ကြီးတွေဖြင့် ခတ်ထားလိုက်သည်။ လျှပ်စစ်မီးတွေ ငြိမ်းထားလိုက်သည်။ ဝင်းထဲမှာ တုတ်တစ်ချောင်းကိုင်၍ လှည့်ပတ်နေသူတစ်ဦးကို အမြဲလိုလို မြင်ရ၏။ ထိုနေရာဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေပြီး ညဥ့်အခါဆို မှောင်နှင့်မည်းမည်း ထီးတည်းတည်ရှိနေလေသည်။

(၅)

နှစ်သိန်းဖုန်းများ ပေါ်လာစဉ်ကစ၍ လှည်းတန်းဝန်းကျင်တွင် ဖုန်းနှင့်အပိုပစ္စည်းအရောင်းဆိုင်များ အလျှိုလျှို ပေါ်လာကြသည်။ တစ်ဆက်တည်း ဖုန်းပြင်ဆိုင်များ၊ ဂိမ်းနှင့်သီချင်းသွင်းဆိုင်များ၊ အမိုးအဖီကလေးများ ထိုးကာ ဖွင့်လှစ်လာကြသည်။ ဆိုးဆေးဆံပင်ဂုတ်ဝဲမိန်းကလေးတွေ စကတ်တိုတို ပေါင်တံဖြူဖွေး မိန်းကလေးတွေ၊ ပန့်ကေ ကျောပိုးအိတ်လွယ်ထားသော လူငယ်တွေရဲ့လက်ထဲ ဖုန်းတကိုင်ကိုင်၊ နားကြပ်တပ်ကာ လျှောက်သွားကြသည်။ သူ့ထက်ငါ ဘယ်လိုဖုန်းအမျိုးအစားမျိုးကိုင်သလဲ မသိမသာ အကဲခတ်ကြသည်။ iPhone သုံးသူများ၊ Galaxy Note II ကိုင်ထားသူများ မသိမသာ ကြွားဝါပြရာနေရာသည် လှည်းတန်းဖြစ်နေပါသည်။ စတိုးဆိုင်က တရုတ်မကြီး ဟိုဟိုသည်သည် ငေးမောမနေတော့။ Tablet တစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ကွမ်းယာရောင်းသည့်ကောင်လေး ဖုန်းတစ်လုံးကို ကလိနေပါသည်။

**စာမျက်နှာ(၃၁)သို့**

ရာစုနှစ်၏ ထက်ဝက်ကျော် လွတ်လပ်စွာပြောဆိုခွင့်ပိတ်ပင်ခံထားရပြီး စာတိုတစ်စောင်ကိုယ့် အီးမေးလ်ထဲ ရောက်ပါကထောင်ဒဏ်နှစ်ရှည်ချသည်အထိ ဆိုးရွားခဲ့သောမြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ပိုင်းအတွင်းကမှ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကြောင့် ဖေ့စ်ဘွတ်ခ် အပါအဝင် အင်တာနက်တွင် ရေးသားမှုများလွတ်လပ်မှု အထိုက်အလျောက် ရရှိခဲ့သည်။

လူမှုကွန်ရက်များ၊ ဘလော့ဂ်များကြောင့် အထီးကျန်နိုင်ငံမှလူများသည် ကမ္ဘာပေါ်တွင်ဖြစ်ပျက်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိခြင်း၊ လူသားသန်းပေါင်းများစွာနှင့် ဆက်သွယ်ပြောဆိုနိုင်ခြင်း စသည့် အခွင့်အရေးများကို ရရှိခဲ့သည်။ တစ်ချိန်တည်းတွင်ပင် ပုဂ္ဂိုလ်ရေး အသရေဖျက်မှုများ၊ သွေးထွက်သံယို အဓိကရုဏ်းဖြစ်ပွားစေရန် လှုံ့ဆော်သည့် အရေးအသားများသည် အင်တာနက်ဆက်သွယ်ရေး ပွင့်လင်းစ မြန်မာနိုင်ငံတွင် စိန်ခေါ်မှုများအဖြစ် ကြုံတွေ့နေရသည်။

လူတစ်ယောက်နှင့် ဓာတ်ပုံတွဲရိုက်လိုသည်နှင့် ဖေ့စ်ဘွတ်ခ်ပေါ်တွင် သင်သည် အမျိုးဖျက်တဲ့သူ၊ ဒါမှမဟုတ် ခေတ်သစ်နာဇီဟုလည်း တံဆိပ်ကပ်ခံရနိုင်သည်။

သင်သည်တိုင်းပြည်အတွက် အသက်စွန့်ပြီး တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့သည့် စည်းကမ်းလိုက်နာသော တပ်မတော်သားတစ်ဦးဖြစ်နေပါစေ ဖေ့စ်ဘွတ်ခ်ပေါ်တွင် စစ်ရာဇဝတ်မှုမျိုးစုံ ကျူးလွန်ခဲ့သူဟု စွပ်စွဲခံရနိုင်သည်။

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် နှစ်ရှည်လများ ခရီးကြမ်းကို ဖြတ်သန်းခဲ့ရသူ တစ်ယောက်သည်လည်း ဖေ့စ်ဘွတ်ခ်ပေါ်တွင်တိုင်းပြည်ကိုရောင်းစားမည့်သူလည်း နေ့ချင်း ညချင်း ဖြစ်သွားနိုင် သည်။

သင်ဟာ ဘယ်လောက် အလုပ်ကြိုးစားတဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်ပါစေ ဖေ့စ်ဘွတ်ခ်ပေါ်မှာ တိုင်းပြည်ဝင်ငွေတွေကို အလွဲသုံးစားလုပ်သူတစ်ယောက်လည်း ဖြစ်သွားနိုင်သည်။

သည်လိုမျိုး သင်တစ်ကြိမ်တစ်ခါမှ မမြင်ဖူးတဲ့ အမျိုးသမီး၊ ဒါမှမဟုတ် အမျိုးသားတစ်ဦးရဲ့မကောင်းသည့်အကြောင်း ပုံနှင့်တကွ ရေးသားထားသည်ကိုမြင်တွေ့သည့်အခါ ရေးသူရော၊ အရေးခံရသူပါသင်နှင့်မသိသူများဖြစ်သောကြောင့် ဒီကိစ္စမှာ သင်နှင့်မည်သို့မျှ မသက်ဆိုင်ဘူးဟု မထင်လိုက်ပါနှင့်။ အသရေဖျက် လှုံ့ဆော်ရေးသားသူများသည် မည်သူ့မျှကို မရှောင်ကြဉ်ကြတော့။

ယနေ့တွင် အမျိုးသမီးငယ်များ၊ ထင်ရှားတဲ့ နိုင်ငံရေးသမားများ၊ တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများသည် ပစ်မှတ်အဖြစ် ပုဂ္ဂိုလ်ရေး တိုက်ခိုက်ခံနေရသော်လည်း မနက်ဖြန်တွင် သင်လည်း ဖြစ်ကောင်းဖြစ်နိုင်သလို သန်ဘက်ခါမှာ သင့်မိသားစုထဲကတစ်ယောက်လည်း ဖြစ်သွားနိုင်သည်။

သည့်အတွက် ဘာမှရှင်းပြခွင့်မရမီ သင့်အကြောင်း မဟုတ်တမ်းတရားရေးသားထားသည်ကို ကမ္ဘာတစ်ဝန်းကလူတွေမိနစ်ပိုင်းအတွင်းသိသွားပါလိမ့်မည်။ တချို့က အချိန်အနည်းငယ်အတွင်းမေ့လိုက်ပေမယ့် အချို့အတွက်တော့ ရေးသားပြောဆိုခံရသူများ အတွက် တစ်ချိန်လုံး စိတ်ထဲကမထွက်နိုင်။ တစ်ခါတစ်ရံမှာမဟုတ်တမ်းတရား အသရေဖျက် အရေးခံရသူသည် အင်တာနက်တစ်ခါမှ မသုံးဖူးသည့် သူများပင် ဖြစ်ခံစားခံဖြစ်နေသည်။

ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်အသရေဖျက်မှုများသည် အဓိကအားဖြင့် အမျိုးသမီးများကိုသာမက အစိုးရအရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင်များ၊ တပ်မတော်သားများ၊ ဝန်ထမ်းများ သာမက နိုင်ငံသားအများအပြား ပစ်မှတ်အဖြစ် တိုက်ခိုက်နေသည်။

ဧပြီလဆန်းပိုင်းအတွင်းကလည်း ကမ္ဘာကျော်တေးဂီတဝိုင်းဖြစ်သည့် မိုက်ကယ်လန်းတူရော့ခ်အဖွဲ့မှ အဆိုတော် JaschaRichter နှင့် မြန်မာမော်ဒယ် တစ်ဦးဖြစ်သည့် အမရညိမ်းတို့၏ ဟိုတယ်ကြော်ငြာအတွက် ရိုက်ကူးခဲ့သည့်ဓာတ်ပုံကို အသုံးချပြီးဖေ့စ်ဘွတ်ခ်ကဲ့သို့ လူမှုကွန်ရက်များတွင် ကာယကံရှင်များ နစ်နာစေရန် ပုဂ္ဂိုလ်ရေးအသရေဖျက်မှုများ ပြုလုပ်ခဲ့ကြသည်။

"ဒီပုံကို ညီမကိုယ်တိုင် တင်လိုက်တာပါပဲ။ တင်လိုက်တဲ့အပေါ်မှာလည်း ဟိုတယ်ကြော်ငြာအတွက် သူနဲ့ အလုပ်တွဲလုပ်ရတာ ဂုဏ်ယူပါတယ်ဆိုပြီး စာရေးပြီးမှ တင်တာပါ။ ဒီအတိုင်း လက်လွတ်စပယ်တင်တာမဟုတ်ပါဘူး။ အဲဒါကို ဖေ့စ်ဘွတ်ခ်ပေ့ချ်တစ်ခုက ကူးယူသွားတယ်။ ပြီးတော့ ဒီမှာကြည့်ပါဦး။ ဒါမျိုးဖြစ်သင့်လားတို့ဆိုပြီး ရေးကြတယ်"ဟု မော်ဒယ် အမရာညိမ်းကပြောသည်။

၎င်း၏ ဖေ့စ်ဘွတ်ခ်ပေါ်မှ အဆိုပါဓာတ်ပုံကို "လူထုမောင်ကာဍူ"အမည်ရှိ ဖေ့စ်ဘွတ်ခ်စာမျက်နှာက ကူးယူသွားကာ လိုသလိုရေးသား အသရေဖျက်ခြင်းဖြစ်ကြောင်း ကာယကံရှင်ကပြောသည်။



ဓာတ်ပုံ - AFP

# လူမှုကွန်ရက်များနှင့် အထိန်းအကွပ်

**ထွန်းခိုင်**

အဆိုပါ"လူထုမောင်ကာဍူ" အမည်ရှိ ဖေ့စ်ဘွတ်ခ်စာမျက်နှာသည် မတ်လအတွင်းက ဖြစ်ပွားသောမိတ္ထီလာအဓိကရုဏ်းအချိန်တွင် ရန်ကုန်မြို့ မင်္ဂလာဈေးအနီးတွင် အရေးအခင်းဖြစ်နေသည်ဟုဆိုကာ မမှန်မကန်ရေးသားလှုံ့ဆော်ခဲ့သည့်စာမျက်နှာဖြစ်သည်။

ဖေ့စ်ဘွတ်ခ်များ၊ ဘလော့ဂ်များအတွင်း တစ်နေ့တခြားဆိုးရွားလာသော တိုင်းပြည်အတွင်း ဆူပူမှုများဖြစ်စေရန်အတွက် လှုံ့ဆော်ရေးသားမှုများ၊ ပုဂ္ဂိုလ်ရေးအသရေဖျက်မှုများကြောင့် ထိခိုက်ခံစားရသူများ တစ်နေ့တခြား များပြားလာသော်လည်း ယင်းအရာများကို ရေးသားသူများမှာ အပြစ်ပေး အရေးယူခံရမှုများ မရှိသေးဘဲ ပိုမိုအတင့်ရဲလာသည်။ ယင်းကဲ့သို့သော အရေးအသားများကို နိုင်ငံတကာတွင် လက်သင့်မခံဘဲ အစိုးရပိုင်းက ထိထိရောက်ရောက် အရေးယူအပြစ်ပေးမှုများ ပြုလုပ်ကာ ထိန်းသိမ်းကြောင်း ဖေ့စ်ဘွတ်ခ်သုံးစွဲသူများက ပြောသည်။

"ဒီလို အရေးအသားတွေဟာ တိုင်းပြည်အတွက် အင်မတန်အန္တရာယ်ကြီးတယ်။ အခြားနိုင်ငံတွေမှာဆို အစိုးရက ချက်ချင်းအရေးယူတာတွေလုပ်တယ်"ဟုဖေ့စ်ဘွတ်ခ် ပုံမှန်သုံးစွဲလေ့ရှိသူလည်းဖြစ်သူ မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူလည်းဖြစ်သူဦးနေသန်းမောင်က ပြောသည်။

နိုင်ငံသားတစ်ယောက်ဆီ၏ ပုဂ္ဂလိကအခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို ဆိုးရွားစွာထိခိုက်စေသည့် အဆိုပါအရေးအသားများအား ထိန်းချုပ်ရန် ယခု အချိန်အထိ တစ်စုံတစ်ရာ ကြိုးစားသည့် ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းမရှိသေးသည့်အတွက်မှာ အစိုးရ အပေါ် ဝေဖန်ပြစ်တင်မှုများ ရှိခဲ့သည်။

"ဒီလောက် ဆိုးရွားတဲ့ အကောင့်တွေရှိနေတာ။ ဘာကြောင့် မသိချင်ယောင်ဆောင်နေလဲ။ မလွန်ဆန်နိုင်တဲ့ အကြောင်းအရာတွေကြောင့် မလုပ်တာလားဆိုတာ အစိုးရကို မေးခွန်းထုတ်သင့်တယ်"ဟု ဘလော့ဂါ ကိုနေဘုန်းလတ်က ပြောသည်။

လွန်ခဲ့သည့် ငါးနှစ်၊ ခြောက်နှစ်ခန့်က ရွှေဝါရောင်တော်လှန်ရေးနှင့်ပတ်သက်ပြီး အင်တာနက်ပေါ်တွင် ရေးသားခဲ့သူများအား သံတိုင်နောက်သို့ နှစ်ရှည်လများ ပို့ဆောင်ခဲ့သည့် စစ်အစိုးရလက်ထက်မှ လူအများစုပင် ပါဝင်ဖွဲ့စည်းထားသော အစိုးရသစ်လက်ထက်တွင် ယခုကဲ့သို့ ရေးသားမှုများကို အရေးယူရန် လျစ်လျူရှုနေခြင်းအတွက် ဝေဖန်မှုများလည်း ခံနေရသည်။

"အင်မတန် ရှုပ်ထွေးတဲ့ ပါဝင်ပတ်သက်မှုတွေရှိတယ်လို့ထင်တယ်"ဟု ကမာရွတ်မီဒီယာတည်ထောင်သူလည်းဖြစ်သူ ဦးနေသန်းမောင်ကပြောသည်။

လတ်တလောတွင် အင်တာနက်ပေါ်တွင် အရေးအသားများအပေါ် စိစစ်အရေးယူမှုမှာ ရှားရှားပါးပါးအဖြစ် လွှတ်တော်ကိုဝေဖန်ရေးသားသည့် ဒေါက်တာဆိတ်ဖွားအမည်ခံ အရေးအသားကိုသာ ပြည်ထောင်စုလွှတ်တော်က လက်သည်တရားခံကို စုံစမ်းရှာဖွေနေခဲ့သည်။

"လွှတ်တော်ထဲမှာ စုံစမ်းရေးကော်မရှင်ဖွဲ့တဲ့ ဒေါက်တာဆိတ်ဖွား တင်ထားတဲ့ အရေးအသားနဲ့ လူထုမောင်ကာဍူဆိုတဲ့သူ တင်ထားတဲ့ အရေးအသားကို ယှဉ်ကြည့်လေ။ ဘယ်ဟာက ရာဇဝတ်မှုမြောက်လဲ။ ဝေဖန်တာနဲ့ လှုံ့ဆော်တာ"ဟု ပြည်သူများ၏ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ထိပါးသည့်အင်တာနက်အရေးအသားများထက် လွှတ်တော်အပေါ် ဝေဖန်သောအရေးအသားကိုသာ အလေးထားစုံစမ်းသည့် အခြေအနေကို ကိုနေဘုန်းလတ်က ဝေဖန်သည်။

လူတစ်ယောက်အား အသရေဖျက်ရေးသားခြင်း၊ လူမျိုးရေး၊ ဘာသာရေးကိုအခြေခံကာ ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရန် ရေးသားသူများ၏ရန်မှ ပြည်သူများအား ကာကွယ်ရန်တည်ဆဲ ဥပဒေများက ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ လက်တွေ့ကျင့်သုံးရန်သာလိုအပ်ကြောင်း ရန်ကုန်အခြေစိုက်ရှေ့နေများကပြောသည်။

ဥပဒေအရအသရေဖျက်ရေးသားမှုတွင် ရေးသားသူသာမက အဆိုပါ အရေးအသားကို ထပ်ဆင့်မျှဝေသည့် သူများ၏ အန္တရာယ်စက်ကွင်းမှ ပြည်သူများ လုံခြုံမှုရှိစေရရှိစေရန်ပင် ပြဋ္ဌာန်းထားကြောင်း ရှေ့နေများက ပြောသည်။

"မျှဝေတာလည်း ကျူးလွန်ရာ ရောက်တယ်။ ကိုယ်မရေးဘဲ Share တာကိုယ့်မှာတာဝန်မရှိဘူးဆိုတာ မဟုတ်ဘူး။ ဘယ်ကမှန်းမသိဘူးရလာတယ်။ ရလာတာကိုရတဲ့အတိုင်းပဲပစ်ခဲ့ရမယ်။ အဲဒါကို မိတ္တူပွားမယ်၊ လိုက်ဝေမယ် အဲဒါဆို အသရေဖျက်မှုမြောက်တယ်" ဟု ရှေ့နေ ဦးခင်ဇော် (မရမ်းကုန်း)ကပြောသည်။

နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော အီလက်ထရွန်နစ်ဆက်သွယ်ရေးဥပဒေတွင် အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် သတင်းအချက်အလက်ကို အီလက်ထရွန်းနစ်နည်းဖြင့် ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ယင်းအချက်အလက်များကို ဖြန့်ချိခြင်းတို့အတွက် အမြင့်ဆုံးအဖြစ် ထောင်ဒဏ်ငါးနှစ်နှင့် ငွေဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသည်။ သို့သော်လည်း အဆိုပါ ဥပဒေသည် အွန်လိုင်းအသရေဖျက်ရေးသားသူများ၊ သွေးထွက်သံယို အဓိကရုဏ်း ဖြစ်စေရန် ရေးသားသူများထက် ဒီမိုကရေစီအရေး၊ လွတ်လပ်စွာပြောဆိုခွင့်ရရှိရေးတို့ကို တောင်းဆိုခဲ့သည့် လူ့အခွင့်အရေးလှုပ်ရှားသူများကိုသာ အကျဉ်းချခဲ့သည်။

တရားဥပဒေ မည်သို့ပင် ပြဋ္ဌာန်းစေကာမူ ကျူးလွန်ရေးသားသူများကို ဖော်ထုတ်ရန် ခက်ခဲနေဆဲဖြစ်သည်။ လွှတ်တော်နှင့်ပတ်သက်ပြီးဝေဖန်ရေးသားသည့် ဒေါက်တာဆိတ်ဖွား မည်သူမည်ဝါဆိုသည်ကို စုံစမ်းစစ်ဆေးရာတွင် နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် အခက်အခဲများတွေ့ရကြောင်း ဒေါက်တာဆိတ်ဖွား စုံစမ်းရေးကော်မရှင်တွင် ပါဝင်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။

အသရေဖျက်ရေးသားသူသည် မည်သူမည်ဝါမှန်းတိတိကျကျ မသိရှိရဘဲ ခန့်မှန်းပြောဆိုမှုများသာ ရှိနေသေးသည်။ ၎င်းတို့တွင် တူညီသည့် ပုံစံအချို့ကိုသာ တွေ့ရှိရပြီး ၎င်းတို့မှာ အမည်နှင့် ဓာတ်ပုံအမှန်ကို အသုံးမပြုခြင်းဖြစ်ပြီး ရေးသားသည့် အရေးအသားများမှာ တပ်မတော်၊အုပ်ချုပ်ရေးပိုင်းနှင့် ဒီမိုကရေစီ အင်အားစုများ၊ တိုင်းရင်းသားများ အကြားခက်ခက်ခဲခဲတည်ဆောက်ထားသော ထိလွယ်ရှလွယ်ဖြစ်သည့် ၎င်းတို့အကြား ဆက်ဆံရေးကို ပျက်ပြားရန်၊ လူ့အသိုင်းအဝိုင်းများကြား ရန်လိုမုန်းတီးမှုများဖြစ်ပွားရန် ရည်ရွယ်ရေးသားမှုများသည် တူညီမှုရှိသည်ကို တွေ့ရသည်။

အမည်တုများဖြင့် ထင်ယောင်ထင်မှားဖြစ်အောင် သုံးစွဲမှုများသည် သာမာန်ပြည်သူများသာမက နိုင်ငံတော်သမ္မတပင် ကြုံတွေ့နေရသည်။ ဖေ့စ်ဘွတ်ခ်စာမျက်နှာများပေါ်တွင် နိုင်ငံတော်သမ္မတရုံး၏ အမည်နှင့် အမှတ်တံဆိပ်ကို အသုံးပြုကာ အသုံးပြုနေသောကြောင့် ယင်းအကောင့်ကို ဖယ်ရှားနိုင်ရန် စတင်လှုပ်ရှားနေပြီဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်ပေါ်တွင် HmuuZaw ဟု လူသိများသည့် သမ္မတရုံးညွှန်ကြားရေးမှူး ဦးဇော်ဌေးက ပြောသည်။

ယင်းအရေးအသားရေးသားသူများသည် လွတ်လပ်စွာပြောဆိုခွင့်နှင့် တာဝန်ယူမှုအပိုင်းကို မသဲကွဲသော သာမန်လူများပါဝင်နိုင်သကဲ့သို့ အဖွဲ့အစည်းတစ်ခုခုမှ စနစ်တကျလေ့ကျင့်သင်ကြားထားသောသူများလဲ ဖြစ်နိုင်ကြောင်း ခန့်မှန်းပြောဆိုမှုများလည်းရှိသည်။ ယင်းအရေးအသား ရေးသားသူများသည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက် ပြဿနာရှိသူများလည်းဖြစ်နိုင်ကြောင်း စိတ်ပညာရှင်များက ပြောသည်။

**အချပ်ပို (D) သို့**

အချပ်ပို (D) သို့

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# “ဘာသာ၊ လူမျိုး မခွဲခြားဘဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပဋိပက္ခတွေကို ရှောင်ကြဉ်ပြီးတော့ လုပ်ဆောင်မယ်ဆိုရင် မြန်မာပြည်တင်မကပါဘူး၊ တစ်ကမ္ဘာလုံး ငြိမ်းချမ်းသွားမှာပါ”

## မိတ္ထီလာပဋိပက္ခတွင် လူ ၈၀၀ ကျော်ကို ကယ်တင်ခဲ့သော ဆရာတော်ဦးဝိသုဒ္ဓနှင့် တွေ့ဆုံခြင်း



*ဆရာတော်ဦးဝိသုဒ္ဓ*

**ငြိမ်းချမ်း**

လူ့အဖွဲ့အစည်းအားလုံးနှင့် ကမ္ဘာကပါ အံ့ဩတုန်လှုပ်ခဲ့ရသော မတ်လ တတိယပတ်တွင် ဖြစ်ပွားခဲ့သည့် မိတ္ထီလာအကြမ်းဖက်မှုများ ဖြစ်ပွားနေစဉ် ဒုက္ခရောက်နေသူများကို စာနာစွာ၊ သတ္တိရှိစွာဖြင့် စွန့်စွန့်စားစားကယ်တင်ခဲ့သူများလည်း ရှိခဲ့ပါသည်။ မိတ္ထီလာမြို့ ရတနာဦးကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးဝိသုဒ္ဓကလည်း ဒုက္ခသည် ၈၀၀ ကျော်ကို ဘေးမသီရန်မခအောင် ရဲဝံ့စွာ ကယ်တင်ပေးခဲ့သည်။ အဆိုပါ ကျောင်းတိုက်တွင် သံဃာ ၃၅ ပါးရှိပြီး ဒုက္ခသည်များကို ခိုလှုံခွင့်ပြု၍ ကယ်တင်ထားစဉ် အန္တရာယ်ပြုရန် လာသူများကို သက်တော်(၅၅)နှစ်၊ ဝါတော် (၃၅) ဝါရှိ ဆရာတော်ဦးဝိသုဒ္ဓက ၎င်းကိုသတ်ပြီးမှ ဒုက္ခသည်များကို သတ်ပါဟု ရဲရင့်သော ပြောစကား၊ လုပ်ဆောင်မှုကြောင့် လူအများ၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်။ ဆရာတော်နှင့် ဧပြီ ၁၂ ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

**မတ်လ ၂၀ ရက်ညက အတွေ့အကြုံ ပြန်ရှင်းပြပေးပါဦးဘုရား။**

ကျောင်းထဲကို ကုလားတွေ ပြေးဝင်လာမှ ဦးဇင်းလည်းသိတာ။ ရပ်ကွက်တွေကတော့ ဈေးရှေ့၊ ဈေးလယ်၊ ဒဟတ်တန်း၊ ရတနာမာန်အောင်ရပ်ကွက်တို့ မြို့ထဲကသူတွေ များပါတယ်။ ပထမဖြစ်တဲ့ ၂၀ ရက် ညနေပိုင်းကစပြီး ရောက်လာကြတာပဲ။ အဲဒီနေ့မှာတော့ လူဦးရေ ၄၀ ပဲ။ နောက် ၂၄ ရက်အထိ အစ္စလာမ် ဘာသာဝင်လူဦးရေ ၈၀၀ အထိ ဖြစ်လာတယ်။ ကလေးတွေကတော့ ၃၀၀ ဝန်းကျင်ရှိပါတယ်။

**ဆရာတော့်ကျောင်းကို ရောက်လာတဲ့ အချိန်မှာ သူတို့တော်တော်ကြောက်နေကြလား ဘုရား။**

ကျိုးကန်းတောင်းမှောက်ကယ်သူမဲ့ပုံစံမျိုးတွေ ဖြစ်နေတယ်။ နောက်အရမ်းကိုကြောက်နေတဲ့ မျက်နှာ အမူအရာတွေ မြင်ခဲ့ရတယ်။

**သူတို့ကိုကယ်ဖို့ ဆုံးဖြတ်ချက်ကို အချိန်ဘယ်လောက်အတွင်းမှာ ချခဲ့တာလဲဘုရား။ ကယ်ဖို့တွေဝေခဲ့တာမျိုးရော ရှိခဲ့ပါလားဘုရား။**

သူတို့ကကျောင်းထဲကို ပြေးလာတော့ ချက်ချင်းပဲဆုံးဖြတ်ခဲ့တာပါ။ တွေဝေနေတာမျိုးမရှိခဲ့ပါဘူးဒကာ။ ကျောင်းပေါက်ကနေ စောင့်ပြီးကြိုနေတာပါ။

**ဘာကြောင့်ကယ်ခဲ့တာလဲဘုရား။**

ရည်ရွယ်ချက်ကတော့ဗုဒ္ဓရဲ့ လမ်းညွှန်ချက်အတိုင်းပါပဲ။ ဒုက္ခရောက်နေသူတွေကို ကယ်တင်ရမယ်လေ။ ထူးထူးခြားခြားမရှိပါဘူး။ ဒီကျောင်းထဲမှာ နေသမျှတော့ သူတို့ဒုက္ခမရောက်အောင် ထိန်းသိမ်းပေးမယ်၊ စောင့်ရှောက်ပေးမယ်လို့ ပြောထားခဲ့ပါတယ် ဒကာ။

**လူ ၈၀၀ လောက်ကို ဘေးမဖြစ်အောင် ကယ်တင်နိုင်ခဲ့တဲ့အတွက် ဘယ်လို ခံစားရလဲ ဘုရား။**

သူများဒုက္ခရောက်တဲ့အချိန်မှာ ကယ်ခဲ့တော့ ကိုယ်ချင်းစာပြီး ပျော်ခဲ့ပါတယ်။ ကိုယ်ဒုက္ခရောက်တဲ့အချိန်မှာလည်း ကယ်မယ့်သူပေါ်မယ်လို့ ယုံကြည်ပါတယ်။

**အစ္စလာမ် ဘာသာဝင်တွေကို ကယ်တင်ခဲ့လို့ ဆရာတော်ကျောင်းကို လာပြီး အန္တရာယ်ပြုတာမျိုးရောရှိလားဘုရား။**


နားမလည်တဲ့ သူတွေကတော့ ကျောင်းရှေ့ကို ရောက်လာပါတယ်။ ဦးဇင်းက သူတို့ကို အန္တရာယ်ပြုချင်ရင် ငါ့ကို အရင်သတ်ပြီးမှလုပ်လို့ ပြောလိုက်ပါတယ်။

**ဆရာတော့်ကျောင်းကို အန္တရာယ်ပြုချင်လို့လာတဲ့လူအင်အားဘယ်လောက်ရှိပါလဲဘုရား။**

သူတို့လာတာ ညနှစ်နာရီလောက်ဆိုတော့ မှောင်နေတယ်။ လူတွေကတော့ များတယ်။ မျက်နှာတွေ မမြင်ရဘူး။ နောက်ထပ်တော့ မလာတော့ပါဘူး ဒကာ။

**ဒီလိုကယ်တင်ပြီးမှ နောင်တရတာမျိုး၊ စိုးရိမ်တာမျိုးဖြစ်မိလား ဘုရား။**

စာ(၂၉)သို့



စာ(၂၈)မှ

နောင်တမရပါဘူး။ ဘာသာရယ်၊ လူမျိုးရယ်၊ အဖြူအမည်းရယ် ခွဲခြားတာမျိုးမရှိပါဘူး။ သူများဒုက္ခရောက်တဲ့အချိန်မှာ ကယ်တင်ရတာ ချမ်းသာသုခရတာပဲ။ ဒီလိုပဲ မြင်ပါတယ်။

**ဆရာတော် ဒီလို ကယ်တင်ပေးတာကို လူတွေဘယ်လိုသိသွားကြတာလဲ။**

သူတို့ဒုက္ခသည်စခန်းရောက်တော့ ဘာအန္တရာယ်မှ မရှိတော့ လုံခြုံရေးတွေက မေးတာပေါ့။ ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးက ဒီလိုကယ်ခဲ့တယ်လို့ သူတို့က ပြန်ပြောကြပါတယ်။ အစ္စလာမ် ဘာသာဝင်တွေကလည်း ကျောင်းကိုလာပြီး ကျေးဇူးတင်ကြောင်း ပြောကြပါတယ်။

**ဆရာတော်ရဲ့ လုပ်ဆောင်မှုတွေကိုလူအများစုက ချီးကျူးကြတယ်။ လူအများကြီးရဲ့အသက်ကို သတ္တိရှိရှိကယ်တင်ခဲ့လို့ပေါ့။ ဒီလောက်ကြီးကျယ်တဲ့ စွန့်စားမှုအလုပ်မျိုး အရင်ကရော လုပ်ဖူးလားဘုရား။**

ဦးဇင်းကလည်းငယ်ကတည်းက မိဘမဲ့ ကျောင်းကနေ လာရတာပါ။ မိဘမဲ့ကလေးတွေတော့ ကယ်တင်ဖူးပါတယ်။ ဒီလိုကြီးတော့ မလုပ်ဖူးပါဘူး ဒကာ။

**ရောက်လာတဲ့ လူဦးရေက ၈၀၀ ဆိုတော့ သူတို့ရဲ့ စားဝတ်နေရေးအတွက် ဘယ်လိုဖြေရှင်းပေးခဲ့လဲဘုရား။**

ပြေပါတယ်။ ရပ်ကွက်က ခင်ရာမင်ရာတွေက လာပြီးတော့ ထောက်ပံ့ကြပါတယ်။

**ကယ်ခဲ့တဲ့သူတွေကို ဒုက္ခသည်စခန်းကို ဘယ်လိုစီစဉ်ပြီး ပို့ပေးခဲ့လဲဘုရား။**

လူအင်အားကများတော့ အိမ်သာတက်တာလည်း အဆင်မပြေတော့ဘူး။ တည်ငြိမ်လာတာနဲ့ တာဝန်ရှိတဲ့သူတွေကို သွားပြောရတယ်။ အဲဒီကျမှ စစ်တပ်ကကားအစီး ၄၀ နဲ့ မတ် ၂၄ ရက်မှာ လာခေါ်သွားကြတာ။ ကျောင်းမှာလေးရက်ထားပါတယ်။

**အကြမ်းဖက်မှုက ဒီလောက်အထိ ကြီးကျယ်သွားရတာ ဆရာတော်အနေနဲ့ ဘယ်လိုမြင်လဲ ဘုရား။**

ဒီလောက်ကြီးကျယ်စရာ အကြောင်းမရှိဘူး။ သွေးထိုးလှုံ့ဆော်သူတွေ ရှိလို့ပါ။

**နောက် ဒီလိုပြဿနာတွေ ဖြစ်မလာအောင် ဘယ်လို ဆောင်ရွက်သင့်ပါလဲဘုရား။**

အကောင်းဆုံးကတော့ ဘာသာ၊ လူမျိုး မခွဲခြားဘဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပဋိပက္ခတွေကို ရှောင်ကြဉ်ပြီးတော့ လုပ်ဆောင်မယ်ဆိုရင် မြန်မာပြည်တင် မကပါဘူး၊ တစ်ကမ္ဘာလုံး ငြိမ်းချမ်းသွားမှာပါ။

**ဆရာတော်အနေနဲ့ ဘာများဖြည့်စွက်မိန့်ကြားချင်ပါလဲ ဘုရား။**

ပဋိပက္ခမရှိကြဘဲနဲ့ ကိုယ့်ဘာသာ၊ ကိုယ်ယုံကြည်ရာ ယုံကြည်ရာ မှန်မှန်ကန်ကန် ကိုးကွယ်ကြမယ်ဆိုရင် ငြိမ်းချမ်းရေးကို ဦးဆောင်နေကြတာပဲလေ။ ဘာသာကို ခုတုံးလုပ်ပြီး မငြိမ်းချမ်းအောင် လုပ်ဆောင်နေသူတွေရဲ့ လုပ်ဆောင်ချက်တွေကို ရှောင်နိုင်ရင် အကောင်းဆုံးပေါ့ဒကာ။

**ကျေးဇူးတင်ပါတယ် ဆရာတော်ဘုရား။**

## မြန်မာအပေါ် အရေးယူထားမှုများအားလုံး အီးယူပယ်ဖျက် ရေထွက်ကုန်နှင့် အထည်ချုပ်လုပ်ငန်းများ အတားအဆီးအချို့ ရှိနေဆဲ

**ပြည်သိမ်း၊ မိုးညို**
**ရန်ကုန်၊**
**ဧပြီ-၂၂**

ဥရောပသမဂ္ဂနိုင်ငံများမှ ပိတ်ဆို့မှုများ ဧပြီ၂၂ရက်တွင် ပယ်ဖျက်လိုက်ပြီဖြစ်သော်လည်း မြန်မာ့ရေထွက်ကုန်များ တင်ပို့နိုင်ရေးမှာ အတားအဆီးများရှိနေကြောင်း လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ဥရောပသမဂ္ဂနိုင်ငံများ၏ ပိတ်ဆို့မှုများတွင် ရေထွက်ကုန်နှင့် အထည်ချုပ်ထုတ်ကုန်များ မပါခဲ့သော်လည်း အခွန်သက်သာမှု အထူးအခွင့်အရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ချက်စသည့် အတားအဆီးများရှိနေကြောင်း လုပ်ငန်းရှင်များက ဆိုသည်။

"GSP အတားအဆီးက ဖွန်နောက်ပိုင်းမှာ ကျော်နိုင်လောက်ပေမယ့် အရည်အသွေး၊ စံချိန်စံညွှန်းကအတော်လုပ်ယူရမယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးနှင်းဦးက ဆိုသည်။

ရေထွက်ကုန်များတွင်ဥရောပသမဂ္ဂနိုင်ငံများက ဝယ်ယူရာတွင်တင်ပို့သည့်ဆိပ်ကမ်း၊ ထုတ်လုပ်သည့် စက်ရုံ၊ မွေးမြူသည့်ကန် စသည်တို့ကို စနစ်တကျ စစ်ဆေးသတ်မှတ်ပြီးမှ ဝယ်ယူသည်။ လက်ရှိဥရောပသမဂ္ဂမှ အရည်အသွေးမီ လက်ခံထားသည့်စက်ရုံ (၁၃) ရုံသာရှိကြောင်း သိရသည်။

"အီးယူဆန်ရှင်ပွင့်သွားတာ မြန်မာပြည်အတွက် ဈေးကွက်တစ်ခုပွင့်သွားတာပေါ့။ သူတို့က ပစ္စည်းအရည်အသွေးအပြင် စက်ရုံအရည်အသွေး၊ လုပ်သားတွေဆက်ဆံမှုစနစ်စတာတွေ စနစ်တကျစစ်ဆေးပြီးမှ လက်ခံတာ" ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ရှင်းပြသည်။

"ဈေးကွက် ယုံကြည်မှုကင်းမဲ့နေတာကို ပုံရိပ်ကောင်းအောင် လုပ်ဖို့လိုနေတယ်။ ဈေးကွက်ကိုလည်း လွတ်လွတ်လပ်လပ် လွှတ်ပေးဖို့လိုတယ်"ဟု ကုန်သည်/စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးက ပြောသည်။

ဥရောပသမဂ္ဂနိုင်ငံများက လက်နက်ရောင်းဝယ်မှုမှအပ ကျန်ပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးရန် အီးယူအဖွဲ့ဝင် ဝန်ကြီးများက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီးယူမှ ထုတ်ပြန်သောကြေညာချက်ထဲတွင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများကို တုံ့ပြန်သောအားဖြင့်လည်းကောင်း၊ အပြောင်းအလဲများဆက်လက်ဖြစ်ပေါ်မည်ဟု မျှော်လင့်၍လည်းကောင်း ဝန်ကြီးများ၏ကောင်စီသည် လက်နက်တင်ပို့ရောင်းချမှုမှလွဲ၍ အရေးယူပိတ်ဆို့ထားမှုများအားလုံးကို ပယ်ဖျက်ပေးရန် ဆုံးဖြတ်ခဲ့သည်ဟု ဖော်ပြထားသည်။

"ဆန်ရှင်ပွင့်ပြီးနောက်ပိုင်း အချောထည်တွေ ပို့နိုင်ရင် ပိုအကျိုးရှိတာပေါ့" ဟု မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်အသင်း အထွေထွေအတွင်းရေးမှူး ဦးထွန်းလှအောင်ကဆိုသည်။






7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

စာ(၉)မှ

# အေးချမ်းခဲ့သည့် သင်္ကြန်ရေ

အလန်းလွန် ဝတ်စားဆင်ယင်မှုများ လျော့နည်းသွားသော်လည်း အရက်သေစာသောက်စားမှုမှာတော့ ယခင်နှစ်များထက်ပင် ပိုမိုများပြားလာခဲ့သည်ကို တွေ့ရသည်။ အသက် ၁၈ နှစ်အောက် လူငယ်ကလေးများမှ အစ၊ လူကြီးပိုင်းအထိ နွေနေပူအောက်တွင်သင်္ကြန်ရေပက်ခံရင်း ရီဝေဝေမြူးတူးနေခဲ့ကြသည်။

ရေပက်ခံမဏ္ဍပ်တိုင်း၏ အနီးအနားတွင် အရက်၊ ဘီယာနှင့် အမြည်းသရေစာ ရောင်းချသည့် လမ်းဘေးဆိုင်များစွာက နေရာယူထားပြီး ပုလင်းခွံ၊ ဘူးခွံများကလည်း နေရာအနှံ့ပြန့်ကျဲလျက်ရှိသည်။

သင်္ကြန်အကြိုနေ့နှင့် အကျနေ့တို့တွင် ရေပက်ခံထွက်သည့် ကားများကို နည်းပါးစွာတွေ့ရသော်လည်း သင်္ကြန်အကြတ်နေ့နှင့် အတက်နေ့တို့မှာတော့ မဏ္ဍပ်တွေဆီသို့ ရေပက်ခံသူများ အလုံးအရင်းနှင့် ထွက်ရှိလာခဲ့ကြသည်။

ယခုနှစ် ရန်ကုန်သင်္ကြန်တွင် အစည်ကားဆုံးနေရာများမှာ ကန်တော်ကြီးပတ်လမ်းမှ မဏ္ဍပ်များ၊ ကမ္ဘာအေးဘုရားလမ်းပေါ်မှမဏ္ဍပ်များ၊ ပြည်လမ်းပေါ်မှ မဏ္ဍပ်များပင် ဖြစ်သည်။ အင်းစိန်လမ်းမတစ်လျှောက်တွင်လည်း ရိုးရာအုန်းလက်မဏ္ဍပ်ငယ်များဖြင့် ရေပက်နေကြသည့် ရပ်ကွက်နေပြည်သူများကို စည်ကားစွာတွေ့ရသည်။

ပြည်လမ်း၊ အင်းလျားကန်ပေါင်အနီးရှိအိုင်းရင်းခရေ့စ်ဝိုင်းတော်သားများ၏ အေဂျီဒီမဏ္ဍပ်နှင့် ဘေးချင်းကပ်လျက်မှ ဟစ်ဟော့ပ်အဆိုတော် စိုင်းစိုင်းခမ်းလှိုင်သီဆိုဖျော်ဖြေနေသည့်မဏ္ဍပ်တို့တွင် ရေပက်ခံကားများ ပြည့်နှက်ပိတ်ဆို့လျက် အားပေးခဲ့ကြသည်။

တချို့ကတော့ ရန်ကုန်သင်္ကြန်သည်ယမန်နှစ်ကလောက် မစည်ကားဟု ဆိုကြသည်။ ရန်ကုန်၏ အပူရှိန်နှင့် စိုးရိမ်ပူပန်နေကြသည့်ကောလာဟလအချို့ကြောင့် သင်္ကြန်မှာ အိမ်တွင်းပုန်းသူတို့ ပေါ်များခဲ့သည်။ သင်္ကြန်မဏ္ဍပ်ပရိသတ်တို့သည်လည်း တရားစခန်းရိပ်သာများဆီသို့ ခွဲထွက် စီးဆင်းသွားခဲ့ကြသည်။ တချို့ကလည်း သင်္ကြန်ရှောင်သည့်အနေဖြင့် ကမ်းခြေများဆီသို့သွားရောက်အပန်းဖြေခဲ့ကြသည်ဟု သိရသည်။

"အိမ်မှာပဲ နေဖြစ်တယ်။ ရန်ကုန်သင်္ကြန်က အရင်နှစ်တွေလောက် ပျော်စရာမကောင်းဘူးလေ။ ပြီးတော့ အက်စစ်ရန်ကိုကြောက်တာလည်းပါတယ်။ မလုပ်လောက်ဘူးလို့ စဉ်းစားမိပေမယ့်လည်း ခံရင်ကိုယ်ကအရင်ခံရမှာလေ"ဟုရန်ကုန်မြို့ခံအသက်(၁၉)နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးကဆိုသည်။

ပဲခူးတိုင်းအတွင်းရှိ ဝိမုတ္တိရသဓမ္မရိပ်သာတွင် တရားစခန်းဝင်ခဲ့သော မရွှေစင်ဦးက "တရားစခန်းမှာ လူငယ်တွေများလာတယ်။အသက် ၂၀ ကျော်တွေပါ။ အရင်နှစ်ထက်ကို ဒီနှစ်ကလူများတယ်" ဟုပြောပြသည်။

အတာသင်္ကြန်၏ သရုပ်တစ်ခုဖြစ်သော တူးပို့တူးပို့ သင်္ကြန်တေးသံသာများက ရန်ကုန်မြို့ကို မမိုးလွှမ်းနိုင်တော့ဘဲ ရန်ကုန်သင်္ကြန်သည်ဒီဂျေသင်္ကြန်ဖြစ်လာနေခဲ့ပါပြီ။ ပြည်သူ့အသည်းစွဲ မန်းတောင်ရိပ်ခိုတေးသီချင်းသည်ပင် လျှင်မဏ္ဍပ်များပေါ် ရောက်မလာတော့ဘဲ မြို့တော်ဝန်မဏ္ဍပ်နှင့် တိုင်းဒေသကြီး အစိုးရမဏ္ဍပ်တို့တွင်သာ နားဆင်ရတော့သည်။

ရပ်ကွက် အသီးသီးရှိ အုန်းလက်မဏ္ဍပ်ငယ်များတွင်လည်း ကိုရီးယား ဂန်းနမ်စတိုင်သီချင်းက ရေပန်းစားလျက်ရှိသည်။ ဒီဂျေမဏ္ဍပ်ကြီးများတွင် တစ်နေ့တာ သင်္ကြန်အပိတ်သီချင်းကို အဆိုတော်လေးဖြူ၏ 'အမဲလိုက်အက' သီချင်းဖြင့် ဆင်နွှဲကြခြင်းကိုလည်း မြင်တွေ့ရသည်။

ယခုနှစ် သင်္ကြန်တွင် နိုင်ငံခြားသားများစွာလည်း တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း ပါဝင်ဆင်နွှဲခဲ့ကြပြီး မြန်မာနိုင်ငံသားများနည်းတူ အတာရေပက်ခံရင်း ပျော်ရွှင်နေခဲ့ကြသည်။ ၎င်းတို့သည် သင်္ကြန်နောက်ဆုံးနေ့အထိမဏ္ဍပ်များဆီသို့ လာရောက်ရေကစားခဲ့ကြသည်။

အုပ်ချုပ်ရေးမြို့တော် နေပြည်တော်သင်္ကြန်ကတော့ထောင်ပေါင်းများစွာသော လူတို့သည်၏ နေပြည်တော် သပြေကုန်းအဝိုင်းမှ ပြည်ခိုင်ဖြိုးပါတီ ရုံးရှိရာ လမ်းဆုံအထိ ဟိုတယ်ဇုန်လမ်းမကြီး တစ်လျှောက်တွင်သာ စုပြုံနေခဲ့ကြသဖြင့် အခြားနေရာများတွင် ခြောက်ကပ်ကပ်သာ ပြီးဆုံးခဲ့ကြောင်းနေပြည်တော်မြို့မှအစိုးရဝန်ထမ်းတစ်ဦးက ပြောပြသည်။

"ဝန်ကြီးဌာန မဏ္ဍပ်တွေကတော့ ထုံးစံအတိုင်း သဘောလောက်ကျင်းပသွားတာပါ။အကြီးအကျယ်ကတော့ ရွှေသံလွင်မဏ္ဍပ်ပေ့ါ။ ထူးခြားတာ တစ်ခုအနေနဲ့ သမ္မတအိမ်တော်မိသားစုမဏ္ဍပ်ဖြစ်ပါတယ်။ သမ္မတကြီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ဝန်ကြီးအများအပြား တက်ရောက်လာတဲ့ ပရိသတ်ရှေ့မှာပဲ ရုပ်ရှင်သရုပ်ဆောင် အမျိုးသမီးတွေနဲ့ ဖွဲ့စည်းထားတဲ့ မမများ သံချပ်အဖွဲ့က ထိမိတဲ့ စာလုံးတွေနဲ့ သီကုံးထားတဲ့ သံချပ်ကို နှစ်ရက်လုံးလုံး တင်ဆက်သွားပါတာမို့ပါ" ဟု အထက်ပါ အစိုးရဝန်ထမ်းတစ်ဦးက ဆက်လက်ပြောပြသည်။

သင်္ကြန်အလွန် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရိုးအရာအစဉ်အလာ မပျက် ကုသိုလ်ကောင်းမှုပွဲတော်များကို ဆင်နွှဲခဲ့ကြသည်။ ဘိုးဘွားရိပ်သာများ၊ ရပ်ကွက်များတွင် သက်ကြီးရွယ်အို ဘိုးဘွားများကိုလက်ညည်း ခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲများ ကျင်းပခြင်းစသည့်ကုသိုလ်ကောင်းမှုများကို မြိုင်မြိုင်ဆိုင်ဆိုင် ပြုလုပ်ခဲ့ကြပြီး မြန်မာတို့၏ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်ဆီသို့လည်း သွားရောက်ဖူးမြော် ဦးခိုက်ပူဇော်ခဲ့ကြသည်။

"အမည်းစက်တွေကို အတာသင်္ကြန်ရေနဲ့ ဆေးကြောသန့်စင်ပြီး မင်္ဂလာရှိတဲ့ကိစ္စရပ်တွေ၊ ပျော်ရွှင်ဖွယ် ကိစ္စရပ်တွေ၊ တည်ငြိမ်အေးချမ်းရေးကိုဦးတည်တဲ့ ကိစ္စရပ်တွေနဲ့ပြည့်လွှမ်းနေတဲ့ မြန်မာနိုင်ငံအဖြစ် လာမယ့်နှစ်သစ်မှာ မြင်တွေ့လိုကြောင်း တိုက်တွန်းပြောကြားလိုပါတယ်" ဟု နိုင်ငံတော်သမ္မတက အများပြည်သူသို့ အတာသင်္ကြန် နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ခြုံငုံသုံးသပ်ရလျှင် ယခုနှစ်မဟာသင်္ကြန်ပွဲတော်ကြီးသည် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများများစွာလျော့နည်းသွားခြင်း၊ လုံခြုံရေးအင်အား တိုးမြှင့်ချထားဆောင်ရွက်ပေးခြင်း၊ ခိုက်ရန်ဖြစ်ပွားမှု နည်းပါးသွားခြင်း၊ နိုင်ငံခြားသား ဧည့်သည်ပါဝင် ဆင်နွှဲမှုမြင့်တက်လာခြင်း၊ ပဋိပက္ခအခြေအနေများကြောင့် စိုးရိမ်ပူပန်မှုများကို ကျော်ဖြတ်ကာ အောင်မြင်အေးချမ်းစွာပြီးဆုံးသွားခဲ့ခြင်းစသည်တို့ဖြင့် မင်္ဂလာအပေါင်းခညောင်းကာ ကောင်းမွန်သည့်နှစ်သစ်တစ်နှစ်ကို ကူးပြောင်းခဲ့ပါသည်။



(တစ်)

ကျွန်တော်တို့ခပ်ငယ်ငယ်အရွယ်တုန်းက အခြေခံပညာ မူလတန်းသင်ရိုး မြန်မာစာဖတ်စာ စာအုပ်ထဲတွင် "ဒေါင်းယောင်ဆောင်သောကျီး" ဟူသည့် စာတစ်ပုဒ် ပါဝင်ပါသည်။ စာသင်သားကလေးငယ်တို့အကြိုက် ပုံပြင်ကလေးတစ်ပုဒ်ဖြစ်ရုံသာမက ကျောင်းပရိဝုဏ်အပြင်ဘက်က လူတွေဖတ်လည်း တပြုံးပြုံးနှင့် သဘောကျသွားကြရသည့် ပုံပြင်ကလေးပဲဖြစ်ပါသည်။ အကျဉ်းမျှ ပြန်လည်ဖော်ပြပါရစေ။

တစ်ခါက တောအုပ်တစ်ခုတွင် ကျီးကန်းတစ်ကောင်ရှိသည်ဟူသတတ်။ တစ်နေ့ ထိုကျီးကန်းသည် ဒေါင်းတို့၏ မလှမ်းမကမ်းသို့ရောက်ရှိ၍သွားလေရာ အရောင်အသွေးစုံလင်လှသည့် ဒေါင်းတို့၏အတောင်အလက်များကိုကြည့်ကာ သဘောအကျကြီးကျသွားရုံမျှသာမက ငါ၌ထိုသို့သော အတောင်အလက်များ ရှိကောင်းလေစွဟုပင် တောင့်တမိသည်ဟူ၏။ ကျီးကားထိုမျှနှင့် မကသေးဘဲ မိမိကိုယ်မိမိ ပြန်လည်၍ သုံးသပ်ကြည့်ရှုကာ မိမိတို့ကျီးကန်းများသည် အမွေးအတောင်များ နက်မှောင်လေစွ၊ အရုပ်ဆိုးပေစွ၊ အဆင်အသွေးညံ့ဖျင်းပေစွစသည် စသည်ဖြင့်လည်း မိမိ၏ကျီးဖြစ်ခြင်းကို စက်ဆုပ်ရွံရှာမိသည်ဟူသတတ်။



# ဒေါင်းယောင်ဆောင်တာက ကျီးတစ်ကောင်တည်းမဟုတ်တော့ဘူး

မောင်သာချို

သို့ဖြင့် တစ်နေ့သော် ဒေါင်းတို့မရှိသည့်အခိုက် ထိုဒေါင်းတို့ကျက်စားရာအနီးအနားသို့ရောက်ရှိသွားပြီးသည့်သကာလ ဒေါင်းတို့ကိုယ်မှ ကျွတ်ကျ၍ နေခဲ့သောဒေါင်းတောင်ကလေးများကြားသို့ထိုးစိုက်၍ဒေါင်းအသွင် ဆောင်ကာနေလေရာ ဒေါင်းတို့ရောက်ရှိ၍လာသော်ဒေါင်းဟုပင်ထင်မှတ်လျက် အဆွေသည် လှပပေစွ၊ ခံ့ညားပေစွ စသည်ဖြင့် ပြောဆိုချီးမွမ်းလျက်နေသည်ကို ဒေါင်းယောင်ဆောင်ထားသော ကျီးကသဘောတွေ့၍ နေသည်ဟူသတတ်။ သို့ဖြင့် ဒေါင်းများက အတောင်ပံကိုဖြန့်၍ကကြလေသောအခါ ကျီးကလည်း ကအံ့ဟု အတောင်ပံများကို ဖြန့်လိုက်လေရာဒေါင်းတောင်များအကုန်ကျွတ်ကျကုန်ပြီး ကျီးဖြစ်မှန်း အဖြစ်မှန်ပေါ်ပေါက်သွားရာက ထိုကျီးကို ဒေါင်းတို့က ထိုးဆိတ်လွှတ်လိုက်လေသည်။ ကျီးလည်း မိမိတို့ကျီးများရှိရာသို့ပြန်ရောက်လာလေရာကျီးအပေါင်းတို့ကလည်း အမျိုးကိုသစ္စာဖောက်သောကျီးဟု စွပ်စွဲပြီးဝိုင်းဝန်းထိုးဆိတ်ကြပြန်သဖြင့် ဝေးရာသို့ ပြေးခွာ၍ သွားခဲ့ရကြောင်း ပုံပြင်ကလေးပဲဖြစ်ပါသည်။

ကျီးက ကျီးဖြစ်ရခြင်းကို လက်မခံလိုသော တစ်နည်းအားဖြင့် ကျီး၏ ဥပမိရုပ် (identity) ကို အလိုမရှိသော အတွေးမှား အမြင်မှားကို သင်ခန်းစာပေးထားသည့်ပုံပြင်ကလေးဟု သိသာထင်ရှားလှပါသည်။

ဖတ်မိသူတိုင်းက သူတစ်ပါးအမွေးအတောင်အရောင်အဆင်းအား အားကျသူကျီးကို နှာခေါင်းရှုံ့ကြလို့၊ စက်ဆုပ်ကြလို့၊ ရွံရှာကြလို့။

(နှစ်)

တကယ်လို့များ ဒေါင်းကိုအားကျနေသည်က ကျီးတစ်ကောင်တည်းကမဟုတ်ဘဲ ကျီးအားလုံးက အားကျနေခဲ့သည်ရှိသော်၊ ဒေါင်းတောင်တွေကို ရသရွေ့ကောက်ယူကာ ကျီးတိုင်းကျီးတိုင်းက သူတို့၏ အတောင်တွေကြားမှာ ကိုယ်စီကိုယ်စီ ထိုးစိုက်လျက် ဒေါင်းယောင်ဆောင်နေခဲ့ကြပြီဆိုသော်. . . ။

ပုံပြင်ကို ဘယ်လို ရေးရပ့်။
ပုံပြင်ကို ဘယ်လို
အဆုံးသတ်ရပ့်။

(သုံး)

အခု မြန်မာ အမျိုးသား၊ အမျိုးသမီးတို့ ဆံပင်ကို ဆေးဆိုးကြသောကိစ္စမှာ စကားထဲထည့်ပြောစရာမလိုလောက်အောင်ကို ရိုးစင်း၍သွားပါပြီ။

လှည်းနေလှေအောင်း မြင်းဇောင်းမကျန်ဟု ဆိုရလောက်အောင်ကိုပင်လျှင် ဆံပင်ကို ဆေးဆိုးကြသည့် ခေတ်ကြီး ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်၏ ဟိုဘက်ဆယ်နှစ်သည်ဘက် ဆယ်နှစ် အနှစ်နှစ်ဆယ် အစိတ်ဝန်းကျင် အတွင်း မြန်မာနိုင်ငံတော် တစ်ဝန်းလုံး၌ ဆံပင်ဆေးမဆိုးထားသောဒေသဟူ၍ မရှိသလောက် ဖြစ်သွားခဲ့ပါပြီ။ ခေါင်းရွက်ဗျက်ထိုးဈေးသည်ကအစ တက္ကသိုလ် ပါမောက္ခအဆုံး အားလုံး ဆံပင်ဆိုးကြပါသည်။ ရည်းစားစာရေးတတ်စအရွယ်က အစကျီးစောင့်ကြက်နှင့်အဆုံးအားလုံးဆံပင်ဆိုးကြပါသည်။

ဆံပင်ဖြူလာသဖြင့် ဇရာကိုမသိကျိုးကျွန်ပြုကာ ဆံပင်ကို အနက်ဆိုးသည်က ပြဿနာမရှိပါ။ သို့သော် အများစုက ရွှေရောင်၊ ငွေရောင်၊ နီညိုရောင်၊ အပြာရောင်၊ အစိမ်းရောင် စသည်စသည်ဖြင့် ပြင်ပကမ္ဘာသို့ လှမ်းမျှော်ကြည့်ကာ သူတို့အသွေးနှင့် သူတို့အမွေးကို အားကျလျက် ကြည့်ကောင်းလိုက်တာဟူသောစိတ်ဖြင့် လိုက်ဆိုးကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့တကယ်ကြည့်ကောင်းကြပါစ။

(လေး)

အအေးပိုင်း နိုင်ငံများတွင် နေထိုင်သူများအဖို့ မျက်လုံးအရောင်များကပြာပါသည်။ အသားအရေက ဖြူဆွတ်ပါသည်။ အမွေးအမှင်က ရွှေရောင်ငွေရောင် သမ်းပါသည်။ ဆံပင်မွေးသာမက မျက်ခုံးမွေး၊ မျက်တောင်မွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ လက်မွေး၊ ခြေမွေး၊ ချိုင်းမွေးအကုန် ရွှေရောင်၊ အကုန်ငွေရောင်။

ဒါကို အားကျသူ အမိမြန်မာနိုင်ငံသူ နိုင်ငံသားတို့က နှာခေါင်းပွပွ၊ မျက်နှာဝိုင်းဝိုင်း၊ နှုတ်ခမ်းထူထူ၊ အသားညိုညို၊ မျက်လုံးမည်းမည်းပါ။ မျက်ခုံးမျက်တောင် အမည်း၊ လက်မွေးခြေမွေးအမည်း၊ နှုတ်ခမ်းမွေး ချိုင်းမွေးအမည်း။ ဒါကို ဆံပင်တစ်ခုတည်းကွက်ကာ ရွှေရောင်ငွေရောင် ဆိုးထားရုံမျှနှင့် သူတို့လို ကြည့်ကောင်းသွားလေရောတဲ့လား။

နန်းတော်ရှေ့ဆရာတင်က သူ၏နာမည်ကျော် "ရွှေမင်းဂံ" သီချင်းထဲတွင် မင်းဂံဘုတ်ရွာသူတို့လှကြောင်း ဖွဲ့ရာ၌ "ပိတုန်းရောင်ကေသာ၊ ဖြန့်လိုက်ရင်. . တစ်ကိုယ်လုံး. . ဝေဝေဆာဆာလွှင်လွှင်" စသည်ဖြင့် ဆံပင်၏ နက်မှောင်ပုံကို အသားပေး၍ ဖွဲ့ခဲ့ဖူးပါသည်။

မိန်းမတို့၏ ကောင်းခြင်း ငါးသွယ်တွင်ကား အဆင်း၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ ဆံပင်၏ ကောင်းခြင်းဟူ၍ ဆံပင်သန်ခြင်းနှင့် မည်းနက်ခြင်းကိုပါ ကောင်းခြင်းတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ထားခဲ့ကြပါသည်။

မိန်းမတို့၏ ဂုဏ်အထပ်ထပ်ကို ဖွင့်ဆိုသည့် ကောင်းခြောက်ဆယ့်လေးရပ်၌မူ ဆံပင်၏ကောင်းခြင်းကို ကုဋ္ဋိလကေသာ အဖျားကော့သော ဆံပင်တဲ့၊ ဒီဃမုဒ္ဒဇကေသာ ရှည်လျားသော ဆံပင်တဲ့၊ သုခုမကေသာ သိမ်မွေ့သော ဆံပင်တဲ့။ အင်း. . . ဒါတွေ ထားလိုက်ပါတော့။

ကျွန်တော်အခုပြောလိုသည်က အရောင်စုံဆံပင်များနှင့် ကျွန်တော်တို့၏ အသွေးအမွေးလိုက်၏၊ မလိုက်၏ပါ။ ကဲ. . . လိုက်သည်ပဲထားလိုက်ပါဦး လူသည် မိမိ၏ ဥပမိရုပ် (identity) ကို ငြင်းပယ်သင့်၊ မငြင်းပယ်သင့်ပါ။

(ငါး)

တစ်ခါက တက္ကသိုလ်ကောလိပ်၊ ကျောင်းပရိဝုဏ်များအတွင်းသို့ ဆေးဆိုးထားသည့် ဆံပင်များဖြင့် ဝင်ရောက်ခွင့်မပြုကြောင်း စည်းကမ်းထုတ်ပြန်ထားသည်ကို တွေ့ခဲ့ဖူးပါသည်။ တစ်ခါ ဆရာမကျတော့ ဘာလို့ဆိုးထားသေးလဲဟု ကျောင်းသူတစ်ယောက်က နှုတ်တုံ့ပြန်ခဲ့သည်ကိုလည်း ကြားခဲ့ဖူးပါသည်။

လူသည် အတွေးအခေါ်အင်အားချည့်နဲ့လာသောအခါ ကိုယ့်ဥပမိရုပ် (identity) ကို အများက အသိအမှတ်ပြုလာအောင် မကြိုးစားဘဲ ကိုယ့်ဥပမိရုပ် (identity) ကိုကိုယ်ဖျောက်ဖျက်ကာ သူများဥပမိရုပ် (identity) နှင့် လူသူလေးပါး ခံ့ညားလာအောင်လုပ်ဖို့ ကြိုးစားမိတတ်ကြစမြဲဖြစ်ပါသည်။

ကျီးတစ်ကောင်ဒေါင်းယောင်ဆောင်တော့ ထိုကျီးကို ဒေါင်းကလည်းလက်မခံ၊ ကျီးကလည်းလက်မခံ။ အခု ကျီးအားလုံးက ဒေါင်းယောင်ဆောင်ဖို့ကြိုးစားကြပြီဖြစ်ပါသည်။ လူငယ်၊ လူကြီး၊ လူထီး၊ လူမ၊ မြို့ပြ၊ ကျေးလက် ဆေးဆိုးထားသော ဆံပင်တွေနဲ့။ မြန်မာကမြန်မာဖြစ်ခြင်းကို သေးနုပ်သိမ်ငယ်စိတ်ပျက်ဖွယ်ဟု စိတ်ဓာတ်မျိုးဝင်ရောက်လာသည်ထက်ကြေကွဲစရာကောင်းတာ မရှိပါလေတော့. . . ။ ။

စာမျက်နှာ(၂၆)မှ

## ပါရာဒိုင်း လှည်းတန်း

လှည်းတန်းသည် ညနေတိုင်း ညနေတိုင်းမှာ နယ်မြို့များမှာ ဘုရားပွဲကြီး ကျင်းပနေသလို အမြဲလိုလိုရှုပ်ထွေးဆူညံနေပါပြီ။ ရယ်ဒီမိတ်အဝတ်အထည်ဆိုင်တွေ၊ ဂျော်ဒန်နီး၊ ဘန်ဘန်းတို့လို အမှတ်တံဆိပ်ဆိုင်တွေ ဖွင့်လှစ်လာကြသည်။ ငါးကင်ဆိုင်၊ မြီးရှည်ဆိုင်၊ ဝက်သားတုတ်ထိုးဆိုင်၊ ကြက်ကြော်ကြက်ကင်ဆိုင်၊ ကော်ပြန့်စိမ်း၊ မုန့်ဟင်းခါးဆိုင်တို့ဖြင့် လှည်းတန်းသည် ကြိတ်ကြိတ်တိုးစည်ကားလှသည်။ ကားတွေကျပ်ခဲပိတ်ဆို့ကြသည်။ လှည်းတန်းနှင့် တစ်ဆက်တည်း ပြည်လမ်းမဘက်ခြမ်းမှာ Junction Center ဖွင့်လိုက်သည်။ ကားအရောင်းပြခန်းတွေ အသီးသီးပေါ်လာသော်လည်း ကားပွဲစားတန်းမရှိတော့။ အထပ်မြင့် ဒိုင်းမွန်းစင်တာ အဆောက်အအုံ လေးလုံးပေါ်ထွက်လာသည်။ နိုဗိုတယ်ဟိုတယ်ကိုအားချင်း တည်ဆောက်နေကြသည်။ လှည်းတန်း ဝန်းကျင်သည် တဖြည်းဖြည်း သွားလာရေး အချက်အချာကျရုံမက ဖြစ်ထွန်းမည့်စီးပွားရေး ရပ်ဝန်းအဖြစ် ပေါ်ထွက်လာသည်။

ဗြို ၁၀ ရက် လှည်းတန်းခုံကျော်တံတား အသုံးမပြုခင်မှာပင် နာနတ်တောလမ်းနှင့် ပြည်လမ်းတစ်ဖက်ခြမ်း အင်းစိန်၊ မင်္ဂလာဒုံသို့ သွားရာအကွေ့မှာ အတုံးကြီးတွေချထားပြီး လမ်းကိုပိတ်လိုက်သည်။ နာနတ်တောမီးပွိုင့်မရှိတော့၊ ခုံးကျော်တံတားပေါ်မှကားတွေ တစ်စီးပြီးတစ်စီး အရှိန်ပြင်းပြင်း ဖြတ်မောင်းသွားကြသည်။ လှုပ်ရှားအသက်မဝင်သေးသော သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ကြီးကို ပန်းခင်းထဲ မြင်းစီးကြည့်သလို ဝေ့ဝဲကြည့်သွားကြသည်။ ပြည်လမ်းမှဖြတ်သည့်ကားတွေ ယခင်လို မီးပွိုင့်မစောင့်ရ၍ ရွှတ်ခနဲ ရွှတ်ခနဲ တစ်ဖက်စီ ရောက်သွားသည်။ သို့သော် သည်ကားတွေ အင်းလျားလမ်းဆုံ ရာနှင့် ဟံသာဝတီအဝိုင်းထိပ်မှာ အရှိန်လျှော့ရပြီ။ ထိုနေရာတွင် ကားတွေစီတန်းထပ်နေသည်။ တံတားပေါ်လျှောက်သွားသူများ အသည်းတယားယား။ မူလတည်ဆောက်ချိန်က တစ်ဖက်သုံးပေကျယ်မည်ဆိုသော လူသွားလမ်းမှာ နှစ်ပေပင်မရှိ။ လူနှစ်ယောက် မျက်နှာချင်းဆိုင် လျှောက်လာပါက တစ်ယောက်က လမ်းပေါ်ဆင်းပေးရသည်။ ကားကြီးတွေ ဖြတ်သွားတိုင်း ဖြတ်သွားတိုင်းမှာ တံတားပေါ်မှာ တငြိမ့်ငြိမ့် တုန်ခါကျန်ခဲ့သည်။ လေအေးအေးက ကလူကျီစယ်သွားပါသည်။

နီယွန်လမ်းမီးတွေ တလက်လက် တောက်ပလာချိန်မှာ လှည်းတန်းဝန်းကျင်သည် အစည်ကားဆုံးဖြစ်လာသည်။ တဗြီးဗြီး အသံပေးကာ မှတ်တိုင်သို့ နေရာလုတိုးဝင်လာသော လိုင်းကားကြီးတွေနှင့်အတူ စပယ်ယာတွေရဲ့ လူခေါ်သံက ခုံးကျော်တံတားပေါ် လွင့်တက်လာသည်။ လှည်းတန်းစင်တာအသစ်ကျပ်ချွတ်ကြီးမှာ လျှပ်စစ်မီးတွေ ဝင်းလက်နေသလို အယ်လ်အီးဒီဘုတ်ကြီးပေါ်မှာ ဝတ်မှုန်ရွှေရည် ခုန်ပေါက်ကနေသည်။ ငါးကင် ဆိုင်တွေရှေ့မှာ လူတွေ တိုးတိုးခွေ့ခွေ့၊ ဗီဒီယိုအခွေဆိုင်ရှေ့မှာ ကောင်မလေးတွေ ဖွေးဖွေးလှုပ်လှုပ်. . ။ လှည်းတန်းမီးပွိုင့်နားက ရှမ်းခေါက်ဆွဲဆိုင်မှာ ချစ်သူစုံတွဲတစ်တွဲ အကြည်ဆိုက်နေပါသည်။ ထိုစဉ်မှာပဲ လှည်းတန်းထိပ်အဆောက်အအုံကြီးမှာ မီးတွေပိတ်၊ လူခြေတိတ်၍ သော့ခလောက်ကြီး ပိတ်ထားသည်။

ဩော်. . . လှည်းတန်းရဲ့ အရှေ့တစ်ခုမှာ ဘယ်သူတွေ မမေ့မလျော့နဲ့ပါလာဦးမည်မသိ။ လှည်းတန်းကတော့ အပြောင်းလဲကြီး ပြောင်းလဲသွားပါပြီ. . ။ ။

# ပိုလှသော နှစ်သစ်ဆီသို့ . . .

နေဘုန်းလတ်



ဒီနေ့ နှစ်ဆန်းတစ်ရက်နေ့ပါ။ အိပ်ရာက နိုးနိုးချင်း ဖေ့စ်ဘွတ်ခ်ကို ဖွင့်တော့ တိုင်းမ်မဂ္ဂဇင်းက ဖန်တီးပေးထားတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လေဒီဂါဂါတို့ရဲ့ ယှဉ်ပြိုင်ပွဲကို ကာယကံရှင်နှစ်ယောက် မဟုတ်ဘဲ အားပေးကြသူတွေ၊ ပရိသတ်တွေက အပြိုင်အဆိုင် နွှဲနေကြတာကို တွေ့ရပါတယ်။ ဒါဟာ ပြောင်းလဲလာတဲ့ ခေတ်ရဲ့ ဆန်းသစ်သော အမှတ်လက္ခဏာတွေ များစွာထဲက တစ်ခုပါ။ ဒီလိုမျိုး အွန်လိုင်းကနေ မဲပေးရတဲ့ စနစ်ကို ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလှမယ်ရွေးချယ်ပွဲမှာ မြန်မာအလှမယ်နန်းခင်ဇေယျာဝင်ပြိုင်တုန်းကလည်း ကျွန်တော်တို့ကြုံခဲ့ရပြီးပါပြီ။ အဲဒီတုန်းကဆို မြန်မာအလှမယ်ဟာ အင်တာနက်သုံးစွဲသူမြန်မာတို့ရဲ့ကျေးဇူးနဲ့ Miss Internet 2012 ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အထိ နန်းခင်ဇေယျာရော သူ့ရဲ့ပရိသတ်တွေပါ အောင်မြင်မှုရခဲ့ကြပါတယ်။ မြန်မာနိုင်ငံအတွက်လည်း ဂုဏ်ယူစရာပါ။ အခုလည်း ထူးခြားတဲ့ နောက်ထပ်ပြိုင်ပွဲတစ်ခုက ကျွန်တော်တို့ရဲ့ အွန်လိုင်းနိုင်ငံသား (Netizen) တွေကြားထဲမှာ ထပ်ပေါ်လာပြန်ပါတယ်။

တိုင်းမ်မဂ္ဂဇင်းက ကမ္ဘာကို လွှမ်းမိုးမှုအရှိဆုံးလူသား ၁၀၀ ရွေးချယ်ခြင်း ၁၀နှစ်ပြည့် အထိမ်းအမှတ်အနေနှင့် ပြီးခဲ့သောဆယ်စုနှစ်အတွင်း ကမ္ဘာကို လွှမ်းမိုးမှုအရှိဆုံး လူသားကို အွန်လိုင်းက မဲပေးရွေးချယ်တဲ့ပွဲလေးပြုလုပ်လိုက်တယ်။ အဲဒီမှာ ကျွန်တော်တို့အတွက် ထူးခြားသွားတာက ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ အခြားနာမည်ကြီးပုဂ္ဂိုလ်တွေကို ကျော်ဖြတ်လာပြီး နောက်ဆုံးမှာ ကမ္ဘာကျော် အဆိုတော် အနုပညာရှင် လေဒီဂါဂါနဲ့ ယှဉ်ပြိုင်ရတဲ့ အခြေအနေအထိ ရောက်လာခြင်းပါပဲ။

ကျွန်တော်အထက်မှာ ပြောခဲ့တဲ့ အွန်လိုင်းက မဲပေးရွေးချယ်ပွဲနှစ်ခုစလုံးရဲ့ မဲပေးရွေးချယ်ရတဲ့ စနစ်တွေကို ကြည့်တဲ့အခါ စက်တစ်လုံးတည်းကနေ အကြိမ်ကြိမ်မဲပေးခွင့်ပြုထားတာကို တွေ့ရပါတယ်။ ဒီအခွင့်အရေးကို မိမိရရအသုံးချပြီး မြန်မာအလှမယ်နန်းခင်ဇေယျာကို မြန်မာတော်တော်များများဟာ မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး တစ်ဦးတစ်ယောက်တည်းကနေ အကြိမ်ကြိမ်မဲပေးခဲ့ကြတာ နန်းခင်ဇေယျာလည်း Miss Internet 2012 ဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဒီလို တစ်ယောက်တည်းက အကြိမ်ကြိမ် မဲပေးနေတာနဲ့ပတ်သက်ပြီး လုပ်သင့်တယ် မလုပ်သင့်ဘူး။ ကျင့်ဝတ်နဲ့ညီတယ်၊ မညီဘူး စသည်ဖြင့် အငြင်းပွားမှုတွေလည်း အွန်လိုင်းနိုင်ငံသားတွေကြားထဲမှာ အမြောက်အမြားပေါ်လာခဲ့ပါတယ်။ တစ်ယောက်တည်းက အကြိမ်ကြိမ်မဲပေးတာကို မတရားလုပ်တယ်လို့ ခံစားပြီး ကန့်ကွက်တဲ့သူတွေရှိသလို၊ မဲဝင်မပေးရင်ဘဲ မျိုးချစ်စိတ်ဓာတ်မရှိတဲ့သူ၊ မြန်မာမပီသတဲ့သူစသည်ဖြင့် စွပ်စွဲပြောဆိုချင်ကြတဲ့ သူတွေလည်း တွေ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ လေဒီဂါဂါတို့ရဲ့ ယှဉ်ပြိုင်မှုက ပိုပြီး ပြင်းထန်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ Miss Myanmar တုန်းကလို နိုင်ငံတွေ အများကြီးထဲက ကိုယ့်နိုင်ငံသူကို မဲပေးရတာမျိုး မဟုတ်ဘဲ နှစ်ယောက်ယှဉ်ပြီး မဲပေးရတာမို့ပါ။ တိုင်းမ်မဂ္ဂဇင်းရဲ့ အွန်လိုင်းစာမျက်နှာကလည်း ယှဉ်ပြိုင်ပွဲကို စိတ်ဝင်စားစရာကောင်းအောင် ရာခိုင်နှုန်းတွေကို အချိန်မှန်တင်ပေးနေပါသေးတယ်။ မျိုးချစ်စိတ်ကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ်ချစ်မြတ်နိုးတဲ့သူကို အနိုင်ရစေချင်လို့ပဲဖြစ်ဖြစ် ပြိုင်ပွဲစည်းကမ်းဘောင်ထဲကနေ ကိုယ်နှစ်သက်သလို မဲပေးကြတာဟာ ကိုယ့်အခွင့်အရေး ကိုယ်အသုံးချတာဖြစ်လို့ ဘာမှပြဿနာမရှိပါဘူး။ အခြားသူတွေ စိတ်မဝင်စားလို့ ဒီပွဲကို ဝင်မနွှဲကြတာကလည်း သူတို့ရဲ့ အခွင့်အရေးပါပဲ။ ကိုယ်ယုံကြည်ရာ ကိုယ်လုပ်နေကြတဲ့အပေါ် ဘယ်သူ့ ဘယ်သူ့ကိုမှ မထိခိုက်ဘူးဆိုရင် ကျွန်တော်တို့ လွတ်လပ်စွာ ကွဲလွဲခွင့်ပေးသင့်ပါတယ်။ မအိပ်မနေ မဲပေးနေကြတဲ့သူတွေကို အလုပ်မရှိ၊ အကိုင်မရှိ အားနေကြတယ်လို့ အပြစ်တင်တာ၊ မဲမပေးတဲ့သူတွေကို မျိုးချစ်စိတ်ဓာတ်မရှိသူတွေလို့ စွပ်စွဲတာစတဲ့လုပ်ရပ်တွေဟာ သူတစ်ပါးရဲ့ အခွင့်အရေးကို ချိုးဖောက်စော်ကားတာပါပဲ။ ကိုယ့်အခွင့်အရေးကို ကိုယ်ရအောင်ယူတာ အသုံးချတာမျိုးတွေကို အားပေးရမှာ ဖြစ်ပေမယ့် သူတစ်ပါးရဲ့အခွင့်အရေးကို ချိုးဖောက်တာ စော်ကားတာတွေကိုတော့ ကျွန်တော်တို့ ရှုတ်ချရပါလိမ့်မယ်။

ဒီတစ်ခေါက်ကိစ္စမှာ နောက်ထပ်တစ်ခုတွေ့မိတဲ့ ထူးခြားမှုကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လေဒီဂါဂါကို ယှဉ်ရွေးခိုင်းတဲ့အတွက် အချို့သောသူတွေဟာကိုယ်ကြိုက်တာ ကိုယ်ရွေးရုံနဲ့ မပြီးဘဲ ကိုယ်မကြိုက်တဲ့သူကို ပုတ်ခတ်စော်ကားတဲ့ အသုံးအနှုန်းမျိုးတွေ သုံးလာကြတာပါ။ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်တယ်၊ နိုင်စေချင်တယ်ဆိုရင် ခွင့်ပြုထားတဲ့အတိုင်း ကြိုက်သလောက် Vote လို့ရပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လေဒီဂါဂါကို ယှဉ်ပြောပြီး လေဒီဂါဂါကို အပုပ်ချတာမျိုးတွေ လုပ်လာတာဟာ မဖြစ်သင့်တဲ့ အနေအထားတစ်ခုပါ။ ဘယ်သူမှတော့ လွယ်လွယ်နဲ့ ကမ္ဘာမကျော်ပါဘူး။ နောက်ပြီး ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးသမားပါ။ လေဒီဂါဂါက အနုပညာသမားပါ။ အလေးချိန်နဲ့ အလျားဆိုတာကို တိုင်းတာတဲ့အခါ ယူနစ်မတူတာကို သတိပြုသင့်ပါတယ်။ အများပြည်သူကို လွှမ်းမိုးတယ်လို့ ဆိုတဲ့နေရာမှာလည်း ဘယ်လိုနည်းမျိုးနဲ့လွှမ်းမိုးတယ်ဆိုတာ ရှိပါသေး တယ်။

လေဒီဂါဂါဟာ နိုင်ငံရေးအရ၊ ပညာအရည်အချင်းအရ၊ အတွေ့အကြုံအရအတွေးအခေါ် အရစသည်ဖြင့် ဒေါ်အောင်ဆန်းစုကြည်ကိုမမီနိုင်တာတွေ များစွာရှိနိုင်ပေမယ့် အနုပညာအရတော့ သူ့မှာလည်း လျှော့တွက်လို့မရတဲ့ အရည်အချင်းတွေ ရှိပါတယ်။ အနုပညာအတွက် အရေးအကြီးဆုံး လိုအပ်မှုတွေဖြစ်တဲ့ တီထွင်ဖန်တီးနိုင်စွမ်း(Creativity)နဲ့ စိတ်ခံစားမှု စွမ်းရည်တွေမှာလည်း လေဒီဂါဂါဟာ ထူးခြားတဲ့ အစွမ်းအစတွေ ရှိပါတယ်။

ကျွန်တော် ဒီလိုပြောနေခြင်းဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ လေဒီဂါဂါ နှစ်ယောက်တည်းက ဘယ်သူ့ဘက်မှလိုက်ပြီး မဲဆွယ်နေတာမဟုတ်ပါဘူး။ ဆိုလိုချင်တာက ကိုယ့်ဘက်က အနိုင်ရစေဖို့ အခြားတစ်ဖက်ကို ခြေထိုးတာ၊ အပုပ်ချတာစတဲ့ မတရားသော ယှဉ်ပြိုင်မှုမျိုးတွေ လုပ်ဖို့မလိုအပ်ဘူးဆိုတာပါ။ တရားမျှတတဲ့ ယှဉ်ပြိုင်မှုဆိုတာ ရှိပါတယ်။ တရားမျှတသော ယှဉ်ပြိုင်မှုတွေဖြစ်ဖို့ နိုင်ရမယ်ဆိုတဲ့ စိတ်တစ်ခုအပြင် ပြိုင်ဘက်အပေါ် လေးစားအသိအမှတ်ပြုမှု တစ်ခုလည်းရှိဖို့ လိုအပ်ပါသေးတယ်။

တစ်ဖက်ကိုတစ်ဖက် အပြီးသတ် ချေမှုန်းပြီးမှ အနိုင်ရတဲ့ စစ်ဘီလူးတို့ရဲ့ တိုက်ပွဲမျိုးတွေ ကျွန်တော်တို့ကမ္ဘာမှာ ဆက်လက်မရှင်သန်သင့်တော့ပါဘူး။ ကိုယ်နိုင် သူရှုံး၊ သူနိုင် ကိုယ်ရှုံး စတဲ့ တိုက်ပွဲမျိုးတွေဟာ လူသားကမ္ဘာကို အကျည်းတန် အရုပ်ဆိုးစေပါတယ်။ ညစ်လုံး၊ တိုက်လုံးတွေ မသုံးဘဲ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်လေးစားမှု တစ်ခုနဲ့ တရားမျှတစွာ ယှဉ်ပြိုင်သောပြိုင်ပွဲတွေရဲ့ သန့်စင်မှုဟာ လူသားကမ္ဘာကို ပိုပြီးလှပစေမှာပါ။ ကိုယ့်အခွင့်အရေး သူ့အခွင့်အရေးကို အပြန်အလှန် အသိအမှတ်ပြုလေးစားသော၊ မိမိရဲ့ရှင်သန်မှု၊ မိမိရဲ့ အနိုင်ရလိုမှုအတွက် သူတစ်ပါးကို ခြေထိုးညစ်ပတ်ခြင်း အလျဉ်းကင်းသော လူ့အဖွဲ့အစည်းမျိုးကို ကျွန်တော်တို့ တစ်ယောက်ချင်းစီက လိုလားတယ်ဆိုရင် အဲဒီကို ကျွန်တော်တို့ အသေအချာကို ရောက်ကြပါလိမ့်မယ်။ ယဉ်ကျေးမှုတစ်ခုကို ကျွန်တော်တို့ကပဲ ဖျက်ဆီးနိုင်သလို ယဉ်ကျေးမှုအသစ်တစ်ခုကို ကျွန်တော်တို့ကပဲ ဖန်တီးနိုင်ပါတယ်။ ။

7 ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ထက်ပိုင်ဖြိုး(ဇဝန)၊ ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၇၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

Business 7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013



အောင်သမာဓိရွှေဆိုင်တွင် မေ ၁၉ ရက်က ရောင်းဝယ်နေသူများကို တွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# သင်္ကြန်အပြီး ရွှေဈေးထိုးကျ

**ခန့်ထက်**

**ရန်ကုန်၊ မေ-၁၉**

သင်္ကြန်အပြီး မြန်မာ့ရွှေဈေး ကျဆင်းမှုသည် ပုံမှန်အတက်အကျထက် ခြောက်ဆကျော်ကျဆင်းခဲ့ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး ဦးကျော်ဝင်း(ဦးထုံ)က ပြောသည်။

ယခင်က ရွှေဈေးအတက်အကျမှာ ပျမ်းမျှ ၁ ဒသမ ၅ ရာခိုင်နှုန်းသာကွာဟတတ်ပြီး ယခုအကြိမ်တွင် ၇ ဒသမ ၈ ရာခိုင်နှုန်းအထိကွာဟကျဆင်းသွားခြင်းဖြစ်ကြောင်း ဦးထုံရွှေပန်းထိမ်မှ ဦးကျော်ဝင်းက ဆိုသည်။

မြန်မာ့ရွှေဈေးမှာ သင်္ကြန်ပိတ်ရက်မတိုင်မီ မေ ၁၁ ရက်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၄၀,၀၀၀ ဝန်းကျင်ရှိရာမှ နှစ်ဆန်းနှစ်ရက်နေ့ ဈေးပြန်ဖွင့်ချိန်၌ တစ်ကျပ်သားလျှင် ကျပ် ၆၇၀,၀၀၀ အထိဈေးကျဆင်းခဲ့သည်။

"ဈေးကျတာက မိနစ်ပိုင်းလောက်ပါ။ ပြီးတော့ ပြန်တက်လာတာပဲတဖြည်းဖြည်း" ဟု ဦးကျော်ဝင်းက ပြောသည်။

**စာမျက်နှာ(၃၄) သို့**

**စာမျက်နှာ(၃၄) သို့**

# ဓာတ်ငွေ့တင်ပို့ရာမှ ဒေါ်လာသန်း ၂၆ဝ ကျော် ပိုမိုရရှိ

**ပြည်သိမ်း**

**ရန်ကုန်၊**

**မေ-၁၉**

၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင်ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချရာယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ သန်း ၂၆ဝ ကျော်ပိုမို ရရှိခဲ့ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

၂၀၁၂-၁၃ဘဏ္ဍာနှစ်တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့ရာ အမေရိကန်ဒေါ်လာသန်း ၃,၅၄၄(၃ ဒသမ ၅ ဘီလီယံကျော်) တင်ပို့နိုင်သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်(၃ ဒသမ ၂ ဘီလီယံကျော်) သာတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများအရ တွေ့ရှိရသည်။

"သဘာဝဓာတ်ငွေ့ကနှစ်စဉ်တက်နေတာပဲ။ ပို့ကုန်တန်ဖိုးမှာက သုံးပုံ တစ်ပုံလောက်နေရာယူထားတယ်"ဟုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးကလည်း ပြောသည်။

၂၀၁၂-၁၃ဘဏ္ဍာနှစ်မှာယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ပြည်ပပို့ကုန်များတွင် လယ်ယာထွက်ကုန်တင်ပို့မှုမှာလည်းယခင်ထက်ကန်ဒေါ်လာသန်း ၃၀၀ ပိုမိုတင်ပို့နိုင်သည်။ အထည်ချုပ်တင်ပို့မှုမှာသန်း ၂၀၀ ကျော်ရှိသည်။

**စာမျက်နှာ(၃၄) သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၈၆ | ၈၇၇ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၈၆ | ၈၇၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၁၉ | ၇၀၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၆၂ | ၁၁၄၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၇၁ | ၃၀. ၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၄၂. ၄ | ၁၄၃ | ကျပ် |

၂၀၁၃ မေ ၂၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၆၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၉. ၅၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၇၇၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၉၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၆၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၉. ၀၃ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၄၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၈. ၅၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၁၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၀၇ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၃၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၇၃ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၈၆၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၆၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၆၆၀၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၃၉၉. ၇၀ |
| ရေနံစိမ်း | စည် | ၉၉. ၄၂ |
| ငွေ | ၁ အောင်စ | ၂၃. ၂၅ |
| ကြေးနီ | ပေါင် | ၃၁၅. ၄၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ မေ ၂၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# ဆန်တန်ချိန် ခြောက်သောင်း အာဖရိကသို့ မေလဆန်းတွင် တင်ပို့မည်

**ပြည်သိမ်း**

**ရန်ကုန်၊ မေ-၁၉**

ဘဏ္ဍာနှစ်သစ်တွင် ပထမဆုံးအကြိမ်အဖြစ် ဆန်တန်ချိန်ခြောက်သောင်းကို မေလဆန်း၌ အာဖရိကဈေးကွက်သို့ တင်ပို့ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်မှ သတင်းရရှိသည်။

နွေစပါးပေါ်ချိန်တွင် တရုတ်နိုင်ငံသို့ ဗီယက်နမ်မှ ဆန်များ ဈေးသက်သာစွာဝင်ရောက်နေသဖြင့် မြန်မာ့ဆန်ကို ဈေးနှုန်းလျှော့ချဝယ်ယူမှုများကြောင့် ကုန်သည်များ တင်ပို့နိုင်မှု လျော့နည်းလာသည်။ ယင်း၏ ဆက်စပ်မှုအဖြစ် ပြည်တွင်းဆန်ဈေး ကျဆင်းမည်ကို စိုးရိမ်သော်လည်း ပြည်ပသဘော်တင်မှုများကြောင့် ယခုထက်ဈေးကျနိုင်စရာမရှိကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။

"နွေစပါးက အထက်ဘက်မှာလည်း ရေမရလို့အထွက်နည်းတယ်။ ဆန်လက်ကျန်လည်း နည်းတော့ဈေးက ကျစရာမရှိဘူး" ဟု ဦးမျိုးသူရအေးက ဆိုသည်။

တရုတ်နိုင်ငံမှ ဝယ်ယူမှုလျော့နည်းလာသဖြင့် သကြ်န်မတိုင်မီက ပြည်တွင်းဆန်ဈေးမှာ အနည်းငယ်ကျဆင်းခဲ့သည်။ လက်ရှိအချိန်တွင် ဒေသအလိုက် စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ်သုံးသိန်းမှ သုံးသိန်းခွဲကြား ဈေးရှိသည်။ ယင်းထက် ဈေးနှုန်းကျဆင်းပါက အရန်ဆန်ဝယ်ယူပေးရန် လိုအပ်ကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း ဥက္ကဋ္ဌ ဦးစိုးထွန်းက ပြောကြားသည်။

လက်ရှိမြန်မာ့ဆန်၏ ပြည်ပပေါက်ဈေးမှာ ၂၅ မှတ်(အကျိုးအကြေ ၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် ကန်ဒေါ်လာ ၃၄၅ မှ ၃၅၀ ကြား ဈေးရသည်။ ယင်း ၂၅ မှတ်ဆန်ကို ပြည်တွင်းဈေးကွက်တွင် တစ်အိတ်လျှင် ကျပ် ၁၃,၀၀၀ ဝန်းကျင် ဈေးရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မတ်၊ ဧပြီလများက ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေး အေးနေပြီး ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဆန်တင်သွင်းမှုနည်းခြင်း၊ အချို့မှာ ဝယ်ယူမှုမရှိခြင်းတို့ကြောင့် ဈေးနှုန်းဆက်လက်အေး နေနိုင်ကြောင်း ပြည်ပသို့ ဆန်တင်ပို့သူများက သုံးသပ်နေကြသည်။




**စာမျက်နှာ(၃၃) မှ**

## သင်္ကြန်အပြီး ရွှေဈေးထိုးကျ

ယနေ့ အခေါက်ရွှေပေါက်ဈေးမှာကျပ်ခုနစ်သိန်းတစ်သောင်းဝန်းကျင်ရှိပြီး လေးသောင်းခန့်ပြန်မြင့်တက်ခဲ့သည်။

သို့သော် ယခင်ဈေးထက် ကျပ်သုံးသောင်း၊လေးသောင်းဝန်းကျင် ဈေးကျနေပြီး ယင်းဈေးအတိုင်း ဆက်လက်တည်ရှိပါက ဘဏ်များ ပြန်ဖွင့်ချိန်တွင် ရွှေအတုံးဝယ်စုသူများကြောင့် ပြည်တွင်း၌ ရွှေဝယ်လိုအားပိုမိုမြင့်တက်လာနိုင်ကြောင်း အောင်သမာဓိရွှေဆိုင် ပိုင်ရှင်ဦးအောင်ကပြောသည်။

ယနေ့ အောင်သမာဓိရွှေဆိုင်၏ အခေါက်ရွှေပေါက်ဈေးမှာ နေ့လယ် ၁၂ နာရီအထိ ကျပ်ခုနစ်သိန်းတစ်သောင်းခွဲရှိခဲ့ပြီး အောင်သမာဓိဆိုင်များ၌ ရောင်းချရန် ရွှေမရှိတော့သည်အထိ ဖြစ်ခဲ့ရကြောင်း စုံစမ်းသိရသည်။

ထိုသို့ ပစ္စည်းပြတ်ရခြင်းမှာ ပြည်တွင်း၌ ရွှေထုတ်လုပ်မှုအားနှင့်ဝယ်လိုအားမမျှတခြင်းကြောင့်ဖြစ်ပြီး နိုင်ငံတကာမှ တင်သွင်းသောရွှေများ ရောက်ရှိပါက ပြန်လည်ရောင်းချနိုင်မည်ဟု အောင်သမာဓိဆိုင်ရှင်က ပြောသည်။

"ဘဏ်တွေပြန်ဖွင့်လာရင်တော့ ရွှေဈေးက ပြန်တက်လာနိုင်တယ်။ ဒါကြောင့် ကျတုန်းဝယ်ထားတာ" ဟု ရွှေအတုံးဝယ်စုသူ အမျိုးသမီးတစ်ဦးက ပြောသည်။

မြန်မာ့ရွှေဈေးသည် ကမ္ဘာ့ရွှေဈေးပေါ်တွင် မှီနေပြီး ကမ္ဘာ့ရွှေဈေးတက်ပါက မြန်မာ့ရွှေဈေးပါတက်လာကြောင်း ရွှေကုန်သည်တစ်ဦးက ပြောသည်။

"ဈေးကျတော့ ရွှေတုံးဝယ်တဲ့လူသာမကဘဲ အထည်ဝယ်တဲ့လူတွေများတာ နှစ်ရက်လောက်ရှိပြီ" ဟု အောင်သမာဓိရွှေဆိုင် (ရန်ကုန်) ၏ အရောင်းဝန်ထမ်းတစ်ဦးက ပြောသည်။

ဧပြီလ ၁၀ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ကန်ဒေါ်လာ ၁,၅၅၀ ဝန်းကျင်ရှိနေရာမှ ဧပြီလ ၁၂ ရက်တွင် ၁,၃၀၀ ဝန်းကျင်အထိ ကျဆင်းခဲ့သည်။

ထိုသို့ကျဆင်းရခြင်းမှာ ဆိုက်ပရက်စ်နိုင်ငံသည် ကြွေးမြီပြဿနာများကြောင့် အရန်ရွှေများအား ထုတ်ရောင်းမည်ဟူသည့် သတင်းကြောင့်ဖြစ်သည်ဟု နိုင်ငံတကာ သတင်းများ၌ဖော်ပြထားသည်။

**စာမျက်နှာ(၃၃) မှ**

## ခာတ်ငွေ့တင်ပို့ရာမှ ဒေါ်လာသန်း ၂၆၀ ကျော် ပိုမိုရရှိ

၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈ဘီလီယံကျော်သည်။ ယင်းတို့တွင်သွင်းကုန်တန်ဖိုးက ပို့ကုန်ထက်ကန်ဒေါ်လာသန်းသုံးရာကျော်ပိုလာသည်။ ယခုနှစ်ပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာကိုးဘီလီယံနီးပါးရှိပြီး သွင်းကုန်မှာ ကိုးဘီလီယံကျော်ရှိသည်။

"ဒီနှစ်သွင်းကုန်ကပိုများတာကားနဲ့ ကားဆက်စပ်ပစ္စည်းတွေအသွင်းများလို့ပါ"ဟု စီးပွား/ကူးသန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

ယခင်နှစ် ကုန်သွယ်မှု တန်ဖိုးမှာကန်ဒေါ်လာ ၁၇ ဘီလီယံကျော်(သန်း၁၇,၈၁၀) ရှိပြီး ပို့ကုန်တန်ဖိုးမှာ ရှစ်ဘီလီယံကျော်(သန်း ၈,၉၂၀)နှင့် သွင်းကုန်တန်ဖိုးမှာ (သန်း ၈,၈၉၀) ရှိခဲ့သည်။

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# မြရောသဘော် ဈေးသဘော်အဖြစ် ဆက်လက်ထားရှိမည်

**ခန့်ထက်**

**ရန်ကုန်၊ မေ-၂၀**

မြရောသဘော်ကို ယခင်အတိုင်း ဈေးသဘော်အဖြစ်ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနမှသတင်းရရှိသည်။

မြရောသဘော်ကို ပုဂ္ဂလိကသို့ငှားရမ်းအသုံးပြုရာတွင် မြင့်ဦးရောင်းဝယ်ရေးကုမ္ပဏီက ငှားရမ်းခွင့်ရရှိခဲ့ပြီး ဈေးသဘော်အဖြစ်သာဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာန ဒု-အထွေထွေမန်နေဂျာဦးလေးသွင်ကပြောသည်။

မြရောအမည်ရှိ သဘော်သည် ၁၉၉၂ခုနှစ်မတ်လ ၁၆ ရက်မှစ၍ ရန်ကုန်-မန္တလေး အစုန်အဆန်ပြေးဆွဲကာ ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိမြို့ပေါင်း ၂၅ မြို့အား လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များကို ရောင်းချပေးနေသော ဈေးသဘော်အမျိုးအစားဖြစ်သည်။

ယင်းဈေးသဘော်ကို ပုဂ္ဂလိကသို့ငှားရမ်းသည့်စနစ်အသုံးပြုလိုပါက ဌာနအနေဖြင့် တစ်နှစ်လျှင် အသားတင်အမြတ်ငွေကျပ် သိန်း ၃၀၀ခန့် ရရှိနိုင်ပြီးယခင်ဌာနက လုပ်ကိုင်စဉ်ကတစ်နှစ်လျှင်ငွေကျပ် သိန်း၅၀ခန့်အရှုံးပေါ်ခဲ့သည်ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်က ပြောသည်။

"ကျွန်တော်တို့က မိမိဝင်ငွေနဲ့ ရပ်တည်ရတော့မှာပါ။ နိုင်ငံတော်ဘတ်ဂျက်ထဲကနေပြီး ခွဲဝေချထားမပေးတော့ပါဘူး" ဟု အထွေထွေမန်နေဂျာဦးလေးသွင်က ပြောသည်။

မြရောဈေးသဘော်ပေါ်တွင် နယ်အစုံစုံမှ ဈေးသည်များ လာရောက်ရောင်းချကြပြီး ဆိုင်ခန်းပေါင်း ၆၀ ကျော် ရောင်းချလျက်ရှိသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ၂၀၁၂/၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ကော်ပိုရေးရှင်းအသွင်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်သွားရမည်ဖြစ်ရာ ဌာနမှ လုပ်ငန်းများကို ပုဂ္ဂလိကသို့ငှားရမ်းသည့်စနစ်သို့ ပြောင်းလဲခဲ့သည်။ ရေယာဉ်၊ သဘော်များကိုလည်း ပုဂ္ဂလိကသို့ ငှားရမ်းအသုံးပြုနေသည်။

# ကားခဈေးကြီး၍ ခရမ်းချဉ်ဈေးမြောက်

**အိမ့်မွန်ကျော်**

**ရန်ကုန်၊ မေ-၁၉**

သင်္ကြန်မတိုင်မီကတည်းက ဈေးမြင့်နေသော ခရမ်းချဉ်သီးဈေးကွက်မှာ သင်္ကြန်ကာလအတွင်း ယခင်နှစ်များကထက် ပိုမိုဈေးမြောက်ခဲ့ပြီး သီးနှံအချို့ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း သီရိမင်္ဂလာဈေးရှိ ကုန်စည်ဒိုင်များမှ သတင်းရရှိသည်။

သင်္ကြန်မတိုင်မီတစ်ပတ် အလိုခန့်က ထိုင်ဝမ်ခရမ်းချဉ်သီး တစ်သေတ္တာလျှင် ကျပ် ၁၅,၀၀၀ ရှိခဲ့ရာမှ သင်္ကြန်ကာလအတွင်း ကျပ် ၂၈,၀၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့သည်ဟု ကုန်သည်တစ်ဦးက ပြောသည်။

သင်္ကြန်ကာလအတွင်း ကုန်တင်ယာဉ်အချို့ အနားယူရပ်နားထားသဖြင့် လိုင်းထွက်သည့် ကားကို ဈေးပိုပေးပြီး ခေါ်ယူရသောကြောင့် ကားခဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း၊ ထိုင်ဝမ်ခရမ်းချဉ်သီး စိုက်ပျိုးသော မုံရွာတွင် ရာသီဥတုဖောက်ပြန်၍ သီးနှံထွက်နှုန်း လျော့နည်းခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု ကုန်စည်ဒိုင်များမှ သိရသည်။

"ခရမ်းချဉ်သီးတစ်သေတ္တာ ပုံမှန်ကားခက ကျပ် ၁,၃၀၀ ရှိတာ သင်္ကြန်တုန်းက ကျပ် ၂,၅၀၀ လောက်ပေးရတယ်" ဟု ခရမ်းချဉ်ကုန်သည် တစ်ဦးက ပြောသည်။

မုံရွာထွက် ထိုင်ဝမ်ခရမ်းချဉ်အသီးတုံးချိန်နီးလာပြီး ညောင်ရွှေမြို့ထွက် အင်းသီးများမှာ မိုးဦးကျကာလတွင်စတင်ပေါ်လာမည်ဖြစ်သောကြောင့် ရာသီအကူးအပြောင်းကာလတွင် ထိုကဲ့သို့ ဈေးတက်ခြင်းဖြစ်သည်ဟု ခရမ်းချဉ်ကုန်သည်တစ်ဦးက သုံးသပ်သည်။

ထို့အပြင် ဂေါ်ဖီ၊ ပန်းဂေါ်ဖီများသည်လည်း သင်္ကြန်ကာလအတွင်းသာ ဈေးနှုန်းမြင့်တက်ခဲ့ပြီး သင်္ကြန်အပြီးတွင် ဈေးနှုန်းအနည်းငယ်ပြန်ကျသွားသည်ဟု ကုန်စိမ်းဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

လက်ရှိအချိန်တွင် ကားခဈေးနှုန်းပုံမှန်ပြန်ဖြစ်သွားသော်လည်း နယ်ဒေသများ၌ အထွက်နည်း၍ ဈေးနှုန်းအနည်းငယ်သာကျဆင်းခြင်းဖြစ်ပြီး ခရမ်းချဉ်သီး တစ်သေတ္တာလျှင် ကျပ် ၂၄,၀၀၀ ဈေးရှိကြောင်း ကုန်စိမ်းဈေးကွက်မှ သတင်းရရှိသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| Desire C | 170,000 |
| Desire One V | 260,000 |
| One X | 400,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8600 | 76,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

**မေ (၂၀)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 545,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 35BX | 250,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 335,000 |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 165,000 |
| Samsung | WT10J | 160,000 |
| **Aircon** | | |
| Hitachi | 1.0HP | 225,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 185,000 |

**အထက်ပါဈေးနှုန်းများမှာ မေ(၂၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၆,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၆,၀၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၈၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၆၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀-၅၅၅ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၅ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၅ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၅ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၅ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၃၅ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၄၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၄၅ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၂၈၅ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၂၉၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ မေ(၂၀)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၄၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၂၄,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၃,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၃၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

**မေ(၂၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| April(14) | 815 | 860 | 870 | 895 |
| April(15) | 815 | 860 | 870 | 895 |
| April(16) | 815 | 860 | 870 | 895 |
| April(17) | 815 | 860 | 870 | 895 |
| April(18) | 815 | 860 | 870 | 895 |
| April(19) | 815 | 860 | 870 | 895 |
| April(20) | 815 | 860 | 870 | 895 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i3 1.2 GHz, 2GB DDR3, 500GB HDD, HD, 11.6" | 445,000 |
| Intel Core i5 2.5 GHz, 4GB DDR3,750GB HDD,2GB VGA,14" | 650,000 |
| IntelCore i5 3.1 GHz, 4GB DDR3,128GB SSD,HD,13" | 945,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 1TB HDD,2GB VGA,15.6" | 936,000 |
| **HP** | |
| Intel Core i3 1.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 392,000 |
| Intel Core i5 2.5 GHz, 6GB DDR3, 500GB HDD, HD, 15.6" | 625,000 |
| Intel Core i5 2.5 GHz, 8GB DDR3, 750GB HDD, HD, 14" | 705,400 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 696,000 |
| **MSI** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD, 14" | 418,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 525,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 584,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB, 15.6" | 1,000,000 |

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# ကမ္ဘာ့အန္တရာယ်အကြီးမားဆုံး နယ်ခြားဒေသမှာ...

**ကြည်နေဝင်းမင်း**



Photo - AFP






ကမ္ဘာပေါ်၌ အန္တရာယ်အကြီးမားဆုံး နှစ်နိုင်ငံနယ်စပ်တစ်ခုအဖြစ် သတ်မှတ်ခံရ၍ စွန့်စားမှုရှာဖွေသူများ လာရောက်လည်ပတ်ကြသဖြင့် တောင်နှင့်မြောက်ကိုရီးယား နယ်စပ်ဒေသတွင် ကမ္ဘာလှည့်ခရီးသွား ဘတ်စ်ကားများမှာ ပြည့်ကျပ်နေသည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးတင်းမာမှုများကလည်း နိုင်ငံခြားသားခရီးသွားများကို ကြောက်ရွံ့စေရန် မတတ်နိုင်သည့်ပုံပင်။

ရစ်ချက်နှင့်ဘက်တီတို့သည် ရန်သူ့နယ်မြေ နယ်စပ်ဒေသသို့ အားကစားဝတ်စုံများ ဝတ်ဆင်၍ ရောက်ရှိလာခဲ့ကြသည်။ အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်မှ အငြိမ်းစားဇနီးမောင်နှံ၏ရှေ့တွင်မူ တောင်ကိုရီးယားနှင့် အမေရိကန်စစ်သားများမှာ ပြတိုက်ထဲမှ ဖယောင်းရုပ်တုများလို မလှုပ်မယှက် မတ်တတ်ရပ်နေကြသည်။

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံကြား စစ်ရေးကန့်သတ်မျဉ်းဖြတ်သန်းသွားရာ ပန်မွန်ဂျွန်ဒေသရှိ အစိမ်းရောင်ဘားတိုက်များမှာ တောက်ပသောနေရောင်အောက် နောက်ခံဖြင့် တလက်လက်တောက်ပနေသည်။ “ဒီနေရာက အရမ်းအေးချမ်းတာပဲ” အသက်(၈၄)နှစ်အရွယ် ရစ်ချတ်က ဘားတိုက်များကို ရီဝေဝေငေးကြည့်ရင်း ပြောလိုက်သည်။

လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်က ရှေ့တန်းရောက်တပ်ဖွဲ့များအတွက် စားနပ်ရိက္ခာထောက်ပံ့ရေး တာဝန်ယူခဲ့သော စစ်ပြန်ကြီးသည် ဆိုးလ်မြို့ရှိ စစ်အခြေစိုက်စခန်းမှနေ၍ လက်နက်ကြီးပစ်ခတ်သံများကို ကြားနေခဲ့ရသည်။ ယနေ့ဆိုလျှင် ဧည့်လမ်းညွှန်မလေး၏ အသံသာ ထွက်ပေါ်နေသည်။ “ကျေးဇူးပြု၍ နှစ်တန်းစီပါရှင်၊ နှစ်တန်း။ ကျွန်မတို့ရှေ့မှာရှိတာကိုပဲ ဓာတ်ပုံရိုက်ပါ။ ကျွန်မတို့နောက်က အဆောက်အအုံတွေကို မရိုက်ပါနဲ့ရှင်”ဟူ၍။

နိုင်ငံတကာခရီးသွား ၃၀ သည် လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော် ကိုရီးယားစစ်ပွဲ အဆုံးသတ်ခဲ့သော ဘားတိုက်များအတွင်းသို့ ဖဝါးခြေထပ် လမ်းလျှောက်ဝင်ကြသည်။ ၎င်းတို့အတွက် လှည့်ပတ်ကြည့်ရှုရန်နှင့် ဓာတ်ပုံရိုက်ရန် ၁၀ မိနစ်အချိန်ရပြီး မကြာမတင်ပင် ဧည့်လမ်းညွှန်မလေး၏ စူးရှရှအသံပေါ်လာသည်။ “ကျွန်မတို့ သွားရတော့မယ်။ ကျွန်မတို့ သွားရတော့မယ်”

မြောက်ကိုရီးယားစစ်သားများ မတ်တတ်ရပ်နေသော အခြားတစ်ဖက်တွင်လည်း နောက်ထပ် နိုင်ငံတကာခရီးသွားအုပ်စုတစ်စု ရှိနေသည်။ မည်သူက မည်သည့်တိုးရစ်များကို ဘားတိုက်အတွင်း ဝင်ရောက်ပြသမည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်း သတ်မှတ်ထားသော ဘာသာရေးအစီအစဉ်တစ်ခုနှယ်ပင်။ မြောက်ကိုရီးယားအာဏာရှင် ကင်ဂျုံအန်က အမေရိကန်နိုင်ငံကို နျူကလီးယားဖြင့် တိုက်ခိုက်ရေးခြိမ်းခြောက်မှုနှင့် တောင်ကိုရီးယားနှင့် နောက်ဆုံးပူးတွဲစီမံကိန်းဖြစ်သော ကေဆောင်စက်မှုဇုန်တွင် လုပ်ငန်းများ ရပ်နားထားမှုများ ရှိနေလင့်ကစား နယ်စပ်ခရီးသွားလုပ်ငန်းမှာ ပုံမှန်ပင် လည်ပတ်နေသည်။

ခရီးသွားများ၏ ဘတ်စ်ကားပြန်မလှည့်မီလေးမှာပင် ဘားတိုက်ရှေ့မှ စစ်သားများက ၎င်းတို့နေရာများမှ ဖယ်ပေးလိုက်ပြီး မြောက်ကိုရီးယားစစ်သားများကို နေရာပေးလိုက်သည်။ ၎င်းတို့ကလည်း အစီအစဉ်အတိုင်း သူတို့၏ ခရီးသွားများကို ပြသကြသည်။

တောင်ပိုင်းမှနေ၍ ကမ္ဘာပေါ်တွင် အန္တရာယ်အကြီးဆုံး နယ်စပ်ဒေသသို့ ခရီးစဉ်မှာ ကန်ဒေါ်လာ ၁၀၅ ဒေါ်လာ ကုန်ကျပါသည်။ တင်းမာမှုများ ပြည့်နေသည့် အချိန်များတွင် ယင်းခရီးစဉ်များမှာ စွန့်စားမှုရှာဖွေသော ခရီးသွားအမြောက်အမြားကို အထူးသဖြင့် ပိုမိုဆွဲဆောင်နိုင်သည်။ စစ်ဘက်ဘားတိုက်များကို ဆေးအသစ်ပြန်သုတ်ထားတာလည်း ကောင်းပါသည်။

အသက်(၆၃)နှစ်အရွယ် လီလန်ဆာကိုင်းထိုင်နေသော ခရီးသွားဘတ်စ်ကားမှာ ကြိုတင်ဘွတ်ကင်နေရာများဖြင့် ပြည့်လုနေပြီဖြစ်သည်။ “ကျွန်တော်ရှူးသွားပြီလို့ အမေရိကန်က ကျွန်တော့်မိတ်ဆွေတွေက ပြောကြတယ်။ ခေါင်းငုံ့နေသင့်တယ်လို့လည်း ပြောကြတယ်”ဟု ကိုလိုရာဒိုပြည်နယ်မှ အငြိမ်းစားကျောင်းဆရာက ဆိုသည်။ သို့သော် ယခု ဤနေရာကို လာလည်ရသည်မှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံးဖြစ်သည်ဟု သူက ပြောပါသည်။ “ငါ့ဘဝ အချိန်တော်တော်များများ နောက်မှာကျန်ခဲ့ပြီလေ”ဟု သူက နောက်နောက်ပြောင်ပြောင် ပြောရင်းမှပင် သူ့မျက်နှာပေါ်တွင် အပြုံးတွန့်များ ဖြာထွက်သွားသည်။

မစ္စတာဆာကိုင်းအတွက် ကြောက်စရာ ဘာမျှမရှိပုံလည်းပေါ်သည်။ “အရာရာအားလုံးဟာ ခါတိုင်းလိုပါပဲဗျာ”ဟု ကိုဒီ ဆိုသော အမေရိကန်စစ်သားကပြောပါသည်။ အသက်(၂၇)နှစ်အရွယ် စစ်သားလေးမှာ ကြည့်ကောင်းရှုကောင်းနှင့် အမွေးအမှင်များ သပ်ရပ်စွာ ရိတ်သင်ထားကာ စကားပြောကောင်းသည်။ ကိုဒီနှင့် အခြားဓာတ်ပုံစားသော စစ်သားများသည် တစ်နေ့လျှင် ကမ္ဘာ့လှည့်ခရီးသွား လေးဖွဲ့မှ ရှစ်ဖွဲ့အထိ ပန်မွန်ဂျွန်ဒေသသို့ ဦးဆောင်ခေါ်သွားကြသည်။

တစ်ခါတစ်ရံတွင် ကိုဒီ တစ်ယောက် အဝေးတစ်နေရာမှ ပေါက်ကွဲသံကို ကြားရသည်။ တောဝက်တစ်ကောင်ကောင် သို့မဟုတ်ပါက သမင်တစ်ကောင် စစ်ရေးကင်းမဲ့ဇုန်အတွင်း မြှုပ်လျက်သားရှိနေသော မိုင်းတစ်လုံးလုံးကို တက်နင်းမိတာ ဖြစ်ပါလိမ့်မည်။ သို့သော် ဤနေရာမှ မည်သူတစ်ဦးတစ်ယောက်မှ နေမထိထိုင်မသာဖြစ်မနေကြပါ။ အကြောင်းမှာ မစ္စတာကင်ဂျုံအန် အနေဖြင့် ၎င်း၏ အုပ်စိုးမှုအာဏာကို သေချာပေါက် ပေးဆပ်ရမည့် စစ်ပွဲကို စတင်လိမ့်မည် မထင်သောကြောင့်ဟု အိုရီဂွန်ပြည်နယ်မှ စစ်သားလေးကိုဒီက ဆိုပါသည်။

ယင်းသို့ စိတ်အေးစရာ စကားများကြားမှပင် အသက် (၃၅) နှစ်အရွယ် ဧည့်လမ်းညွှန် အမျိုးသမီး ဂျောင်ဝမ်၏ စိုးရိမ်မကင်း အမူအရာမှာ ထူးဆန်းနေပါသည်။ ဧည့်လမ်းညွှန်က ရှောင်ရန်အချက် မှန်သမျှကို သူမနှင့် အသင့်ပါလာသော မိုက်ကရိုဖုန်းဖြင့် ကျယ်ကျယ်လောင်လောင်နှင့် နှစ်ကြိမ်၊ နှစ်ကြိမ် ပြောပါသည်။ ညနေလောက်ဆိုလျှင် သူ အသံဝင်နေလောက်ပါသည်။ “ဒီနေရာမှာ ရှင်တို့ ဓာတ်ပုံရိုက်လို့ မရဘူး။ ဒီနေရာမှာ ရှင်တို့ ဓာတ်ပုံရိုက်လို့မရဘူး”ဟူ၍။ မြောက်ကိုရီးယားနိုင်ငံဘက်သို့လည်း ယောင်လို့တောင် လက်ဖြင့် မဝှေ့ယမ်းခိုင်းပေ။

ယင်းမှာ ၃၈ မျဉ်းပြိုင် ရန်သူ ကိုရီးယားနှစ်နိုင်ငံကြား ဆယ်စုနှစ်များစွာ လိုက်နာလာသော လုပ်ငန်းစဉ်ကို လိုက်နာကျင့်သုံးခြင်းသာမက ဧည့်လမ်းညွှန်ဂျောင်ဝမ်၏ လိုင်စင်နှင့်လည်း ပတ်သက်ပါသည်။ ဧည့်လမ်းညွှန်များအားလုံးကို နယ်စပ်ရှိ တပ်မှူးရုံးက ပုံမှန်အကဲဖြတ်တိုင်းတာနေကြောင်း မစ္စဂျောင်ဝမ်က ပြောပါသည်။ ဧည့်သည်များကို မထိန်းသိမ်းနိုင်သော ဧည့်လမ်းညွှန်များမှာ လိုင်စင်ဆုံးရှုံးပါသည်။

သို့သော်လည်း ယနေ့တွင် အားလုံးချောချောမောမော ဖြစ်သွားပါသည်။ နှစ်ပေါင်းခြောက်ဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စစ်ပြန်ကြီးရစ်ချတ်တစ်ယောက် သူငယ်စဉ်က ပညာပေးဆန်ဆန်နှင့် ဖင်တကြွကြွ အမှတ်ရစရာများရှိခဲ့ရာ နေရာသို့ ပြန်ရောက်ခဲ့သည်။ အလည်အပတ်ခရီးအတွင်း မြောက်ကိုရီးယားနိုင်ငံ လျှို့ဝှက်လိုဏ်ခေါင်းတစ်ခုထဲသို့ပင် အရဲစွန့် ဝင်ကြည့်ခဲ့သေးသည်။ “သူ့ကိုယ်သူ ဘယ်လိုမှ မထိန်းနိုင်ဘူး။ အပေါ်ပြန်ရောက်အောင် သူ့ကိုချီ့မခေါ်ရမတတ်ပဲ” ဟု စစ်ပြန်ကြီး၏ ဇနီးသည်ဖြစ်သူ ဘက်တီက ပြောပါသည်။

အငြိမ်းစားကျောင်းဆရာ မစ္စတာဆာကိုင်းမှာလည်း အမေရိကန်သတင်းကြေညာသူများ ပြောသလိုမျိုး စစ်ဖြစ်ဖို့ ထင်ရှားမနေသေးပါဘူးဟူသော ခံစားချက်ဖြင့် မိခင်နိုင်ငံ အမေရိကန်နိုင်ငံသို့ ပြန်သွားပါလိမ့်မည်။ “ငါ့မိတ်ဆွေတွေကို ပြန်ပြောမယ်ကွာ။ အာရှမှာ အခြေအနေတွေ ဘယ်လိုရှိတယ်ဆိုတာ မင်းတို့ကိုယ်တိုင် လာကြည့်လှည့်လို့”ဟု မစ္စတာဆာကိုင်းက ပြုံးပြုံးကြီးဆိုပါသည်။

ထိုအတောအတွင်းမှာပင် လည်ချောင်းနာနေပြီဖြစ်သော ဧည့်လမ်းညွှန် မစ္စဂျောင်ဝမ် တစ်ယောက် ခရီးသွားဘတ်စ်ကား ရှေ့ပိုင်းတွင်ထိုင်၍ ပူရှိန်းငုံဆေး ထုတ်နေရပြီဖြစ်သည်။

*—Ref: North Korean Border: Tension Serves As Magnet for Tourists*

# မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိနိုင်ရေးအတွက်ဒီဂျီစဲလ်မှ ကုမ္ပဏီများနှင့်ပူးပေါင်းမှုပြုလုပ်

Digicel

(၂၀၁၃၊ ဧပြီလ (၄)ရက်၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ)

Digicel အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ချထားပေးမည့် ဆက်သွယ်ရေးလိုင်စင်သစ် (၂)ခုတွင် လိုင်စင်သစ်(၁)ခု ရရှိနိုင်ရေးအတွက် ကုမ္ပဏီများနှင့် ပူးပေါင်းမှုတစ်ခုကို စတင်လိုက်ပြီဖြစ်ကာ လိုင်စင်ရွေးချယ်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အကြိုအရည်အချင်းစစ် လျှောက်ထားလွှာကိုလည်း ယနေ့တွင်ပင် တင်ထားလိုက်ပြီဖြစ်ပါသည်။

ယခုလိုပူးပေါင်းမှုတွင် ဆက်သွယ်ရေး၊ မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ အစရှိသည့်ကဏ္ဍစုံမှ ကျွမ်းကျင်သူများ စုပေါင်းပြီး Digicel Group, Quantum Strategic Partners Ltd. နှင့် Yoma Strategic Holdings အုပ်စုတို့ ပူးပေါင်းပါဝင်ထားခြင်းဖြစ်သည်။ ယင်းပူးပေါင်းမှုတွင် ကမ္ဘာ့သိ စီးပွားရေးလုပ်ငန်းရှင် (၃) ဦးပါဝင်ကာ တစ်မူထူးသည့် ကျွမ်းကျင်မှုနှင့် စွမ်းရည်ပြည့်ဝမှုများကို ရောမွှေပေးစွမ်းမည်လည်းဖြစ်သည်။ ယင်းတို့မှာ -

- Denis O'Brien ၏ Digicel Group မှာ ကမ္ဘာနှင့်အဝှမ်းတွင် ဖွံ့ဖြိုးစရေးကွက်များ၌ ပထမတန်းအဆင့်ရှိ ဈေးသက်သာပြီး လက်လှမ်းမီနိုင်သော ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပေးစွမ်းနေသည့်ထင်ရှားသော အဖွဲ့တစ်ခုဖြစ်သည်။
- George Soros ၏ Quantum Strategic Partners Ltd. မှာထူးခြားသည့် မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ယူဆောင်လာသည့် အဖွဲ့တစ်ခုဖြစ်သည်။
- Serge Pun မှာ မြန်မာနိုင်ငံအတွင်း လူသိများထင်ရှားသည့် ကမ္ဘာ့ရှေ့ဆောင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး Yoma Strategic Holdings ထဲတွင်ပါဝင်သည့် YSH Finance Ltd. ခေါ်ကုမ္ပဏီနှင့် ဆက်စပ်သည့် အဖွဲ့တစ်ခုဖြစ်သည်။

Quantum Strategic Partners Ltd. မှာ ငွေအရင်းအနှီးများဖြင့် လုပ်ဆောင်ရသည့် လုပ်ငန်းစတင်မှုများ၊ ဝယ်ယူရေးကိစ္စများ၊ ရှယ်ယာတန်ဖိုးမြှင့်တင်ရေးနှင့် အခြားသော စီးပွားရေးအရ လွှဲပြောင်းမှုများတွင် အမျိုးအစားစုံလင်သော မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်နေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ Soros Fund Management LLC (SFM) မှာ Quantum Strategic Partners အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ အတိုင်ပင်ခံ လုပ်ငန်းဖြစ်သည်။ SFM အနေဖြင့် Soros မိသားစု၏တစ်သီးပုဂ္ဂလ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးများနှင့် ပတ်သက်ပြီး အကြံပေးအဖြစ် လုပ်ဆောင်နေခြင်းဖြစ်သည်။ ယင်းတွင် ဒေါ်လာဘီလီယံပေါင်းများစွာရှိသည့် စုစုပေါင်းဈေးကွက်တန်ဖိုး ငွေကြေးများပါဝင်သည်။

YSH Finance Ltd. မှာအသစ်စတင်ထူထောင်လိုက်သည့် ဦးပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး Yoma Strategic Holdings Ltd. မှ (၈၀)ရာခိုင်နှုန်းပိုင်ဆိုင်ပြီး First Myanmar Investment Co., Ltd. မှ (၂၀)ရာခိုင်နှုန်းပိုင်ဆိုင်ကာ Singapore Securities Exchange Trading Limited (SGX-ST)၏ အဓိကဘုတ်အဖွဲ့တွင် စာရင်းဝင်သည့် ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။

Digicel Group ကို စတင်ထူထောင်သူ ဥက္ကဋ္ဌဖြစ်သည့် Denis O'Brien မှ ပြောကြားရာတွင် " **Digicel** အနေဖြင့် ကမ္ဘာအနှံ့ရှိ တယ်လီဖုန်းသိပ်သည်းဆနည်းပါသည့် နိုင်ငံများကို သိပ်သည်းဆတိုးတက်စေရန်နှင့် မကြာသေးသည့် အချိန်ကမှ ပွင့်လင်းလာသည့် ဈေးကွက်များအတွင်းသို့ ဝင်ရောက်မှုတွင် အောင်မြင်မှုများ ရရှိခဲ့ပြီးသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိမိုဘိုင်းဖုန်းထိုးဖောက်နိုင်မှုမှာ (၁၀)ရာခိုင်နှုန်း အောက်သာရှိသေးပြီး မိမိတို့အနေဖြင့် ကမ္ဘာ့အဆင့်ရှိသည့် တယ်လီကွန်း ဆက်သွယ်ရေးကွန်ရက်ကို ပေးစွမ်းနိုင်ရန် စိတ်နှစ်ထားပြီးဖြစ်ကြောင်းနှင့် မြန်မာအစိုးရထံသို့လည်း အကြိုအရည်အချင်းစစ် လျှောက်လွှာကို တင်ထားပြီးဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

George Soros မှလည်း "မြန်မာနိုင်ငံအနေဖြင့် တယ်လီကွန်းဆက်သွယ်ရေးဈေးကွက်ကို ဖြေလျှော့ပေးမှုကြောင့် နိုင်ငံအတွက် အရေးပါသည့် စီးပွားရေးတိုးတက်မှုတွန်းအား တစ်ခုကို ဖြစ်စေမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ "မိမိအနေဖြင့် Digicel Group နှင့် Yoma Strategic Holdings တို့နှင့် ဝမ်းမြောက်စွာ ပူးပေါင်းမှုဖြင့် မြန်မာနိုင်ငံတွင် အဆင့်အမြင့်ဆုံး တယ်လီကွန်းဆက်သွယ်ရေးကွန်ရက်ကို ပေးစွမ်းလိုကြောင်း။ မိမိတို့ ပူးပေါင်းအဖွဲ့ အနေဖြင့် ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံကောင်းများပေါင်းစပ်ပြီးကမ္ဘာ့အဆင့်ရှိ ဝန်ဆောင်မှုကို ပေးစွမ်းနိုင်မည်ဟု ယုံကြည်ထားပါကြောင်း" ကိုလည်း ပြောကြားခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် Serge Pun မှ ပြောရာ၌ "ယခုလိုပူးပေါင်းအဖွဲ့၏ ခေါင်းဆောင်များအနေဖြင့် ထားရှိသော ဘုံဦးတည်ချက်မှာ ဈေးသက်သာသော ပထမတန်းအဆင့် ဆက်သွယ်ရေးကို မြန်မာပြည်သူများထံသို့ ပေးစွမ်းနိုင်ရေးပင်ဖြစ်သည်။ မိမိတို့အနေဖြင့် ယင်းသို့သော ရည်မှန်းချက်ကို ပေးစွမ်းနိုင်ရန် ထူးခြားစွာ စုပေါင်းထားခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း" ပြောကြားခဲ့ပါသည်။

## Digicel ၏အကျဉ်း

Digicel Group Ltd. မှာ ကမ္ဘာ့အဝှမ်း တယ်လီကွန်းဆက်သွယ်ရေး ဝန်ဆောင်မှုများကို ပေးစွမ်းနေသည့် ဦးဆောင်သူတစ်ဦးဖြစ်ကာ ကာရေဘီယံဒေသ၊ ပစိဖိတ်အမေရိကဒေသနှင့် အာရှပစိဖိတ်ဒေသများတွင် ဈေးကွက် (၃၁)ခု၌ လည်ပတ်လုပ်ဆောင်နေခြင်းဖြစ်သည်။ (၁၂)နှစ်ကြာလုပ်ငန်းလုပ်ဆောင်မှုအပြီးတွင်ယနေ့ အချိန်အထိစုစုပေါင်းရင်းနှီးမြှုပ်နှံမှုအဖြစ်ကမ္ဘာနှင့်အဝှမ်းတွင်အမေရိကန်ဒေါ်လာ (၄.၅) ဘီလီယံအထိရှိထားပါသည်။ ကုမ္ပဏီအနေဖြင့် အကောင်းဆုံးအရည်အသွေး၊ အကောင်းဆုံးဝန်ဆောင်မှုနှင့် အကောင်းဆုံးကွန်ရက်ကို ပေးစွမ်းနိုင်မှုဖြင့် ကျော်ကြားနေပါသည်။

Digicel အနေဖြင့် လူမှုအခြေပြုလုပ်ငန်းများကိုလည်း ယင်း၏ဈေးကွက်များရှိရာ တစ်နံတစ်လျားတွင် လုပ်ဆောင်ပေးနေပြီး ဂျမေကာ၊ ဟေတီ၊ ပါပူဝါနယူးဂီနီနှင့် ထရီနီဒက်တို့တွင် Digicel Foundations များကိုထူထောင်ထားပြီး တိုဘာဂိုးတွင်လည်းပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှု ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များကို ဦးတည်ချက်ထားပြီးလုပ်ဆောင်နေပါသည်။

Digicel မှာ ကာရေဘီယံ၊ ပစိဖိတ်အမေရိကနှင့် ပစိဖိတ်ဒေသဆိုင်ရာ အားကစားအဖွဲ့များနှင့် အူစိန်ဘော့ အစရှိသည့် ကမ္ဘာ့အမြန်ဆုံးအပြေးသမားအပါအဝင် တစ်သီးပုဂ္ဂလများနှင့် Special Olympics အသင်းများကိုလည်း ယင်းဒေသတစ်လွှားတွင် ဦးဆောင်ထောက်ပံ့ပေးနေသူဖြစ်ပါသည်။ Digicel အနေဖြင့် မြန်မာဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာမသန်စွမ်းအားကစား အဖွဲ့တို့ကို လွန်ခဲ့သည့် (၂၀၁၂) ခုနှစ်ကပင်စတင်ပြီး အဓိကထောက်ပံ့သူအဖြစ် ဆောင်ရွက်နေသည့် အဖွဲ့လည်းဖြစ်ပါသည်။


သတင်းအချက်အလက်များပိုမို သိရှိလိုပါက www.digicelgroup.com သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆက်သွယ်ရန် - **Antonia Graham** (လုပ်ငန်းအုပ်စု လူထုဆက်ဆံရေးတာဝန်ခံ) Tel: +1 876 564 1708 Email: antonia.graham@digicelgroup.com

7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

## 7DAY BOOK REVIEW

# အမှောင်ကြားက ဗမာပြည် (ဝင်းတင့်ထွန်း)




၂၀၀၇ ခုနှစ်က ထိုင်းနိုင်ငံတွင် ရိုက်နှိပ်ပြီး ထိုင်းနှင့်ဂျပန်နိုင်ငံတို့တွင် ထုတ်ဝေဖြန့်ချိခဲ့သော ယခုစာအုပ်ကို ပြည်တွင်း၌ ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခြင်းဖြစ်သည်။

စာအုပ်ပြုစုသူဝင်းတင့်ထွန်းသည် ၁၉၇၃ မိုးဝေ မဂ္ဂဇင်းမှ ပေါက်ဖွားခဲ့ပြီး ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း ပါဝင်လှုပ်ရှားခဲ့သူဖြစ်သည်။ ၁၉၈၂ မှ ၁၉၈၆ ခုနှစ်အထိ နိုင်ငံရေးပုဒ်မဖြင့် အင်းစိန်နှင့် သာယာဝတီထောင်တို့၌ အကျဉ်းကျခံရသူလည်းဖြစ်သည်။ ရှစ်လေးလုံးအရေးတော်ပုံကြီးအပြီး နိုင်ငံရပ်ခြားသို့ တိမ်းရှောင်သွားရာမှ အပတ်တကုတ်ပြုစုခဲ့သောယခုစာအုပ်ပါ သမိုင်းအဖြစ်အပျက်အကြောင်းအရာများမှာ သမားရိုးကျသမိုင်းစာအုပ်များနှင့် ကွဲထွက်နေပြီး အမြင်သစ် မြန်မာ့သမိုင်းဆိုလျှင်လည်း မှားမည်မဟုတ်ချေ။ ၁၉၃၈ မှ ၂၀၀၀ ပြည့်နှစ်အတွင်း မြန်မာ့သမိုင်းဖြစ်ရပ်များကို စိစစ်ပိုင်းခြားကာ အခန်း(၅)ခန်းဖြင့် ပြုစုထားသည်။ ယင်းတို့မှာ ၁၉၄၈-၁၉၅၈ ကာလ၊ ၁၉၅၈-၁၉၆၂ ကာလ၊ တော်လှန်ရေးကောင်စီခေတ်၊ ၁၉၆၂-၁၉၇၄၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်(သို့မဟုတ်) စစ်အာဏာရှင်စနစ်ခေတ်၊ ၁၉၇၄-၁၉၈၈၊ နဝတ၊ နအဖခေတ်၊ ၁၉၈၈-၂၀၀၀ ဟူ၍ ပါရှိသည်။

စာရေးသူသည် ယခုအမြင်သစ်မြန်မာ့သမိုင်းစာအုပ်ကို ပြုစုရာ၌ ဖတ်ရှုသူ လွယ်ကူအောင် ပြောဟန်စကားပြေဖြင့် သွက်လက်စွာရေးထားပြီး ခိုင်မာသော အချက်အလက်ပေါင်းများစွာကို အားကိုးအားထား ပြုထားခြင်းကို ဖတ်ရှုရပါမည်။ ဥပမာ- ဖက်ဒရယ်မူနှင့်ပတ်သက်၍ ၁၉၆၀ ဝန်းကျင်က မြန်မာ့နိုင်ငံရေး အခင်းအကျင်းကို အောက်ပါအတိုင်း ရေးသားထားသည်။ 'ဗိုလ်မှူးချုပ်အောင်ကြီးက "အာဏာသိမ်းရခြင်းအကြောင်းကတော့ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး နောက်ဆုံး ဖက်ဒရယ်မူရေးကိစ္စကြောင့် သိမ်းရပါတယ်။ ကျွန်တော်တို့တော်လှန်ရေးကောင်စီဟာ အာဏာကိုလိုချင်လို့ အဓမ္မယူခြင်းမဟုတ်ပါ။ ဘယ်လိုသိနိုင်သလဲဆိုရင် လွန်ခဲ့သောနှစ်နှစ်လောက်က လူထုအစိုးရအား အာဏာလွှဲပြောင်းပေးခဲ့ခြင်းဟာ ထင်ရှားပါတယ်။ အခုဒုတိယအကြိမ် သိမ်းခြင်းမှာ ဖက်ဒရယ်မူရဲ့ အရေးတကြီး ဖြစ်ပေါ်နေသော အကြောင်းကြောင်းများကြောင့် ယခုလို မလွှဲသာမရှောင်သာဘဲနဲ့ တိုင်းပြည်ကိုထိန်းသိမ်းဖို့ အာဏာသိမ်းယူရခြင်းဖြစ်ပါတယ်" လို့ တော်လှန်ရေးကောင်စီကိုယ်စား ရှင်းလင်းပြောဆိုပါတယ်။

ဒါကတော့ပြောင်လိမ်ပြောင်စား ပြောဆိုလိုက်ခြင်းဖြစ်တယ်ဆိုတာ အားလုံးက သဘောပေါက်လိုက်ကြပါတယ်။ ဖက်ဒရယ်မူဆွေးနွေးပွဲတွေဟာ ပထစအစိုးရရဲ့ အစီအစဉ်တွေနဲ့ တရားဝင်ဆွေးနွေးနေကြတဲ့ ဆွေးနွေးပွဲတွေသာဖြစ်ပြီး ပြည်ထောင်စုကြီးအတွင်းက ခွဲထွက်ဖို့ကိုလည်း ဘယ်သူကမှ ဦးတည်ဟောပြောနေကြတာ မရှိသလို ခွဲထွက်ဖို့ကို ဘယ်သူမှတောင် သတိမရကြတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ဖက်ဒရယ်လှုပ်ရှားမှု၊ ပြည်နယ်ပေါင်းစုံ ညီလာခံကျင်းပပြီး တွေ့ဆုံဆွေးနွေးလှုပ်ရှားနေကြမှုတွေအားလုံးဟာ တရားဥပဒေဘောင်အတွင်းကနေ ပြောဆိုဆွေးနွေးလှုပ်ရှားနေကြတာတွေချည်းပဲဖြစ်ပါတယ်။ ဒီလိုဖြစ်ပါလျက်နဲ့ ဒီဖက်ဒရယ်လှုပ်ရှားမှုကို အကြောင်းပြတာ၊ ဖက်ဒရယ်မူဆိုတာကို တကယ့်အန္တရာယ်ကြီးအဖြစ် လက်ညှိုးထိုးပြီး ဒါကြောင့် အာဏာသိမ်းရပါတယ်လို့ ပြောဆိုတာဟာ ပြောင်လိမ်ပြောင်စား ပြောဆိုတာဖြစ်ပါတယ်။ ငါ့စကားနွားရပြောဆိုနည်းနဲ့ပြောဆိုသွားတာဖြစ်ပါတယ်' ဟု ဖော်ပြပါရှိသည်။

ယခုစာအုပ်ကိုနွယ်နီစာအုပ်တိုက်က တန်ဖိုး ၆,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။


## Knowledge ဗဟုသုတ

### ကမ္ဘာ့ပထမဆုံးမိုဘိုင်းဖုန်းခေါ်ဆိုမှု

မိုဘိုင်းဖုန်းခေါ် အလွယ်တကူ သယ်ဆောင်သွားနိုင်သည့် လက်ကိုင်ဖုန်းများ ကမ္ဘာပေါ်တွင် ပေါ်ပေါက်လာသည်မှာ မကြာမြင့်သေးပေ။ ကမ္ဘာ့ပထမဆုံးသော မိုဘိုင်းဖုန်းခေါ်ဆိုမှုကို မော်တော်ရိုလာတယ်လီဖုန်းကုမ္ပဏီ၏ အင်ဂျင်နီယာဖြစ်ပြီး အမှုဆောင်အရာရှိလည်းဖြစ်သူ မာတင်ကူးပါးက ကုမ္ပဏီထုတ် Dyna TAC ဖုန်းဖြင့် နယူးယောက် ဆဋ္ဌမရိပ်သာလမ်းမပေါ်ရှိ နယူးယောက်ဟီလ်တန်ဟိုတယ်ရှေ့တွင် ဘဲလ်ဓာတ်ခွဲခန်းမှ ဒေါက်တာဂျိုဝယ်အက်စ်အိန်ဂယ်ထံသို့ ခေါ်ဆိုခဲ့သည်။ ထိုအချိန်မှာ ၁၉၇၃ ခုနှစ် ဧပြီ ၃ ရက်ဖြစ်ကာ ၎င်း၏ဖုန်းခေါ်ဆိုမှုမှာလည်း ကမ္ဘာ့သမိုင်းတွင် ပထမဆုံးကြားရသော မိုဘိုင်းဖုန်းခေါ်ဆိုမှုဟု သတ်မှတ်ခံခဲ့ရသည်။ ထိုစဉ်က ယနေ့ခေတ် ဆဲလ်ဖုန်းများ၏ ရှေ့ပြေးဖြစ်သော မာတင်ကူးပါးကိုင်ဆောင်ခဲ့သည့်ဖုန်းမှာ အလေးချိန် ၂ ဒသမ ၅ ပေါင်၊ အရှည်ကိုးလက်မရှိပြီး မျက်နှာပြင်အကျယ်မှာ ၁ ဒသမ ၇၅ လက်မ ရှိသည်။ အဆိုပါဖုန်းသည် စကားပြောချိန် မိနစ် ၃၀ ခန့်သာ ပြောနိုင်ပြီး ဖုန်းကို အားပြန်သွင်းရန် အချိန် ၁၀ နာရီခန့်ကြာသည်။


—Ref: news.cnet.com




### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အနီးကပ်လူ ဒုက္ခပေးတတ်သည်။ အဝတ်အထည်များ မီးစွဲလောင်တတ်သည်။ ကိုယ်ဝန်ဆောင်ပြဿနာ၊ လူမှုရေးအရှုပ်အရှင်းများ ဖြေရှင်းရတတ်သည်။ စနေနံ (ထီး၊ ဖိနပ်၊ အထည်၊ ရတနာ. . . ) များ အဝင်မတော်၊ လက်ခံက ကံဆိုးတတ်သည်။ ရွှေထွက်ကိန်းရှိသည်။ ယာဉ်၊ ကားနှင့် ပတ်သက်သောကိစ္စ စကားများရကိန်းကြုံမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အတတ်ပညာကို အခြေတည်၍ အောင်မြင်တိုးတက်မှုများရရှိမည်။ မိတ်ဆွေအကြီးအကဲ အကူအညီရမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများဝင်မည်။ ခြံ၊ ကား၊ အခန်း၊ ငွေကြေး အစရှိသော တနင်္လာနံကိစ္စရေးရာ အဖြာဖြာကို စနစ်တကျဆောင်ရွက်အောင်မြင်ခြင်းရှိမည်။ အရှေ့တောင်အရပ်သို့ သွားရောက်သော ခရီးမှ ထူးခြားသော အကျိုးဆက်ကောင်းရရှိမည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ ပညာအတတ်ကို အသုံးချ၍ ထူးခြားသော တိုးတက်မှုများရရှိမည်။ အလုပ်နေရာ ဆက်ဆံရသော ဝန်းကျင်အတွင်း ကောင်းသောအပြောင်းအလဲများ ဖြစ်ပေါ်မည်။ အနောက်အရပ်၊ အရှေ့တောင်အရပ်တို့နှင့် ဆက်စပ်၍ လုပ်ကိုင်သောကိစ္စများ အောင်မြင်မည်။ မြေယာကုန်သွယ်စီးပွားလုပ်ကိုင်သူများအဖို့ ထူးခြားသော အကျိုးအမြတ်ကောင်း ရရှိမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဘာသာရေးနှင့်ပတ်သက်သော ခရီး မမျှော်လင့်ဘဲ သွားရမည်။ အမျိုးသမီးများအဖို့ ကောင်းသောစန်းပွင့်မည်။ ဂုဏ်သရေတင့်တယ်၍ သစ္စာစောင့်ထိန်း ကောင်းကျိုးပေးသော ချစ်သူရခြင်း၊ အိမ်ထောင်ရေးကိစ္စ ဆုံးဖြတ်ရကိန်းကြုံမည်။ အမျိုးသားများအဖို့ကား မာယာများ၍ အိမ်ထောင်ပျက်ဖူးသော နာမည်ဆိုးရှိသည့် အမျိုးသမီးများနှင့် အရှုပ်အထွေးများ ဖြစ်မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

မိတ်ဆွေကောင်းတိုးပွားမည်။ စုပေါင်းတွဲဖက်လုပ်သောကိစ္စများ ဆောင်ရွက်ရန် အခြေအနေကျရောက်မည်။ ပညာသင်တန်းနှင့်ပတ်သက်သောကိစ္စများ၊ ရှေ့တိုးဆောင်ရွက်ရန် အခါကောင်းကျရောက်သည်။ အင်္ဂါနေ့၊ ကြာသပတေးနေ့မွေးသောသူများနှင့် ညှိနှိုင်းပူးတွဲလုပ်ကိုင် ဆောင်ရွက်သော ကိစ္စများမှ ကောင်းသော အကျိုး များဖြစ်ထွန်းမည်။ မိသားစုပိုင် လက်လွှန်ထားသည့် ပစ္စည်းများ ပြန်လည်ရရှိမည်။




### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ခြံမြေကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် ပြောဆိုဆောင်ရွက်ရန် အခါကောင်းဖြစ်သည်။ အပြိုင်အဆိုင်များမည်။ အားလုံးသော အညှိအဆိုးတို့ကို ကျော်လွှား၍ ဖြေရှင်းနိုင်မည်။ မမျှော်လင့်ဘဲ ငွေဝင်မည်။ ခရီးသွား၍ အကျိုးရှိမည်။ အမည်အတွင်း (က၊ ခ၊ ပ၊ ဖ၊ မ) ပါသောသူများနှင့် ပတ်သက်ဆက်နွှယ်၍ အလုပ်ကံကောင်းခြင်း၊ ငွေကြေးကံကောင်းခြင်း ကြုံမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းအဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် တိုက်ရိုက်ဆက်ဆံသော လုပ်ငန်းများ အောင်မြင်မည်။ အရပ်ဝေးမှ ရောက်ရှိလာသော မိတ်ဆွေသစ်များနှင့်တွဲ၍ အလုပ်စီးပွားဆောင်ရွက်ရမည်။ ကြန့်ကြာနေသောငွေများ ပြန်ဝင်မည်။ ကြာသပတေးနံ၊ အင်္ဂါနံပစ္စည်းများ ရောင်းဝယ်ဖောက်ကား၍ အကျိုးအမြတ်ကောင်းများရရှိမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လမ်းသစ်ထွင်၍ လုပ်ကိုင်သောကိစ္စများ အဆင်ပြေမည်။ စီးပွားရေးလုပ်ငန်းရေးရာ အဖြာဖြာ၌ ကောင်းသောတိုးတက်မှုများ ဖြစ်ပေါ်မည်။ အိုးအိမ်နေရာ၊ နေထိုင်မှုနေရာတို့အတွက် စကားပြောဆိုခြင်းများ အောင်မြင်မည်။ ပျိုရွယ်သောသူများအဖို့ အချစ်ရေး၊ မေတ္တာရေး ကံကောင်းမည်။ အသက်အရွယ်ကြီးရင့်သော အမျိုးသမီးတစ်ဦးမှ အထောက်အကူပေးမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ငွေအစုလိုက်ဝင်မည်။ အမှုအခင်းများရှိက ပြီးပြတ်အောင်မြင်မည်။ မိတ်ကောင်း၊ ဆွေကောင်းများနှင့် ပူးတွဲ၍ ကောင်းသောအကျိုးဆက်များရမည်။ အချစ်ရေးကံကောင်းမည်။ ကာလအတန်ကြာ ကြိုးပမ်းဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်များ ရရှိမည်။ ဝင်ငွေကောင်းလင့်ကစား ကုန်ကျစရိတ်များမည်။ ကာလအတန်ကြာ စုဆောင်းထားသော ငွေကိုပင် အသုံးပြုရမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရွှေဝင်မည်။ မြေကိစ္စအတွက် စကားများရမည်။ အလွန်လာဘ်ကောင်းမည်။ ခရီးကိစ္စအောင်မြင်မည်။ အသက်အရွယ်ကြီးသောသူများမှ ကူညီခြင်းကို ကြုံမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့မှာ မွေးသောသူများနှင့် ပူးပေါင်းလုပ်သောကိစ္စများ အဆင်ပြေမည်။ စက်ပစ္စည်းတစ်ပတ်ရစ်များ၊ အဖိုးနှုန်းချိုသာစွာ ရမည်။ စန်းပွင့်မည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရွှေ၊ ယာဉ်. . အစရှိသော ဗုဒ္ဓဟူးနံပစ္စည်းများ ဝင်မည်။ ပျိုရွယ်သောသူများ အလွန်စန်းပွင့်မည်။ အလှူမင်္ဂလာကိစ္စများ မရည်ရွယ်ဘဲ ဆောင်ရွက်ရမည်။ မြောက်အရပ်မှ ကောင်းသော သတင်းစကားများ ကြားသိရမည်။ အလုပ်နေရာ အပြောင်းအရွှေ့များ စီစဉ်ဆောင်ရွက်နိုင်သည်။ ဆွေမျိုးသားချင်းများနှင့် ဖြစ်ပေါ်သော ပြဿနာ ပြီးမြောက်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ငွေအစုလိုက်ဝင်မည်။ လာဘ်ရွှင်မည်။ ကောင်းသောစန်းပွင့်မည်။ အရှေ့အရပ်၊ အနောက်တောင်အရပ်များသို့ ခရီးသွားလေသော် အလုပ်အကြံအောင်ခြင်းသာမက လူလွတ်များအဖို့ နှစ်လိုဖွယ်ကောင်းသော ချစ်သူကိုရရှိမည်။ စိတ်ပျံ့လွင့်လွယ်မည်။ ကျန်းမာရေးအညှိုကြုံက မပေါ့အပ်။ ဝေးကွာနေသော ချစ်သူဟောင်းနှင့် ပြန်လည်ဆုံတွေ့မည်။

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# လူ့အခွင့်အရေး၊ အမျိုးဘာသာ၊ သာသနာနဲ့ အချုပ်အခြာအာဏာ

**အောင်အောင်** (IR)

၂၀၁၁ ခုနှစ်ကစလို့ မြန်မာပြည်မှာ အပြုသဘော အပေါင်းလက္ခဏာ အပြောင်းအလဲတွေဆက်တိုက် ဖြစ်လာနေသလို အဖျက်သဘော အနုတ်လက္ခဏာ ပဋိပက္ခတွေကလည်း ခပ်စိပ်စိပ်ဖြစ်လာနေပါတယ်။ ဒါကလည်း နိုင်ငံရေးလေ့လာလိုက်စားသူတွေအတွက် အဆန်းတော့မဟုတ်ပါဘူး။ အာဏာအပြင်းကနေ အာဏာအပျော့ဆီ ပြောင်းသွားရင် ဖြစ်တတ်တဲ့သဘောတွေပါ။ ဆိုရင် မြန်မာ့နိုင်ငံရေးက ပိုပိုပြီးရှုပ်လာနေပါတယ်။

လူတွေ အတော်များများက နိုင်ငံရေးနဲ့ ဝေးနေကြတာများပါတယ်။ စီးပွားရေးနဲ့လုံးချာလည်လိုက်နေလို့ နိုင်ငံရေးမလေ့လာဖြစ်သလို နိုင်ငံရေးဆိုတာ အန္တရာယ်လို့မြင်ပြီး ခပ်ဝေးဝေးနေကြတဲ့သူတွေလည်း ဒုနဲ့ဒေးပါ။ ဒီတော့ လူအများစုကြီးဟာ ဒီနေ့မြန်မာပြည်မှာဖြစ်ပျက်နေတဲ့ပြဿနာတွေ အခင်းအကျင်းတွေ အပေါ် အတော်များများနားမလည်နိုင်ကြဘူး။ ဘာကြောင့် ဒီလိုဖြစ်နေတာလဲ၊ ဒီလောက်ဖြစ်တာလဲ။ ဘာကြောင့်ငြိမ်းချမ်းရေးမရသေးတာလဲ။ ဘာကြောင့် သူတို့ဆန္ဒပြနေကြတာလဲ။ ဘာကြောင့်ပေါင်းများစွာဟာ သိလိုမှုနှင့်အတူ ပြည်သူများစွာရဲ့ရင်ထဲမှာ ရှိနေကြပါတယ်။ စာရေးသူတို့နိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားမျှတရေးတွေအတွက် ရပ်ခံကြတဲ့ စာရေးဆရာ/ဆရာမကြီးတွေ၊ ငြိမ်းချမ်းရေးလှုပ်ရှားသူတွေ အများအပြားပေါ်ထွက်ခဲ့ဖူးပါတယ်။ ဟောရင်းသာ ပျံလွန်တော်မူသွားမယ်ဆိုသလိုပါ။ သူတို့ဘယ်လောက်ရေးရေး ဘယ်လောက်ဟောဟော မြန်မာပြည်ကြီး ပိုပြီးငြိမ်းချမ်းမလာခဲ့ပါဘူး။ ငြိမ်းချမ်းမလာသေးပါဘူး။ အဲဒါဘာလို့လဲ။ ပြဿနာရဲ့ရင်းမြစ်ကိုမရှာဖွေကြလို့ပါ။ မရှာဖွေကြလို့ဆိုတာထက် မရှာချင်ကြတာပါ။ ရှင်းရှင်းပြောရရင် လူမုန်းမခံချင်ကြပါဘူး။ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးဆိုတဲ့ လူတိုင်းကြိုက်တဲ့ နှင်းဆီခိုင်အပေါ်မှာပဲ အာရုံစိုက်ပြောကြရင်း တကယ့်မူလဇာစ်မြစ်ပြဿနာအရင်းခံတွေ ဆီမသွားကြတော့ဘဲ တဝဲလည်လည်ပဲဖြစ်နေကြတာများပါတယ်။

ကျွန်တော်တို့နိုင်ငံမှာပြဿနာတစ်ခုဖြစ်လာရင်ပြဿနာရင်းမြစ်ကို ကုစားတာထက် ပြဿနာနောက်ကွယ်ကမမြင်တဲ့လက်တွေ၊ ကြိုးကိုင်နေသူတွေ၊ ဖန်တီးလုပ်ဆောင်နေသူတွေ စသည်ဖြင့် အကောင်အထည် မပြနိုင်တဲ့ အကြောင်းအရာတွေအပေါ် အာရုံတွေ ရောက်သွားတတ်တယ်။ အာရုံတွေ နောက်သွားတတ်တယ်။ ပြဿနာတစ်ခုဖြစ်လာရင် ဒီလိုစကားတွေထွက်လာတာ ဆန်းတော့မ ဆန်းပါဘူး။ လင်မယားရန်ဖြစ်ရင်တောင် နောက်ကွယ်ကသူ့မိဘတွေသွေးထိုးလို့၊ သူ့သူငယ်ချင်းတွေက မြှောက်ပေးလို့စသဖြင့် ရှိတတ်ကြတာမို့လား။ ဒီတော့ နိုင်ငံနဲ့ချီတဲ့ အရေးအခင်းတွေ၊ အချုပ်အခြာအာဏာနဲ့ပတ်သက်တဲ့ အငြင်းအခုံတွေ၊ အမျိုးဘာသာနဲ့ပတ်သက်တဲ့ ပဋိပက္ခတွေမှာ "နောက်ကွယ်က" ဆိုတဲ့စကားတွေ မကြာမကြာသုံးတာမဆန်း ဘူးမှတ်ပါ။ ဒါပေမဲ့ အဲဒီလိုနောက်ကွယ်က၊ နောက်ကွယ်ကဆိုပြီး ပြဿနာရဲ့ရင်းမြစ်တွေဆီမသွားဘဲ ရေတိုဖြေရှင်းနည်းတွေ၊ ပြန်လည်ထူထောင်ရေးတွေ၊ တွေ့ဆုံဆွေးနွေးပွဲတွေလောက်နဲ့ ပြဿနာကိုဖြေရှင်းနေကြဦးမယ်ဆိုရင် ပဋိပက္ခသံသရာက တစ်ချိန်ချိန်မှာ တစ်ပတ်ပြန်လည်နေဦးမှာပါ။

ကျွန်တော် ဉာဏ်မီသလောက် ၁၉၈၈ အရေးအခင်းတုန်းကလည်း ဒီလိုပဲနောက်ကွယ်က ဘယ်သူတွေကြိုးကိုင်တယ်၊ လှုံ့ဆော်တယ်ဆိုပြီး အဲဒီကာလက တက်ကြွလှုပ်ရှားသူ အတော်တော်များများ ဇကပတံဆိပ်အကပ်ခံခဲ့ရတယ်။ ဇကပကဒီအရေးအခင်းကို ကြိုးကိုင်ခဲ့တယ်၊ ကြိုးကိုင်ဖို့ကြိုးစားခဲ့တယ်ဆိုရင်လည်း ဒါမဆန်းပါဘူး။ ဒါသူ့အလုပ်ပဲ။ နိုင်ငံတော်ကို ဆန့်ကျင်အန်တုနေတဲ့ အဖွဲ့အစည်းလေ။ ဒါပေမဲ့ သေချာတာက အဲ့ဒီအချိန်ကဆန္ဒပြသူအများစုကြီးဟာ ဘယ်သူ့ပယောဂမှမပါဘဲ တစ်ပါတီစနစ်အောက်မှာ တရားမမျှတတဲ့၊ သာတူညီမျှမရှိတဲ့အခြေအနေတစ်ရပ်ကို မကျေနပ်လို့ အထွေထွေအုံကြွဆန္ဒပြခဲ့ကြတာ။ အဲဒီအချိန်က နိုင်ငံတော်ကသာ တရားမျှတမှု၊ သာတူညီမျှမှုဆိုတာတွေ ဖန်တီးတည်ဆောက်ထားနိုင်ခဲ့မယ်ဆိုရင် ဘယ်အဖွဲ့အစည်းက မည်သို့သွေးထိုးလှုံ့ဆော်မှုပြုပါစေ တိုင်းပြည်အနှံ့ အုံကြွမှုဆိုတာဖြစ်ဖို့ခဲယဉ်းမှာပါ။

> သူတို့ဘယ်လောက်ရေးရေး ဘယ်လောက်ဟောဟော မြန်မာပြည်ကြီး ပိုပြီးငြိမ်းချမ်းမလာခဲ့ပါဘူး။ ငြိမ်းချမ်းမလာသေးပါဘူး။ အဲဒါဘာလို့လဲ။ ပြဿနာရဲ့ရင်းမြစ်ကို မရှာဖွေကြလို့ပါ။ မရှာဖွေကြလို့ဆိုတာထက် မရှာချင်ကြ တာပါ။ ရှင်းရှင်းပြောရရင် လူမုန်းမခံချင်ကြပါဘူး။ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးဆိုတဲ့ လူတိုင်းကြိုက်တဲ့ နှင်းဆီခိုင်အပေါ်မှာပဲ အာရုံစိုက်ပြောကြရင်း တကယ့်မူလဇာစ်မြစ်ပြဿနာအရင်းခံတွေဆီမသွားကြတော့ဘဲ တဝဲလည်လည်ပဲ ဖြစ်နေကြတာများပါတယ်။

စစ်အစိုးရအုပ်ချုပ်စဉ်ကာလတစ်လျှောက်လည်း ဒီလိုပဲနောက်ကွယ်က အကြောင်းအရာတွေအပေါ် အပြစ်တင်ခဲ့တာပဲ။ အင်န်အယ်လ်ဒီနောက်ကွယ်မှာ ဘယ်သူရှိတယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်သူက ကြိုးကိုင်တယ်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းမာတာ ဘယ်သူကြောင့်စသဖြင့် အမျိုးမျိုး အကြောင်းတွေပြရင်း ပြဿနာကိုမဖြေရှင်းဘဲ အမုန်းသံသရာကိုသာ ပွားများစေခဲ့တယ်။ ဘာပဲဖြစ်ဖြစ် စစ်အုပ်ချုပ်ရေးကနေအရပ်ဘက် အုပ်ချုပ်ရေးဆီ သွေးမြေမကျကူးပြောင်းနိုင်တာအတွက်တော့ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ပါတယ်။ အဲဒီလို ပြောင်းသွားတာကိုလည်း တချို့က ဒီလို ပြောင်းတာဟာ နောက်ကွယ်က အကြောင်းတွေကြောင့်ပြောင်း တာ၊ ဘယ်နိုင်ငံဖိအားကြောင့်၊ အတွင်းက ဘယ်လိုဖိအားကြောင့်စသဖြင့်တစ်ဖက်ကိုမခံချင်အောင်ဖြစ်စေမယ့် အတို့အထိတွေကမြန်မာ့နိုင်ငံရေးမှာ အများသားလား။

အခုဖြစ်ခဲ့တဲ့ ရခိုင်ကိစ္စ၊ လက်ပံတောင်း အရေးအခင်း၊ မိတ္ထီလာ ပဋိပက္ခတွေမှာလည်း နောက်ကွယ်က ဆိုတာတွေတော်တော်ကြားရတယ်။ ဘယ်မြို့ဘယ်ရွာမှ ပြဿနာတစ်ခုဖြစ်ပြီးရင် ကိုယ့်ဆီကလူတွေပါတယ်၊ ကိုယ့်ဆီကလူတွေလုပ်တယ်လို့အပြောမခံချင်ကြဘူး။ အဲဒီတော့ ရောယောင်ပြီးအပြင်လူတွေပါ။ လူစိမ်းတွေ များပါတယ် စသဖြင့်ပြောကြတာသဘာဝပါ။ သေချာတာတစ်ခုက ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာပြဿနာတစ်ခုတော့ ကြီးကြီးမားမားရှိနေပြီ။ အနာဂတ်လူ့အဖွဲ့အစည်းဟာ အန္တရာယ်ရှိနေပြီ။ ဒါကို အားလုံးဝန်ခံကြရလိမ့်မယ်။ ချပြကြရလိမ့်မယ်။ ရှင်းပြကြရလိမ့်မယ်။

မြန်မာပြည်မှာဘက်ပေါင်းစုံရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးရဖို့ဆိုရင် သမားရိုးကျစဉ်းစားတွေးခေါ်မှုမျိုးမဟုတ်ဘဲ သမားရိုးကျမဟုတ်တဲ့ဖောက်ထွက်စဉ်းစားတွေးခေါ်မှုမျိုးတွေနဲ့ကြံဆစောကြောကြရလိမ့်မယ်။ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ နိုင်ငံတကာဥပဒေဆိုတာတွေ ရေးနေ၊ ပြောနေရုံနဲ့တော့ အလုပ်မဖြစ်ဘူးဆိုတာ လတ်တလော အရေးအခင်းတွေက သက်သေပြနေတယ်။ အခုလိုအချိန်မျိုးမှာ နိုင်ငံတကာသည်းခြေကြိုက်ဖြစ်တဲ့လူ့အခွင့်အရေးတို့၊ လူသားဝါဒတို့ဆိုတာတွေနဲ့ အမျိုးဘာသာ၊ သာသနာ၊ အချုပ်အခြာအာဏာဆိုတဲ့ အမျိုးသားရေးဝါဒတို့ ထိပ်တိုက်တိုးလာနိုင်တဲ့ အခြေအနေတွေလည်း တွေ့နေရတယ် ။ဘယ်သူတွေဒီကြားထဲညပ်ပြီး နိုင်ငံရေး သေကြဦးမယ်မသိ။ ပါးပါးနပ်နပ်ရှိဖို့တော့ လိုလိမ့်မယ်။

ပြဿနာအကြောင်းအရာတစ်ခုဖြစ်ပြီဆိုရင် အမျိုးမျိုးဝေဖန်စောကြောလေ့ရှိကြတယ်။ ရှုထောင့်အမျိုးမျိုးက အကဲဖြတ်ကြတယ်။ ပြဿနာအတိမ်အနက်အပေါ် မူတည်ပြီး ငြိမ်းချမ်းရေးသမားတွေ၊ တည်ဆောက်ရေးသမားတွေပြောရေးဆိုခွင့် ပိုကြီးလာတတ်တယ်။ ဒီလိုနဲ့ ငြိမ်းချမ်းရေးဆိုတဲ့ အယူအဆအတွေးအမြင်အောက်မှာ တွေ့ဆုံဆွေးနွေးမှုတွေ အမြင်မတူ၊ အသွင်မတူသူချင်း ပွေ့ဖက်နှုတ်ဆက်နေပုံတွေ၊ တစ်ဖက်နဲ့တစ်ဖက် လူအများကြားလောက်အောင် စကားချိုချို၊ စကားလှလှတွေပြောလာ၊ လုပ်လာကြတယ်။ ပြန်လည်တည်ဆောက်ရေးအတွက်ပံ့ပိုးကူညီကြတယ်။ ဝိုင်းဝန်းလုပ်ဆောင်ကြတယ်။ ဖျက်ဆီးရေးသမားတွေ ဘယ်လောက်ပဲဖျက်ဆီးဖျက်ဆီး၊ တည်ဆောက်ရေးသမားတွေ အားကောင်းကြောင်းပြသကြတယ်။ တကယ်တော့ အဲဒါတွေထက် အရေးကြီးတာက ပြဿနာရဲ့အောက်ခြေမှာ အမြစ်တွယ်နေတဲ့အကြောင်းအရင်းတွေ ( root-causes) တွေကို မြင်ကြဖို့၊ နားလည်ကြဖို့ပါ။ အဲဒီလိုမြင်မှ၊ နားလည်မှ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက် ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ်ကို ထုတ်နိုင်မယ်။ ဘယ်ကိစ္စမဆို ဘက်နှစ်ဖက်ဟာ သူ့ဘက်ကိုယ်ဘက်စဉ်းစားကြမှာပဲ။ နိုင်ငံတကာမှာတော့ဒီလိုပဋိပက္ခတွေကို စေ့စပ်ဆွေးနွေးတာတို့၊ အပေးအယူ အတိုးအလျှော့လုပ်တာတို့ ဆိုတာတွေနဲ့ ဖြေရှင်းဆောင်ရွက်ကြတယ်။ ကျွန်တော်တို့ဆီမှာရော။ တခြားနိုင်ငံတွေမှာတောင်ဖြစ်သေးရင် ဘာလို့ ကျွန်တော်တို့နိုင်ငံမှာ မဖြစ်ရမှာလဲ။ အဲ ဒီအတွက် အဖြေကတော့ ခပ်လျော့လျော့ပဲရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ထူးခြားတဲ့နိုင်ငံရေးအခင်းအကျင်းရယ်၊ လူတွေရဲ့စိတ်အခံရယ်၊ တရားဥပဒေစိုးမိုးမှု အားနည်းနေတာတွေကြောင့် ဒီလိုပဋိပက္ခဖြေရှင်းရေးနဲ့ဆိုင်တဲ့ကိစ္စတွေမှာ ပြဿနာတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့အများကြီးလေ့လာသင်ယူကြရဦးမှာဖြစ်ပါတယ်။

ဒီတော့မြန်မာနိုင်ငံမှာပြဿနာတစ်ခုဖြစ်ရင် ပြဿနာရဲ့ရင်းမြစ်ကိုမြင်ဖို့၊ နားလည်ဖို့လိုတယ်။ ပြဿနာတစ်ရပ်ကိုမြင်တာနဲ့အဲဒီပြဿနာရင်းမြစ်ကိုမြင်တာမတူဘူးနော်။ လူအများစုက ပြဿနာကိုလက်ငင်းဖြစ်ပျက်နေတဲ့အပေါ်မှာပဲကောက်ချက်ဆွဲပြီး ဝေဖန်သုံးသပ်ကြလိမ့်မယ်။ အကြားအမြင်၊ အတွေ့အကြုံများတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးက ပုဂ္ဂိုလ်အသီးသီးကတော့ ပြဿနာရဲ့ရင်း မြစ်ဆိုတာကိုမြင်ဖို့၊ သိဖို့လိုတယ်။ နက်နက်နဲနဲ စဉ်းစားဖို့လိုတယ်။ သာမန်အပေါ်ယံ ပြောဆိုဆွေးနွေးတာတွေ၊ လူကြိုက်များမယ့်စကားတွေသာပြောတာတွေ၊ ကူညီထောက်ပံ့တာတွေထက်ပိုစဉ်းစားရမယ်။ အခုလတ်တလောဖြစ်နေတဲ့ ပဋိပက္ခတွေမှာ ဆိုပြဿနာရဲ့အရင်းအမြစ်ကိုပြောဆိုဆွေးနွေးကြတာအတော်အားနည်းတယ်။ မဆွေးနွေးချင်လို့လား။ မဆွေးနွေးသင့်ဘူးလို့ထင်လို့လား။ ဆွေးနွေးမှပြဿနာပိုကြီးသွားမှာစိုးလို့လား။ သေချာတာကတော့ ပြဿနာရင်းမြစ်က ပိုပိုပြီးနက်ရှိုင်းကြီးထွားလာနေတယ်ဆိုတာပဲ။

ဘာတွေပြောပြော နိုင်ငံအတော်များများမှာ သူတို့နိုင်ငံလုံခြုံရေး၊ အချုပ်အခြာအာဏာနဲ့ပတ်သက်ရင် ဒီလူ့အခွင့်အရေးတို့၊ သာတူညီမျှမှုတို့ဆိုတာတွေ ဘေးချိတ်လိုက်တာပါပဲ။ လိုအပ်ရင် ဒီမိုကရေစီဘိုးအေဆိုတဲ့ နိုင်ငံတွေမှာတောင် သူတို့ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ ဘာသာရေး လွတ်လပ်ခွင့်ဆိုတာတွေဘေးချိတ်ပစ်လိုက်တာပါ။ ဒီမိုကရေစီနိုင်ငံကြီးတစ်ခုရဲ့ ဝန်ကြီးချုပ်တစ်ဦးကဆိုရင် ၎င်းအာဏာရစဉ် ပြောခဲ့တဲ့ မိန့်ခွန်းတစ်ခုမှာ နိုင်ငံအတွင်း ဝင်ရောက်အခြေစိုက်နေထိုင်ကြတဲ့ ဘာသာခြားတွေကို "ဒီနိုင်ငံရဲ့ ထုံးတမ်းစဉ်လာတွေကို လိုက်နာရင်လိုက်နာ၊ မလိုက်နာနိုင်ရင် ထွက်သွားကြလို့" လူသိရှင်ကြား ခပ်ပြတ်ပြတ် ကမ္ဘာသိ ကြေညာခဲ့ဖူးတယ်။ သည်းခံရမယ်၊ ခွင့်လွှတ်ရမယ်၊ နားလည်ရမယ်ဆိုတဲ့ အနောက်ကမ္ဘာတစ်ခုလုံး ဒီမိန့်ခွန်းကြောင့် အုတ်အော်သောင်းတင်းဖြစ်ခဲ့တာပေါ့ဗျာ။

အခုဆိုရင်ဘာသာပေါင်းစုံဆုတောင်းပွဲတွေခပ်စိပ်စိပ်တွေ့လာရတယ်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်နေကြတဲ့ ပြည်တွင်း၊ ပြည်ပ NGO တွေလည်းဘယ်လောက်တောင်ရှိလာပြီလဲဆိုတာမမှတ်နိုင်တော့ဘူး။ အခုလည်းကျောင်းသင်ခန်းစာတွေမှာ ကိုးကွယ်ရာ ဘာသာတစ်ခုနဲ့တစ်ခုအပြန်အလှန် နားလည်ချစ်ကြည်ကြစေဖို့ သင်ကြားပြဋ္ဌာန်းဦးမယ်ဆိုပါတယ်။ အားလုံးကောင်းအောင် လုပ်နေကြတာမို့ ကောင်းတယ်လို့ပဲဆိုပါရစေ။ ဒါပေမဲ့ပြဿနာရင်းမြစ်ကိုသိဖို့ လိုပါတယ်။ ပြဿနာရင်းမြစ်ကိုသိမှ၊ တွေ့မှ နောင်ဖြစ်လာနိုင်တဲ့ ပဋိပက္ခတွေကို လျော့ပါးအေးငြိမ်းအောင်လုပ်ဆောင်နိုင်မှာပါ။ ကမ္ဘာပေါ်က ပဋိပက္ခတွေကိုလေ့လာမယ်ဆိုရင် ဒီလိုကိစ္စမျိုးဟာ ငြိမ်းချမ်းရေးအတွက် လုပ်ရင်းကိုင်ရင်း အခြေအနေတွေ ပိုမိုဆိုးရွားသွားတတ်ပါတယ်။ အကူအညီ အထောက်အပံ့ ပေးတာတောင် တစ်ဘက်ဘက်ကိုအာရုံစိုက်ရင် အခြားတစ်ဘက်က အထင်အမြင်လွဲလာနိုင်ပါတယ်။ လက်ခံရရှိတဲ့ဖက်ကလည်း ငါတို့ဘက်မှာ နိုင်ငံတကာရှိတယ်ဆိုပြီး အတွက်အချက်မှားနိုင်ပါတယ်။ မြန်မာပြည်မှာ ငြိမ်းချမ်းရေးတကယ်ထွန်းကား ပြန့်ပွားချင်တယ်ဆိုရင် အခွင့်အရေးရော၊ အမျိုးဘာသာ၊ သာသနာနဲ့အချုပ်အခြာအာဏာအတွက်ရော ဟန်ချက်ညီညီ လုပ်ဆောင်သွားဖို့ လိုအပ်ပြီး ဒီလိုလုပ်ဆောင်ရင်းက ဖြစ်ပေါ်လာနိုင်တဲ့ ဘေးအန္တရာယ်အသွယ်သွယ်ကို အမျိုးသားရေးအမြင်နဲ့ ကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်ထားကြဖို့လိုကြောင်းပါ။ ။

## JOKE

### ဆုတောင်းခြင်း

ကျွန်တော်ငယ်ငယ်တုန်းက စက်ဘီးတစ်စီးရရှိဖို့ ဘုရားသခင်ထံ ဆုတောင်းခဲ့သည်။ သို့သော်ဘုရားသခင်က ခရီးထွက်နေသလား မသိ။ ကျွန်တော့် ဆန္ဒမပြည့်ဝခဲ့။ သို့ဖြင့် ကျွန်တော် စက်ဘီးတစ်စီး ခိုးယူလာခဲ့ပြီး ခွင့်လွှတ်ပါရန် ဘုရားသခင်အား ပန်ကြားလိုက်သည်။

### လေယာဉ်ပျံစီးရမှာကြောက်သလား

အမေရိကန်နိုင်ငံတွင် ကွန်ပျူတာဆော့ဖ်ဝဲအင်ဂျင်နီယာသင်တန်းတစ်ခုပြီးဆုံးချိန်၌ သင်တန်းဆရာက ကမောက်ကမ မေးခွန်းတစ်ခု မေးသည်။

"အကယ်၍ မင်းတို့ဟာ လေယာဉ်တစ်စီးပေါ် တက်ထိုင်နေကြပြီး အဲဒီလေယာဉ်ပျံသန်းရေးထိန်းချုပ်မှုစနစ်အတွက် မင်းတို့ရေးထားတဲ့ ဆော့ဖ်ဝဲကို အသုံးပြုထားတယ်ဆိုရင် မင်းတို့ထဲက ဘယ်နှယောက်လောက်များ လေယာဉ်ပေါ်က ဆင်းပြေးမလဲ" ဟု သင်တန်းဆရာက မေးမြန်းရာ လူတိုင်းလိုလိုက ဆင်းပြေးမည်ဟု လက်ထောင်ပြကြပြီး တစ်ဦးကသာ လက်မထောင်ပေ။ သို့ဖြင့် သင်တန်းဆရာက "ကဲ ဂျွန်မင်းကတော့ ကိုယ့်အဖွဲ့ကို ကိုယ်စိတ်ချတယ်ပေါ့" ဟု လှမ်းမေးရာ ဂျွန်က "သေချာပါတယ် ဆရာ၊ ကျွန်တော်တို့အဖွဲ့ရဲ့ ဆော့ဖ်ဝဲကို သုံးမယ်ဆိုရင်တော့ လေယာဉ်ကပျံတက်ဖို့မပြောနဲ့ ပြေးလမ်းအဆုံးတောင်ရောက်မှာမဟုတ်ပါဘူး" ဟု ဆိုပါတော့သည်။

Environment

7 DAY NEWS JOURNAL

Vol.12, No.7 • APRIL 25 , 2013

# မိုးတိမ်တောင် ရာသီဥတုဖြစ်စဉ်ကြောင့် ဒေသအချို့တွင် လူသေဆုံးမှုများရှိ

**အောင်သစ်လွင်**

**ရန်ကုန်၊ မေ-၁၉**

မေပြီ ဒုတိယပတ်မှစတင်၍ မိုးတိမ်တောင်ရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံဒေသအချို့တွင် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး လက်ကျန်နွေကာလ၌ မိုးတိမ်တောင်ကို သတိထားရန် လိုအပ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

"ရာသီအကူးအပြောင်းကာလမှာ ရာသီဥတုဖြစ်စဉ်ကြောင့် လူနဲ့ တိရစ္ဆာန်တွေကို သေဆုံးစေတဲ့အထိ အန္တရာယ်များတဲ့ မိုးကြိုးပစ်တဲ့ဖြစ်စဉ်တွေ ဖြစ်လေ့ရှိတဲ့အတွက် သတိနဲ့နေဖို့ လိုအပ်ပါတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိကာလသည် မြန်မာနိုင်ငံ၏ မိုးကြိုကာလသို့ ရောက်ရှိလာပြီး အိန္ဒိယဘက်မှ တိုက်ခတ်လာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ပြီးခဲ့သည့် ရက်သတ္တပတ်မှစတင်၍ မြန်မာနိုင်ငံဒေသအချို့တွင် မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ မိုးကြိုးပစ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး မေပြီ ၁၃ ရက် ညနေက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာတွင် မိုးကြိုးပစ်၍ တစ်နေ့တည်း လူငါးဦးသေဆုံးခဲ့ရသည်။

ယင်းနေ့တွင်ပင် လေပြင်းတိုက်ခတ်မှုကြောင့် ကျုံဒိုးမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ ဆုတောင်းပြည့် စေတီတော်မှ ထီးတော်တိမ်းစောင်းသွားခဲ့ပြီး ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ မဟာမြတ်မုနိဘုရား ရွှေထီးတော်လည်း မေပြီ ၁၆ ရက်နေ့ တိုက်ခတ်သောလေပြင်းဒဏ်ကြောင့် အရှေ့မြောက်ဘက်သို့ တိမ်းစောင်းသွားခဲ့ကြောင်း သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများထံမှ သတင်းရရှိသည်။

ကော့ကရိတ်မြို့နယ်၌ မိုးကြိုးပစ်ခြင်းကြောင့် တစ်နေ့တည်း လူငါးဦး သေဆုံးခဲ့သော ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "အဲဒီနေ့ညနေပိုင်းက ရုတ်တရက်လေပြင်းတိုက်ပြီး မိနစ်ပိုင်းအတွင်း မိုးကြိုးက ဆက်တိုက်ပစ်သွားတာ" ဟု ဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်တွင်လည်း သင်္ကြန်အကြိုနေ့ ညနေ ငါးနာရီခန့်က မိုးသက်လေပြင်းကျ၍ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်းတို့ဖြစ်ပွားခဲ့ရာလျှပ်စစ်စီးဝင်မှုကြောင့် အော်တိုတယ်လီဖုန်း၊ တီဗီ၊ စလောင်းစက် အစရှိသည့် လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သတင်းရရှိသည်။

မိုးကြိုကာလတွင် ညနေပိုင်းအချိန်များ၌ မိုးသက်လေပြင်းကျ၍ မိုးကြိုးပစ်ခြင်းမှာ မိုးတိမ်တောင် ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပြီး ယင်းအချိန်သည် ကျေးလက်နေ ပြည်သူအများစု လယ်ထဲ၊ ကိုင်းထဲ၌ လုပ်ငန်းခွင် ဝင်နေချိန်ဖြစ်သောကြောင့် မုတ်သုံမိုးမရွာမီ ကာလအထိ မိုးတိမ်တောင်ရာသီဥတုနှင့် မိုးကြိုးအန္တရာယ်ကို သတိထားရန် လိုအပ်ကြောင်း ဒေါက်တာ ထွန်းလွင်က အကြံပြုပြောကြားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က မိုးသက်လေပြင်းကျရောက်ခဲ့သော ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လာမည့် ၁၀ ရက်အတွင်း ငါးရက်မှ ခြောက်ရက်ခန့်အထိ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း နေပြည်တော်မိုးလေဝသနှင့်ဇလဗေဒ ဦးစီးဌာနမှ သတင်းရရှိသည်။

# ရွှေသဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်း မဒေးကျွန်းရွာသားအချို့ ဆန္ဒပြ

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၁၉**

ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းအား လူအင်အားငါးရာကျော်ဖြင့် တစ်ရက်ကြာဆန္ဒပြတောင်းဆိုခဲ့သော်လည်း မည့်သည့်တောင်းဆိုချက်ကိုမှ ကုမ္ပဏီဘက်က လိုက်လျောမှု မရှိကြောင်း ဆန္ဒပြရာတွင် ဦးဆောင်ပါဝင်ခဲ့သည့် ပိုက်လိုင်းစီမံကိန်း တည်ရှိရာ မဒေးကျွန်းရွာမှ ဒေသခံဦးထွန်းကြည်က ပြောသည်။

ဆန္ဒပြသူများက သိမ်းဆည်းလယ်မြေများကို လျော်ကြေးပေးရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်းပေးဆောင်ရန်၊ လယ်မြေ ဥယျာဉ်ခြံမြေများကို ဒေသခံများကို အသိမပေးဘဲ မသိမ်းရန်၊ ကျွန်းတစ်ဝိုက်တွင်ငါးဖမ်းလုပ်ကိုင်ခွင့်ပေးရန်၊ လျှပ်စစ်မီးပေးရန်၊ အလုပ်သမားကတ်ရှိသူများကို အလုပ်ပြန်ခန့်ပြီး တရုတ်အလုပ်သမားများနှင့်အတူ တန်းတူလုပ်ခလစာပေးရန်၊ မဒေးကျွန်းတွင် ပျက်စီးနေသော လမ်းများပြုပြင်ပေးရန်နှင့် ပျက်စီးသည့် တာတမံများ ပြုပြင်ပေးရန် စသည့်အချက်များကို တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

တောင်းဆိုချက်များအနက် ကုမ္ပဏီနှင့် မသက်ဆိုင်သောကြောင့် လိုက်လျောပေးရန် ရှိ၊ မရှိ ဆုံးဖြတ်လို့မရကြောင်း၊ လမ်းခင်းပေးရန် အချက်ကို ဆန္ဒမပြမီကတိပြုခဲ့သော်လည်းကျောက်ခင်းလမ်းဖြစ်သောကြောင့် ဒေသခံများက လက်မခံခဲ့ကြောင်း၊ ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်နေသည့် SEAGPနှင့် SEAOP ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူ မစ္စတာကျန်က ပြောသည်။

"လမ်းခင်းတဲ့ကိစ္စက ကုမ္ပဏီနဲ့ မဆိုင်ပါဘူး။ ကျေးရွာလမ်းခင်းတာကို ဒေသအစိုးရက လုပ်ရမှာဒါပေမဲ့ လုပ်ပေးဖို့ လိုက်လျောခဲ့ပါတယ်။ သူတို့ကို ငါးမဖမ်းနဲ့လို့လည်း မတားမြစ်ခဲ့ဘူး" ဟု မစ္စတာကျန်က တုံ့ပြန်ပြောဆိုလိုက်သည်။

ကျောက်ခင်းလမ်းသည် ရေရှည်တည်တံ့သော လမ်းမဟုတ်သောကြောင့် လက်မခံခဲ့ကြောင်း၊ ဒေသခံ အလုပ်သမားများကို အလုပ်အကိုင် အခွင့်အလမ်း ပေးသော်လည်း တန်းတူအခွင့်အရေး မရခဲ့ဘဲ လုပ်ခလစာနိမ့်မှုများရှိကြောင်း၊ ငါးဖမ်းဆီးခြင်းကို တားမြစ်ထားခြင်း မရှိသော်လည်း ငါးဖမ်းနေသည့် ကမ်းနီးပင်လယ်တွင် စွန့်ပစ်ကျောက်ပုံများကို စွန့်ပစ်ထားသည့်အပြင် သင်္ဘောကြီးများ လာရောက်ဆိုက်ကပ်သောကြောင့် ငါးဖမ်းခြင်းကို ထိခိုက်ကြောင်း၊ ထိခိုက်မှုများ ပျက်ဆီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ စာများဖြင့် တင်ပြသော်လည်း အရေးယူမှုမရှိသောကြောင့် ခွင့်ပြုချက်မရဘဲ ဆန္ဒပြခဲ့ရခြင်းဖြစ်ကြောင်း ဦးထွန်းကြည်က ပြောသည်။

"သူတို့တွေ ပယ်လယ်ထဲပစ်ချတဲ့ ကျောက်တွေကြောင့် ပျက်စီးသွားတဲ့ ပိုက်တွေတောင် လျော်ကြေးမပေးဘူး။ မတားပေမယ့်လည်း ငါးဖမ်းကိရိယာတွေ အကုန်ပျက်စီးကုန်ပြီလေ။ ငါးဖမ်းကွက်တွေမှာ သင်္ဘောတွေ အများကြီး ကပ်ထားတယ်" ဟု ဦးထွန်းကြည် က ပြောသည်။

တောင်းဆိုချက်များ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေစဉ်အတွင်း ဆန္ဒပြရာတွင်ဦးဆောင်ပါဝင်သူဟု ယူဆရသော ဒေသခံ ဆယ်ဦးကို သက်ဆိုင်ရာက စစ်ဆေးမေးမြန်းရန် ဖုန်းဖြင့် အကြောင်းကြားခဲ့ပြီး ဆယ်ဦးအနက် ခြောက်ဦးကို ဖမ်းဆီးထိန်းသိမ်းပြီးနောက် အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်ဟု သတင်းရရှိသည်။

"ရဲစခန်းက ဒီဆန္ဒပြပွဲကို ဘယ်သူထောက်ပံ့တာလဲ။ ပိုက်ဆံတွေဘယ်ကရတာလဲလို့ မေးပြီး ပြန်လွှတ်တယ်။ သူတို့ ဆယ်ယောက်ဖမ်းမယ်လို့ အကြောင်းကြားထားတယ်။ အခုခြောက်ယောက်ကို စစ်ဆေးပြီးသွားပြီ"ဟု စစ်ဆေးမေးမြန်းမည့် စာရင်းတွင် ပါဝင်သူ ဦးထွန်းကြည်က ပြောသည်။

ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြောင့် နစ်နာဆုံးရှုံးခဲ့မှုကို ပြန်လည်လုပ်ဆောင်ပေးရန် အချက်ကိုးချက်ဖြင့် ဒေသခံ မဒေးကျွန်းရွာသူ၊ ရွာသား ၅၀၀ ခန့်က မေပြီလ ၁၈ ရက် နံနက်ပိုင်းက စ၍ စီမံကိန်းအကောင်အထည်ဖော်နေသော China National Petroleum Cooperation (CNCP)ကို ဆန္ဒပြတောင်းဆိုခဲ့သည်။

# အင်းလေးကန်တွင် ရေခန်းမှုထပ်မံကြုံတွေ့



*ယခုနှစ် နှစ်ဆန်းတစ်ရက်က အင်းလေးကန်ဖောင်တော်ဦးသွားရာလမ်းတစ်လျှောက် ရေခန်းခြောက်မှုမြင်ကွင်း*

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၁၉**

အင်းလေးကန်တွင် ရေခန်းခြောက်မှု စံချိန်တင်ကြုံတွေ့ခဲ့ပြီး သုံးနှစ်အကြာတွင် ရေခန်းခြောက်မှုနှင့် ထပ်မံကြုံတွေ့နေရကြောင်း အင်းလေးကန်တွင် နေထိုင်သူများထံမှ သတင်းရရှိသည်။

ရေခန်းခြောက်မှုကြောင့် ရေလမ်းခရီးကိုအဓိက အားထားနေရသည့် အင်းလေးကန်ဒေသရှိ အင်းတိန်၊ ဟဲယာရွာမ၊ သာလေးကျေးရွာနှင့် ဖောင်တော်ဦးသွားရာလမ်းတစ်လျှောက်တွင် ဧပြီလဆန်းမှ စတင်ကာ သွားလာ၍မရတော့ကြောင်း ကျေးရွာဒေသခံများက ပြောသည်။

"ဒီနှစ်က ၂၀၁၀ ပြည့်နှစ် ရေကျတာ ထက်ပို ဆိုးတယ်။ ၂၀၁၀ တုန်းကတော့ မေလဆန်းလောက်မှ လုံးဝကျသွားတာ။ ဒီနှစ်က ဧပြီလကတည်းက ကျတာ။ အင်းလေးကန်ထဲကို စီးဝင်တဲ့ ညောင်ရွှေကသာစည်တို့ နဒီကန်တို့တောင် ရေခန်းကုန်ပြီ"ဟု ဓာတ်ပုံရိုက်ကူးခဲ့သည့် ညောင်ရွှေဒေသခံ ကိုရေအေးက ပြောကြားသည်။

အင်းလေးကန်ရေခန်းခြောက်မှုကို နှစ်စဉ်ကြုံတွေ့နေရသော်လည်း ယခုအကြိမ်သည် ၂၀၁၀ ပြည့်နှစ်ကဲ့သို့ပင်ဖြစ်လာကြောင်း၊ အင်းလေးကန်သို့စီးဝင်သော အင်းတိန်ချောင်းသည်မော်တော်ဝင်မရကြောင်း၊ မိုင်းသောက်ကျေးရွာ ဒေသခံဦးသက်ထွန်းက ပြောသည်။

"နုန်းများတာရယ်၊ မိုးရေနည်းတာတွေကြောင့် ဆယ့်နှစ်ရာသီ ရေဝင်နေတဲ့ အင်းတိန်ချောင်းတောင်ရေမရှိတော့ဘူး"ဟု မိုင်းသောက်ကျေးရွာမှ ဦးသက်ထွန်းက ထပ်မံပြောသည်။

နွေရာသီကာလတွင် နှစ်စဉ်ရေခန်းခြောက်မှုသည် ၂၀၁၀ပြည့်နှစ်ကလိုပင် နောက်တစ်ကြိမ်ပြန်ဖြစ်သည်။

ဟဲယားရွာမကျေးရွာအတွင်း ရေလမ်းတွင် ရေပေ နှစ်ပေနှင့် သုံးပေကြားတွင် ရှိနေပြီး စက်လှေသွားလာရန် မြောင်းများတူးဖော်နေရကြောင်း၊ သွားလာရာတွင်လည်း လှေတစ်စီးချင်းစီသာ သွားလာနေရကြောင်း၊ မေလတွင် ယခုထက် အခြေအနေ ဆိုးရွားနိုင်ကြောင်း အင်းလေးကန်အား သောက်သုံးရေရရှိရန် ကူညီပေးနေသည့် ဒေသခံဒေါက်တာချစ်ရီက ပြောကြားသည်။

Tourism
7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့ဝင်များ ရန်ကုန်တွင်စတင်တာဝန်ထမ်းဆောင်

**အောင်သူရ**

**ရန်ကုန်၊ ဧပြီ-၁၉**

ကမ္ဘာလှည့် ခရီးသွားများကို ကူညီဆောင်ရွက်ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့အား ဧပြီလ ၁၈ ရက်မှစ၍ ရန်ကုန်ဝင်များ ရန်ကုန်မြို့တွင် စတင်တာဝန်ထမ်းဆောင်နေပြီဖြစ်သည်။

ကမ္ဘာလှည့် ခရီးသွားများ သွားလာမှုများသောရွှေတိဂုံဘုရား၊ အမျိုးသားပြတိုက်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဆိုးတန်း၊ ဒလဆိပ်ကမ်းနှင့် ကျိုက်ထီးရိုးစေတီတို့တွင် စုစုပေါင်း တပ်ဖွဲ့ဝင်အင်အား ၃၀ ဖြင့်တာဝန်ယူဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းတပ်ဖွဲ့စုမှူးက ပြောသည်။

“ဗိုလ်ချုပ်ဈေးတို့၊ပြတိုက်တို့ကတော့ သူတို့ဖွင့်ချိန်ပိတ်ချိန်တွေမှာ ရှိနေတယ်။ ကျန်တဲ့နေရာတွေကတော့ ပိတ်ရက်မရှိနေ့ရောညပါ တာဝန်ထမ်းဆောင်နေပါတယ် ” ဟုတပ်ဖွဲ့စုမှူးကပြောသည်။

အဆိုပါတပ်ဖွဲ့ဝင်များမှာ ရဲတပ်ဖွဲ့သင်တန်းတက်ရောက်ခဲ့ပြီး အင်္ဂလိပ်စကားပြောသင်တန်းနှင့် ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းသင်တန်းများတက်ရောက်နေကြသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့များကို ရန်ကုန်မြို့အပြင် နေပြည်တော်၊ မန္တလေး၊ပုဂံ၊ညောင်ဦးနှင့်ညောင်ရွှေမြို့များတွင် ရုံးများ ဖွင့်လှစ်ဆောင်ရွက်နေကြောင်းသတင်းရရှိသည်။

“လောလောဆယ် လုပ်နေတာက အားလုံးကိုစစ်နေတယ်။ မော်တော်ကားလိုင်စင်ကအစ စစ်နေတော့ ခရီးသွားလုပ်ငန်းလုပ်နေတဲ့ လူတွေက မကြိုက်ကြဘူး” ဟု မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်း အင်းလေးဇုန်ဥက္ကဋ္ဌဦးဇော်ဌေးအောင်က ပြောသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ ဖွဲ့စည်းပြီးနောက် အင်းလေးဒေသတွင် ပိုက်ဆံအိတ်ပျောက်ဆုံးသွားခဲ့သော ဂျာမနီနိုင်ငံသားအား ပြန်လည်ကူညီရှာပေးခဲ့ပြီး ရန်ကုန်မြို့အပြန်လေယာဉ်လက်မှတ်မရှိသော တရုတ်နိုင်ငံသားအားသံရုံးနှင့်ညှိနှိုင်း၍ လက်မှတ်ရရှိအောင်ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

ရန်ကုန်မြို့အတွင်းကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်၍အဆက်ဆက်ရှိပါက ဖုန်းနံပါတ် ၃၇၈၄၇၉ ကိုဆက်သွယ်သတင်းပေးနိုင်ကြောင်း သတင်းရရှိသည်။



**ဧပြီ၁၈ရက်တွင် စတင်ဖွင့်လှစ်လိုက်သည့် ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့ရုံး**



*ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲနေသည့် နိုင်ငံခြားသားဧည့်သည်များ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# သင်္ကြန်ကာလအတွင်း နိုင်ငံခြားဧည့်သည် လာရောက်မှု မြင့်တက်

**ခိုင်ချို**

**ရန်ကုန်၊ ဧပြီ-၁၈**

ယခုနှစ် သင်္ကြန်ကာလအတွင်း နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာပြီးခဲ့သည့်နှစ်ကထက် ၃၀ ရာခိုင်နှုန်းခန့် တိုးလာကြောင်း ဧည့်လမ်းညွှန်များထံမှ သတင်းရရှိသည်။

“သင်္ကြန်အတွက် Package Tour သီးသန့်ရောင်းတာ နည်းတယ်။ ဒါပေမဲ့တစ်ဦးချင်းလာလည်တဲ့ ခရီးသွားတွေ ဒီနှစ် သင်္ကြန်မှာ တော်တော်များတယ်” ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်း ပြန်ကြားရေးတာဝန်ခံဦးအောင်ထွန်းလင်းက ပြောသည်။

ယခုနှစ် သင်္ကြန်ကာလအတွင်းခရီးသွားလုပ်ငန်းအများစု၏ မြန်မာပြည်ခရီးစဉ် ရောင်းချမှုကို ခေတ္တရပ်ဆိုင်းထားခြင်း၊ဧည့်လမ်းညွှန်အချို့ အနားယူခြင်းများ ရှိသော်လည်း တစ်ဦးချင်းခရီးသွား (FIT)များ ပိုတွေ့ရသည်ဟု ပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

“ဒီနှစ် နိုင်ငံခြားသားတွေ သင်္ကြန်ကားနဲ့လည်တာ တော်တော်များများ တွေ့တယ်။ မြို့တော်ခန်းမရှေ့မှာဆို ကြုံတဲ့သင်္ကြန်ကားကို တားပြီး လိုက်ကြတယ်။ ပြီးတော့ မြို့တော်ခန်းမကို တစ်ပတ်ပတ်တယ်။ သူတို့တွေပဲသီးသန့်ကားငှားပြီး လည်ကြတာလည်း တွေ့ရတယ်” ဟု ရန်ကုန်မြို့တော်ဝန်ရေကစားမဏ္ဍပ်တွင်ရေကစားခဲ့သူ လူငယ်တစ်ဦးကပြောသည်။

သင်္ကြန်ကာလအတွင်း ခရီးသွားလုပ်ငန်းများအနေဖြင့် ခရီးစဉ်များ ပိုမိုရောင်းချသင့်ကြောင်း၊ မလေးရှားနိုင်ငံတွင်လည်း သင်္ကြန်ပွဲတော် ဖန်တီးလာကြကြောင်း၊ ဥရောပတိုက်သားများအနေဖြင့် ၎င်းတို့ တိုင်းပြည်များတွင် မရှိသော သင်္ကြန်ပွဲတော်ကို ပိုမိုစိတ်ဝင်စားကြကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း အတွင်းရေးမှူးတစ်ဦးက ပြောကြားသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစ၍ မတ်လကုန်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ဝင်ရောက်လာသော နိုင်ငံခြားသားဧည့်သည် နှစ်သိန်းကျော်ရှိသွားပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ စာရင်းများအရ သိရှိရသည်။

# ဂျပန်နှင့် ကိုရီးယားခရီးသွားများ ယခုနှစ်ဦးပိုင်းတွင် မြန်မာနိုင်ငံသို့ အများဆုံးလာရောက်

**ခိုင်ချို**

**ရန်ကုန်၊ ဧပြီ-၁၈**

ယခုနှစ်ဦးပိုင်းတွင်ဝင်ရောက်လာသည့် နိုင်ငံခြားသား ခရီးသွားများအနက် ဂျပန်နှင့် ကိုရီးယားလူမျိုးအများဆုံးဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၏ စာရင်းများအရ သိရှိရသည်။

၂၀၁၃ ခုနှစ် ပထမ သုံးလအတွင်း ဂျပန်နှင့် ကိုရီးယားလူမျိုး ဝင်ရောက်လာမှုမှာ ယခင် ၂၀၁၂ ခုနှစ်ပထမသုံးလထက် ထက်ဝက်ကျော် တက်လာကြောင်း သိရသည်။

“ဒီနှစ်ကို ဂျပန်ဧည့်သည် အဝင်က တော်တော်များတယ်။ ဂျပန်လူမျိုးတွေက မြန်မာနိုင်ငံကို စီးပွားရေးအရစိတ်ဝင်စားလို့လာကြည့်တာများတယ်။ ကိုရီးယားတွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုရီးယားခရီးစဉ်အပြီးမှာ ပိုပြီးဝင်လာတာ”ဟုကိုရီးယားဘာသာစကား ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

သို့သော် ကိုရီးယား ခရီးသွားများပြားလာသော်လည်း မြန်မာလူမျိုးဧည့်လမ်းညွှန် အသုံးပြုမှုမှာ နည်းနေသေးကြောင်း ကိုရီးယားဧည့်လမ်းညွှန် ကိုသက်ဆွေအေးက ပြောသည်။

ဂျပန် လူမျိုးအများစုသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြပြီး ဂျပန်နိုင်ငံ၊ နိုင်ငံတကာရေးရာနှင့် မြေယာ၊ အဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာ Hajime ISHIZU ကလည်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ရန် လာရောက်ဆွေးနွေးခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ သိရှိရသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ မတ်လကုန်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဂျပန်လူမျိုး ၃,၆၀၀ ကျော် ဝင်ရောက်ခဲ့ရာမှ ယခုနှစ် သုံးလတာကာလအတွင်း ၆,၆၀၀ ကျော်တိုးလာခဲ့ပြီး ကိုရီးယားလူမျိုး ၂,၃၀၀ ကျော်ဝင်ရောက်ခဲ့ရာမှ ၄,၂၀၀ ကျော်အထိ ဝင်ရောက်မှု တိုးလာခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

# ဒီမော့ဆိုရှိ ကန်ခုနစ်ဆင့်ကို အပန်းဖြေစခန်းအဖြစ် ဆောင်ရွက်မည်

**ခိုင်ချို**

**ရန်ကုန်၊ ဧပြီ - ၁၉**

ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်တွင် တည်ရှိသော ကန်ခုနစ်ဆင့်ကို အပန်းဖြေစခန်းအဖြစ် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ သတင်းရရှိသည်။

ထိုကန်ခုနစ်ဆင့်ကို ပြည်တွင်း၊ပြည်ပခရီးသွားများအပန်းဖြေနိုင်ရန်အတွက် ဖေဖော်ဝါရီလအတွင်း စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

“ဒီဒေသတွေကိုဖွံ့ဖြိုးအောင်ဆောင်ရွက်သင့်တာကြာပြီ။ ကျွန်တော်ကတော့ ငြိမ်းချမ်းရေးကို အားပေးတယ်။ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးအောင်လုပ်ပြီး ပြည်နယ်တွင်း လူထုကိုဗဟုသုတရှိလာအောင်၊ အမြင်ကျယ်လာအောင် လုပ်ဆောင်လို့ရတယ်” ဟုကယန်းအမျိုးသားပါတီအထွေထွေအတွင်းရေးမှူးဦးစောခွန်းနန်းရီကပြောသည်။

ကယားပြည်နယ် လွိုင်ကော်မြို့နယ်ကိုသွားလာခွင့်ပြုနယ်မြေ၊ ဒီမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်ကို မြို့ပေါ်ခွင့်ပြု၊ မြို့ပြင်ခွင့်ပြုချက်တောင်းခံရန်နယ်မြေအဖြစ် သတ်မှတ်ပြီး တရားဝင်နိုင်ငံခြားသားခရီးသွားဧည့်သည်သွားလာခွင့်ကိုပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင်ထုတ်ပြန်ကြေညာခဲ့သည်။

“ကယားပြည်နယ်က နိုင်ငံခြားသားဧည့်သည်တွေအရမ်းကြိုက်တယ်။ အရမ်းလည်းသွားချင်ကြတာ။ အခုတရားဝင်သွားလာခွင့်ရပြီ။ အပန်းဖြေစခန်းတွေ လုပ်ပေးတော့ ခရီးသွားလုပ်ငန်းကို ပိုအထောက်အကူပြုတာပေါ့” ဟုမြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အတွင်းရေးမှူးတစ်ဦးကပြောသည်။

အဆိုပါ ကန်ခုနစ်ဆင့် အပန်းဖြေစခန်းသည် ဒီမော့ဆိုမြို့နယ်အတွင်းတွင်တည်ရှိပြီး လွိုင်ကော်မြို့နှင့် ၁၄ မိုင်ခန့်ကွာဝေးသည်။သဘာဝအလျောက်ဖြစ်တည်နေသော ရေကန် ၁၄ကန်ရှိသည်။ကယားပြည်နယ်သည် ၂၀၁၂ခုနှစ်မတ်လ ၇ရက်တွင်ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နှင့်ပြည်နယ်အစိုးရတို့ အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

The Cartoon Logo


























7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# နယူးဒေလီတွင် ငါးနှစ်အရွယ် ကလေးမလေးတစ်ဦးအား အဓမ္မကြံစည်သူ သံသယတရားခံကို အိန္ဒိယရဲ ဖမ်းဆီး

**ပတ္တနား၊မေ-၂၀**

အိန္ဒိယရဲတပ်ဖွဲ့သည် နယူးဒေလီမြို့တွင် အဓမ္မပြုကျင့်ခံခဲ့ရသော အသက်ငါးနှစ်အရွယ် ကလေးမလေးတစ်ဦးအား ကြံစည်သူ သံသယတရားခံကို ဧပြီ ၂၀ ရက်တွင် ဖမ်းဆီးမိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ဖမ်းမိသူသံသယတရားခံမှာ မနော့ဂျ်ကူးမားဟုခေါ်သူဖြစ်ပြီး ပြည်နယ်မြို့တော် ပတ္တနားမှ ကီလိုမီတာ ၇၀ အကွာရှိ ရွာတစ်ရွာမှ ၎င်း၏ယောက္ခမနေအိမ်တွင် ခိုလှုံနေစဉ် ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ရဲအဖွဲ့က ၎င်းသည် ကလေးငယ်အား ဒေလီမြို့ရှိ သော့ခတ်ထားသည့် အခန်းတစ်ခုတွင် ပိတ်လှောင်ခဲ့ပြီးနောက် မတော်တရော်ပြုမူခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ တရားခံအား ဒေလီနှင့် ဘီဟာမြို့ရှိ စုံထောက်များက ပူးပေါင်းရှာဖွေ ဖမ်းဆီးခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဦးဆောင်ညွှန်ကြားရေးမှူး ရာဇင်ဒါကူးမားက “ဒါဟာ မကောင်းဆိုးဝါးတစ်ကောင်ရဲ့ အပြုအမူမျိုးပါ။ သူ့ကို ဖြစ်နိုင်သမျှ မြန်မြန်အပြစ်ဒဏ်ပေးသင့်ပါတယ်”ဟု ပြောကြားသည်။




Photo - AFP

*နယူးဒေလီမြို့တွင် အသက်ငါးနှစ်အရွယ်ကလေးငယ် မုဒိမ်းကျင့်ခံရခြင်းကို ဆန့်ကျင်ကန့်ကွက်ရင်း အစိုးရဆန့်ကျင်ရေးနှင့် ရဲတပ်ဖွဲ့ဆန့်ကျင်ရေးကြွေးကြော်သံများအော်ဟစ်နေသော ကန့်ကွက်ဆန္ဒပြသူများအား ရဲရုံးချုပ်ရှေ့၌ ဧပြီ ၂၀ ရက်က တွေ့ရစဉ်*

ပြစ်မှုကျူးလွန်ခံရသည့် ကလေးငယ်အော်ခေါ်သံများကြောင့် အနီးတွင် ဖြတ်သွားသူများက ကြားမိခဲ့ခြင်းဖြစ်ကာ ရဲအဖွဲ့သို့ အကြောင်းကြားနိုင်ခဲ့ခြင်းဖြစ်သည်။ ကလေးကို နယူးဒေလီဆေးရုံသို့ တင်ပို့ခဲ့ပြီးနောက် ကျန်းမာရေးအခြေအနေမှာ တိုက်ခိုက်ခံရမှုများကြောင့် စိုးရိမ်ဖွယ်ရာရှိကြောင်း၊ ဒဏ်ရာပေါင်းစုံ ရရှိထားကြောင်း သတင်းတွင် ဖော်ပြသည်။

အဓမ္မပြုကျင့်ခံရသည့် ကလေးငယ်၏ သတင်းထွက်ပေါ်အပြီးတွင် ကလေး၏သက်ဆိုင်ရာ ဆွေမျိုးများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ရာပေါင်းများစွာသည် ဒေလီမြို့အရှေ့ပိုင်းရှိ အထက်ပါဆေးရုံသို့ သွားရောက်ကာ အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးရေး တောင်းဆိုသည့် ကြွေးကြော်သံများဖြင့် ချီတက်ဆန္ဒပြခဲ့သည်။ *—Ref: AFP/Reuters*




# စီချွမ်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၇ အဆင့်ရှိ ငလျင်ကြောင့် လူ ၁၂၄ ဦး သေဆုံး ၆၀၀ ခန့် ဒဏ်ရာရ

**ဘေဂျင်း၊မေ-၂၀**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ပြင်းအား ၇ မဂ္ဂနီကျူဒ်အဆင့်ရှိ ငလျင်နှင့် နောက်ဆက်တွဲငလျင်များ လှုပ်ခတ်ခဲ့မှုကြောင့် လူပေါင်း ၁၂၄ ဦး သေဆုံးပြီး အနည်းဆုံး ၆၀၀ ခန့် ဒဏ်ရာရခဲ့သည်။

ငလျင်မှာ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် လှုပ်ခဲ့ခြင်းဖြစ်ပြီး မြေအောက် ၁၂ ကီလိုမီတာ (ခုနစ်မိုင်)အနက်တွင် ဖြစ်ပေါ်ခဲ့ကြောင်း၊ အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့က ငလျင်ပြင်းအားကို ၆ ဒသမ ၆ မဂ္ဂနီကျူဒ်ဟု တွက်ချက်ဖော်ပြခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရဝက်ဘ်ဆိုက်တစ်ခုကလည်း ငလျင်မှာ စီချွမ်ပြည်နယ် လူရှန်ဒေသရှိ ယာအန်မြို့တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဆိုထားပြီး အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့ကလည်း ပြင်းထန်သည့် ထိခိုက်ပျက်စီးမှုများဖြစ်နိုင်ပြီး နောက်ဆက်တွဲ လူသေဆုံးမှုများလည်း ထူးထူးခြားခြား များပြားနိုင်ကြောင်း ပြောကြားထားသည်။ ယင်းအဖွဲ့က ယခင်ဖြစ်ပွားခဲ့သော ငလျင်များကဲ့သို့ပင် ယခုငလျင်သည်လည်း ပြင်းထန်မှုပမာဏ များပြားသဖြင့် အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် အရေးပေါ် တုံ့ပြန်ကယ်ဆယ်မှုများ ပြုလုပ်သင့်ကြောင်း ဆိုသည်။

ဆင်ဟွာသတင်း၏ ဖော်ပြချက်အရ အစိုးရသည် ငလျင်ဖြစ်ပေါ်ရာဒေသသို့ စစ်သား ၂,၀၀၀ ခန့်ကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ထားသည်။

စီချွမ်ပြည်နယ်တွင် ဆယ်စုနှစ်အတွင်း အပြင်းထန်ဆုံးလှုပ်ခဲ့သော ၂၀၀၈ခုနှစ် ငလျင်ကြောင့် လူပေါင်း ၈၇,၀၀၀ ခန့်မှာ ပျောက်ဆုံးခြင်း (သို့မဟုတ်) သေဆုံးရခြင်းများ ရှိခဲ့သည်။ စီချွမ် အပါအဝင် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသည် ငလျင်များမကြာခဏ လှုပ်ခတ်ရာဒေသများဖြစ်ခဲ့ကာ ၂၀၁၂ စက်တင်ဘာကလည်း အိမ်နီးချင်းယူနန်ပြည်နယ်တွင် ငလျင်နှစ်ခု လှုပ်ခတ်မှုကြောင့် မြေပြိုမှုများ ဖြစ်ပွားကာ လူပေါင်း ၈၀ ခန့် သေဆုံးခဲ့ရသည်။

*—Ref: AFP*

# မလေးရှား အထွေထွေရွေးကောက်ပွဲ အမတ်လောင်း အမည်စာရင်း တင်သွင်းမှု အပြီးသတ်

**ကွာလာလမ်ပူ၊မေ-၂၀**

မကြာမီ ကျင်းပမည့် မလေးရှားနိုင်ငံ၏ (၁၃)ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းများ၏ အမည်စာရင်းတင်သွင်းမှု လက်ခံခြင်းကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက အပြီးသတ်ခဲ့သည်။

အမတ်လောင်းများ၏ အမည်စာရင်း လက်ခံမှုကို ပါလီမန်အမတ်နေရာ ၂၂၂ နေရာနှင့် ပြည်နယ်လွှတ်တော်အမတ်နေရာ ၅၀၅ နေရာအတွက် လက်ခံခဲ့ခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းနေရာပေါင်း ၂၂၂ နေရာ၌ လက်ခံပေးခဲ့ခြင်းဖြစ်သည်။ သတင်းများအရ မလေးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်သည် အမတ်လောင်း လက်ခံသည့် ရလဒ်များကို ယနေ့နေ့လယ်တွင် ထုတ်ပြန်သွားမည်ဟု သိရသည်။

ဝန်ကြီးချုပ်နာဂျစ်ထန်ရာဇက်သည် UMNO နှင့် Barisan National (BN)ပါတီတို့၏ အကြီးအကဲအဖြစ် ၎င်း၏လျှောက်လွှာကို ပီကန်မြို့ရှိ ရွေးကောက်ပွဲ အမည်စာရင်း တင်သွင်းရာဌာနသို့ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ မလေးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်သည် လာမည့်ဧပြီ ၃၀ ရက်တွင် ကြိုတင်မဲပေးမှုများနှင့် မေ ၅ ရက်တွင် ပုံမှန်မဲပေးမှုများကို ပြုလုပ်သွားရန် ပြင်ဆင်ထားပြီး အမတ်လောင်းများသည် အကြိုမဲဆွယ်စည်းရုံးမှုများကို ၁၅ ရက်ကြာ လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။

မေ ၅ ရက်တွင် ကျင်းပမည့် မလေးရှားနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်း ၁၃ သန်းကျော်ရှိပြီး ယင်းအနက် နှစ်သိန်းခုနစ်သောင်းကျော်မှာ ကြိုတင်မဲပေးကြမည်ဖြစ်သည်။

*—Ref: AFP*



Photo - AFP

*မလေးရှားနိုင်ငံ ဘီရာပစ်ဒေသ၌ ရွေးကောက်ပွဲအမည်စာရင်းတင်သွင်းစဉ်ကာလအတွင်း မလေးရှားအတိုက်အခံခေါင်းဆောင် အန်နဝါအီဘရင်၏ ရုပ်ပုံပါတီရှပ်များကို ထောက်ခံသူများက ဝတ်ဆင်ထားသည်ကို တွေ့ရစဉ်*

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013



Leader's Profile

# ကမ္ဘာ့အကြီးဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ Exxon Mobil ဥက္ကဋ္ဌ ရက်စ်တီလာဆန်

ရဲမင်း

မစ္စတာရက်စ်တီလာဆန်သည် ကမ္ဘာ့အကြီးဆုံး ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီကြီး Exxon Mobil ၏ လက်ရှိဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ Exxon Mobil မှာ အမေရိကန်နိုင်ငံ တက်ဆက်ပြည်နယ်တွင် အခြေစိုက်ထားသော နိုင်ငံတကာ ရေနံကုမ္ပဏီကြီးဖြစ်သည်။

တီလာဆန်သည် ၁၉၅၂ ခုနှစ် မတ် ၂၃ ရက်တွင် တက်ဆက်ပြည်နယ်၊ ဝိချီတာရေတံခွန်ဒေသ၌ မွေးဖွားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် တက်ဆက်ပြည်နယ်၊ ဟန့်ဗီးလ် အထက်တန်းကျောင်း၌ တက်ရောက်အောင်မြင်ခဲ့ပြီးတက်ဆက်တက္ကသိုလ်တွင် ဆက်လက်တက်ရောက်ကာ ၁၉၇၅ ခုနှစ်၌ ဆောက်လုပ်ရေးအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သည်။ တက်ဆက်တက္ကသိုလ်တက်ရောက်နေစဉ်ကာလအတွင်း တီလာဆန်သည် ကင်းထောက်လူငယ်အဖွဲ့ အပါအဝင် ကျောင်းသားအဖွဲ့များ၌ တက်ကြွစွာပါဝင်ခဲ့ပြီး ထူးချွန်ထင်ရှားအင်ဂျင်နီယာကျောင်းသားဆုကို ပါ ရရှိခဲ့သည်။

မစ္စတာတီလာဆန်သည်ဘွဲ့ ရပြီးပြီးချင်းမှာပင် Exxon Mobil ကုမ္ပဏီတွင် အင်ဂျင်နီယာတစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကာ ပြည်တွင်းရော၊ ပြည်ပတွင်ပါ ရာထူးနေရာ အမျိုးမျိုး၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ယီမင်နိုင်ငံရှိ Exxon Yemen ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ရုရှားနိုင်ငံနှင့် ကက်စပီယန်ပင်လယ်ဒေသ Exxon လုပ်ငန်းများအတွက် အဓိကတာဝန်ယူရသော Exxon Ventures (CIS) ဒု-ဥက္ကဋ္ဌနှင့် Exxon Neftegas Limited ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ် Exxon နှင့် Mobil တို့ကို ပေါင်းစည်းလိုက်သောအချိန်တွင် မစ္စတာတီလာဆန်မှာလည်း Exxon Mobil Development Company ၏ အလုပ်အမှုဆောင် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည်။

မစ္စတာတီလာဆန်သည် ၂၀၀၄ ခုနှစ်တွင် Exxon Mobil ၏ ဒါရိုက်တာနှင့် ဥက္ကဋ္ဌဖြစ်လာခဲ့ပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် ပူးတွဲတာဝန်ယူခဲ့သည်။ ၂၀၀၈ ခုနှစ်မေလ ရှယ်ယာရှင်များအစည်းအဝေးတွင် ကုမ္ပဏီ၌ ရှယ်ယာအများဆုံး ပါဝင်ထားသော Rockefeller မိသားစုက ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်နေရာနှစ်ခုကို သီးခြားစီခွဲထုတ်ရေး အဆိုပြုခဲ့သော်လည်း လုံလောက်သော မဲအများစု မရရှိခဲ့ပေ။

၂၀၁၁ ခုနှစ်တွင် မစ္စတာတီလာဆန်သည် အာတိတ်ဒေသ၌ ရေနံတူးဖော်ရေး ရုရှားနိုင်ငံ နှင့် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။

ငယ်စဉ်ကပင် ကင်းထောက်လူငယ်အဖွဲ့များတွင် တက်ကြွစွာ ပါဝင်ခဲ့သူ မစ္စတာတီလာဆန်သည် ၁၉၆၅ ခုနှစ်တွင် လင်းယုန်ကင်းထောက်ဆု (Eagle Scout) ချီးမြှင့်ခံရပြီး ၂၀၀၉ ခုနှစ်တွင် နာမည်ကျော်လင်းယုန်ကင်းထောက်များအဖွဲ့၌ပါဝင်လာခဲ့သလို ၂၀၁၀ ပြည့်နှစ်တွင် Silver Buffalo ဆု ချီးမြှင့်ခြင်းခံရကာ အမေရိကန်ကင်းထောက်လူငယ်များအဖွဲ့ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ယင်းအဖွဲ့ အမျိုးသားအလုပ်အမှုဆောင်ဘုတ်အဖွဲ့တွင်လည်း ပါဝင်လာခဲ့သည်။

မစ္စတာရက်စ်တီလာဆန်သည် တက်ဆက်ပြည်နယ်မှာပင် နေထိုင်ကာ သားသမီးလေးဦးရှိသည်။

—*Ref: Wikipedia*

# ဗင်နီဇွဲလားသမ္မတသစ် ကျမ်းသစ္စာကျိန်ဆို

**ကာရာကတ်စ်၊ ဧပြီ-၂၀**

ရွေးကောက်ပွဲအငြင်းပွားမှုနှင့်ပတ်သက်၍ အီလက်ထရွန်နစ်မဲများကိုစစ်ဆေးသွားရန် ဆုံးဖြတ်ချက်ကြောင့် ဖိအားများ လျော့ပါးသွားချိန်တွင် ရွေးကောက်ပွဲအနိုင်ရရှိသူ နီကိုလပ်စ်မာဒူရိုသည် ဗင်နီဇွဲလားနိုင်ငံသမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုလိုက်သည်။ ယင်းအခမ်းအနားသို့ အီရန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံအပါအဝင် နိုင်ငံခေါင်းဆောင်များ အများအပြားတက်ရောက်ခဲ့ကြသည်။

ဘတ်စ်ကားမောင်းသူအဖြစ်မှ နိုင်ငံခြားရေးဝန်ကြီးအထိ ဖြစ်လာသူ မာဒူရိုမှာ ကွယ်လွန်သွားသော မစ္စတာဟူဂိုချားဗက်စ်ကိုယ်တိုင်က ဆက်ခံရန် ရွေးချယ်ခံရသူဖြစ်ပြီး လွန်ခဲ့သော ရက်သတ္တပတ် ရွေးကောက်ပွဲတွင် အတိုက်အခံစိန်ခေါ်သူဟင်းနရစ်ကာပရီလက်စ်ကို ကပ်နိုင်ခဲ့သည်။

မစ္စတာကာပရီလက်စ်က ရွေးကောက်ပွဲရလဒ်ကို လက်ခံရန် ငြင်းဆန်ခဲ့ကာ မမှန်မကန်လုပ်မှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်ခဲ့သည်ဟု စွပ်စွဲပြောကြားပြီး မဲများအားလုံးကို ပြန်လည်စိစစ်ရန် တောင်းဆိုခဲ့သည်။ ၎င်းကို ထောက်ခံသူများကိုလည်း လမ်းပေါ်ထွက် ဆန္ဒပြရန် ပြောကြားခဲ့သည်။

ရွေးကောက်ပွဲအလွန် အကြမ်းဖက်မှုများကြောင့် လူရှစ်ဦး သေဆုံးခဲ့ကြောင်း အစိုးရက ပြောကြားပြီး ယင်းအတွက် မာဒူရိုက အတိုက်အခံခေါင်းဆောင် ကာပရီလက်စ်ကို အပြစ်တင်သည်။ သို့သော် အတိုက်အခံများဘက်ကလည်း မဲဆန္ဒအငြင်းပွားမှုကို အာရုံလျော့သွားစေရန် မာဒူရို၏ မဟာမိတ်များက ရွေးကောက်ပွဲအပြီး လူထုချီတက်ပွဲများ လုပ်ဆောင်ခဲ့သည်ဟု ပြောကြားသည်။ —*Ref: Reuters*




Photo - AFP

နောက်ကျောဖုံး မှ

## ပါရာဂွေး သမ္မတ ရွေးကောက်ပွဲ အတိုက်အခံ သန်းကြွယ်သူဌေး အောင်ပွဲခံ

ယင်းမှာ လွန်ခဲ့သော ၁၀ လက လက်ဝဲဝါဒီ သမ္မတဖာနန်ဒိုလူဂိုအား ရာထူးမှ ဖယ်ရှားမှုဖြစ်ပေါ်ခဲ့သော ပါရာဂွေးနိုင်ငံ၌ နိုင်ငံရေးစာမျက်နှာသစ် ဖွင့်လှစ်လိုက်ခြင်းလည်း ဖြစ်သည်။ သမ္မတသစ်မှာ ဩဂုတ် ၁၅ ရက်တွင် စတင်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ကွန်ဆာဗေးတစ်ဝါဒီ ဆေးလိပ်နှင့် ဆေးရွက်ကြီးလုပ်ငန်းသူဌေးကြီးမစ္စတာကာတက်စ် (၅၆)နှစ်မှာ ရွေးကောက်ပွဲမတိုင်မီကပင် အသက်(၅၀)အရွယ် စီးပွားရေးပညာရှင် မစ္စတာအယ်လီဂရီထက် ရေပန်းစားခဲ့သူဖြစ်သည်။ မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် ခိုးမှု တောထနေသော နိုင်ငံတွင် ရွေးကောက်ပွဲယှဉ်ပြိုင်သူနှစ်ဦးက ယင်းကိစ္စများ၌ပါဝင်ပတ်သက်ကြောင်း တစ်ဦးကိုတစ်ဦး အပြန်အလှန် စွပ်စွဲခဲ့ကြသည်။

ရှေးရိုးစွဲ ကိုလိုရာဒိုပါတီမှာလည်း ၂၀၀၈ ရွေးကောက်ပွဲတွင် လက်ဝဲဝါဒီ ဖာနန်ဒိုလူဂိုအား မရှုံးနိမ့်မီ ပါရာဂွေးနိုင်ငံကို နှစ်ပေါင်း ၆၀ အုပ်ချုပ်ခဲ့သောပါတီဖြစ်သည်။

—Ref: AFP

# စစ်အာဏာရှင်ဟောင်း မူရှာယက်ဖ်ကို နေအိမ်အကျယ်ချုပ်နှစ်ရက်မှ ရုံးအချုပ်နှစ်ပတ် ပြစ်ဒဏ်သို့ ပြောင်းလဲချမှတ်

**အစ္စလာမ်မာဘတ်၊ ဧပြီ-၂၀**

ပါကစ္စတန်နိုင်ငံ စစ်အာဏာရှင်ဟောင်းပါဗက်ဇ်မူရှာယက်ဖ်သည် ၎င်းအာဏာရစဉ် ၂၀၀၇ ခုနှစ်က တရားသူကြီးများကို ထိန်းသိမ်းခဲ့မှုဖြင့် နေအိမ်အကျယ်ချုပ် နှစ်ရက်ကြာကျခံစေရန် တရားရုံးတစ်ရုံးက မကြာမီက ဆုံးဖြတ်ခဲ့ပြီးနောက် ယနေ့တွင် ၎င်းကို တရားရုံးအချုပ်၌ နှစ်ပတ်ကြာနေထိုင်ရန် အမိန့်ချမှတ်ခံခဲ့ရသည်။



Photo - AFP

မူရှာယက်ဖ်ကို ပါကစ္စတန်နိုင်ငံ အထက်ရုံးတော် ဟိုက်ကုတ်က ထိုသို့ပြစ်ဒဏ်ပြောင်းလဲချမှတ်ခဲ့ခြင်းဖြစ်ကာ ၎င်းကမူ စွပ်စွဲချက်များမှာ နိုင်ငံရေးအရ လှုံ့ဆော်မှုများသာဖြစ်ကြောင်း ပြောဆိုထားသည်။

မူရှာယက်ဖ်သည်ပြီးခဲ့သည့်လမှစ၍ ၎င်း၏ ပါကစ္စတန်နိုင်ငံလုံးဆိုင်ရာ မွတ်ဆလင်အဖွဲ့ချုပ်ပါတီ(APML)အနေဖြင့်မေလတွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ရန် နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ သို့သော် ၎င်း၏ အမတ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် စာရင်းသွင်းခဲ့မှုများကို ရွေးကောက်ပွဲတာဝန်ရှိသူများက ပယ်ချထားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် နိုင်ငံတော်တရားသူကြီးချုပ် အပါအဝင် တရားသူကြီးများစွာကို မူရှာယက်ဖ် အာဏာရစဉ် ၂၀၀၇ ခုနှစ်က နေအိမ်အကျယ်ချုပ်ခြောက်လခန့် ချမှတ်ခဲ့ရာ တရားသူကြီးများက ၎င်းနိုင်ငံသို့ ပြန်ရောက်လာသည်နှင့် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ဖမ်းဆီးအရေးယူရန် ကြုံးဝါးထားသည်။ ထို့အပြင် ၎င်းကို အခြားပြစ်မှုများစွာဖြင့် အရေးယူရန် စွပ်စွဲထားမှုများကလည်း စောင့်ကြိုနေပြီး ပါကစ္စတန်တာလီဘန်များကလည်း ၎င်းကို လုပ်ကြံသတ်ဖြတ်ရန် ယခင်ကပင်ခြိမ်းခြောက်ထားခဲ့သည်။ —*Ref: BBC*

နောက်ကျောဖုံး မှ

## ဂွမ်တာနာမို အကျဉ်းသား ထက်ဝက်ခန့် အစာငတ်ခံဆန္ဒပြ

အကျဉ်းသား ၁၆၆ ဦးအနက် ၈၄ ဦးသည် အစာငတ်ခံဆန္ဒပြနေပြီး ယင်းတို့အနက် ၁၆ ဦးကို အစာပြွန်များမှတစ်ဆင့် အစားအစာ ကျွေးနေရသည်ဟု ကန်ဒုဗိုလ်မှူးကြီး ဆင်မြူရယ်ဟောက်စ်က ပြောသည်။

အကျဉ်းကျခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အစာငတ်ခံဆန္ဒပြနေသော အကျဉ်းသားအရေအတွက်သည် ကန့်ကွက်မှုစတင်ခဲ့သော ပြီးခဲ့သည့်မတ်လကစ၍ တဖြည်းဖြည်း တိုးမြင့်လာခြင်းဖြစ်သည်။ ရုရှားအစိုးရက ‘ဂွမ်တာနာမို’စာရင်းဟုခေါ်သော ထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ကာ ဂွမ်တာနာမို အကျဉ်းထောင်နှင့် ပတ်သက်သည့် ဝေဖန်မှုများကို အရှိန်အဟုန်မြှင့်တင်ခဲ့သည်။ လူ့အခွင့်အရေး ချိုးဖောက်သည်ဟု သံသယရှိသူ ရုရှားအရာရှိများကို အမေရိကန်နိုင်ငံအတွင်းသို့ သွားလာခွင့် တားမြစ်ထားသည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ပိတ်ပင်လိုက်သော ကန်အရာရှိများစာရင်းကို ဧပြီ ၂၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့်ဥပဒေစိုးမိုးရေးအတွက် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန အထူးကိုယ်စားလှယ် ကွန်စတန်တင် ဒိုဂွတ်ဗ်က ယင်းအကျဉ်းထောင်ကို ပိတ်သိမ်းရန်နှင့် ယင်းစခန်းရှိ တစ်ဦးတည်းသော ရုရှားနိုင်ငံသား အကျဉ်းသား၏ အခွင့်အရေးနှင့် လိုအပ်ချက်များကို လေးစားလိုက်နာရန် ဧပြီ ၁၇ ရက်က တိုက်တွန်းပြောကြားလိုက်သည်။

—*Ref: RIA Novosti*

နောက်ကျောဖုံး မှ

## ဘော်စတွန်ဗုံးခွဲမှု မသင်္ကာသူကို စတင်စစ်ဆေးနေ

စောစောပိုင်းက သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ဘော်စတွန်ရဲမင်းကြီး အက်ဒ်ဒေးဗစ်က ဗုံးခွဲမှု မသင်္ကာသူ တီဆာနက်ဗ်၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်သော်လည်း တည်ငြိမ်နေကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ မလုပ်ရသေးကြောင်း ပြောကြားခဲ့သည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# “ခွဲခြားဆက်ဆံမှုအပေါ် ဆန့်ကျင်တိုက်ပွဲဝင်နေတာတွေ ဆက်လုပ်နေရပါမယ်”

## လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ဒါရိုက်တာ ဘောရစ်ဒစ်ထရစ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ဘောရစ်ဒစ်ထရစ် (၅၇)နှစ်ဟာ အစဉ်အလာကျား၊မခွဲခြားမှုကမ္ဘာထဲမှ ရှေးရိုးအတိုင်း 'ကျား'ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်လည်း 'မ' ဖြစ်မှသာ လူတန်းစေ့ရတဲ့၊ အတွေးအခေါ် ကျဉ်းမြောင်းတဲ့ လောကထဲ ထူးဆန်းတဲ့သူတစ်ဦးအဖြစ် အသေအချာပါပဲ။ ၎င်းရဲ့ရာထူးကလည်း ကမ္ဘာကျော်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကြီး (Human Rights Watch)မှာ အလွယ်ခေါ်ရရင် ယောက်ျားလျာ၊ မိန်းမလျာ၊ လိင်ဆက်ဆံမှုပုံစံနှစ်မျိုးကျင့်သုံးသူတွေနဲ့ လိင်ပြောင်းလဲထားသူတွေကို အတိုကောက်ခေါ်ဝေါ်ထားတဲ့ Lesbian, Gay, Bisexual and Transgeder (LGBT) တွေအတွက် လူ့အခွင့်အရေး တန်းတူညီမျှရေးရရှိအောင် ဆောင်ရွက်အရေးဆိုနေတဲ့ (LGBT) အခွင့်အရေးပရိုဂရမ်ရဲ့ ဒါရိုက်တာဖြစ်နေတာပါ။ ဘောရစ်ဟာ နယ်သာလန် ပါလီမန်ထဲမှာ အမတ်တစ်ဦးအဖြစ် ၁၂ နှစ်ကြာအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် 'ဂေး'အဖြစ် ပွင့်လင်းစွာဝန်ခံခဲ့တဲ့ ပထမဆုံးလူပုဂ္ဂိုလ်တစ်ဦး ဖြစ်ရုံသာမက နယ်သာလန်နိုင်ငံကို ကမ္ဘာမှာ လိင်တူချင်း ထိမ်းမြားလက်ထပ်ခွင့်ကို ပထမဆုံးအသိအမှတ်ပြုတဲ့ နိုင်ငံဖြစ်အောင် ဖန်တီးရာမှာလည်း ရှိုးဆော်ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒါကြောင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကြီးရဲ့ LGBT အခွင့်အရေးဆိုင်ရာကိစ္စတွေမှာ တာဝန်ရှိသူတစ်ဦးအဖြစ် ဆောင်ရွက်နေတဲ့ ဒစ်ထရစ်ကို ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ မကြာမီက သွားရောက်တွေ့ဆုံခဲ့ပြီး ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း ရုရှားနဲ့ အရှေ့ဥရောပတိုင်းပြည်တွေမှာ မိန်းမလျာတွေနဲ့ ယောက်ျားလျာတွေကို အကြမ်းဖက်ဖိနှိပ်ဆက်ဆံမှုတွေအကြောင်း၊ ရုရှားပါလီမန်အတွင်း အတည်ပြုဖို့ နီးစပ်နေတဲ့ မိန်းမလျာဆန့်ကျင်ရေးအကြောင်း၊ ပြင်သစ်အစိုးရက လိင်တူချင်းထိမ်းမြားမှုတွေကို လိင်ကွဲကျား၊ မတွေ အစဉ်အလာလက်ထပ်ထိမ်းမြားတဲ့ပုံစံ အဆင့်အတန်း အသိအမှတ်ပြုမှု တိုးမြှင့်ပေးမှာကို ကန့်ကွက်ဆန္ဒပြနေမှုတွေအကြောင်းနဲ့ ဂျာမန်အဓိပတိ အင်န်ဂျလာမာကယ်ကိုယ်တိုင်ရဲ့



သူ့နိုင်ငံအတွင်းမှာလည်း အဲဒီလိုမျိုးဥပဒေသတ်မှတ်ဖို့လုပ်ဆောင်နေမှုတွေအကြောင်းစုံကိုဆွေးနွေးမေးမြန်းထားခဲ့ပါတယ်။ ယခုဖော်ပြလိုက်တာစပိုင်းဂဲလ်မီဒီယာနဲ့ ဒစ်ထရစ်တို့ရဲ့ အမေး၊ အဖြေများမှ ကောက်နုတ်ချက်များပဲ ဖြစ်ပါတယ်။ မေးမြန်းထားသူကတော့ စပိုင်းဂဲလ်မှ ဒါရီလ်လင်းဆေးဖြစ်ပါတယ်။

**မစ္စတာ ဒစ်ထရစ်ခင်ဗျား။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှာ (LGBT)ကိစ္စရပ်ရေးရာတွေကို တာဝန်ခံဆောင်ရွက်နေတဲ့ ညွှန်ကြားရေးမှူး ဒါရိုက်တာတစ်ဦးအနေနဲ့ လူကြီးမင်းဟာ မကြာမီ ဘာလင်မြို့တော်ကို ပြောင်းရွှေ့နေထိုင်တော့မယ်နော်။ ဒီမှာ လူကြီးမင်းရဲ့ အဓိကအာရုံစိုက်စရာအကြောင်းတွေက ဘာများဖြစ်မလဲ။**

အများစု အားဖြင့် တော့ အရှေ့ဥရောပဘက်ကို အာရုံစိုက်မှာပေါ့။ ရုရှားနိုင်ငံကိုတော့ အထူးသဖြင့် အာရုံစိုက်မှာပေါ့။

**ရုရှားနိုင်ငံဟာ ယမန်နှစ်က LGBT ပုဂ္ဂိုလ်တွေကို ဆန့်ကျင်ဖိနှိပ်မှုမှာ အဓိကအာရုံစိုက်စရာ ဖြစ်ခဲ့တယ်နော်။ (ကမ္ဘာ့ဒေသကြီးဆယ်ခုကလည်း သူတို့က လိင်တူဆက်ဆံမှု ထောက်ခံရေးဝါဒဖြန့်မှုလို့ခေါ်တဲ့ ဒီကိစ္စရပ်ကို ဆန့်ကျင်တဲ့ဥပဒေတွေ အတည်ပြုခဲ့ကြပြီးပြီ။ ဒီလို (လိင်တူထိမ်းမြားခွင့်)ကိစ္စကို ခွင့်ပြုရေးဟာ ဒေသကြီး ခြောက်ခုမှာလည်း လိပ်ခဲတည်းလည်း ဆိုင်းငံ့နေရဆဲပါပဲ။**

ပိုပြီးပြဿနာကြီးနေတာက (ရုရှား)အမျိုးသားလွှတ်တော် ဒူးမားဟာ ဒီလိုမျိုးဥပဒေကြမ်းကို အသက်(၁၈)နှစ်အောက် အရွယ်တွေကို သူတို့အခေါ် အရ "လိင်တူဆက်ဆံရေးအကြောင်း ဝါဒဖြန့်မှုတွေ"မလုပ်ကြဖို့ တားမြစ်ထားတဲ့ ဥပဒေကြမ်းကို ပထမဆုံးအကြိမ်တင်သွင်းစဉ်မှာပဲ ပြဋ္ဌာန်းလိုက်တဲ့ ကိစ္စပဲဗျ။ တကယ်လို့ လူပုဂ္ဂိုလ်တစ်စုံတစ်ဦးဟာ လူရှေ့သူရှေ့မှာ လိင်တူစုံမက်မှုသဘောနဲ့ပတ်သက်လို့ အကောင်းမြင် သဘောမျိုး ပြောတာရှိခဲ့မယ်ဆိုရင် ဥပမာဗျာ- လိင်တူဆက်ဆံမှုတွေနဲ့ ပတ်သက်လို့ လုံခြုံစိတ်ချရတဲ့ ဆက်ဆံမှုဖြစ်ဖို့တို့၊ ကွန်ဒုံးအသုံးပြုဖို့တို့ကို တိုက်တွန်းပြောဆိုတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တော့ဖြင့် (သူတို့ဥပဒေနဲ့ငြိပြီး) ဒေါ်လာ ၁၆၀ ပမာဏနဲ့ညီမျှတဲ့ ဒဏ်ငွေကို တပ်ရိုက်နိုင်ပါတယ်။ (ဒါကြောင့် လူတိုင်းကို ကွန်ဒုံးဝေနေတဲ့) အင်န်ဂျီအိုအဖွဲ့တစ်ခုဟာဆိုရင် ဒဏ်ငွေဒေါ်လာ၁၆,၀၀၀လောက် တပ်ရိုက်ခံရနိုင်ပါတယ်။ ဒါဟာ အလွန်အင်မတန်ကို ပြဿနာရှိနေပြီး နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွေကိုလည်း ချိုးဖောက်နေမှုပါ။ ပြီးတော့ ဒါကို ဥရောပလူ့အခွင့်အရေးတရားရုံးတော် European Court of Human Rights က ဖော်ပြထားပြီးသား မဟုတ်လား။

**ဥရောပသမဂ္ဂခေါင်းဆောင်တွေဟာ ယောက်ျားလျာနဲ့ မိန်းမလျာတွေရဲ့ အခြေခံလူ့အခွင့်အရေးတွေကို သေချာကာကွယ်ပေးဖို့ ရုရှားနိုင်ငံကို ထိထိရောက်ရောက် ဖိအားပေးနေပါပြီလား။**

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့နဲ့ အခြားသော အင်န်ဂျီအိုအဖွဲ့တွေဟာ ရုရှားနိုင်ငံမှာ လိင်တူစုံမက်သူတွေကို နှိပ်ကွပ်တဲ့ဥပဒေနဲ့ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆန့်ကျင်ကန့်ကွက်နေပါတယ်။ ပူတင်ဟာ အရပ်ဘက်လူ့အဖွဲ့အစည်းကို ဖြိုခွဲရေးမှာ ကြိုးကိုင်နေပါတယ်။ အင်န်ဂျီအိုအဖွဲ့ပေါင်း ၂၀၀ ကျော်ဟာ မကြာသေးမီကပဲ ကြိုတင်ကြေညာချက် တစ်စုံတစ်ရာမရှိဘဲ သူတို့ကို ခြိမ်းခြောက်ဖို့ ကြိုးစားတဲ့ပုံစံမျိုးနဲ့ အစစ်အဆေးခံခဲ့ရတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီတုန်းက နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဟာ မော်စကိုမြို့ကို သွားရောက်လည်ပတ်ခဲ့ပြီး နယ်သာလန်နိုင်ငံအနေနဲ့ ရုရှားနိုင်ငံရဲ့ ဒီဥပဒေကို ငြင်းပယ်ကြောင်း သတင်းစကား ပါးခဲ့ပါတယ်။ ဒါကို ပူးတွဲပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ရုရှားနိုင်ငံခြားရေးဝန်ကြီးက သူ့တိုင်းပြည်ဟာ အမှီအခိုကင်းလွတ်လပ်ပြီး အခြားနိုင်ငံတွေက ဘာလုပ်ပါလို့မပြောသင့်ကြောင်း ဆိုခဲ့ပါတယ်။ ဒါပေမဲ့ ဥရောပခေါင်းဆောင်တွေ အားလုံးဟာ ပူတင်အပြင်၊ အခြားရုရှားခေါင်းဆောင်တွေနဲ့ တွေ့တဲ့အခါ ဒီကိစ္စကို ခိုင်ခိုင်မာမာရပ်တည်ပြီး ပြောသင့်ပါတယ်။ ရုရှားနိုင်ငံဟာ ဥရောပလူ့အခွင့်အရေးရုံးတော်ရဲ့ ဆုံးဖြတ်ချက်တွေကို လျစ်လျူရှုခဲ့ပါတယ်။ မာကယ်လို ဥရောပခေါင်းဆောင်မျိုးတွေဟာ (ရုရှားနိုင်ငံရဲ့) ဒီအပြုအမူဟာ သည်းခံနိုင်ဖွယ်ရာမရှိကြောင်း ရှင်းရှင်းလင်းလင်း ပြောသင့်ပါတယ်။

**ဒီလိုမျိုး ခွဲခြားနှိမ့်ချဆက်ဆံမှုတွေဟာ ဥရောပရဲ့ နောက်ဖေးခြံထဲမှာသာ ကန့်သတ်ဖြစ်နေတာ မဟုတ်ပါဘူး။ အခြားအရေးပါတဲ့ နေရာအချို့ကရော ဘယ်နေရာတွေလဲ။**

ယူကရိန်းနိုင်ငံမှာဆိုရင် အခြေအနေက ပိုတောင်ဆိုးလာနေတယ်။ အဲဒီမှာ (ရုရှားနိုင်ငံမှာလိုပဲ) "ဝါဒဖြန့်"ဥပဒေတစ်ရပ်ကို ရည်ရွယ်ချက်ရှိစွာနဲ့ပထမအကြိမ် အဆိုတင်သွင်းစဉ်မှာပဲ ပြဋ္ဌာန်းထားခဲ့တယ်။ ဒါပေမဲ့လိင်တူစုံမက်သူတွေကို ဒဏ်ငွေတပ်ရိုက်ရမယ့်အစား လိင်တူစုံမက်မှုနဲ့ပတ်သက်လို့ အပြုသဘောပြောဆိုတာမျိုးတွေကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ဖို့ နည်းလမ်းရှာနေတယ်။ ဥပဒေက ထောင်ဒဏ်ငါးနှစ်အထိတောင် ချမှတ်နိုင်ပါတယ်။ ဒီအတောအတွင်း မော်လ်ဒိုဗာမှာလည်း မြို့ကြီးတော်တော်များများမှာ သူတို့ဘာသာ ကြော်ငြာထားတဲ့ "မိန်းမလျာကင်းစင်နယ်မြေ" Gay-Free Zones တွေ သတ်မှတ်လာနေကြတယ်။ ဒါဟာတရားဝင်သတ်မှတ်တာ မဟုတ်ဘူးဆိုပေမယ့် ဒီလိုမြို့တော်မျိုးတွေမှာနေထိုင်နေတဲ့ မိန်းမလျာ(သို့မဟုတ်) ယောက်ျားလျာတွေအပေါ် ဖိအားဝင်နိုင်တဲ့ စိတ်ပိုင်းဆိုင်ရာ အကြောင်းအချက်တစ်ခုအဖြစ်တော့ အသေအချာဖြစ်လာစေတာပေါ့။ ဒီလိုဖြစ်ထွန်းမှုတွေဟာ စကော့လစ်ဗလေလို့ခေါ်တဲ့ အမေရိကန် ဧဝံဂေလိဘုန်းတော်ကြီးတစ်ပါး ရောက်လာခဲ့ပြီး အဲဒီမြို့တော်ကောင်စီဝင်တွေနဲ့ ဆွေးနွေးပွဲတွေ လုပ်ပြီးတဲ့နောက် ဖြစ်လာခဲ့တာပါ။

**ယူဂန်ဒါနိုင်ငံရဲ့ မိန်းမလျာနှိပ်ကွပ်ရေးဥပဒေ ဖြစ်ပေါ်လာအောင် ဩဇာလွှမ်းမိုးခဲ့တဲ့နေရာမှာလူကြီးမင်းဟာ စကော့လစ်ဗလေကို အဓိကနေရာက ပါဝင်ခဲ့သူလို့ စွပ်စွဲထားတယ်နော်။**

ဒါက စကော့လစ်ဗလေကြောင့်တော့ရယ်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက သိပ်ပြီးကန့်ကွက်မှု အသံကျယ်ခဲ့ပြီး ယူဂန်ဒါမှာလည်း အချိန်တော်တော်များများ နေခဲ့ဖူးပါတယ်။ အဲဒီမှာ သူက လိင်တူစုံမက်မှုအန္တရာယ်အကြောင်း သင်တန်းတွေ သင်ကြားခဲ့ဖူးတယ်။ သူက အမေရိကန်မှာ သူ့သင်တန်းကို တက်ခဲ့တဲ့သူတွေကိုလည်း မိန်းမလျာတွေဟာ သိပ်ပြီးဩဇာကြီးလာကြပြီ၊ လိင်တူထိမ်းမြားခွင့်ဆီဦးတည်တောင်းဆိုလာကြပြီး ကျင့်ဝတ်ဖောက်ဖျက်တဲ့ အပြုအမူတွေ လုပ်လာကြပြီလို့ သတိပေးခဲ့တယ်။ အဲဒီအထဲက သူ့သင်တန်းကိုလာတက်ခဲ့တဲ့သူတွေထဲမှာ ယူဂန်ဒါနိုင်ငံရဲ့ မိန်းမလျာနှိပ်ကွပ်ရေးဥပဒေကြမ်းကို အဆိုတင်သွင်းခဲ့တဲ့ ပါလီမန်အမတ်တစ်ဦးဖြစ်တဲ့ ဒေးဗစ်ဘဟာတီ ပါဝင်ခဲ့တယ်။ ဒီဥပဒေကြမ်းထဲမှာဆိုရင် လိင်တူစုံမက်မှုအတွက် သေဒဏ်အပြစ်ပေးဖို့ပါဝင်တယ်။ (ဥပဒေရဲ့) အခြားပုဒ်မတစ်ခုမှာလည်း လူတိုင်းဟာ သူတို့သိတဲ့ မိန်းမလျာ(သို့မဟုတ်)ယောက်ျားလျာတစ်ဦးကို ၂၄ နာရီအတွင်းရဲကို အကြောင်းကြားသတင်းပေးဖို့ ပျက်ကွက်ခဲ့ရင် အဲဒီလူတွေကို ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်တာတွေ ပါဝင်နေပါတယ်။ ဒီဥပဒေကြမ်းကို မဲမခွဲရသေးပါဘူး။ ဒါပေမဲ့ ယူဂန်ဒါပါလီမန်ရဲ့ အမတ်အများစုကတော့ ထောက်ခံနေကြပါတယ်။ ဒီလိုပြင်းထန်လွန်းတဲ့ ဥပဒေကြမ်းဟာ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွေအားလုံးကို ချိုးဖောက်ချက်တစ်ခုဆိုတာ အထင်အရှားပါပဲ။

**လူကြီးမင်းဟာ လက်ရှိရုံးစိုက်ရာ အမေရိကန်ကနေပြီး လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အတွက် ဂေးအခွင့်အရေးဆိုင်ရာကိစ္စတွေကို လုပ်ဆောင်ခဲ့ပြီးပါပြီ။ အမေရိကန်နိုင်ငံ ပြည်နယ်ကိုးခုမှာ လိင်တူချင်းထိမ်းမြားမှုကို ဥပဒေအရတရားဝင်အသိအမှတ်ပြုထားပါတယ်။ ဝါရှင်တန်နိုင်ငံတော် တရားရုံးကလည်း အခုဆို ဖက်ဒရယ်အစိုးရကို နိုင်ငံတော်အဆင့်မှာ လိင်တူထိမ်းမြားမှုတွေ တရားဝင် အသိအမှတ်ပြုနိုင်ရေးအတွက် ဟန့်တားထားတဲ့ ၁၉၉၆ ထိမ်းမြားမှုကာကွယ်ရေးအက်ဥပဒေ 1996 Defence of Marriage Act (DOMA)ကို ပြန်ပြင်ဖို့ စဉ်းစားနေပါတယ်။ နိုင်ငံတော်တရားရုံးဟာ DOMA နဲ့ ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ လိင်တူထိမ်းမြားမှုတားမြစ်တဲ့ဥပဒေ Prop-8 ကို ဘယ်လိုဆုံးဖြတ်မယ်လို့ ထင်ပါသလဲ။ ဒီကိစ္စက အနာဂတ်ရဲ့ မိန်းမလျာအခွင့်အရေး လှုပ်ရှားမှုအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်လာလေမလဲ။**

ရလဒ်ကို ခန့်မှန်းဖို့က သိပ်ခက်လွန်းနေတယ်။ ဒါပေမဲ့ ဥပဒေဆုံးဖြတ်ချက်က လိင်တူလက်ထပ်ထားတဲ့ ဂေးစုံတွဲတွေဟာလက်ထပ်ထားတဲ့လိင်ကွဲစုံတွဲ (အစဉ်အလာအတိုင်း ကျား၊ မ လိင်ကွဲသူများ လက်ထပ်ထားသည့်စုံတွဲ)တွေလိုတူညီတဲ့ အခွင့်အရေးရှိသင့်တယ်လို့ ဆုံးဖြတ်လိုက်ရင်ပြည်နယ်တွေမှာ အခုထိ အခွင့်အရေးမရသေးတဲ့ LGBT အုပ်စုတွေအတွက် တွန်းအားတစ်ရပ်ဖြစ်လာမှာပေါ့။ ဒါပေမဲ့လည်း အဲဒါက LGBT ပုဂ္ဂိုလ်တွေရဲ့ လှုပ်ရှားမှုအတွက် အန္တရာယ်တစ်ခုကိုလည်း ပေးနိုင်တာပါပဲ။ လက်ထပ်ထိမ်းမြားခွင့် သာတူညီမျှရေး ရရှိအောင်မြင်ပြီးတဲ့နောက်မှာလည်း ဒီအဖွဲ့တွေက ထိမ်းမြားခွင့်လေးရသွားတာနဲ့ ဒီတိုင်းပြည်ဟာ LGBT ပုဂ္ဂိုလ်တွေအတွက် ကောင်းကင်ဘုံဖြစ်လာတော့မယ်လို့ မတွေးသင့်ပါဘူး။ ခွဲခြားဆက်ဆံဖိနှိပ်မှုတွေကို ဆက်လက်တိုက်ပွဲဝင်နေသင့်ပါတယ်။ လိင်ပိုင်းတိမ်းညွတ်မှုနဲ့ ကျား၊ မ ကွဲပြားမှု သရုပ်သကန် အခြေခံအပေါ်မှာ ခွဲခြားဖိနှိပ်ဆက်ဆံနေကြခြင်းဟာ အမျိုးစုံလင်လှပါတယ်။ ဖိနှိပ်မှုကြောင့် ကိုယ်ကလူနည်းစုဆိုတဲ့ အနေအထားမှာ ပါဝင်နေရတယ်။ လိင်တူချင်း ထိမ်းမြားခွင့် ရသွားတယ်ဆိုရင်တောင်မှ ခွဲခြားဆက်ဆံမှုအပေါ် ဆန့်ကျင်တိုက်ပွဲဝင်နေရတာတွေကို ဆက်လုပ်နေရပါမယ်။

*—Ref: A Global Look at Gay Rights: 'The Fight Against Discrimination Must Go On', Spiegel. 5th April.*

# Entertainment

Vol.12, No.7 • APRIL 25 , 2013



ဓာတ်ပုံ-HAK photography

စိုင်းစိုင်းခမ်းလှိုင်မွေးနေ့ပွဲညဖျော်ဖြေပွဲမြင်ကွင်း

## သက်မွန်မြင့်နဲ့ သီချင်းဆိုရင်း တွဲကဖို့ သီချင်းသစ်ရေးတဲ့ စိုင်းစိုင်း

**ဖွဲ့ညက်**

**ရန်ကုန်၊ မေ-၂၀**

မေ ၁၀ရက်က မျှော်စင်ကျွန်းတွင် ပြုလုပ်ခဲ့သော စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ဖျော်ဖြေပွဲ၌သီချင်းပုဒ်ရေ လေးဆယ်ကျော်ဖျော်ဖြေခဲ့ရာ သက်မွန်မြင့်နှင့် စုံတွဲသီဆိုမှုကို ပရိသတ်များက အထူးအားပေးခဲ့သည်။

ယင်းသီချင်းနှင့်ပတ်သက်၍ စိုင်းစိုင်းက "ပွဲမတိုင်မီ နှစ်ပတ်အလိုကရေးထားတာ။ နာမည်တောင်မပေးရသေးဘူး။ သက်မွန်မြင့်က ဆိုမယ်ပြောတော့အကြံရပြီး သူနဲ့လိုက်မယ့်သီချင်းရေးပေးဖြစ်တာ" ဟုပြောသည်။

ကိုးကြိမ်မြောက် မွေးနေ့ဖျော်ဖြေပွဲကို ကန်တော်ကြီးမျှော်စင်ကျွန်းတွင်ညခုနစ်နာရီမှစတင်၍ လေးနာရီကြာဖျော်ဖြေခဲ့ပြီး စိုင်းစိုင်း၏ သူငယ်ချင်းများကလည်း အားဖြည့်သီဆိုခဲ့သည်။

ယင်းဖျော်ဖြေပွဲသို့ ပရိသတ်တစ်သောင်းခန့် လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ပရိသတ်များထဲမှ မိန်းကလေးတစ်ဦးကို ရွေးချယ်၍စင်ပေါ်ခေါ်တင်ကာ 'ရည်းစားစာ' သီချင်းဖြင့် ဖျော်ဖြေရာတွင်လည်းပရိသတ်များက နှစ်ခြိုက်အားပေးခဲ့သည်။

## မိုက်ကယ်လန်း ဓာတ်ပုံကိစ္စ အယ်ဒီတာအဖွဲ့က ကာယကံရှင်မော်ဒယ်ကို တောင်းပန်



မိုက်ကယ်လန်းအဖွဲ့ဝင် အဆိုတော်ဂျာရှာနှင့်အဖွဲ့အားတွေ့ရစဉ်

**ကြူကြူဟာန်**

**ရန်ကုန်၊ မေ-၂၀**


မြန်မာနယူးဝိခ်ဂျာနယ် အမှတ် (၂) အတွဲ (၇၇) တွင် မိုက်ကယ်လန်းအဖွဲ့ ပင်တိုင်အဆိုတော်ဂျာရှာနှင့်မြန်မာမော်ဒယ် အမရာညိမ်းတို့၏ ဓာတ်ပုံကို ဂုဏ်သိက္ခာကျဆင်းအောင် ရေးသားဖော်ပြခဲ့သည့်အတွက် မြန်မာနယူးဝိခ် ဂျာနယ်မှ မေ ၁၂ ရက်က မော်ဒယ်၏ အိမ်သို့ သွားရောက်တောင်းပန်ခဲ့ကြောင်း အယ်ဒီတာ ဦးထူးလွင်အောင်က ပြောသည်။

"ကိုယ်တိုင် သွားတောင်းပန်ပြီးပြီ။ သူတို့ဘက်ကလည်း ကျေနပ်ပါတယ်။ ဘဘတို့ကလည်း ဂျာနယ်ထဲမှာထည့်ပြီး တောင်းပန်ထားတယ်။ အဲဒီအပြင် News Week ရဲ့ Facebook ၊ Website မှာပါ တောင်းပန်ထားတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မော်ဒယ် အမရာညိမ်း၏ ဖေ့ဘွတ်ခ်စာမျက်နှာတွင် နိုင်ငံခြားအဆိုတော် မိုက်ကယ်လန်းအဖွဲ့ဝင်တစ်ဦးနှင့် Amazing ဟိုတယ်ကြော်ငြာကို ရိုက်ကူးခွင့်ရသည့်အတွက် ဂုဏ်ယူမိကြောင်း ဖော်ပြထားခြင်းကို ၎င်းဂျာနယ်မှ ဂုဏ်သိက္ခာကျဆင်းစေသည့် ရေးသားမှုများနှင့် မှားယွင်းစွာ ဖော်ပြခဲ့ခြင်းဖြစ်သည်။

"ရှေ့အပတ်ကထွက်ပြီးသွားပြီ။ ညီမတို့ဖြစ်ချင်တဲ့အတိုင်း တောင်းပန်တယ်။ သူတို့ဂျာနယ်မှာ ငါးပတ်ဆက်တိုက် ထည့်ပေးမယ်လို့ ပြောပါတယ်။ သူတို့ကိုယ်တိုင် လာတောင်းပန်တယ်ပေါ့။ ညီမဘက်က ကျေအေးပါတယ်" ဟု အမရာညိမ်းက ပြောသည်။

ထိုသတင်းဖော်ပြခဲ့စဉ်က ကျေနပ်သည်အထိ လာရောက်မတောင်းပန်ပါက တရားစွဲဆိုသွားမည်ဟု အမရာညိမ်းက ပြောဆိုခဲ့သည်။ အမရာညိမ်းသည် အသက် (၁၉) နှစ်အရွယ် မော်ဒယ်တစ်ဦးဖြစ်ပြီး ကြော်ငြာရိုက်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း စသည့် အနုပညာလုပ်ငန်းများ လုပ်ကိုင်နေသူဖြစ်သည်။



ဓာတ်ပုံ-အေးဇော်မိုး(စက်မှု)

## ချစ်သူနဲ့ မင်္ဂလာပွဲဆင်နွှဲတော့မယ့် ရေဗက္ကာဝင်း

**ကြူကြူဟာန်**

**ရန်ကုန်၊ မေ-၂၀**

အဆိုတော် ရေဗက္ကာဝင်းသည် ၎င်း၏ချစ်သူ ဒေါက်တာ အောင်ကျော်ဆွေနှင့်မေ ၂၀ ရက်က ဆီဒိုးနားဟိုတယ်၌ ကချင်ရိုးရာထုံးစံအတိုင်း သတို့သမီးအပ်နှင်းပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

မင်္ဂလာညည့်ခံပွဲကို မေ ၅ ရက် နံနက် ၉ နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရေဗက္ကာဝင်း၏ မိခင်ကပြောသည်။



7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# ဆီးဂိမ်းပြိုင်ပွဲအတွက် “ရွှေသူရဲကောင်းများ” ဖန်တီးတဲ့ မိုးမိုး

ကြူကြူဟန်

**ရန်ကုန်၊မေ-၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကို ပရိသတ်များစိတ်ပါဝင်စားမှုရှိရန်နှင့် စိတ်ဓာတ်မြှင့်တင်ရေးသီချင်းအဖြစ် ရွှေသူရဲကောင်းများသီချင်းကို M.y.a.n.m.a.r Item တစ်ခု ဖန်တီးရေးစပ်သီဆိုထားကြောင်း မိုးမိုးကပြောသည်။

“ဆီးဂိမ်းမှာ အခုလောလောဆယ်လူတွေရဲ့ပါးစပ်ဖျားမှာ ရေပန်းစားစေမယ့်Item ခေါ်မှာပေါ့။ ကမ္ဘာ့ဖလားမှာဆို“အာလေ. . . အာလေ”ရှိတယ်ပေါ့(သို့မဟုတ်) “ဝါကာ. . . . ဝါကာ”လို Item ပေါ့၊ အာလုတ်သံလို့ခေါ်မှာပေါ့၊ Itemက ကျွန်တော်တို့ မြန်မာဘက်မှာ မရှိသေးဖူးထင်တာနဲ့ M.y.a.n.m.a.r ပေါ့ဆိုပြီး ကျွန်တော်ရေးတာ လွန်ခဲ့တဲ့ ၇ လ၊ ၈ လလောက်က ရေးထားတာပေါ့။ မယ်လိုဒီရောပေါ့။ ပြီးတော့ သူရဲကောင်းသဘောတရားကလည်း ဘယ်ဟာကိုမှ ပဓာနမထားဘဲနဲ့ အမြဲတမ်းကြိုးစားပမ်းစားလုပ်ကြတဲ့သဘောရှိတဲ့အတွက် ရွှေသူရဲကောင်းများပေါ့။ ကျွန်တော်တို့ မြန်မာကနိုင်ငံတကာမှာကိုယ့်ဟာကိုရွှေလို့ ခေါ်တယ်” ဟု မိုးမိုးက ပြောပြသည်။

မိုးမိုးရေးစပ်ထားသည် Go-ldenHero သို့မဟုတ် ရွှေသူရဲကောင်းများ သီချင်းသံစဉ်ဖန်တီးမှုတွင် ခေတ်ပေါ်ဂီတနှင့် စန္ဒရားဦးလှထွတ်၏‘မြန်မာ့ရှုခင်းမြန်မာ့စိတ်ရင်း’သီချင်းမယ်လိုဒီအပိုဒ်ကို ပေါင်းစပ်ဖန်တီးထားသည်။


“အဲဒါက စန္ဒရားဦးလှထွတ်ရဲ့ မယ်လိုဒီလေးပါ။ မြန်မာမှာ ဆီးဂိမ်းလုပ်တယ်ဆိုတာလေးလည်း ပါစေချင်တဲ့ သဘောလေးပေါ့။ မြန်မာ့ရိုးရာတီးလုံးသံကြားလိုက်တာနဲ့ မြန်မာဆိုတာကို သိဖို့အတွက် တခြားဟာတွေအများကြီးရှိပေမယ့် ဒီဟာလေးကတော့ ကြားလိုက်တာနဲ့ မြန်မာဆိုတာတန်းသိနိုင်တာပေါ့” ဟု မိုးမိုးက ပြောကြားသည်။

နှစ်လေးဆယ်မှတစ်ကြိမ် ကြုံတွေ့ရသည့် နေရာတစ်ခုကို ယခုထက်ပို၍ စိတ်ပါဝင်စားရန် သင့်တော်ပြီး ယခုအခါမှာ Sea Game ပြိုင်ပွဲကို ပရိသတ် စိတ်ဝင်စားမှု အရမ်းနည်းနေသေးကြောင်း မိုးမိုးက ပြောသည်။“ရွှေသူရဲကောင်း သီချင်းကို မိုးမို၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ဖော်ပြထားသော်လည်း ဖြန့်ချိခြင်းမရှိသေးပေ။


*မိုးမိုးနှင့်သားကြီးငြိမ်းစေမိုး*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



# သာခုပါဗျာ သံချပ်အား Channel 7 မှ ဖြတ်တောက်ခြင်းမဟုတ်ဘဲ ထုတ်လွှင့်ချိန်စေ့သွားခြင်းသာဖြစ်ဟုဆို

**ဖွဲ့ညက်**

**ရန်ကုန်၊မေ-၁၉**

မဟာသင်္ကြန်အတက်နေ့တွင် Channel-7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့သော 'သာခုပါဗျာ'အဖွဲ့၏ သံချပ်အစီအစဉ် ပြတ်တောက်မှုသည် ရုပ်သံလိုင်းမှ ဆင်ဆာဖြတ်ခြင်းမဟုတ်ကြောင်း Channel-7 မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သတ်မှတ်ထားတဲ့ ပြသချိန်ပြည့်သွားလို့ပါ 4HD Channelမှာ အကုန်ပြပါတယ်"ဟု ၎င်းကပြောသည်။

Channel-7 မှထုတ်လွှင့်ပြသခဲ့ရာတွင်'သာခုပါဗျာ'၏ သံချပ်များအား ပရိသတ်များ အထူးနှစ်ခြိုက်အားပေးခဲ့ပြီး အချို့အခန်းများတွင် ကြော်ငြာများထိုးကာ ဖြတ်တောက်ခဲ့သည်ဟု ယူဆလျက်ရှိကြသည်။

"ကျွန်တော်တို့ သံချပ်တိုင်နေတော့ မသိဘူး။ နောက်မှ ပရိသတ်တွေဖုန်းဆက်ပြောလို့သိတာ။ ဆင်ဆာဖြတ်တာတော့ မဖြစ်နိုင်ဘူး"ဟု'သာခုပါဗျာ'အဖွဲ့၏ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးမေတ္တာက ပြောသည်။

"သာခုပါဗျာ'သံချပ်အဖွဲ့၏ အစီအစဉ်များသည် 'လူထုပွဲတင်သံ' သံချပ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခဲ့သော ပြည်တော်ချစ်အဖွဲ့နှင့် ထလော့မြန်မာအဖွဲ့တို့၏ သံချပ်များထဲမှ အကောင်းဆုံးသံချပ်များကို ရွေးချယ်တင်ဆက်ခဲ့ခြင်းဖြစ်ပြီး ဆင်ဆာခွင့်ပြုချက်ရရှိပြီးသည့် သံချပ်များဖြစ်ကြောင်း ဦးမေတ္တာကရှင်းပြသည်။



သံချပ်အဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးကုသိုလ် ကျန်းမာရေးမကောင်းသောကြောင့် သံချပ်များ မတီထွင်နိုင်သော်လည်း ပရိသတ်များအကြိုက်တွေ့ခဲ့သည့်'စာဥကိုဒေါင်းဝပ်ရင် ဥကွဲမယ်၊ ဒေါင်းဥကိုစာဝပ်ရင် စာရင်ကွဲမယ်' ဆိုသည့် တန်ဖိုးရှိသည့် စကားများကိုရေးသားပေးခဲ့သည်ဟု ဦးမေတ္တာ က ပြောသည်။

'သာခုပါဗျာ'သံချပ်အဖွဲ့ကို ၂၀၁၂ခုနှစ်တွင် ဗေလုဝ(မောင်မောင်မြင့်အောင်)၊ ကုသိုလ်(မောင်မောင်မြင့်သိန်း)နှင့် မေတ္တာ(ခင်မောင်မြင့်)တို့ ဦးဆောင်၍ စတင်ဖျော်ဖြေခဲ့ပြီး ယခုနှစ်တွင်လည်း ပရိသတ် အားပေးမှုအပြည့်အဝရရှိခဲ့သည်။

အဆိုပါအဖွဲ့တွင် စုစုပေါင်း အင်အားလေးဆယ်ခန့်ပါဝင်ပြီး သံချပ်ဖျော်ဖြေသည့် နေရာအားလုံးကို လိုက်ပါအားပေးသည့် ပရိသတ်များရှိကြောင်း'သာခုပါဗျာ' အဖွဲ့ဝင်လူရွှင်တော် လူမော် က ပြောသည်။

# ကေဘီအက်စ်ရုပ်သံက Psy ၏ နောက်ဆုံးထွက် ဂီတဗီဒီယိုကို ပိတ်ပင်

**ဆိုးလ်၊မေ-၁၉**

တောင်ကိုရီးယားနိုင်ငံ၏ နာမည်ကြီးရုပ်သံလိုင်းတစ်ခုဖြစ်သော ကေဘီအက်စ်သည် အဆိုတော် Psy ၏ နောက်ဆုံးထွက် ဂီတဗီဒီယို Gentleman အား အများပြည်သူသို့ ထုတ်လွှင့်ပြသသည့် ရုပ်သံလိုင်းတစ်ခုက ထားရှိသော စံနှုန်းနှင့် မညီသည့်အတွက် ထုတ်လွှင့်ခြင်းမပြုဘဲ ပိတ်ပင်တားမြစ်ခဲ့သည်။

ကိုရီးယားနိုင်ငံပိုင် ရုပ်သံသတင်းဌာနဖြစ်သော ကေဘီအက်စ်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်ထဲတွင် ဗီဒီယိုထဲ၌ Psyသည် ယာဉ်ကြောတားမြစ်ရာ၌ အသုံးပြုသည့် ကတော့ချွန်တုံးတစ်ခုကို ပိတ်ကန်လိုက်ပြီး ကင်မရာဘက်သို့လှည့်ကာ ရယ်မောလိုက်သည့်ပြကွက်တစ်ခုပါဝင်ခဲ့ရာပြကွက်မှာပရိသတ်များကြည့်ရှုရန် မသင့်ဘဲ အများပြည်သူ၏ပစ္စည်းများကို ဖျက်ဆီးပြသည့်ပြကွက်ဖြစ်သည်ဆိုထားသည်။

ကေဘီအက်စ်ရုပ်သံသည် ယခင်ကလည်း ထိုသို့သော အကြောင်းပြချက်များဖြင့် ရုပ်သံပြကွက်များကို အများပြည်သူကြည့်ရန်မသင့်ဟုဆိုကာ ပိတ်ပင်ခဲ့ဖူးသည်။ ရုပ်သံဌာနက ၎င်းတို့ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ၎င်းတို့၏ စံနှုန်းသတ်မှတ်ချက်များသည် အခြားသော အင်တာနက်ရုပ်သံထုတ်လွှင့်မှုများ၊ ကြိုးသွယ်ရုပ်သံလိုင်းများ၏ ထုတ်လွှင့်မှုများနှင့် ကွာခြားကြောင်း၊ ၎င်းတို့ရုပ်သံလိုင်းကိုမူ အသက်အရွယ်မရွေး ကြည့်ရှုနိုင်အောင်ရည်ရွယ်ထား၍ ကလေးများအတွက် အတုယူမှားမည့် အပြုအမူပြကွက်များကို ခွင့်မပြုနိုင်ကြောင်း ပြောကြားထားသည်။



Psy ၏ နောက်ဆုံးထွက် ဂီတဗီဒီယို "Gentleman"သည် စတင်ထုတ်လွှင့်ပြီး နှစ်ရက်အတွင်းမှာပင် အွန်လိုင်း၌ ကြည့်ရှုခံရမှုအကြိမ်ရေ ၁၄၅ သန်းခန့်ရရှိခဲ့ပြီး လူကြိုက်များနေသည်။

—Ref: Time

# 'ကျွန်မကနှင်းဆီပါမောင်' ရုပ်ရှင် ပြင်ဦးလွင်တွင် စတင်ရိုက်ကူး

**ဖွဲ့ညက်**

**ရန်ကုန်၊ မေ-၁၉**

ဇာတ်ညွှန်းတွင်ပါဝင်သော ဇာတ်ဝင်ခန်းအချို့ကြောင့် အကယ်ဒမီ သက်မွန်မြင့် ပါဝင်သရုပ်ဆောင်ရန် ငြင်းပယ်ခဲ့သည့် "ကျွန်မကနှင်းဆီပါမောင်" ရုပ်ရှင်ဇာတ်ကားကို ပြင်ဦးလွင်မြို့၌ မေ ၁၉ ရက်က စတင်ရိုက်ကူးနေကြောင်း သတင်းရရှိသည်။

ယင်းရုပ်ရှင်ကား၏ ဇာတ်ညွှန်းတွင် မင်းသား၏ နှုတ်ခမ်း၊ ရင်ဘတ်တို့ကို နမ်းရှိုက်ရသည့် ဇာတ်ဝင်ခန်းပါဝင်ခြင်းကြောင့် ငြင်းပယ်ခဲ့ခြင်းဖြစ်ပြီး ဇာတ်ဆောင်နေရာ၌ ဖွေးဖွေးက သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ ဇာတ်ဝင်ခန်းနှင့်ပတ်သက်၍ ဒါရိုက်တာ ဝိုင်းက "စာရွက်ပေါ်ကစကားလုံးအတိုင်း အပြုအမူကို တွဲမြင်နေတာပါ။ မြန်မာနိုင်ငံမှာ ဘယ်လိုလုပ်ပြီး နှုတ်ခမ်းချင်းနမ်းတဲ့အခန်းကို ထည့်ရိုက်ပြလို့ရမှာလဲ" ဟု ပြောသည်။

ဒါရိုက်တာဝိုင်းသည် ယခုနှစ်အတွင်း ရုံတင်ပြသမည့်လက်ပံရုပ်ရှင်ဇာတ်ကားကို ဖွေးဖွေးနှင့် ရိုက်ကူးထားသည့်။ ယခုဇာတ်ကားတွင်ပါဝင်သော ဖွေးဖွေး၏ သရုပ်ဆောင်ပိုင်းနှင့်ပတ်သက်၍မူ "ထားသခင်ဖြစ်၊ မဖြစ်က ဇာတ်ကားပြီးမှပဲသိမှာပါ။ ကျွန်တော်အတတ်နိုင်ဆုံးကြိုးစားပြီး မောင်းထားတယ်" ဟု ပြောသည်။

'ကျွန်မကနှင်းဆီပါမောင်' ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ပုညခင်၏ ဝတ္ထုဖြစ်ပြီး အမိက သရုပ်ဆောင်အဖြစ် နေတိုးနှင့် ဖွေးဖွေးတို့ ပါဝင်သရုပ်ဆောင်ထားသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | 42 | Warner Bros. Pictures | ၂၇,၄၈၇,၁၀၀ | ၁ |
| ၂။ | Scary Movie V | Dimension Films & The Weinstein Company | ၁၄,၁၅၇,၄၀၀ | ၁ |
| ၃။ | The Croods | Dream Works Studios & Paramount Pictures | ၁၄၂,၄၃၉,၀၀၀ | ၄ |
| ၄။ | G.I.Joe:Retaliation | Paramount Pictures | ၁၀၂,၅၂၀,၀၀၀ | ၃ |
| ၅။ | Evil Dead | TriStar Pictures | ၄၁,၅၃၀,၁၀၀ | ၂ |
| ၆။ | Jurassic Park | Universal Pictures | ၃၁,၉၇၁,၀၀၀ | ၂ |
| ၇။ | Olympus Has Fallen | FilmDistrict | ၈၁,၈၅၆,၉၀၀ | ၄ |
| ၈။ | Oz the Great and Powerful | Walt Disney Pictures | ၂၁၉,၃၈၁,၀၀၀ | ၆ |
| ၉။ | Tyler Perry's Tempation | Lionsgate | ၄၅,၄၂၅,၁၀၀ | ၃ |
| ၁၀။ | The Place Beyond the Pines | Focus Features | ၅,၂၃၉,၈၇၀ | ၃ |

## Movie Review

## Midnight's Children




၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက် ညဉ့်သန်းခေါင်ယံ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးကြေညာချိန်တွင် ဘုံဘေမြို့ဆေးရုံတစ်ရုံ၌ ကလေးနှစ်ဦးကို တစ်ဖက်နှင့်တစ်ဖက် မိဘမှား၍ပေးလိုက်မိသည်။

ဖခင်မဲ့ သူတောင်းစားမိခင်၏ သားဖြစ်သူဆလမ်းမှာ ချမ်းသာသော ဇနီးမောင်နှံလက်ထဲရောက်သွားသည်။ ယင်းဇနီးမောင်နှံ၏ကလေး ရှီဗားမှာ သူတောင်းစားမိခင်ထံ ရောက်သွားသည်။ ဆလမ်း၏ အဘိုး၊ အဘွားများ ၁၉၁၇ ခုနှစ် စတင်လက်ထပ်ချိန်မှ ဆလမ်းကလေးတစ်ဦး ရရှိသည်အထိ လွတ်လပ်ရေးမရမီနှင့် ရပြီးခေတ်များကို ရိုက်ကူးထားသော ဇာတ်ကားတွင် ဆလမ်းနှင့် ရှီဗားတို့ ကံကြမ္မာအပြောင်းအလဲ၊ နိုင်ငံရေးနှင့် ဘဝဇာတ်ခုံအပြောင်းအလဲများကို အိန္ဒိယသမိုင်းနှင့် နှိုင်းယှဉ်ခြယ်သထားသည်။

ဒါရိုက်တာ Deepa Mehta ရိုက်ကူးထားသော ဒရာမာဇာတ်ကားတွင် Shabana Azmi, Satya Bhabha , Rajat kapoor ,Shriya Saran တို့ ပါဝင်သရုပ်ဆောင်ထားပြီး မေ ၂၆ ရက်၌ ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL

Vol.12, No.7 • APRIL 25 , 2013


## ဘရာဇီးရုပ်သံလိုင်းတစ်ခု မြန်မာ့ခြင်းလုံး ကစားနည်း လာရောက်ရိုက်ကူးမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊မေ-၂၂**

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲများ မတိုင်မီ ရုပ်သံအစီအစဉ်များ၌ ထုတ်လွှင့်ပြသရန်အတွက် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း အကြောင်းအား ဘရာဇီးရုပ်သံလိုင်းတစ်ခုက လာရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သတင်းရရှိသည်။



*မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းအား သရုပ်ပြသနေစဉ်*

ဓါတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

ဘရာဇီးနိုင်ငံ Global Network ရုပ်သံဌာနအနေဖြင့်"The Ball"အမည် ခေါင်းစဉ်အောက်တွင် ထုတ်လွှင့်ပြသရန် ဘရာဇီးနိုင်ငံတွင် လူသိမများသေးသည့် ဘောလုံးနှင့် ဆင်တူသည့် အားကစားနည်းများကို ရွေးချယ်ခဲ့ရာ ဂျာမနီ၊ အိုင်ယာလန်၊ ထိုင်း၊ ဘရာဇီးနိုင်ငံများမှ အားကစားနည်းများနှင့်အတူ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကိုလည်း ရိုက်ကူးထုတ်လွှင့်ရန် ရွေးချယ်ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးရဲအောင်က ပြောသည်။

"သူတို့အနေနဲ့ မြန်မာ့ခြင်းလုံးကို ပိုစိတ်ဝင်စားတာက ရိုးရာအားကစားဖြစ်လို့ ပြောပါတယ်။ လာမယ့် ဇူလိုင်လဆန်းပိုင်းမှာ မြန်မာနိုင်ငံကိုလာရောက်ရိုက်ကူးမှတ်တမ်းတင်မယ်လို့ သိရပါတယ်"ဟု ဦးရဲအောင်ကဆိုသည်။

၎င်းတို့အနေဖြင့် မြန်မာ့ရိုးရာခြင်းလုံးသမိုင်းကြောင်းနှင့် ပြုလုပ်ပုံအဆင့်ဆင့်များကို သက်ဆိုင်ရာ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အားကစားသမားများ၊ အဖွဲ့ချုပ်တာဝန်ရှိသူ နည်းပြဆရာများနှင့်လည်း တွေ့ဆုံမေးမြန်းနိုင်ရန်နှင့် မန္တလေးမြို့တွင်ပြုလုပ်ကျင်းပသည့်ဝါဆိုခြင်းပွဲတော်သို့လည်း သွားရောက်ရိုက်ကူးရန် ကမ်းလှမ်းထားကြောင်း ၎င်းက ဆက်ပြောသည်။

အဆိုပါ ရုပ်သံလိုင်းက ရွေးချယ်ထားသည့် အခြားနိုင်ငံကစားနည်းများမှာ ပိုက်ကျော်ခြင်းအားကစားနည်း(ထိုင်း)၊ Garlic Football (အိုင်ယာလန်)၊ Radball(ဂျာမနီ)၊ Head Football (ဘရာဇီး) တို့ဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် လာမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ "မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ကမ္ဘာကပိုသိနိုင်မယ့် အခွင့်အရေးဖြစ်လို့ အဖွဲ့ချုပ်အနေနဲ့လည်း အကောင်းဆုံး အတတ်နိုင်ဆုံး ကူညီဆောင်ရွက်သွားမှာပါ"ဟု ဦးရဲအောင်က ဆိုသည်။

## အေအက်ဖ်စီက ချီးမြှင့်သည့် Gold Star Awards ဆု မြန်မာဘောလုံးလောကမှ ပုဂ္ဂိုလ်သုံးဦးရရှိ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မေ-၂၂**

အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ ရွေးချယ်ချီးမြှင့်သည့် ၂၀၁၃ ခုနှစ်အတွက် AFC Gold Star Awards ဆုအား မြန်မာ့ဘောလုံး လောကမှ ဦးမျိုးဝင်းညွန့်၊ ဦးသန်းစိုး (ဆပ်သီး)နှင့် ဦးခင်မောင်ကြိုင်တို့ရရှိမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါဆုသည် ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးအတွက်ကာလရှည်ထင်ရှားစွာပါဝင်ဆောင်ရွက်သူများအား ချီးမြှင့်ခြင်းဖြစ်ပြီး ရှေ့ခေတ်မြန်မာ့လက်ရွေးစင်ဟောင်း ဦးမျိုးဝင်းညွန့်နှင့် ဦးသန်းစိုး (ဆပ်သီး)၊ မြန်မာ့လက်ရွေးစင်ကစားသမားများမွေးထုတ်ပေးခဲ့ပြီး အသင်းအုပ်ချုပ် သူအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့် ဦးခင်မောင်ကြိုင်တို့ ချီးမြှင့်ခြင်းခံရကြောင်း ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူက မေ ၂၂ ရက်တွင် ပြောသည်။

အာရှဘောလုံးအဖွဲ့ချုပ်က အဆိုပါဆုချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံမှ ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးဘန်နီတင်အောင်နှင့် ရှေ့ခေတ်မြန်မာ့လက်ရွေးစင်ဟောင်းဦးတင်အောင်(ဂိုး)တို့က ပထမဆုံးအကြိမ်ရရှိခဲ့သည်။

၂၀၁၁ ခုနှစ်တွင်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ် ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းတင်က ရရှိခဲ့ပြီး ၂၀၁၃ (ယခုနှစ်)တွင် သုံးဦးထပ်မံရရှိခဲ့ရာ မြန်မာနိုင်ငံ မှ ဆုရရှိသူ စုစုပေါင်း ခြောက်ဦးအထိ ရှိလာပြီဖြစ်သည်။ ဦးမျိုးဝင်းညွန့်နှင့် ဦးသန်းစိုးတို့သည် မြန်မာ့လက်ရွေးစင် အသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲများတွင် ချန်ပီယံဆုတံဆိပ်များ ရရှိခဲ့ကြပြီး မြန်မာ့ဘောလုံးလောကအတွက် နည်းစနစ်ပိုင်းဆိုင်ရာများ၌ တာဝန်အသီးသီးထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ ဦးခင်မောင်ကြိုင်အနေဖြင့်လည်း အပျော်တမ်းအဆင့်မှသည် ဆုကြေးစားစနစ်ကူးပြောင်းသည် အထိ မြန်မာ့ဘောလုံးလောကတွင် အသင်းအုပ်ချုပ်သူ၊ အမှုဆောင်အရာရှိချုပ် စသည်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပြီး လက်ရွေးစင် ကစားသမားကောင်းများ ထွက်ပေါ်လာစေရန် များစွာပြုစုပျိုးထောင်ပေးခဲ့သူဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အဆိုပါဆုကို လာမည့် မေလ ၃ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် AFC ကွန်ဖရင့်တွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အားကစားသမိုင်းပြတိုက်အတွက် ဆုတံဆိပ် ၁၀၀ ကျော် စုဆောင်းရရှိထား

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မေ-၂၂**

နေပြည်တော်တွင် ဖွင့်လှစ်ရန် စီစဉ်နေသည့် အားကစားသမိုင်းပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ) အတွက် ခေတ်အဆက်ဆက်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများက ဆုတံဆိပ်များ လှူဒါန်းလျက်ရှိရာ ယခုလ ၂၂ ရက်အထိ ဆုတံဆိပ်စုစုပေါင်း ၁၀၀ ကျော် လက်ခံရရှိထားကြောင်း သတင်းရရှိသည်။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားသမားကြီးများအား ထာဝစဉ်ဂုဏ်ပြုနိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားများအနေဖြင့် အားကျဂုဏ်ယူနိုင်ရေး ရည်ရွယ်ချက်ဖြင့်မြန်မာ့အားကစားသမိုင်းပြတိုက်ကြီးကို ဒီဇင်ဘာလတွင် ကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဖွင့်လှစ်နိုင်ရန် အားကစားဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်။

ဧပြီလ ၂၂ ရက်အထိ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားစုစုပေါင်း ၃၈ ဦး၏ ဆုတံဆိပ် ၁၁၈ ခုနှင့် ဓာတ်ပုံမှတ်တမ်းများကိုလက်ခံရရှိထားကြောင်း အား/ကာ သိပ္ပံ(ရန်ကုန်)နှင့် လူထုအားကစားနှင့်ပညာပေးဌာနခွဲ(ရန်ကုန်)တို့မှ သိရသည်။

ပြီးခဲ့သည့် ဧပြီလ ၅ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ပြုလုပ်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား တွေ့ဆုံဂုဏ်ပြုပွဲ၌ အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဆုတံဆိပ်များ လှူဒါန်းကြရန် မေတ္တာရပ်ခံခဲ့ရာ ယင်းနေ့တစ်ရက်တည်းတွင် အားကစားသမား ၃၅ ဦးက ဆုဖလား၊ ဆုတံဆိပ် ၁၀၈ ခုနှင့် မှတ်တမ်းဓာတ်ပုံများကို လှူဒါန်းခဲ့ကြသည်။


ပြည်ထောင်စုဝန်ကြီး၏ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့လည်း အာရှနှင့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများမှ ဆုတံဆိပ်များရရှိခဲ့ကြသော အားကစားသမားစုစုပေါင်း ၄၅၂ ဦးတက်ရောက်ခဲ့ကြသည်။

လက်ရှိအချိန်အထိ လှူဒါန်းထားကြသူများတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးအေးမောင်လေးက ဆုဖလားသုံးခု၊ ဆုတံဆိပ် ၁၄ ခုနှင့် မှတ်တမ်းဓာတ်ပုံ ၁၀ ပုံဖြင့် အရေအတွက် အများဆုံးလှူဒါန်းထားကြောင်းမှတ်တမ်းများအရ သိရှိရသည်။

"ယခင်တပ်မတော်စစ်သမိုင်းပြတိုက်မှာဖွင့်လှစ်ပြသခဲ့တဲ့ အားကစားဝန်ကြီးဌာန ပြခန်းက ဆုဖလား၊ ဆုတံဆိပ်မှတ်တမ်းတွေနဲ့ နောက်ထပ်လာရောက်လှူဒါန်းကြတဲ့ ဆုတံဆိပ်တွေအားလုံးကို အားကစားပြတိုက်မှာ စုပေါင်းပြသသွားဖို့ စီစဉ်နေပါတယ်" ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အားကစားပြတိုက်ကို လာမည့်ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ လက်ခံကျင်းပမည့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ဖွင့်လှစ်ပြသရန်စီစဉ်ထားကြောင်းလည်း ၎င်းကပြောသည်။

အားကစားပြတိုက်အတွက် ဆုတံဆိပ်များ ဆက်လက်လှူဒါန်းလိုသူများသည် အား/ကာသိပ္ပံ (ရန်ကုန်)၊ စာကြည့်တိုက်ဌာန၊ ဖုန်း ၀၁-၄၀၀၀၃၇ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။



ဓါတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

*လာရောက်လှူဒါန်းထားသည့် ဆုဖလားနှင့် ဆုတံဆိပ် အချို့*




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

## မြန်မာ ယူ-၂၃ အသင်း ပြည်ပ အသင်းအချို့နှင့် ခြေစမ်းမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၂၀

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲဝင်မည့်မြန်မာ ယူ-၂၃ အသင်းနှင့် ခြေစမ်းကစားရန်အတွက် ဘာရိန်း၊ တာ့မခ်နစ္စတန်အသင်းများကိုဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

"ဘာရိန်း၊ တာ့မခ်နစ္စတန်အသင်းတွေကို ဖိတ်ကြားထားပါတယ်။ ဒါပေမဲ့ သက်ဆိုင်ရာဘောလုံး အဖွဲ့ချုပ်တွေကတော့ အကြောင်းပြန်ကြားခြင်း မရှိသေးပါဘူး။ ဗီယက်နမ်အသင်းကတော့ သူတို့ဆီမှာ လာကစားဖို့ မြန်မာအသင်းကို ဖိတ်ကြားထားတာ ရှိပါတယ်" ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက မေ ၂၀ ရက်တွင် ပြောသည်။

မြန်မာယူ-၂၃ အသင်းသည် မူလကလာမည့် မေလအတွင်း၌ တရုတ်နိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများနှင့် ခြေစမ်းပွဲများ သွားရောက်ကစားရန် စီစဉ်ခဲ့သော်လည်း အဆိုပါခရီးစဉ်မှာပျက်ပြယ်သွားကြောင်း အဆိုပါ တာဝန်ရှိသူက ဆိုသည်။

ဖီဖာမှသတ်မှတ်ထားသည့် နေ့ရက်အရ လာမည့်ဇွန်လ ၄ ရက်တွင် မြန်မာအသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားရန် ရှိနေပြီး ပြည်တွင်း၌ မကစားဖြစ်ပါက ကမ်းလှမ်းထားသည့် ဗီယက်နမ်အသင်းနှင့် အဆိုပါနိုင်ငံတွင် သွားရောက်ကစားဖြစ်ဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲဝင်မြန်မာယူ-၂၃ ဘောလုံးအသင်းကို လက်ရွေးစင်အသင်းနည်းပြချုပ်ဖြစ်သူ ကိုရီးယားလူမျိုး ပတ်ဆောင်ဟွာကပင် ကိုင်တွယ်မည်ဖြစ်ပြီး လာမည့်မေလအတွင်း အသင်းကိုစတင်ဖွဲ့စည်းသွားမည် ဖြစ်သည်။

လာမည့်ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ မြန်မာ ယူ-၂၃ အသင်းအား ပြည်ပနိုင်ငံတစ်ခုသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်လျက်ရှိကြောင်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအနေဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဆီးဂိမ်းဖွင့်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံများမှ အနုပညာရှင် ၃၀၀ ကျော် ပူးပေါင်းဖျော်ဖြေမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊

မေ-၂၀

နေပြည်တော်တွင် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဆီးဂိမ်း)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ ပြိုင်ပွဲဝင် အာဆီယံနိုင်ငံများမှ အနုပညာရှင် စုစုပေါင်းသုံးရာကျော်က ၎င်းတို့၏ယဉ်ကျေးမှုအကများကို အိမ်ရှင်မြန်မာယဉ်ကျေးမှု အနုပညာရှင်များနှင့် တွဲဖက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အရင်ဆီးဂိမ်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွေတုန်းက အာဆီယံနိုင်ငံတွေက လူအင်အားနဲ့ လာရောက်ပူးပေါင်း ဖျော်ဖြေတာမျိုးက ရှားပါတယ်။ မြန်မာနိုင်ငံမှာပြုလုပ်မယ့် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမှာတော့ အာဆီယံအနုပညာရှင်တွေ ဝိုင်းဝန်းပါဝင် ဖျော်ဖြေကြမယ့်အစီအစဉ်ပါဝင်မှာဖြစ်ပါတယ်" ဟု ယဉ်ကျေးမှုဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံများ ဖြစ်သည့် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ လာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တီမောနိုင်ငံများမှ အနုပညာရှင် ၃၀၀ ကျော်သည် အိမ်ရှင်မြန်မာနိုင်ငံမှ အနုပညာရှင်များနှင့်အတူ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တေးသီချင်းတစ်ပုဒ်တွင် ပူးပေါင်း ပါဝင်ဖျော်ဖြေကြမည် ဖြစ်သည်။

"အာဆီယံနိုင်ငံ အနုပညာရှင်တွေ ပူးပေါင်းပါဝင်မယ့် အစီအစဉ်ကတော့ ဖွင့်ပွဲအခမ်းအနား တစ်ခုပဲ ဖြစ်မှာပါ။ တစ်နိုင်ငံကို အနုပညာရှင် ဦးရေ ၃၀ ကနေ ၃၅ လောက်ပါဝင်ဖျော်ဖြေမှာဖြစ်ပါတယ်။ သီချင်းတစ်ပုဒ်တည်းမှာပဲ သက်ဆိုင်ရာနိုင်ငံတွေရဲ့ တေးသွားတွေနဲ့ ပေါင်းစပ်ဖျော်ဖြေဖို့ စီစဉ်ထားပါတယ်။ ဒီအစီအစဉ်က အိမ်ရှင်နိုင်ငံနဲ့ သက်ဆိုင်ရာဒေသတွင်း နိုင်ငံများအားလုံးရဲ့ဆန္ဒအရဖြစ်ပေါ်လာခြင်းဖြစ်ပြီး အဓိကက ချစ်ကြည်မှုရင်းနှီးမှုတွေ တည်ဆောက်ရန် ဖြစ်ပါတယ်။ အရမ်းကောင်းတဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

လာမည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ကျင်းပမည့်(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲသည် နှစ်ပေါင်းလေးဆယ်ကျော် အကြာတွင်မြန်မာနိုင်ငံကပြန်လည် ကျင်းပခွင့် ရရှိခြင်း ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဖွင့်ပွဲ၊ ပိတ်ပွဲဖျော်ဖြေရေး၊ တင်ဆက်မှု အစီအစဉ်များကို ယဉ်ကျေးမှု ဝန်ကြီးဌာနက အဓိကတာဝန်ယူကာ အခြားဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။

အဆိုပါ အခမ်းအနားများအတွက် နည်းပညာပိုင်း အထူးပြုလုပ်ချက်များကိုမူ တရုတ်နိုင်ငံက ကူညီမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အားကစားနည်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ငွေဆောင်ကမ်းခြေတို့တွင် ကျင်းပသွားမည်ဖြစ်သော်လည်း ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကိုမူ နေပြည်တော်ရှိ အသစ်ဆောက်လုပ်ထားသည့် ပရိသတ်သုံးသောင်းဆံ့ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ပြုလုပ်ကျင်းပမည်ဖြစ်သည်။

၂ နှစ်တစ်ကြိမ် ကျင်းပသည့် ဒေသတွင်းအဆင့်မြင့်ဆုံး အားကစားပြိုင်ပွဲဖြစ်သော ဆီးဂိမ်းပြိုင်ပွဲ၏ (၂၇)ကြိမ်မြောက် ပြိုင်ပွဲကို လာမည့်ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းများတွင် ကပြတင်ဆက်ဖျော်ဖြေမှုအပိုင်း၌ စုစုပေါင်းလူအင်အား တစ်သောင်းခြောက် ထောင်ကျော်ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။



၂၀၁၂ခုနှစ် အာဆီယံချန်ပီယံရှစ်အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဒုတိယဆုလက်ခံရယူစဉ်

## အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် မြန်မာလက်ခံကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊မေ-၁၉

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) က ကြီးမှူးကျင်းပမည့် ၂၀၁၃ အာဆီယံ အမျိုးသမီးဘောလုံးချန်ပီယံရှစ်ပြိုင်ပွဲကိုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ်ပြိုင်ပွဲတွင် အာဆီယံဒေသတွင်း နိုင်ငံများအပြင် အာရှဘောလုံးအင်အားကြီး နိုင်ငံအချို့ကိုလည်း AFF က ဖိတ်ကြားထားကြောင်းနှင့် ပြိုင်ပွဲအဆင့်အတန်းပိုမိုမြင့်မားလာဖွယ်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ပြောသည်။

"လာမယ့်စက်တင်ဘာလမှာ ကျင်းပမယ့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မန္တလေး (သို့မဟုတ်) နေပြည်တော်မှာ လက်ခံကျင်းပဖို့ စီစဉ်နေပါတယ်။ နေရာအတိအကျတော့ မသေချာသေးပါဘူး" ဟု ဦးတင်အောင်က မေ ၁၉ ရက်တွင် ပြောသည်။

လာမည့်ဒီဇင်ဘာတွင် ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲကိုမူ မန္တလေးမြို့၌ လက်ခံကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသော မြန်မာအမျိုးသမီးအသင်းအတွက် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲသည် အကောင်းဆုံး ခြေစွမ်းစမ်းသပ်နိုင်မည့် ပြိုင်ပွဲဖြစ်လာမည် ဖြစ်သည်။

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၀၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းသည် ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ် ပြိုင်ပွဲများတွင် ဗိုလ်စွဲထားသည်။ ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင်မြန်မာနှင့် ဗီယက်နမ်အသင်းတို့သည် နှစ်ကြိမ်စီဗိုလ်စွဲထားပြီး အအောင်မြင်ဆုံး အသင်းများအဖြစ် ရပ်တည်နေသည်။

၂၀၁၂ ခုနှစ် ပြိုင်ပွဲဗိုလ်လုပွဲတွင်မူ ဗီယက်နမ် အသင်းက မြန်မာအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ယူထားသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဗိုလ်စွဲထားသော်လည်း ဆီးဂိမ်းပြိုင်ပွဲတွင်မူ တစ်ကြိမ်မျှဗိုလ်စွဲနိုင်ခြင်းမရှိသေးပေ။ လက်ရှိ မြန်မာအမျိုးသမီးဘောလုံးအသင်းကို အာဆီယံအကောင်းဆုံးနည်းပြဆု ရရှိထားသည့် ဂျပန်လူမျိုး နည်းပြကူမာဒါက ကိုင်တွယ်လျက်ရှိသည်။

## မြန်မာအားကစားအဖွဲ့ နည်းပြများနှင့် တွဲဖက်ပေးရန် တရုတ်နှင့်ထိုင်း စကားပြန်များ ခေါ်ယူ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၁၉

လာမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသော မြန်မာအားကစားအဖွဲ့ကို လာရောက်ကူညီ လေ့ကျင့်ပေးနေသည့်တရုတ်နှင့် ထိုင်းနည်းပြဆရာများနှင့် တွဲဖက်ပေးနိုင်ရန် စကားပြန်များ ခေါ်ယူလျက်ရှိကြောင်းသတင်းရရှိသည်။

အဆိုပါစကားပြန်ရာထူးအတွက် လစာနှုန်းထား ကျပ်နှစ်သိန်း သတ်မှတ်ထားကြောင်း၊ တရုတ်စကားပြန် ၄၅ ဦးနှင့် ထိုင်းစကားပြန် ၂၀ ဦး ခေါ်ယူသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနတာဝန်ရှိသူက ပြောသည်။

"မြန်မာ အားကစားအဖွဲ့တွေကို အကူအညီပေးနေတဲ့ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံက နည်းပြဆရာတွေနဲ့ တွဲဖက်ပေးနိုင်ဖို့အတွက် ခေါ်ယူခြင်း ဖြစ်ပါတယ်။ ရွေးချယ်ခံရတဲ့ စကားပြန်တွေအတွက် နေထိုင်ရေးအတွက်လည်း တာဝန်ယူသွားမှာဖြစ်သလို စားသောက်ရေးအတွက်လည်း သက်သာတဲ့ဈေးနှုန်းနဲ့ စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံအိုလံပစ်ကော်မတီရုံး တာဝန်ရှိသူတစ်ဦးက ယခုလ ၁၉ ရက်တွင် ပြောသည်။

လျှောက်လွှာများကို မေလ ၂၅ ရက် နောက်ဆုံးထား၍ ရုံးအဖွဲ့မှူး၊ ရုံးအမှတ်(၃၁)၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်သို့ လိပ်မူ၍ စာတိုက်မှတစ်ဆင့်ပေးပို့ လျှောက်ထားနိုင်သည်။


RICH
COFFEE MIX
2013 New Year
Luckydraw Program
ဖေဖော်ဝါရီ နှင့် မတ်လ ထွက်ပေါ်လာသော ကံထူးရှင်များ စာရင်း
Samsung Galaxy S3 ကံထူးရှင်
LG 21" LCD TV ကံထူးရှင်များ
Apple i Phone 5 ကံထူးရှင်များ
ဆိုင်ကယ် ကံထူးရှင်များ
5 Network ကံထူးရှင်များ
DVD ကံထူးရှင်များ
Portable EVD Player ကံထူးရှင်များ
EVER SUNNY INDUSTRIAL CO., LTD.


RicH
COFFEE MIX
2013 New Year
Luckydraw Program
5000 Ks
1000 Ks
500 Ks
200 Ks
လက်ငင်းငွေသားကံစမ်းမဲများ အပြင် တန်ဖိုးကြီးဆုမဲပေါင်းများစွာ ...
ဆုမဲစာရင်း
Apple i Phone 5 15 လုံး
Samsung Galaxy S3 15 လုံး
ဆိုင်ကယ် 15 စီး
LG 21" LCD TV 15 လုံး
Portable EVD Player အလုံး 150
5 Network အလုံး 150
DVD Player အလုံး 150
5 လ အတွင်း အပြီးထည့်မည်
စည်းမျဉ်းစည်းကမ်းများ
■ RicH အမှတ်တံဆိပ်ပါ အထုပ်ကြီး(၁)ထုပ် ဝယ်ယူသူတိုင်း ငွေသားကံစမ်းမဲ (သို့) တန်ဖိုးကြီးဆုမဲများ (သို့) Thank You မဲများ ကံစမ်းနိုင်ပါသည်။
■ ငွေသားကံစမ်းမဲ မပေါက်သူသည် 2013 New Year Luckydraw Coupon ရရှိမည်ဖြစ်ပြီး တန်ဖိုးကြီးဆုမဲများ ကံစမ်းနိုင်မည်ဖြစ်ပြီး ကံစမ်းမဲပစ္စည်းပေါက်သော Coupon တွင် Coupon Number, Company Seal, Hologram, Signature များဖြင့် ပြည့်စုံရန် လိုအပ်ပါသည်။
■ RicH 2013 New Year Luckydraw Coupon တွင် ဆုမဲပစ္စည်းကံစမ်းမဲ ပေါက်ပါက အောက်ပါ ကုမ္ပဏီရုံးလိပ်စာသို့ July 31. 2013 ရက်နေ့နောက်ဆုံးထား၍ ဆက်သွယ် ထုတ်ယူရမည်။
■ ဤ RicH 2013 New Year Luckydraw Coupon အစီအစဉ်တွင် ESI Foods နှင့် MIB မှ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ ပူးတွဲလုပ်ကိုင်သော Media မှ ဝန်ထမ်းများ ပါဝင်ခွင့်မရှိပါ။
■ RicH 2013 New Year Luckydraw Coupon ကို အတုအပပြုလုပ်ခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
■ ဤအစီအစဉ်နှင့် အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ESI Foods ၏ ဆုံးဖြတ်ချက်သာအတည်ဖြစ်သည်။
ESI Foods
01-684749, 684770, 684703, 01-685850, 685851, 684539
http://www.facebook.com/richcoffeemyanmar

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# ငါးနှစ်အရွယ် ကလေးမလေးတစ်ဦးအား အဓမ္မပြုမှုနှင့်ပတ်သက်၍ တရားခံတစ်ဦးကို အိန္ဒိယရဲ ထပ်မံဖမ်းဆီး

**မွမ်ဘိုင်း၊ မေ-၂၂**

ပြီးခဲ့သည့်သီတင်းပတ်က မြို့တော် နယူးဒေလီတွင် အသက်ငါးနှစ် အရွယ်ကလေးမလေးတစ်ဦးအား အဓမ္မပြုခဲ့သည့်အမှုနှင့်ပတ်သက် ၍ ဆက်နွယ်သည့် နောက်ထပ် တရားခံတစ်ဦးကို ဖမ်းဆီးလိုက်ပြီ ဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါ ဒုတိယမြောက် တရားခံကို ဘီဟာပြည်နယ် ဧပြီ ၂၂ ရက် နံနက်အစောပိုင်းတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ခံခဲ့ရသည့် အပြစ်မဲ့ကလေးငယ်မှာ စိုးရိမ်ရသည့် အနေအထားမှ ကျန်းမာရေး ပြန်လည်တိုးတက်လာပြီဟု တာဝန်ရှိသူများက ပြောသည်။ ကလေးမလေး၏ ကျန်းမာရေးနှင့်ပတ်သက်၍ All India Institute of Medical Sciences မှ အကြီးအကဲ ဒီ၊ ကေ၊ ရှာမားက "ကျွန်တော်တို့အနေနဲ့ လူနာရဲ့ထိခိုက်ဒဏ်ရာကို ထိန်းချုပ်ဖို့ ကြိုးပမ်းနေပြီး သူ့ဘက်ကလည်း တုံ့ပြန်မှုကောင်းနေပါတယ်။ သူ့ကို ဆေးရုံကနေပြန်လွှတ်ဖို့နှစ်ပတ်လောက်ကြာဦးမှာပါ"ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ကလေးမလေးမှာ ဧပြီ ၁၅ ရက်တွင် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ၎င်းကို သော့ခတ်ထားသော အခန်းတစ်ခုထဲ၌ ကြံစည်သူက ၄၈ နာရီကြာ ပိတ်လှောင်ထားခဲ့သည်။ ထို့နောက် အနီးအနားမှ လူများက ကလေး၏ အော်ခေါ်သံများကို ကြားမိရာမှ ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်စဉ်နှင့် ပတ်သက်၍ လူရာပေါင်းများစွာမှာ မြို့တော်ရှိ ရဲဌာနချုပ်ရုံးနှင့် ကွန်ဂရက်ပါတီ အကြီးအကဲ ဆိုနီယာဂန္ဒီ၏ အိမ်ရှေ့သို့ သွားရောက်ကာ ပြစ်မှုကို ပြင်းထန်စွာ ကိုင်တွယ်အရေးယူပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ —Ref: BBC


Photo - AFP
*နယူးဒေလီတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ ၌ ဒေလီရဲတပ်ဖွဲ့ရဲမင်းကြီး နီရာ့ချ်ကူးမားက ရှင်းပြနေစဉ်*

နောက်ကျောဖုံး မှ

## တရုတ်နိုင်ငံတွင် ကြက်ငှက် တုပ်ကွေးဗိုင်းရပ်စ်သစ်ကြောင့် လူ ၂၀ ဦးသေဆုံးဟု နိုင်ငံပိုင်မီဒီယာကြေညာ

သေဆုံးသူများတွင် စီးပွားရေး ဗဟိုအချက်အချာဖြစ်သော နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းဒေသမှ ရောဂါဖြစ်ပွားသူ ၃၃ ဦးတွင် ၁၁ ဦး ပါဝင်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာသည် မူလက ငှက်တုပ်ကွေး ကူးစက်ခံရသည့်လူနာ ၄၀ ရာခိုင်နှုန်းမှာ ငှက်မှတစ်ဆင့် ကူးစက်ခြင်း မဟုတ်ကြောင်းဆိုခဲ့၍ လူများအကြား လူအချင်းချင်း ကူးစက်မည်ကို ကြောက်ရွံ့မှုများ တိုးပွားလာခဲ့သည်။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ငှက်တုပ်ကွေး ဗိုင်းရပ်စ်အသစ်တွင် လူသားအချင်းချင်း ကူးစက်နိုင်မှု အခြေအနေမရှိကြောင်း ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတကာကျန်းမာရေး ကျွမ်းကျင်သူပညာရှင်များသည် ဘေဂျင်းနှင့် ရှန်ဟိုင်းမြို့များသို့ ရောက်ရှိလာပြီး ငှက်တုပ်ကွေးဗိုင်းရပ်စ်အသစ်ကို လေ့လာရန် ကြိုးပမ်းနေကြသည်။ အဆိုပါဗိုင်းရပ်စ်ကို နှိမ်နင်းနိုင်သော ဆေးဝါးမှာ လက်ရှိအချိန်အထိ မရှိသေးကြောင်း သိရသည်။ —Ref: AFP


*ကျားဟုအမည်ရသော H7N9 ငှက်တုပ်ကွေးရောဂါခံစားနေရသည့်လူနာ(အလယ်)ကို ဟန်ကျိုးရှိ ဆေးရုံတစ်ရုံမှ ပြန်ဆင်းလာစဉ် တွေ့ရပုံ*
Photo - AFP

# တူရကီဝန်ကြီးချုပ် ဂါဇာဒေသသို့ သွားရောက်မည့်အရေး ရွှေ့ဆိုင်းပေးရန် ကန်နိုင်ငံခြားရေးဝန်ကြီး တောင်းဆိုချက်ကို ဟားမားစ်အဖွဲ့ ရှုတ်ချ

**ဂါဇာစီးတီး၊ မေ-၂၂**

တူရကီနိုင်ငံဝန်ကြီးချုပ် ပါလက်စတိုင်းနယ်မြေ ဂါဇာသို့ သွားရောက်မည့်ကိစ္စအား ရွှေ့ဆိုင်းပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏ တိုက်တွန်းချက်ကို ဂါဇာရှိ ဟားမားစ်အုပ်ချုပ်သူများက ပြင်းပြင်းထန်ထန် ရှုတ်ချလိုက်သည်။

စောစောပိုင်းက အစ္စတန်ဘူလ်မြို့တွင် တွေ့ဆုံခဲ့သော ဂျွန်ကယ်ရီနှင့် ပါလက်စတိုင်းသမ္မတ မာမွတ် အာဘတ်စ်တို့သည် ဂါဇာ ကမ်းမြောင်ဒေသအပေါ် အစ္စရေးနိုင်ငံ၏ အရေးယူပိတ်ဆို့မှု ဆက်လက်လုပ်ဆောင်နိုင်ရန် ညှိနှိုင်းခဲ့သည်ဟု ဟားမားစ်ပြောရေးဆိုခွင့်ရှိသူ ဆမ်မီအဘူဇူရီက စွပ်စွဲပြောကြားသည်။

"တူရကီဝန်ကြီးချုပ် အာဒိုဂန် ဂါဇာသို့ လာရောက်မည့်အရေးကို ပယ်ဖျက်ပေးဖို့ တောင်းဆိုတဲ့ အမေရိကန်ရဲ့သဘောထားကို ဟားမားစ်အဖွဲ့က ရှုတ်ချပါတယ်။ ဒီတောင်းဆိုချက်ဟာ ဂါဇာပိတ်ဆို့မှုအရေးမှာ အမေရိကန် ပါဝင်နေကြောင်း သက်သေပြနေပါတယ်"ဟု အဘူဇူရီက ပြောကြားသည်။

မစ္စတာဂျွန်ကယ်ရီသည် အစ္စတန်ဘူလ်မြို့တွင် တူရကီဝန်ကြီးချုပ် အာဒိုဂန်နှင့် ပါလက်စတိုင်းသမ္မတ အာဘတ်စ်တို့ကို သီးခြားတွေ့ဆုံခဲ့ပြီးနောက် မစ္စတာအာဒိုဂန်သည် လာမည့်လတွင် ဂါဇာဒေသသို့ မသွားရောက်မီ


Photo - AFP

အခြေအနေအရပ်ရပ်ကို စောင့်ကြည့်သင့်ကြောင်း တိုက်တွန်းခဲ့သည်ဟု ဂျွန်ကယ်ရီက သတင်းထောက်များအား ပြောကြားသည်။

မစ္စတာအာဒိုဂန်သည် ဂါဇာပိတ်ဆို့မှုဖယ်ရှားပေးရေးအတွက် တောင်းဆိုရန် မေလ ၁၆ ရက်တွင် ဝါရှင်တန်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်းနှင့် ထိုခရီးစဉ်အပြီး တစ်လအကြာတွင် ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်ရန် စီစဉ်ထားသည်ဟု ပြီးခဲ့သော သီတင်းပတ်က ပြောကြားခဲ့သည်။

မစ္စတာအာဒိုဂန် ဂါဇာကမ်းမြောင်ဒေသသို့ သွားမည့် အစီအစဉ်သည် ပါလက်စတိုင်းပြည်တွင်းရေး ကွဲပြားမှုပြဿနာကို အားပေးရာ ရောက်နေလိမ့်မည်ဟု ဟားမားစ်အဖွဲ့၏ ပြိုင်ဘက်ဖြစ်သော မစ္စတာအာဘတ်စ်၏ အနောက်ဘက်ကမ်းခြေအခြေစိုက် အမျိုးသားဖာတာလှုပ်ရှားမှုအဖွဲ့က ထုတ်ဖော်ပြောကြားသည်။

မစ္စတာအာဒိုဂန်၏ ခရီးစဉ်သည် ယခင် မဟာမိတ်နိုင်ငံများဖြစ်သော တူရကီနှင့် အစ္စရေးနိုင်ငံကြား သုံးနှစ်ကြာစိတ်ဝမ်းကွဲမှုများ အပြီး ၎င်းနိုင်ငံများပြန်လည်သင့်မြတ်စေရေးအတွက် အမေရိကန်နိုင်ငံ၏ ကြားဝင်ကြိုးပမ်းမှုကို ထိခိုက်နိုင်သည်ဟု ဝါရှင်တန်က စိုးရိမ်နေသည်။ —Ref: AFP


## ဗင်နီဇွဲလားနိုင်ငံရေး အကျပ်အတည်း ပြေလည်ရေး တွေ့ဆုံဆွေးနွေးကြရန် ပုပ်ရဟန်းမင်းကြီး တိုက်တွန်း

**ကာရာကတ်စ်၊ မေ-၂၂**

ဗင်နီဇွဲလားနိုင်ငံတွင် ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်နေသော အငြင်းပွားမှု နိုင်ငံရေးအကျပ်အတည်း ပြေလည်စေရေးအတွက် နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကြရန် ရိုမန်ကက်သလစ် ကျောင်းတော် ဗာတီကန်က တိုက်တွန်းလိုက်ပြီး အခြေအနေကို အလွန်စိုးရိမ်မိကြောင်း ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်က ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဟင်းနရစ်ကာပရီလက်စ်တို့က ပုပ်ရဟန်းမင်းကြီး၏ ထုတ်ပြန်ချက်ကို ကြိုဆိုခဲ့သော်လည်း တွေ့ဆုံဆွေးနွေးရေးကိစ္စကိုမူ ဖွင့်ဟမပြောပေ။

"ဒီပြဿနာကို ဖြေရှင်းဖို့ လိုအပ်ပါတယ်။ လေသံတွေလျှော့ချရပါမယ်"ဟု ဗင်နီဇွဲလားနိုင်ငံ ကျောင်းတော်အကြီးအကဲ ဘုန်းတော်ကြီး ဂျော့ချ်အူရီဆာက ဗင်နီဇွဲလားသတင်းစာတစ်စောင်နှင့်ပြုလုပ်သော အင်တာဗျူးတွင်


Photo - AFP

ပြောကြားပြီး နှစ်ဖက်တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးမည်ဟု ၎င်းက ကမ်းလှမ်းခဲ့သည်။

မစ္စတာမာဒူရိုသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်မှာ နှစ်ရက်ရှိပြီ ဖြစ်သော်လည်း အစိုးရနှင့် အတိုက်အခံအဖွဲ့များသည် မတ်လ ၅ ရက် သမ္မတ ဟူဂိုချားဗက်စ် သေဆုံးပြီးနောက် ပြုလုပ်သည့် ရွေးကောက်ပွဲရလဒ်များအပေါ် တင်းမာသော ထိပ်တိုက်ရင်ဆိုင်မှုများ ရှိနေဆဲဖြစ်သည်။

သမ္မတရွေးကောက်ပွဲတွင် မစ္စတာမာဒူရိုက မဲအရေအတွက် ၁ ဒသမ ၈ ရာခိုင်နှုန်းအသာဖြင့် ကပ်နိုင်ခဲ့ကြောင်း အမျိုးသားရွေးကောက်ပွဲကောင်စီက ကြေညာခဲ့သော်လည်း မဲများပြန်လည်ရေတွက်ရန် အတိုက်အခံများက တောင်းဆိုထားသည်။ ထိုကာလအတွင်း ဒေါသတကြီး ဆန္ဒပြမှုများကြောင့် လူရှစ်ဦးသေဆုံးခဲ့ရသည်။ —Ref: AFP

7 DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

## ဂျပန်နိုင်ငံအား မြောက်ကိုရီးယား ခြိမ်းခြောက်မှုမှ ကာကွယ်ပေးမည်ဟု အမေရိကန် အာမခံ

**ဝါရှင်တန်၊မေ-၂၀**

မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုမှ ဂျပန်နိုင်ငံကို အကာအကွယ်ပေးရန် အမေရိကန်နိုင်ငံက စိတ်ပိုင်းဖြတ်ထားကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျိုးဘစ်ဒန်က ဂျပန်ဒုတိယဝန်ကြီးချုပ်အား အာမခံပြောကြားသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း မြောက်ကိုရီးယားနိုင်ငံက ပိုမိုခြိမ်းခြောက် ပြောဆိုလာခဲ့သလို ဒုံးကျည်စမ်းသပ်ပစ်လွှတ်ရေး ဦးတည်လုပ်ဆောင်နေသည်ဟု ယုံကြည်ရသည်။ ယင်းသို့ လုပ်ဆောင်မှုများက အာရှပစိဖိတ်ဒေသ၌ တင်းမာမှုများ မြင့်တက်လာစေခဲ့သည်။




Photo - AFP

*အမေရိကန်ဒုတိယသမ္မတ ဂျိုးဘစ်ဒန်*

မစ္စတာဘစ်ဒန်ကဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် တာရိုအာဆိုနှင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တစ်ရပ်တွင်လည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏နျူကလီးယားနှင့် ပဲ့ထိန်းဒုံးကျည် အစီအစဉ်များကို အဆုံးသတ်ရမည်ဖြစ်ပြီး စောင့်ထိန်းရမည့် နိုင်ငံတကာ ကျင့်ဝတ်များကို လိုက်နာရမည်ဟူ၍ ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြောင်း ပါရှိသည်။

"ခေါင်းဆောင် နှစ်ဦးဟာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ထပ်မံနက်ရှိုင်းစေဖို့ နည်းလမ်းတွေအကြောင်း ဆွေးနွေးကြပါတယ်။ အဲဒီအကြောင်း ဆွေးနွေးရင်းနဲ့ပဲ အမေရိကန်နိုင်ငံ နျူကလီးယား အမိုးအကာတိုးချဲ့ရေး အပါအဝင် ဂျပန်နိုင်ငံ ကာကွယ်ရေးအတွက် အမေရိကန်နိုင်ငံက အခိုင်အမာ ဆက်လက်ရပ်တည်နေမည်ဟု ထပ်မံအတည်ပြုခဲ့ပါတယ်"ဟူ၍ အိမ်ဖြူတော်ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

—*Ref: Reuters*



Photo - AFP

*အမေရိကန်နိုင်ငံ၊ တက်ဆက်ပြည်နယ်၊ ဝက်စ်မြို့နယ် ဓာတ်မြေဩဇာစက်ရုံပေါက်ကွဲပြီးနောက် တိုက်ခန်းပေါင်း ၅၀ ပါဝင်သော အဆောက်အအုံအပျက်အစီးများကြားတွင် မေ ၁၈ရက်က ကယ်ဆယ်ရေး လုပ်သားများ ရှာဖွေမှုများလုပ်ဆောင်နေစဉ်*

## ကန်ဓာတ်မြေဩဇာစက်ရုံ ပေါက်ကွဲမှု ၁၂ ဦး သေ ၆၀ ဦး ပျောက်ဆုံး

**တက်ဆက်၊မေ-၂၀**

အမေရိကန်နိုင်ငံ တက်ဆက်ပြည်နယ်တွင် ယခုရက်သတ္တပတ်စောစောပိုင်းက ဓာတ်မြေဩဇာစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပျက်စီးသွားသော အိမ်များကြားတွင် ကယ်ဆယ်ရေးသမားများက လူသေအလောင်း ၁၂ ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် နောက်ထပ် လူပေါင်း ၆၀ မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တက်ဆက်ပြည်နယ်၊ ဝက်စ်မြို့နယ်တွင် မေ ၁၇ ရက်က ဖြစ်ပေါ်ခဲ့သော ပေါက်ကွဲမှုကြောင့် ခန့်မှန်းခြေလူပေါင်း ၂၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တက်ဆက်ပြည်သူ့လုံခြုံရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဂျေဆန်ရီးယက်စ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

စုံစမ်းစစ်ဆေးရေးမှူးများက ယင်းနယ်မြေကို ပြစ်မှုဖြစ်ပွားရာနေရာအဖြစ် သဘောထားကိုင်တွယ်နေသော်လည်း အာဏာပိုင်များကမူ ဓာတ်မြေဩဇာစက်ရုံတစ်နေရာရာတွင် မီးလောင်ရာမှ ပေါက်ကွဲမှုဖြစ်ပေါ်ခြင်း ဖြစ်နိုင်သည်ဟု ပြောကြားကြသည်။

နေအိမ်ပေါင်း အလုံး ၅၀ ပျက်စီးခဲ့သော်လည်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက အိမ်ပေါင်း ၁၅၀ တွင် ဝင်ရောက်ရှာဖွေမှုများ ပြုလုပ်ပြီးဖြစ်ကာ ဆက်လက်၍လည်း အသက်ရှင်ကျန်နိုင်သူများကို ရှာဖွေလျက်ရှိသည်။

ဝက်စ်မြို့ သတင်းစာ ရှင်းလင်းပွဲမှာပင် စကားပြောကြားသော အထက်လွှတ်တော်အမတ် မစ္စတာဂျွန်ကော်နင်က လူပေါင်း ၆၀ သေသလား၊ ရှင်သလား မသိရှိရသေးသည့် ပေါက်ကွဲမှုမှာ ကြီးမားသော ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ပြောသည်။

—*Ref: Reuters*

## ဥရောပတွင် ဒုံးကျည်ချထားရေး အမေရိကန်နှင့် ဆွေးနွေးမှု တိုးတက်ခြင်းမရှိဟု ရုရှား ပြောကြား

**ဆိုချီ၊မေ-၂၀**

ဥရောပတွင် ဒုံးကျည်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်ချထားရေး အမေရိကန်နိုင်ငံ၏ အစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ သမ္မတအိုဘားမား၏ အမျိုးသားလုံခြုံရေးအကြံပေးနှင့် မော်စကိုမြို့၌ ဆွေးနွေးခဲ့ကြသော်လည်း ပြေလည်မှု မရရှိသေးကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အကြီးတန်း လက်ထောက်တစ်ဦးက ပြောကြားသည်။

မော်စကိုနှင့် ဆက်ဆံရေး တင်းမာနေချိန်မှာပင် သမ္မတအိုဘားမား၏ ဒုတိယသက်တမ်း စတင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အိမ်ဖြူတော် အမျိုးသားအကြံပေး တွမ်ဒိုနီလွန်နှင့် ရုရှားနိုင်ငံ အရာရှိကြီးများ မျက်နှာချင်းဆိုင် ဆွေးနွေးခဲ့ကြသည်။

"ဒုံးကျည်ကာကွယ်ရေးကိစ္စမှာတိုးတက်မှုမရှိပါဘူး"ဟုမစ္စတာပူတင်၏ နိုင်ငံခြားရေးပေါ်လစီ လက်ထောက် ယူရီအူရှာနေ့ဗ်အား ကိုးကား၍ ရုရှားသတင်းဌာန RIA က ဖော်ပြသည်။

ဥရောပတွင် နေတိုးအဖွဲ့နှင့် အတူချထားမည့် ဒုံးကျည်ကာကွယ်ရေးစနစ်မှာ အီရန်နိုင်ငံမှ လာနိုင်ခြေရှိသော ခြိမ်းခြောက်မှုများကို ကာကွယ်ရန်ဖြစ်သော်လည်း ရုရှားနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နိုင်ကြောင်း မော်စကိုက ပြောကြားသည်။

ထို့အပြင် မစ္စတာဒိုနီလွန် တင်ပြသော အချက်များတွင် အသစ်အဆန်း မပါဝင်ဘဲ ၎င်းတို့အတွက် စိတ်ကျေနပ်စရာမကောင်းကြောင်း ရုရှားနိုင်ငံအရာရှိကြီးက ပြောကြားသည်။ သို့သော် ယင်းကို ဆက်လက်ဆန်းစစ်လေ့လာသွားမည်ဟု ၎င်းကဆိုသည်။

—*Ref: Reuters*

## ဂါနာနိုင်ငံတွင် တရုတ်မှတင်သွင်းသော ကွန်ဒုံး သန်း ၁၀၀ ခန့်ကို စံချိန်မမီ၍ သိမ်းဆည်းရန် ညွှန်ကြား

**အက်ကရာ၊မေ-၂၀**

ဂါနာနိုင်ငံတွင် တရုတ်နိုင်ငံမှ တင်သွင်းထားသော ကွန်ဒုံးများမှာ ဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးချက်များအရ စံချိန်မမီပေါက်ပြဲနေကြောင်း တွေ့ရှိရ၍ ကွန်ဒုံးပေါင်း သန်း ၁၀၀ ကျော်ခန့်ကို သိမ်းဆည်းရန် ညွှန်ကြားထားကြောင်း ဂါနာတာဝန်ရှိသူများက ပြောကြားသည်။

ဂါနာ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ကွန်ဒုံးများနှင့် ပတ်သက်၍ "ဒီကွန်ဒုံးတွေမှာ အပေါက်တွေအများကြီး ပါဝင်နေပြီး အလွယ်တကူ စုတ်ပြဲသွားနိုင်ပါတယ်"ဟု ပြောသည်။ ကွန်ဒုံးများမှာ ဂါနာကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါတားဆီးရေးအတွက် အခမဲ့ဖြန့်ဝေနေသော ပစ္စည်းများဖြစ်သည်။



Photo - AFP

*အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးအတွက် ကွန်ဒုံးများဝေမျှခဲ့စဉ်က အိုင်ဗရီကို့စ်နိုင်ငံ မြို့တော်အဘစ်ဂျန်တွင် လူငယ်များက ကွန်ဒုံးများကိုင်တွယ်ပြသနေကြပုံ*

ယခုအခါအာဏာပိုင်များက နိုင်ငံအတွင်းသို့ တရုတ်နိုင်ငံမှ တင်သွင်းထားသည့် အဆိုပါစံချိန်မမီ ကွန်ဒုံးအရေအတွက်မှာ သန်း ၂၀၀ ခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ အာဏာပိုင်များက ယင်းကွန်ဒုံးများ အသုံးပြုခြင်းကို သတိထားကြရန် တိုက်တွန်းထားသည်။

ဂါနာ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ ဆေးဝါးလုပ်ငန်းကွပ်ကဲမှု အကြီးအကဲ သောမတ်အမတ်ဇရိုက ယင်းကွန်ဒုံးများသည် တရုတ်ထုတ်လုပ်သူတစ်ဦးထံမှ ဂါနာနိုင်ငံသို့ ကင်ညာနိုင်ငံမှတစ်ဆင့် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးကွက်မဖြန့်မီ အာဏာပိုင်များက စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပုံရှိသော်လည်း ကွန်ဒုံးများတွင် ပါဝင်သော အပေါက်များမှာ သာမန်မျက်စိဖြင့် မမြင်နိုင်ဘဲ မိုက်ခရိုစကုပ်နှင့် စစ်ဆေးကြည့်ရှုမှသာ မြင်နိုင်ကြောင်းဆိုသည်။

ကုလသမဂ္ဂမှထုတ်ပြန်သော ကိန်းဂဏန်းများအရ ဂါနာနိုင်ငံတွင် ခန့်မှန်းခြေ လူပေါင်း ၂၃၀,၀၀၀ မှာ အိပ်ချ်အိုင်ဗီရောဂါပိုးဖြင့် အသက်ရှင်နေထိုင်ကြရပြီး နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၂၅ သန်းရှိသည်။

—*Ref: BBC*



**NEWS ANALYSIS**

ကမ္ဘာ့အန္တရာယ်အကြီးမားဆုံး နယ်ခြားဒေသမှာ

စာမျက်နှာ(၃၆)သို့ »

**INTERVIEW**

“ခွဲခြားဆက်ဆံမှုအပေါ် ဆန့်ကျင်တိုက်ပွဲဝင်နေတာတွေ ဆက်လုပ်နေရပါမယ်”

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ဒါရိုက်တာ ဘောရစ်အစ်ထရစ်နှင့် တွေ့ဆုံခြင်း

စာမျက်နှာ(၄၆)သို့ »



**INDIA**

ငါးနှစ်အရွယ် ကလေးမလေးတစ်ဦးအား အဓမ္မပြုမှုနှင့်ပတ်သက်၍ တရားခံတစ်ဦးကို အိန္ဒိယရဲ ထပ်မံဖမ်းဆီး

စာမျက်နှာ(၅၄)သို့ »



7DAY NEWS JOURNAL

# International

Vol.12, No.7 • APRIL 25 , 2013

## ပါရာဂွေး သမ္မတ ရွေးကောက်ပွဲ အတိုက်အခံ သန်းကြွယ်သူဌေး အောင်ပွဲခံ

**အဆန်ဆီယွန်၊မေ-၂၂**

ပါရာဂွေးနိုင်ငံသမ္မတရွေးကောက်ပွဲ၌ အတိုက်အခံ ကိုလိုရာဒိုပါတီ၏ လူသစ်တန်းနိုင်ငံရေးသမားဖြစ်သူ သန်းကြွယ်သူဌေး စီးပွားရေးသမား ဟိုရာစီယိုကာတက်စ် အနိုင်ရရှိသွားကြောင်း ရွေးကောက်ပွဲအရာရှိများက ပြောကြားသည်။

ရွေးကောက်ပွဲတွင် မစ္စတာကာတက်စ်က ဆန္ဒမဲ ၄၅ ဒသမ ၉၁ ရာခိုင်နှုန်းရရှိပြီး လက်ရှိအာဏာရလစ်ဘရယ်ပါတီခေါင်းဆောင် အယ်ဖရီယန် အယ်လီဂရီက ၃၆ ဒသမ ၈၄ ရာခိုင်နှုန်း ရရှိခဲ့သည်ဟု ရွေးကောက်ပွဲ ဘုတ်အဖွဲ့အကြီးအကဲအယ်လ်ဘတ်တိုရာမီရက်စ်က ပြောကြားသည်။

စာမျက်နှာ(၄၅)သို့ »




Photo - AFP

*ကော်လိုရာဒိုပါတီမှ ပါရာဂွေးသမ္မတအဖြစ် ရွေးကောက်ခံရသည့် သမ္မတလောင်းဟိုရေစီယိုကာတတ်စ် အောင်ပွဲခံနေစဉ်*



Photo - AFP

*တရုတ်အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ယာအန်းဒေသမှ လျှင်ဗဟိုချက်နှင့် နီးကပ်စွာတည်ရှိသော လောင်မင်းမြို့တွင် လျှင်ကြောင့် ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်တစ်ဦးကို ခေါ်လာသော တရုတ်ဆေးဘက်ဆိုင်ရာလုပ်သားတစ်ဦး။ တရုတ်အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဧပြီ ၂၀ ရက်က အင်အားပြင်းလျှင်ကြောင့်သေဆုံးသူဦးရေမှာ ၂၀၀ ကျော်ခဲ့သည်။*

## ဘော်စတွန်ဗုံးခွဲမှုမသင်္ကာသူကို စတင်စစ်ဆေးနေ

**ဘော်စတွန်၊မေ-၂၂**

အမေရိကန်ရဲတပ်ဖွဲ့သည် ဒဏ်ရာပြင်းထန်စွာ ရရှိပြီး ဆေးရုံတင်ထားရသော ဘော်စတွန်မြို့ ဗုံးဖောက်ခွဲမှုမသင်္ကာသူကို မေးခွန်းများ စတင်မေးမြန်းနေကြောင်းနှင့် မသင်္ကာသူကလည်း မေးခွန်းများကို စာရေးသား၍ ပြန်ဖြေနေသည်ဟု အမေရိကန်သတင်းများတွင် ဖော်ပြသည်။

ဒီခိုဇာတီနက်ဗ် (၁၉)နှစ်မှာလည်ပင်းတွင် ဒဏ်ရာရရှိထားပြီး ယင်းဒဏ်ရာမှာ ဧပြီ ၁၉ ရက်တွင် ရဲတပ်ဖွဲ့က ၎င်းကိုဖမ်းဆီးရန် ကြိုးစားစဉ် မိမိကိုယ်ကို သတ်သေရန် ကြိုးစားရင်း ရရှိခဲ့သော ဒဏ်ရာဖြစ်သည်လား ဆိုသည်ကိုလည်း စုံစမ်းစစ်ဆေးသူများက သိရှိရန် ကြိုးစားနေသည်။

အကြမ်းဖက်ဆန့်ကျင်ရေး မေးခွန်းထုတ် ကျွမ်းကျင်သူ စုံထောက်များကလည်း တီဆာနက်ဗ်အား မေးခွန်းထုတ်ရန် Beth Israel Deaconess ဆေးရုံတွင် စောင့်ဆိုင်းနေကြောင်း ရဲအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းဆေးရုံမှာပင် ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူ ၁၈၀ ဦး အနက် အချို့ကိုဆေးကုသပေးနေသည်။ စာမျက်နှာ(၄၅)သို့ »



*အက်ဖ်ဘီအိုင်မှ ထုတ်ပြန်သော ဓာတ်ပုံတွင်တွေ့ရသော ဘော်စတွန်မာရသွန်ပြိုင်ပွဲ ဗုံးခွဲမှု သံသယရှိသူ တရားခံ ဒီခိုဇာတီနက်ဗ်ကို တွေ့ရစဉ်။ အသက် ၁၉ နှစ်အရွယ်ရှိ၎င်းကို ရဲတပ်ဖွဲ့က မြို့ပြင်ရှိ နေအိမ်တစ်ခုတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။* Photo - AFP

## တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးပိုင်းရပ်စ်သစ်ကြောင့် လူ ၂၀ ဦးသေဆုံးဟု နိုင်ငံပိုင်မီဒီယာကြေညာ

**ဘေဂျင်း၊မေ-၂၂**

ကြက်ငှက်တုပ်ကွေး ရောဂါပိုးအသစ်ကြောင့် တရုတ်နိုင်ငံတွင် သေဆုံးသူဦးရေမှာ ယခုအချိန်အထိ လူ ၂၀ ဦး ရှိသွားပြီဖြစ်ကြောင်းနှင့် ရောဂါသည် လူမှလူသို့ ကူးစက်သည့် အဆင့်မရှိကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာက ကြေညာသည်။

အထက်ပါ ကြက်ငှက်တုပ်ကွေးရောဂါပိုးသစ် H7N9 ဗိုင်းရပ်စ်ကို လူပေါင်း ၁၀၂ ဦးတွင် စစ်ဆေးတွေ့ရှိခဲ့ပြီး အများစုမှာ နိုင်ငံအရှေ့ပိုင်းမှဖြစ်ကြောင်း၊ရောဂါကြောင့် သေဆုံးသူဦးရေ ၂၀ ဦး ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းက တရုတ်အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဖော်ပြခဲ့သည်။

စာမျက်နှာ(၅၄)သို့ »

## ဂွမ်တာနာမိုအကျဉ်းသား ထက်ဝက်ခန့် အစာငတ်ခံဆန္ဒပြ

**မော်စကို၊မေ-၂၁**

ဂွမ်တာနာမိုအကျဉ်းထောင်တွင် အစာငတ်ခံ ဆန္ဒပြနေသော အကျဉ်းသားအရေအတွက်မှာ ၈၄ ဦးအထိ တိုးတက်များပြားလာသည်ဟု ကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ စကားကို ကိုးကား၍ မိုင်ယာမီဟာရယ်သတင်းဌာနက ထုတ်ပြန်သည်။

စာမျက်နှာ(၄၅)သို့ »



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.12, No.7 • APRIL 25 , 2013

# လွန်ခဲ့သည့် ၁၅ နှစ်က အသိမ်းခံရသော လယ်ဧက ၁၀၀ ကျော်အတွက် နစ်နာကြေးမပေးလျှင် ကုမ္ပဏီကို တရားစွဲမည်ဟုဆို

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဧပြီ-၁၈**

လွန်ခဲ့သော ၁၅နှစ်က အပူပိုင်းဒေသစမ်းသပ်စိုက်ပျိုးရေးအတွက် သိမ်းယူထားသော လယ်ယာများအတွက် နစ်နာကြေး မပေးပါက ညောင်ဦး ဒေသမှ လယ်ယာမြေပိုင်ရှင်များက ဟုန်းပန်းကုမ္ပဏီကို တရားစွဲဆိုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၉၉၈ ခုနှစ်တွင် အပူပိုင်းစမ်းသပ်စိုက်ပျိုးရေးပြုလုပ်ရန်အတွက် ဟုန်းပန်းကုမ္ပဏီသည် ပုဂံညောင်ဦးဒေသရှိ လယ်ယာမြေ ၁၀၃ ဒသမ ၇၇ ဧကကို သိမ်းယူခဲ့ခြင်းဖြစ်သည်ဟု ဟုန်းပန်းကုမ္ပဏီတာဝန်ရှိသူက အတည်ပြုပြောကြားသည်။

“ဘာနစ်နာကြေးမှလည်း မပေးဘူး။ သူတို့စိုက်ပျိုးနေတာလည်း မအောင်မြင်ဘူး။ ကျွန်တော်တို့က မြေကို ပြန်လိုချင်တယ်။ အဓမ္မသိမ်းမှုနဲ့ ဟုန်းပန်းကုမ္ပဏီကို တရားစွဲမယ်”ဟု လယ်ယာမြေပြန်လည်ရရှိရန်အတွက် ဦးဆောင်သူဦးမင်းညွန့်က ပြောသည်။



ပုဂံဒေသရှိ အပူပိုင်းဒေသစမ်းသပ်စိုက်ပျိုးရေးခြံ

ဟုန်းပန်းကုမ္ပဏီသည် ပုဂံညောင်ဦးဒေသရှိ ရေဝတီမြစ်ဘေးတစ်လျှောက် လယ်ယာမြေများကို သိမ်းယူခဲ့ပြီး သရက်၊ ကျွဲကော၊ အုန်း၊ ဒူးရင်း၊ စပျစ်စသည့် အပင်များကို စိုက်ပျိုးခဲ့သော်လည်း ယနေ့အထိ အောင်မြင်မှုမရှိကြောင်း သတင်းရရှိသည်။

၁၉၉၈ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်က အဆိုပါနေရာများကို အပူပိုင်းစမ်းသပ်စိုက်ပျိုးရေး ဟုန်းပန်းကုမ္ပဏီအတွက်သိမ်းယူပေးခဲ့ကြောင်း ဦးမင်းညွန့်က ဆက်ပြောသည်။

သိမ်းဆည်းခံ မြေပိုင်ရှင်တောင်သူများက စုစုပေါင်း ၁၀၇ ဒသမ ၈၂ ဧက သိမ်းယူထားသည်ဟု ဆိုထားသော်လည်း မြေဧက ၁၀၃ ဒသမ ၇၇ ကိုသာ သိမ်းယူထားသည်ဟု ဟုန်းပန်းကုမ္ပဏီတာဝန်ခံမန်နေဂျာဦးထယ်ရှင်းက ပြောသည်။

“စိုက်ပျိုးရေးကတော့ နှစ်တိုင်းအရှုံးပေါ်နေတယ်။ ရပ်နားမှုတော့ မရှိသေးဘူး။ ဘာဆက်လုပ်မယ်ဆိုတာ ကျွန်တော်တို့လည်း မသိဘူး” ဟု ဟုန်းပန်းကုမ္ပဏီမှ လက်ထောက်မန်နေဂျာ ဦးစိုးဝင်းက ပြောသည်။

ဟုန်းပန်းကုမ္ပဏီက သိမ်းယူထားသော လယ်ယာမြေများသည် စိုက်ပျိုးရန် လယ်ယာမြေကောင်းများဖြစ်ကြောင်း အဆိုပါ လယ်ယာမြေများ သိမ်းဆည်းခံထားရသော ဒေသခံကိုဝင်းထွန်းက ဆိုသည်။

“နစ်နာကြေးပေး၊ မပေးဆိုတာ ကျွန်တော်တို့ပြောလို့မရဘူး။ ပြောပိုင်ခွင့်လည်း မရှိဘူး”ဟု အဆိုပါ အပူပိုင်း စမ်းသပ်စိုက်ပျိုးရေးဟုန်းပန်းကုမ္ပဏီတာဝန်ခံမန်နေဂျာ ဦးထယ်ရှင်းက ပြောကြားသည်။

အဆိုပါ လယ်ယာမြေများ သိမ်းယူခံခဲ့ရခြင်းကြောင့် တောင်သူများအနေဖြင့် စားသောက်နေထိုင်ရေးအတွက် ရပ်တည်ရန် ခက်ခဲပြီး အဆိုပါ လယ်ယာမြေ တန်ဖိုးမှာ ယခုကာလတစ်ဧကပေါက်ဈေး ကျပ်သိန်း ၅၀၀ ဝန်းကျင်ရှိကြောင်း လယ်ယာမြေ ၁၀ ဧက သိမ်းဆည်းခံထားရသော မိုးနတ်ကုန်းကျေးရွာမှ ဦးမောင်စန်းက ပြောသည်။

# သဖန်းဆိပ်ဆည် ရေမပေးနိုင်သဖြင့် ရွှေဘိုခရိုင်အတွင်းရှိ လယ်ဧကနှစ်သိန်းကျော် နွေစပါးမစိုက်နိုင်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဧပြီ-၂၂**

သဖန်းဆိပ်ဆည်မှ ရေမပေးနိုင်ခြင်းကြောင့် ရွှေဘိုခရိုင်အတွင်းရှိ လယ်ဧကနှစ်သိန်းနှစ်သောင်းခန့် ယခုနှစ်နွေစပါးမစိုက်ပျိုးနိုင်တော့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ပြောသည်။

“အရင်နှစ်တွေတုန်းက နွေစပါးအတွက် ဒေသတွင်းရှိတဲ့ လယ်ဧက သုံးသိန်းနှစ်သောင်းအတွက် ရေကို လုံလုံလောက်လောက် ပေးနိုင်ခဲ့တယ်။ ဒီနှစ်ကတော့ ရေနည်းနေတဲ့အတွက် တိုင်းဒေသကြီးအစိုးရနဲ့ တိုင်းဒေသကြီးစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့တို့ရဲ့ ဆုံးဖြတ်ချက်အရ လယ်ဧကတစ်သိန်းအတွက်ပဲ ရေပေးနိုင်ခဲ့တာပါ” ဟု ၎င်းက ပြောသည်။

ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်ခုနစ်မြို့နယ်တွင် လယ်ဧက သုံးသိန်းနှစ်သောင်းကျော်ရှိပြီး ကျွန်းလှမြို့နယ်တွင် တည်ဆောက်ထားသော သဖန်းဆိပ်ဆည်မှ နွေစပါးအတွက် နှစ်စဉ်ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့သည်။ သို့သော် ပြီးခဲ့သည့်နှစ်က မိုးခေါင်ခဲ့သောကြောင့် ဆည် အတွင်းသိုလှောင်နိုင်သည့် ရေ ပမာဏလျော့နည်းခဲ့ပြီး ဝက်လက်မြို့နယ်ရှိ နွေစပါးစိုက်ဧက လေးသောင်းကျော်အပါအဝင် ကျန်မြို့နယ် ခြောက်မြို့နယ်မှ စုစုပေါင်းလယ်ဧက နှစ်သိန်းနှစ်သောင်းအတွက် ရေမပေးနိုင်ခဲ့ကြောင်း သိရသည်။

“ဆည်ထဲမှာရှိနေတဲ့ ရေအကုန်လုံးကို ထုတ်သုံးလို့မရပါဘူး။ တကယ်လိုအပ်တဲ့အချိန်ကျမှ ရေပြတ်သွားရင် ဒေသတစ်ခုလုံးအတွက် ဝမ်းစာအခက်အခဲဖြစ်သွားမှာ။ ရေကိုကန့်သတ်ချက်နဲ့ ပေးနေရပါတယ်”ဟု ဦးဝင်းမြင့်က ဆိုသည်။

သဖန်းဆိပ်ဆည်မှ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းနှင့် ကန့်ဘလူမြို့နယ်များရှိ နွေစပါးစိုက်ဧက အားလုံးအတွက် နှစ်စဉ်ရေပေးနိုင်ခဲ့သော်လည်း ဝက်လက်မြို့နယ်မှာ သဖန်းဆိပ်ဆည်နှင့် အဝေးဆုံးဖြစ်နေသောကြောင့် ရေမပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှရွှေက ပြောသည်။

ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်ခြောက်မြို့နယ်မှ နွေစပါးစိုက်ဧကတစ်သိန်းမှာ သဖန်းဆိပ်ဆည်မှ ရေကို မျှဝေရရှိခဲ့သော်လည်း ဝက်လက်မြို့နယ်ရှိလယ်ဧကအားလုံးမှာ ရေမရ၍ နွေစပါး မစိုက်ခဲ့ရကြောင်း ဒေသခံများက ပြောသည်။

“ဆည်နဲ့အရမ်းဝေးလို့ ဒီနှစ်နွေစပါးအတွက် ရေမရနိုင်တော့ဘူးလို့ သိရပါတယ်။ ရေမရရင် စပါးမှမဟုတ်ဘူး။ တခြားသီးနှံလည်း စိုက်လို့မရပါဘူး” ဟု ဝက်လက်မြို့နယ် လှတောရွာမှ တောင်သူ ဦးစန်းယုက ပြောသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက “ဆည်မတည်ဆောက်ခင်က နွေစပါးအတွက်ကို မြေအောက်ရေနဲ့ အဓိကစိုက်ပျိုးခဲ့တာပါ။ တွင်းဟောင်းတွေကို ပြန်ဖော်ပြီး အသုံးပြုမယ်ဆိုရင် လယ်ဧက အားလုံးမဟုတ်ရင်တောင် တချို့တစ်ဝက်အတွက် အဆင်ပြေနိုင်ပါတယ်” ဟု ပြောသည်။

# မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်း ထပ်မံပြောင်းရွှေ့ရမည်ဆိုသော သတင်းများ ထွက်ပေါ်

**မိုးညို၊ ဆွေမွန်**

**ရန်ကုန်၊ ဧပြီ-၂၂**

မတ်လအတွင်းက ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းမှ ပြောင်းရွှေ့လာခဲ့သည့် မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်း (ယာယီ)ကိုထပ်မံပြောင်းရွှေ့မည်ဆိုသော သတင်းများ ထွက်ပေါ်နေကြောင်း အဆိုပါယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားဝယ်ရောင်းသမားများက ပြောသည်။

“သုံးလအတွင်း ပြောင်းပေးရမယ်လို့ ကြားနေတယ်။ မြို့စွန်တစ်နေရာရာကို ထပ်ပြီးပြောင်းရမယ်ထင်တယ်”ဟု မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားဝယ်ရောင်း ဦးမင်းဦးက ပြောသည်။

မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းယာယီအား ပြီးခဲ့သည့် မတ်လကစတင်ပြီး မော်တော်ယာဉ်အရောင်းအဝယ်ပြုလုပ်ရန် ယာယီစခန်းအဖြစ် ထားရှိပေးခဲ့ပြီး ယာဉ်ရပ်နားခ ညအိပ်ခများကို ဧပြီလ ၂၂ရက်မှစတင်ကောက်ခံလျက်ရှိကြောင်း ကားဝယ်ရောင်းသမားများက ပြောသည်။

လက်ရှိတွင် အဆိုပါ ယာဉ်ရောင်းဝယ်ရေးစခန်း၏ မြေနေရာမှာ သူနာပြုတက္ကသိုလ်ပိုင် မြေနေရာဖြစ်ကာ ယခင်က တော်ဝင်ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်ငန်းသုံးပစ္စည်းများ ထားရှိရာ မြေနေရာဖြစ်သည်။ “လောလောဆယ်ပြောလို့တော့ မရသေးဘူး။ အဲဒီမြေနေရာက ကျန်းမာရေးဝန်ကြီးဌာနက ပိုင်တယ်လေ။ သူတို့က ဖယ်ဆိုရင် ချက်ချင်းဖယ်ပေးရမှာ” ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်းနှင့် တံတားမှ အဆင့်မြင့် အရာရှိတစ်ဦးက ပြောသည်။

ရန်ကုန်မြို့၌ လတ်တလော နေရာသုံးခုတွင် ယာဉ်အရောင်းအဝယ်ပြုလုပ်နေကြပြီး သီရိမင်္ဂလာဈေးဟောင်းနေရာမှာ အမြဲတမ်း ယာဉ်ရောင်းဝယ်ရေးစခန်းအဖြစ်ထားရှိပြီး ကျွန်းတောလမ်းမပေါ်တွင်လည်း အများစုက ဆက်လက်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ ထို့ကြောင့် ယာယီအဖြစ်ထားရှိသည့် မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းမှာ ယာယီသဘောသာ ဖြစ်ကြောင်း အဆိုပါ ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားပွဲစား ဦးကျော်စွာဦးက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး သူနာပြုတက္ကသိုလ်သို့ ဆက်သွယ်မေးမြန်းရာ မြေနေရာမှာ မိမိတို့အပိုင်ဖြစ်သော်လည်း ဆက်လက်တိုးချဲ့ရန်ရှိ၊ မရှိကို လတ်တလောမသိရှိရသေးကြောင်း တာဝန်ကျအရာရှိတစ်ဦးက ပြန်လည်ဖြေကြားသည်။

မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းမှာ မြေ ၁၁ ဧကကျော်ကျယ်ဝန်းပြီး ယာဉ်ကြီး၊ ယာဉ်ငယ်ပေါင်း ၁,၀၀၀ ကျော် ရပ်နားကာ နေ့စဉ်အရောင်းအဝယ်များပြုလုပ်လျက်ရှိသည့် ယာဉ်ရောင်းဝယ်ရေးစခန်းတစ်ခုလည်းဖြစ်သည်။ စတင်အသုံးပြုသည့်နေ့မှစတင်ပြီး ပြည်လမ်းမပေါ်နှင့်မင်းရဲကျော်စွာလမ်းမပေါ်တွင် နေ့စဉ်ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့မှုများလည်းဖြစ်ပေါ်လျက်ရှိသည်။

ထို ယာဉ်ရောင်းဝယ်ရေးစခန်းပြောင်းရွှေ့ရပါက ဒဂုံမြို့သစ်၊ လှိုင်သာယာ၊ ရွာသာကြီးအစရှိသော မြို့စွန်နေရာများတွင် ပြောင်းရွှေ့ရဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေ၍ သက်ဆိုင်ရာဌာနများသို့ အတည်ပြုမေးမြန်းသည့်အခါ အတည်ပြုဖြေကြားနိုင်ခြင်း မရှိသေးပေ။

# ပဲမျိုးစုံဈေးနှုန်းတရိပ်ရိပ်တက်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ဧပြီ-၂၂**

ပဲအထွက်လျော့ပြီး လှောင်သမားများ ဝယ်ယူစုဆောင်းနေမှုကြောင့် ပြည်တွင်းပဲမျိုးစုံဈေးနှုန်း တရိပ်ရိပ်မြင့်တက်လာကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သတင်းရရှိသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် ပြည်တွင်းပဲမျိုးစုံအထွက်သည် ၅၀ ရာခိုင်နှုန်း လျော့ကျလာခြင်း၊ အိန္ဒိယဝယ်လက်များကပြည်တွင်း ကုန်သည်များ ရောင်းလိုသည့် ဈေးနှုန်းကို လိုက်ပါပေးလာသည့်အတွက် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါ အသင်းမှ အထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးကဆိုသည်။

“ပဲမျိုးစုံအထွက်က မူလမှန်းထားတာထက် တော်တော်လျော့သွားတယ်။ ဒီဘက်က ပဲအထွက်လျော့တာကို ဝယ်လက်ကသိတော့ လိုချင်တဲ့ဈေးအတိုင်း လိုက်ပေးလာတော့ ဈေးတက်တာပေါ့” ဟု ဦးမင်းကိုဦးကဆိုသည်။

ပြည်တွင်းပဲမျိုးစုံဈေးနှုန်းများမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကျပ်တစ်သိန်းမှ တစ်သိန်းခွဲကြား မြင့်တက်လာခြင်းဖြစ်သည်။ လက်ရှိတွင် မတ်ပဲမှာ တစ်တန်လျှင် ကျပ်ငါးသိန်းခုနစ်သောင်းရှိသော်လည်း ဇန်နဝါရီ၊ ဖေဖော်ဝါရီလများက လေးသိန်းခွဲဝန်းကျင်သာရှိခဲ့သည်။

“ငွေဈေးတက်လာတာရယ်။ တောင်သူတွေက ပဲကို နည်းနည်းထိန်းရောင်းတာကြောင့် ဝယ်လိုအားများပြီး ဈေးတက်လာတာပါ” ဟု ပခုက္ကူမြို့နယ်မှ ပဲကုန်သည်တစ်ဦးက ဆိုသည်။

နယ်ဈေးကွက်တွင် လက်ရှိ ပဲပေါက်ဈေးမှာ သကြ်န်မတိုင်မီနှင့် နှိုင်းယှဉ်ပါက တစ်အိတ်လျှင် ကျပ်တစ်ထောင်မှ နှစ်ထောင်ကြား ဈေးတက်လာကြောင်း သိရသည်။

ထို့အပြင် ငွေလဲနှုန်းမှာလည်း တဖြည်းဖြည်း မြင့်တက်လာသဖြင့် ပဲဈေးမြင့်တက်မှုကို အထောက်အကူဖြစ်ကြောင်း ပဲကုန်သည်ကြီးများက ဆိုသည်။ ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် ဒေါ်လာဈေး မြင့်တက်လာပြီး ဧပြီ ၂၂ ရက်တွင် အမေရိကန်တစ် ဒေါ်လာလျှင် ကျပ်ငွေ ၈၉၄ ကျပ်အထိ ဈေးဖြစ်လာသည်။

7DAY NEWS JOURNAL
Vol.12, No.7 • APRIL 25 , 2013

# စေတီတော်ပုံ ပါရှိသော ပိတ်စလိပ်များရောင်းချသည့် ဆိုင်ရှင်အားအမှုဖွင့်

**သန်းဌေး**

ရန်ကုန်၊ မေ-၂၂

ထိုင်းနိုင်ငံမှ တင်သွင်းရောင်းချသည့် ပန်းဆီရောင် ပန်းပွင့်ဒီဇိုင်း ရိုက်နှိပ်ထားသော ပိတ်စလိပ် များ၏ အတွင်းဘက်အနားတစ်လျှောက်တွင် စေတီတော်ပုံများပါရှိသည့် အထည်လိပ်များ ရောင်းချသော အထည်ဆိုင်ရှင်ကို သာသနာတော်ညှိုးနွမ်းစေအောင်လုပ်ဆောင်သောပုဒ်မဖြင့် အမှုဖွင့်၍ တရားရုံးသို့တင်ပို့ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

အဆိုပါကိစ္စကို တိုင်တန်းသူရှိလာသောကြောင့်ရဲစခန်းက အမှုကိုလက်ခံကာတရားရုံးသို့ ဆက်လက်တင်ပေးနိုင်ရန် စီစဉ်နေကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းမှူး ရဲအုပ်သက်နိုင် ကပြောသည်။

“အမှုဖွင့်ပေးထားပြီးအဲဒီအမှုကိုခိုင်ခိုင်မာမာတည်ဆောက်နေပါတယ်။ အရေးယူပေးနိုင်ဖို့ တရားရုံးကိုတင်ပေးမယ်” ဟု၎င်းကပြော သည်။

ယုဇနပလာဇာအနီးရှိ မေခလာသိန်း (သမီး) အထည်မျိုးစုံလက်လီလက်ကားဆိုင်မှအထည်ဝယ်ယူခဲ့သူများကထဘီစကိုပြောင်းပြန်လှန်ကြည့်ပါက အနားတစ်လျှောက်တွင် စေတီတော်ပုံများတွေ့ရှိရသည်ဟု လာရောက်ပြောကြားရာမှစတင်ကာအမှုဖွင့်အရေးယူခံရခြင်းဖြစ်ကြောင်း အထည်ဆိုင်ပိုင်ရှင်၏ သားဖြစ်သူ ဦးကျော်လှိုင်သိန်း ကပြောသည်။

“ကျွန်တော်တို့က အထည်စတွေကိုတစ်ဆင့်ယူရောင်းတဲ့ဆိုင်ပါ။ ပိတ်စလိပ်တွေကိုပြောင်းပြန်လှန်လိုက်မှ အတွင်းအနားတွေမှာပါနေတာ။ ရဲစခန်းကို ခုနစ်စလုံးအပ်လိုက်ပါပြီ။ အဲဒီကတည်းက ဆိုင်ကိုလည်း ပိတ်ထားလိုက်တယ်။ တစ်ဆိုင်လုံးမှာ ရှိသမျှ အထည်တွေကိုလည်း ရဲတွေက စစ်ဆေးပေးပါတယ်။ ထပ်မတွေ့တော့ပါဘူး” ဟု၎င်းကပြောသည်။

အဆိုပါပိတ်စလိပ်များသည် ၂၀၁၂ခုနှစ်ဒီဇင်ဘာလကမော်လမြိုင်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့ရှိ ဂိုဒေါင်သို့ ရောက်လာခဲ့၍ထိုအထဲမှ ထဘီတစ်ကွင်းစာစီကို ဖြတ်ကာ ကျပ် ၃,၀၀၀ နှုန်းဖြင့် ဧပြီ ၁၁ ရက်တွင် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ဦးကျော်လှိုင်သိန်း ကပြောသည်။

အဆိုပါအထည်ဆိုင်ပိုင်ရှင်များကပဋိပက္ခဖြစ်ချိန်မှစတင်ကာဆိုင်ပိတ်ထားရာမှဆယ်ရက်ကြာချိန်တွင်ပင့်ဖိတ်လာသောကြောင့် ဆွမ်းစားကြွကာ ပရိတ်ရွတ်ပေးခဲ့ကြောင်း ရွှေဝါရောင်သံဃာတော်များကွန်ရက်မှ ဆရာတော် ဦးပဏ္ဏဝံသက မိန့်ကြားသည်။

“ပဋိပက္ခဖြစ်လို့ ဆိုင်ပိတ်ထားတာကို အခုငြိမ်းချမ်းသွားလို့ ဆိုင်ပြန်ဖွင့်တာ။ နှစ်သစ်ကူးမှ သံဃာတော်တွေကို ပင့်ဖိတ်ပြီး အန္တရာယ်ကင်းပရိတ်ရွတ်ကြဖို့ သွားလိုက်တာပါ” ဟုဆရာတော်က မိန့်ကြားသည်။

အထက်ပါဖြစ်စဉ်မှာသာမန်အရောင်းအဝယ် လောကတွင် ရောင်းမှားဝယ်မှားဖြစ်ကာ ရောထွေး ပါဝင်ခြင်းသာ ဖြစ်နိုင်၍ ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီခွဲခန့်မှ ၁၂နာရီအချိန်အထိ မေခလာသိန်း (သမီး) အထည်ဆိုင်တွင် သံဃာတော်၁၅ပါးကို ဆွမ်းကပ်ခြင်းမှာလည်းသတင်းများမှားနေသလိုဝန်ချတောင်းပန်ခြင်း မဟုတ်ကြောင်း ကိုယ်တိုင်သွားရောက်ခဲ့သော မင်္ဂလာ တောင်ညွန့်မြို့နယ်မှ ရဲအရာရှိတစ်ဦး ပြောသည်။

ထို့ကြောင့် မေခလာသိန်း (သမီး) အထည်ဆိုင်ပိုင်ရှင်၏ သားကို ဧပြီ ၁၁ရက်ညနေတွင် မင်္ဂလာတောင်ညွန့်ရဲစခန်းက ပုဒ်မ ၂၉၅ဖြင့် အမှုဖွင့်ကာ ဧပြီလ၁၄ရက်ညတွင်ရဲစခန်း၌ တစ်ညချုပ်ပြီးနောက်တစ်နေ့တွင် အာမခံပေး၍တရားရုံးတင်နိုင်ရေးအတွက်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။



လေပြင်းတိုက်ခဲ့ရာ ဈေးကုန်းရပ်ကွက်မြင်ကွင်း

ဓာတ်ပုံ-ညီညီဇော်

# မန္တလေးတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦး ထိခိုက်ဒဏ်ရာရ

**ညီညီဇော်**

ရန်ကုန်၊ မေ-၂၃

ယမန်နေ့ညက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် စစ်ကိုင်း-မန္တလေး ရောဝတီကန်ပတ်လမ်းရှိ အမရပူရမြို့နယ် ဈေးကုန်းရပ်ကွက်မှ လက်ပံပင်ကျိုးကျရာ လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် သုံးလုံးပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

လက်ဖက်ရည်ဆိုင်၊ ဈေးဆိုင်နှင့် သစ်အရောင်းဆိုင် သုံးဆိုင်ပျက်စီးသွားခဲ့ကြောင်း ထိခိုက်ဒဏ်ရာရသူ နှစ်ဦးမှာ ဈေးရောင်းနေသော အသက်(၃၈)နှစ်အရွယ် မစန်းရီဆိုသူနှင့် အသက်(၁၃)နှစ်အရွယ် လက်ဖက်ရည်ဆိုင် စားပွဲထိုးကလေးငယ် ပြည့်စုံအောင်တို့ဖြစ်ကြောင်း ၎င်းတို့၏မိသားစုဝင်များက ပြောသည်။

“ကျွန်တော့် အမျိုးသမီးက ဈေးဆိုင်ဖွင့်ထားတာဆိုတော့ ဈေးရောင်းနေရင်း ဖြစ်သွားတာ။ ခါးရိုးကျိုးသွားတယ်၊ ခြေသလုံးရိုးကျိုးသွားတယ်။ ခါးတော့တော်တော်နာနေတယ်ပြောတယ်” ဟု ဒဏ်ရာရသူ အမျိုးသမီး၏ ခင်ပွန်း ကိုမောင်တင့်က ပြောသည်။

“ကလေးက ဘေးကဈေးဆိုင်ကို သွားရင်း ခုလိုဖြစ်တာပါ။ မေးစေ့ ကွဲသွားတယ်။ မျက်နှာလည်းနည်းနည်းပွန်းပဲ့သွားတယ်” ဟု ထိခိုက်ဒဏ်ရာရသူ စားပွဲထိုးကလေးငယ် လုပ်ကိုင်နေသော လက်ဖက်ရည်ဆိုင်ပိုင်ရှင် မလှလှနွယ်က ပြောသည်။ ထိခိုက်ဒဏ်ရာရသူ နှစ်ဦးမှာ မန္တလေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေပြီး အသက်အန္တရာယ်စိုးရိမ်ဖွယ် မရှိကြောင်း မိသားစုဝင်များက ပြောသည်။

မန္တလေးမြို့တွင် တိုက်ခတ်ခဲ့သော လေပြင်းကြောင့် စစ်ကိုင်း-မန္တလေး ကန်ပတ်လမ်း တစ်လျှောက်ရှိ သက်တမ်းရင့် လက်ပံပင်နှင့် ကုက္ကိုပင်အချို့ လဲပြိုခဲ့သည်ကို တွေ့ရသည်။

# တန့်ယန်းရှိ ဒုက္ခသည် ၄၀၀ ကျော်အတွက် အရေးပေါ် အကူအညီများ လိုအပ်

**အောင်ခိုင်၊ ထွန်းခိုင်**

**ရန်ကုန်၊ မေ-၂၂**

တန့်ယန်းမြို့တွင် နယ်မြေမငြိမ်သက်မှုများကြောင့်အောင်မင်္ဂလာကျောင်းတိုက်တွင် ခိုလှုံနေကြသော ဒုက္ခသည်များအတွက် အရေးပေါ် အကူအညီများ ပေးအပ်ရန် လိုအပ်နေကြောင်း သတင်းရရှိသည်။

အဆိုပါဒုက္ခသည်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် လွယ်စေးကျေးရွာအုပ်စုမှ အများစုဖြစ်ပြီး အစိုးရနှင့် SSA မြောက်ပိုင်းတို့ကြား မတ်လနှောင်းပိုင်းတွင် စတင်ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် တိမ်းရှောင်လာကြခြင်းဖြစ်ကြောင်း သိရသည်။

“လူဦးရေစုစုပေါင်း၄၃၆ ဦး၊ အိမ်ထောင်စု ၁၀၄ စုဖြစ်ပြီး အမျိုးသမီးနဲ့ကလေးတွေအများစုပါဝင်တယ်။ လက်နက်ကြီးတွေကျမှုကြောင့် ထွက်ပြေးလာကြတာပါ။ အမျိုး သမီးတွေဆို အဝတ်တစ်ထည်ပဲပါတယ်။ အခုအဝတ်အထည်နဲ့အခင်းတွေ၊ရိက္ခာတွေလိုပါတယ်” ဟုဒုက္ခသည်များကိုစောင့်ရှောက်နေသောပလောင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးမောင်ကို က ပြောသည်။

ယခုအခါ တိုက်ပွဲများ အတန်ငယ် ငြိမ်သက် သွားသော်လည်း အဆိုပါ ဒုက္ခသည်များသည်နေရပ်များသို့မပြန်ရဲကြသောကြောင့် ၎င်းတို့ကို ရေရှည်စောင့်ရှောက်ရန် အခက်အခဲကြုံတွေ့နိုင်ကြောင်း ဒေသခံလူမှုရေးအဖွဲ့ အစည်းများက ပြောသည်။

“အခု သူတို့ကို ထားတာက တရားထိုင်တဲ့ဇရပ်မှာ။ မကြာခင် တရားစခန်းဖွင့်ဖို့ရှိတော့ ဆရာတော်နဲ့တိုင်ပင်ပြီး သူတို့ကို ဘယ်မှာ နေရာချရမလဲ။ ပြီးတော့ ရေရှည်အတွက်လည်း စိုးရိမ်မိတယ်။ ရိက္ခာကအစပေါ့” ဟု ဒုက္ခသည် ကယ်ဆယ်ရေးကော်မတီဝင် တစ်ဦးက ပြောသည်။

အစိုးရနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA မြောက်ပိုင်းသည် ယမန်နှစ် ဇန်နဝါရီလက အပစ်အခတ်ရပ်စဲရေး သဘောတူညီထားခဲ့သည်။

# ဒေါက်တာဆိတ်ဖွား စုံစမ်းမှုသုံးသပ်ချက် လာမည့်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းမည်

**မင်းဟိန်းကျော်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊မေ-၂၃**

ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ကော်မရှင်ဖွဲ့စုံစမ်းနေသော ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားအင်တာနက်ဝက်ဘ်ဆိုက်ရေးသားသူစုံစမ်းမှု သုံးသပ်ချက်ကို ဇွန်လအတွင်း ပြန်လည်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်သွင်းမည်ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။

“ဒီကိစ္စကို စုံစမ်းစစ်ဆေးခဲ့တဲ့ နေရာမှာ ဒေါက်တာဆိတ်ဖွားဘယ်သူဆိုတာ ကျွန်တော်တို့က ဆုံးဖြတ်ရမှာ မဟုတ်ပါဘူး။ ဘယ်သူဖြစ်နိုင်တယ်ဆိုတာပဲ သုံးသပ်ထားတာပါ။ အဲဒီသုံးသပ်ချက်ကို လွှတ်တော်တင်ပြီး လွှတ်တော်က ဆုံးဖြတ်ရမှာဖြစ်ပါတယ်” ဟု အဆိုပါ ပုဂ္ဂိုလ်ကပြောသည်။

ဇန်နဝါရီ ၁၇ရက်တွင်ပြုလုပ်ခဲ့သော ပြည်ထောင်စု လွှတ်တော်အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာစိုးရင်က ဒေါက်တာ ဆိတ်ဖွား၏ အင်တာနက်ဆောင်းပါးသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသဖြင့် ဆောင်းပါးရေးသားသူကို ကော်မရှင်ဖွဲ့ ဖော်ထုတ်ပေးရန် အရေးကြီးအဆို တင်သွင်းခဲ့ခြင်းဖြစ်သည်။

# လေအိုးပေါက်ကွဲမှုကြောင့် သုံးဦး သေပြီး ငါးဦး ဒဏ်ရာရ

**ငြိမ်းချမ်း၊ မိုးညို၊ ဖွဲ့ညက်**
**ရန်ကုန်၊မေ-၂၃**

စော်ဘွားကြီးကုန်း၊ ၆ လမ်း ရှိ ငွေလမင်းသံပစ္စည်းရောင်းဝယ်ရေးဆိုင်တွင်သံပိုက်ဖြတ်ရာမှလေအိုးပေါက်ကွဲမှုကြောင့် လူ သုံးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်းသတင်းရရှိသည်။

ဧပြီလ ၂၃ရက်နေ့ နေလယ်က ပေါက်ကွဲခြင်း ဖြစ်ကြောင်း စော်ဘွားကြီးကုန်း စည်ပင်သာယာရေး အခွန် ဌာနမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

"သူတို့သံပိုက်ဖြတ်နေတာက နေ့တိုင်းပဲ ဒီနေ့မှသံပိုက်ဖြတ်တဲ့ လေအိုးကပေါက်သွားတာ၊ ပိုင်ရှင်က ဖြစ်ခါစကရှိတယ်ပြောတယ်။ အခုဆက်သွယ်လို့မရတော့ဘူး" ဟု ၎င်းကပြောသည်။



*ပေါက်ကွဲမှု ဖြစ်ပွားအပြီး တွေ့ရစဉ်* ဓာတ်ပုံ - ကျော်ဇင်သန်း

အဆိုပါသေဆုံးမှုတွင် ကလေးငယ်တစ်ဦးပါဝင်ကြောင်း အင်းစိန်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

သံချောင်းများဖြတ်နေစဉ် အသုံးပြုသော လေအိုးပေါက်ကွဲသွားခြင်းကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိ သူများမှာ မြင်မကောင်းအောင် ဒဏ်ရာရရှိ နေကြောင်းယင်းဆိုင်အနီးရှိမြင်တွေ့ခဲ့ရသော အမျိုးသားတစ်ဦးကပြောသည်။

"ပိုက်တဲထဲကိုမီးဝင်တဲ့အချိန်မှာ အသံမြည်တယ်။ အဲဒီအချိန်မှာ ပိုက်ကိုခေါက်လိုက်ရမှာ၊ ပိုက်ကိုမခေါက်လိုက်လို့ဖြစ်သွားတာ။ မကျွမ်းကျင်တာလည်းပါတယ် "ဟု စော်ဘွားကြီးကုန်း ၇ လမ်းအတွင်းရှိ အဆိုပါလုပ်ငန်းကျွမ်းကျင်သူတစ်ဦးက ပြောသည်။

ဒဏ်ရာရရှိသူ လေးဦးအနက်တွင် တစ်ဦးမှာစိုးရိမ်စရာ အနေအထားတွင် ရှိနေကြောင်းထပ်မံ သတင်းရရှိသည်။

# အုပ်ချုပ်ရေးမှူးရုံးများတွင် ဆင်းမ်ကတ်မဲပေါက်သူများအား ထုတ်ပေး

**ဆွေမွန်**
**ရန်ကုန်၊ မေ-၂၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ်များကိုသက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ သတ်မှတ်အရေအတွက်အလိုက် ချထားပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ မြို့နယ်များသို့ ခွဲဝေချထားပေးပြီး ယခုအခါ ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ် မဲပေါက်သူများ အနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် စာရွက်စာတမ်းနှင့် စာချုပ်ကိုဖြည့်စွက်ကာ လိုင်စင်ဓာတ်ပုံ နှစ်ပုံပေး၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ လာရောက် ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတ်မှတ်ထားသည့်အချက်အလက်ပြည့်စုံမှန်ကန်ပါက မေ ၂၃ ရက်မှစတင်ကာ ဆင်းမ်ကတ်များကို ထုတ်ယူနိုင်ပြီး အမှန်တကယ်ရောင်းချပေးမည့် ၂၄ ရက်နှင့် အချိန်ကိုက်ရောင်းချနိုင်ရန် နှစ်ရက်ကြိုတင်၍ စာရွက်စာတမ်းများဖြည့်စွက်ရန် ပေးထားပြီးဖြစ်ကြောင်း ဆင်းမ်ကတ် ၃၆၀၀ ရောင်းချခွင့်ရသည့်သာကေတမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးပေါင်း၍ CDMA ဆင်းမ်ကတ် ၃၅၀,၀၀၀ ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မေ ၂၄ ရက်တွင် ရောင်းချပေးမည်ဟု လဆန်းပိုင်းက ထုတ်ပြန်ထားသည်။

# အကျဉ်းသားစုစုပေါင်း ၉၃ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြု

**အိဖြူလွင်၊ ရန်မျိုးနိုင်၊ထွန်းနိုင်။**
**ရန်ကုန် မေ-၂၃**

နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသား ၉၃ ဦးကိုကြိုတင်ကြေညာခြင်းမရှိဘဲ အစိုးရကယနေ့တွင် လွတ်ငြိမ်းချမ်း သာခွင့်ပြုလိုက်သည်။

နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့်လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် အကျဉ်းသားများတွင် နိုင်ငံသား ၉၀ ဦးနှင့် နိုင်ငံခြားသား သုံးဦး စုစုပေါင်း ၉၃ ဦးဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က အတည်ပြုသည်။

"နိုင်ငံတော်သမ္မတအမိန့်နဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တာပါ" ဟု အင်းစိန်အကျဉ်းထောင်ကတာဝန်ကျအရာရှိကပြောသည်။

အင်းစိန်အကျဉ်းထောင်ရှိ လက်ရှိစာရင်းအရလွတ် မြောက်လာသူ ၁၀ ဦးရှိပြီး ၎င်းတို့အထဲတွင် နိုင်ငံရေးအကျဉ်းသား ၆ ဦး ပါဝင်ကြောင်း လွတ်မြောက်လာသူများနှင့် နိုင်ငံရေးအကျဉ်းသားများအရေးဆောင်ရွက်သူများက ပြောသည်။

၎င်းတို့၏ အဆိုအရ ညနေ ငါးနာရီ ခန့် အထိ အင်းစိန်နှင့် သာယာဝတီအကျဉ်းထောင်များမှ အကျဉ်းသား ၉၀ ကျော် လွတ်မြောက်ခဲ့ကြောင်း၊ နိုင်ငံရေးအကျဉ်းသားဟုသတ်မှတ်ထားသူများလည်းပါဝင်ကြောင်း ၎င်းတို့က ပြောသည်။

မန္တလေး အိုးဘိုအကျဉ်းထောင်မှလည်း နိုင်ငံရေးအကျဉ်းသား နှစ်ဦးနှင့် မြင်းခြံအကျဉ်းထောင်မှလည်း လားရှိုးမြို့နေသူ နိုင်ငံရေးအကျဉ်းသား ခြောက်ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

သို့သော်အကျဉ်းသားအရေအတွက်နှင့်နိုင်ငံရေးအကျဉ်းသားများမည်မျှပါဝင်သည်ကိုသီးခြားတရားဝင် အတည်ပြုချက်မရရှိသေးပေ။

ယခုတစ်ကြိမ်လွတ်မြောက်ခြင်းကို ယခင်အကြိမ်များကဲ့သို့ ကြိုတင်ကြေညာခြင်း၊ နိုင်ငံရေးအကျဉ်းသားများ အရေးတက်ကြွလှုပ်ရှားသူများပင်ကြိုတင်သိရှိခြင်းမရှိခဲ့သည်မှာထူးခြားကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများကပြောသည်။

"ကျွန်တော့်တို့ပြောထားတာ လွှတ်မယ်ဆိုရင်လည်း လက်ကျန်နိုင်ငံရေးအကျဉ်းသားလွှတ်တယ်ဆိုတဲ့ ခေါင်းစဉ်အောက်ကပဲလွှတ်ဖို့ တိုက်တွန်းထားတာ။ အခုကဘယ်သူမှ ကြိုတင်မသိဘဲ လွှတ်တာတော့ထူးဆန်းတယ်" ဟု နိုင်ငံရေးအကျဉ်းသားဟောင်းဦးဝင်းတင်ကပြောသည်။

နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးရာတွင်ဂုဏ်သိက္ခာရှိရှိလွှတ်ပေးရေးသည် အလွန်အရေးကြီးကြောင့်နိုင်ငံရေးအကျဉ်းသားဟောင်းဦးဝင်းတင်ကပြောသည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် အစိုးရအရာရှိများနှင့် ဒီမိုကရေစီအင်အားစုများ၊ နိုင်ငံရေးအကျဉ်းသားအရေးလှုပ်ရှားသူများပါဝင်သည့် လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီကို ဖေဖော်ဝါရီလအတွင်းကဖွဲ့စည်းခဲ့သည်။

အစိုးရသစ်တက်လာပြီးနောက်ပိုင်းတွင် လွတ်ငြိမ်းချမ်းသာခွင့် (၇)ကြိမ်ပေးခဲ့ပြီး ထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားပေါင်းသုံးသောင်းကျော်ကို လွှတ်ပေးခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများအရေးဆောင်ရွက်ရာတွင် ထင်ရှားသည့် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ ယခုနှစ် ဇန်နဝါရီ ၈ ရက် ထုတ်ပြန်ချက်တွင် အကျဉ်းထောင်များအတွင်း နိုင်ငံရေး အကျဉ်းသား ၂၂၂ ဦး ကျန်ရှိနေသေး သည်ဟုဆိုသည်။

ယနေ့လွတ်မြောက်လာသူများထဲတွင် ယခင် တပ်မတော်ထောက်လှမ်းရေးအဖွဲ့ လေတပ်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်သိန်းဆွေ၏သားဖြစ်သူဦးမြင့်ဆွေ(ခေါ်) ဦးဆန်နီဆွေလည်း ပါဝင်ကြောင်း သိရသည်။

# ဒေါ်အောင်ဆန်းစုကြည် မွန်ဂိုလီးယားသို့ တစ်ပတ်ကြာသွားရောက်မည်

**အိဖြူလွင်**
**ရန်ကုန်၊ မေ-၂၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မွန်ဂိုလီးယားနိုင်ငံသို့ ယခုလ ၂၇ ရက်မှစတင်ကာ ရက်သတ္တတစ်ပတ်ကြာ သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မေ ၃ ရက်အထိ သွားရောက်မည့်ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အရပ်ဘက်အဖွဲ့အစည်းနှင့် ထွန်းသစ်စဒီမိုကရေစီနိုင်ငံများရေးရာ အကြီးတန်းအကြံပေး ဒေါက်တာ Tomicah Tillemann နှင့်အတူ ပညာရှင်များအဖွဲ့ ဆွေးနွေးပွဲသို့ တက်ရောက်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရသိရှိရသည်။

မွန်ဂိုလီးယားနိုင်ငံတွင် ဧပြီ ၂၆ ရက်မှ ၂၉ ရက်အထိ ဒီမိုကရေစီနိုင်ငံများ၏ (၇)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးတွင် အရပ်ဘက်အဖွဲ့အစည်းများအားကောင်းလာရေးနှင့် ဒီမိုကရေစီစနစ်တိုးတက်ရန် အကူအညီပေးရေးကို ကနဦး အစီအစဉ်သစ်များနှင့် နည်းပညာများ ဖော်ထုတ်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည်အဆိုပါ အစည်းအဝေးသို့ တက်ရောက်မည်ဟုတ်၊ မဟုတ်ကိုမူ အတည်ပြုချက်မရသေးပေ။

# ပြည်တွင်းရှိ မွတ်ဆလင်များအရေး ဒေါ်အောင်ဆန်းစုကြည်၏ ဂျပန်ခရီးစဉ်အတွင်း ပြောကြားချက် ဝေဖန်မှုများရှိ

**အောင်နိုင်**
**ရန်ကုန်၊မေ-၂၂**

ဂျပန်နိုင်ငံခရီးစဉ်အတွင်း ပြည်တွင်းရှိ မွတ်ဆလင်များနှင့် စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်များကို ပြည်တွင်းနိုင်ငံရေးအင်အားစုအချို့က ဝေဖန်ပြောကြားလိုက်သည်။

ကချင်စစ်ပွဲ၊ ရခိုင်ကိစ္စကဲ့သို့သော တိုင်းရင်းသားအရေးကိစ္စများတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နှုတ်ဆိတ်နေခဲ့ပြီး ယခုကဲ့သို့ မွတ်ဆလင်များနှင့် ပတ်သက်၍ ကမ္ဘာ့မီဒီယာများသို့ပြောကြားခဲ့မှုအပေါ် နားလည်ရန် ခက်ခဲကြောင်း ဝေဖန်မှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့သည့် ဂျပန်ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံမှ လူနည်းစုမွတ်ဆလင်များကိုသူစိမ်း ဆန်ဆန် အလှမ်းဝေးစေခြင်းမှာ အလွန်ဝမ်းနည်းစရာကောင်းသော အနေအထားဖြစ်ကြောင်း ၎င်းတို့လုံခြုံမှုရှိကြောင်း ခံစားရစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံသားဥပဒေများကို ပြန်လည်သုံးသပ်သင့်ကြောင်း ပြောကြားခဲ့ပြီး ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ် သဘောထားပါသလား ဆိုသောမေးခွန်းကိုမူ တိုက်ရိုက်မဖြေကြားခဲ့ကြောင်း နိုင်ငံတကာသတင်းမီဒီယာများတွင် ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ယခုကဲ့သို့မွတ်ဆလင်များကိစ္စကိုသာ ပြောဆိုနေခြင်းသည် ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲသော ပြဿနာဖြစ်ခြင်း၊ အကြမ်းဖက်ဝါဒအန္တရာယ်နှင့်နိုင်ငံတကာဖိအားများကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်ပြောဆိုမှုများလည်း ရှိသည်။

"မွတ်ဆလင်ကိစ္စက အရမ်း Sensitive ဖြစ်တယ်။ အာရှ မွတ်ဆလင်နိုင်ငံတွေလို နိုင်ငံတကာဖိအားတွေလည်း ရှိနိုင်တယ်။ ဒါကြောင့် ဝင်ပြောတယ်လို့ ထင်တယ်။ ဒါပေမဲ့ တိုင်းရင်းသားအရေး ပြောသင့်တာကိုတော့ ပြောရမှာပေ့ါ။ အခု လုံးဝနှုတ်ဆိတ်နေတော့ ယုံကြည်မှုလျော့နည်းလာတာပေ့ါ"ဟုရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌဦးခွန်ထွန်းဦးက သုံးသပ်သည်။

ဒေါ်အောင်ဆန်းစုကြည် ဂျပန်ခရီးစဉ်အတွင်း ပြောကြားချက်များသည် တရားဥပဒေစိုးမိုးရေး (Rule of Law)ကို အခြေခံပြီးပြောဆိုခဲ့ခြင်းဟု ထင်မြင်ကြောင်း ၎င်းကိုဒီမိုကရေစီ Icon တစ်ခု အဖြစ် သတ်မှတ်ထားခြင်းကြောင့် တိုင်းရင်းသားအရေး၊ နိုင်ငံသား အရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် ၎င်းအနေဖြင့် အဓိကတာဝန် ရှိ၍ ပြောဆိုခဲ့သည်ဟု ထင်မြင်ကြောင်း မွတ်ဆလင်များနှင့် ဖွဲ့စည်းထားသည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရက်တစ်ပါတီမှ နိုင်ငံရေးနှင့် သုတေသန ဌာနမှူး ဦးသာအေးက ပြောသည်။

"အခု ဒေါ်အောင်ဆန်းစုကြည်ပြောသွားတာ အခြေအနေနဲ့ အချိန်အခါအရ အရမ်းလိုအပ်ပါတယ်။ ကျွန်တော်တို့ အမြင်ကတော့ သူ့တင်ပြချက်က တရားဥပဒေ စိုးမိုးရေးကို အဓိကထားပြီး ပြောတယ်ထင်တယ်။ နိုင်ငံသားအားလုံး လုံခြုံရေး၊ ငြိမ်းချမ်းစွာနေထိုင်ရေးကို ဦးတည်တယ်ထင်ပါတယ်"ဟု အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝဏ္ဏရွှေကပြောသည်။

အချပ်ပို

7 DAY NEWS JOURNAL

Vol.12, No.7 • APRIL 25 , 2013

# အခက်အခဲများ ရှိသော်လည်း သမ္မတဖြစ်လာရန် မျှော်လင့်ထားကြောင်း ဂျပန်နိုင်ငံတွင် ဒေါ်အောင်ဆန်းစုကြည်ပြော

**တိုကျို၊ ဧပြီ-၁၉**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အတားအဆီး အခက်အခဲများရှိနေသော်လည်း အခြားသောနိုင်ငံရေးပါတီခေါင်းဆောင်များကဲ့သို့ပင် နိုင်ငံ၏ သမ္မတဖြစ်လာရန် မျှော်လင့်ထားကြောင်း ဖွင့်ဟပြောဆိုလိုက်သည်။

ဂျပန်နိုင်ငံသို့ခေတ္တအလည်အပတ်ရောက်ရှိနေသော ဒေါ်အောင်ဆန်းစုကြည်က တိုကျိုတွင် သတင်းထောက်များ နှင့် တွေ့ဆုံရာ၌ "ကျွန်မအနေနဲ့သမ္မတဖြစ်ချင်ပါတယ်လို့ ပြောလိုက်တဲ့အခါ သတင်းသမားတော်တော်များများက အံ့သြခဲ့ကြတယ်ဆိုတာ ကျွန်မသိပါတယ်။ အစိုးရအဖွဲ့ရဲ့ အကြီးအကဲ တကယ်မဖြစ်ချင်ပါဘူးလို့ ပြောတဲ့ နိုင်ငံရေးပါတီ ခေါင်းဆောင်တစ်ယောက်ယောက်ကို များ ကျွန်မတွေ့ချင်စမ်းလှတယ်" ဟု ပြောသည်။ ဆက်လက်၍ ၎င်းက မြန်မာ့အခြေခံဥပဒေနှင့် ပတ်သက်၍လည်း "အခြေခံဥပဒေရဲ့ အချို့သော အစိတ်အပိုင်းတွေမှာ ကျွန်မကို သမ္မတ မဖြစ်အောင် တားမြစ်ထားတာတွေရှိနေတယ်လို့ ထင်ပါတယ်။ ဘယ်လိုအခြေခံဥပဒေက မှ လူတစ်ယောက်ကို စိတ်ထဲမှာထားပြီး ရေးသင့်တယ်။ ဒါမှမဟုတ်လည်း အဲဒီလူကိုနေရာတစ်ခုမှာ ထားမယ်၊ ဖယ်ထုတ်ထားမယ်လို့ လုပ်ပြီး မရေးသင့်ဘူး လို့ ကျွန်မထင်ပါတယ်" ဟုဆိုခဲ့သည်။



တိုကျိုမြို့တွင် ဒေါ်အောင်ဆန်းစုကြည် နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး တွေ့ဆုံစဉ်

ဓာတ်ပုံ - AFP

မြန်မာ့အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ဟာ အခြေခံဥပဒေကို သဘောတူညီနိုင်းမှုတွေက တစ်ဆင့်ပြင်ဆင်သွားဖို့ လိုအပ်ပါတယ်။ နိုင်ငံတွင်းကွဲပြားခြားနားနေတဲ့ အင်အားစုတွေအကြား ညှိနှိုင်းမှုရယူပြီး တိုင်းပြည်အောင် မြင်တိုးတက်လာအောင် ကျွန်မ ပြောင်းလဲချင်ပါတယ်" ဟု ပြော သည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်က စစ်တပ်နှင့် ပိုကောင်းသော ဆက်ဆံရေးရှိခြင်းသည် နိုင်ငံတော် အခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရေးအတွက် အကူအညီပေးနိုင်ကြောင်း ဂျပန်၌ရှိစဉ် အတွင်း ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက အခြေခံဥပဒေပြင်ဆင်ရန်အတွက် အမတ်နေရာ ၆၆၄ ဦး ရှိသောအမျိုးသားလွှတ်တော်တွင် အလိုလျောက်နေရာရထားသော တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းမှအပ ဖြစ်သောအမတ်နေရာ ၇၅ ရာခိုင်နှုန်း၏ထောက်ခံမှု လိုအပ်သည်ကိုလည်းသတိပြုမိကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဖိတ်ကြားချက်ဖြင့် ဂျပန်နိုင်ငံ သို့ အလည်အပတ်ရောက်လာခဲ့သော ဒေါ်အောင်ဆန်းစုကြည်သည် လာမည့်သောကြာနေ့ (ဧပြီ၁၉) အထိ ဂျပန်တွင် တစ်ပတ်ကြာရှိနေခဲ့ကာ ယခု ခရီးစဉ်သည် ၂၇ နှစ်တာအတွင်း ဂျပန်သို့ သူမ၏ ပထမဆုံးခရီးစဉ် ဖြစ်သည်။

# သင်္ကြန်တွင်း အမှုပေါင်း ၁၆၀ကျော် ဖြစ်ပွားခဲ့ကာ ယခင်နှစ်က ထက်ပိုများ

**ငြိမ်းချမ်း**

**ရန်ကုန်၊ဧပြီ-၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၃ခုနှစ် မဟာသင်္ကြန်ကာလတွင် သင်္ကြန်နှင့်ဆက်နွှယ်၍ ဖြစ်ပွားခဲ့သော မှုခင်းစုစုပေါင်း ၁၆၀ကျော်ရှိခဲ့ပြီး ယခင်နှစ်သင်္ကြန်များထက် မှုခင်းပိုများခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၁ခုနှစ်မဟာသင်္ကြန်ကာလတွင် အမှုပေါင်း ၆၀ကျော်၊ ၂၀၁၂ခုနှစ်မဟာသင်္ကြန်ကာလ တွင် အမှုပေါင်း ၁၅၀ခန့်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

"မှုခင်းတွေများလာတယ် ဆိုပေမယ့် ပြစ်မှုကြီးတဲ့မှုခင်းမျိုးတွေ သိပ်မပါပါဘူး။ အရင်နှစ် တွေက ပြစ်မှုကြီးတဲ့ မှုခင်းမျိုးတွေ များတယ်" ဟု ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် ဧပြီလ ၁၃ ရက်မှ ၁၆ ရက် အထိသေဆုံးသူ ၁၆ ဦးနှင့် ဒဏ်ရာရသူ ၈၃ ဦးရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထုတ်ပြန်ချက်စာရင်း ဇယားများအရ သိရသည်။

"လှိုင်ရဲစခန်းအနေနဲ့ သင်္ကြန်ကာလ ပြည်လမ်းမှာ အမှု ၂၁ မှု ဖမ်းဆီးနိုင်ခဲ့ပါတယ်။ အမှု သေးသေးလေးတွေများပါတယ်။ အရက်ပုန်းဆိုင်တွေ ကြိုတင်ဖမ်းဆီးမှုတွေလည်းလုပ်ခဲ့ပါတယ်" ဟု လှိုင်မြို့နယ်ရဲတပ်ဖွဲ့ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ခုနှစ် မဟာသင်္ကြန် ကာလတွင် ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ သင်္ကြန်နှင့်ဆက်နွှယ်၍ ဖြစ်ပွားခဲ့သော မှုခင်းများမှာ လူသတ်မှုနှစ်မှု၊ ယာဉ်တိုက်မှုတစ်ခု၊ ခိုက်ရန်ဖြစ်ပွားမှု ၁၅ မှု၊ ကာယိန္ဒြေဖျက်ဆီးမှုလေးမှု၊ ခိုးမှုမသင်္ကာဖမ်းဆီးမှု ၄၁မှု၊ ခိုးမှု (နိုက်) ခုနစ်မှု၊ လက်နက်ပုန်းမှု ခြောက်မှု၊ ယစ်မျိုးဆိုင်ရာအမှု ၉၀မှု၊ မူးယစ်ရမ်းကားမှုတစ်မှုနှင့် အခြားအမှုနှစ်မှုတို့ဖြစ်ကြောင်း သတင်းရရှိသည်။

မျက်နှာဖုံးမှ

# ကုန်းတွင်းရေနံလုပ်ကွက် လုပ်ကိုင်ခွင့် ပဏာမရွေးရာတွင် ဩစတြေးလျကုမ္ပဏီ အများဆုံးဖြစ်

"ကုမ္ပဏီတစ်ခုကို လုပ်ကွက်သုံးခုလျှောက်လို့ရတယ်။ လုပ်ကွက်က နည်းပြီး လျှောက်ထားတဲ့ ကုမ္ပဏီကများတော့ နောက်တစ်ကြိမ် ထပ်ရွေးဦးမယ်" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် (၁၈) ကွက်တွင် သုံးကွက်မှာ ထုတ်ယူနေဆဲလုပ်ကွက်ဖြစ်ပြီး ယင်းလုပ်ကွက်သုံးကွက်ကို လုပ်ကိုင်မည့် ကုမ္ပဏီနှင့် ချုပ်ဆိုရာတွင် ထုတ်လုပ်မှုတိုးမြှင့်သည့် ခွဲဝေရေးစာချုပ်ပုံစံဖြင့် ချုပ်ဆိုရမည်ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

"ရွေးချယ် ခံထားရတဲ့ ကုမ္ပဏီက မြန်မာကုမ္ပဏီတွေနဲ့ တွဲလုပ်ရမယ်။ တွဲရမယ့် ကုမ္ပဏီတွေကို သူတို့ရွေးချယ်ခွင့် ရှိပါတယ်" ဟု စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ကုန်းတွင်း ရေနံလုပ်ကွက် (၁၈) ကွက်အနက်မှ ပြည်တောင်တန်း၊ မြန်အောင်၊ ရွှေပြည်သာ လုပ်ကွက်များသည် အဟောင်းများဖြစ်ပြီး ကျန် (၁၅) လုပ်ကွက်သည် အသစ်ဖြစ်ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိမည့် လုပ်ကွက်များကို မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စမ်းသပ်ရှာဖွေရမည် ဖြစ်သည်။

စာမျက်နှာ (၂၇) မှ

# လူမှုကွန်ရက်များနှင့် အထိန်းအကွပ်

"သူများကိုနစ်နစ်နာနာပြောရမှ ကျေနပ်တဲ့ စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းချက်ရှိတာလည်းဖြစ်နိုင်တယ်" ဟု မော်လမြိုင်တက္ကသိုလ်မှ ဒုပါမောက္ခချုပ်နှင့် စိတ်ပညာဆိုင်ရာ ကျွမ်းကျင်သူလည်း ဖြစ်သူ ဒေါက်တာအောင်မြတ်ကျော်စိန်က ပြောသည်။

လူ့အဖွဲ့အစည်းအတွင်း အမုန်းပွားမှုများ ဖြစ်ပွားစေရန်နှင့် ပုဂ္ဂိုလ်ရေးအရ အရှက်ရစေရန် အမည်မသိ ရေးသားသူများ၏ လုပ်ရပ်ကို တားဆီးရန် ယခုအချိန်မှစတင် လှုပ်ရှားသင့်နေပြီဖြစ်ကြောင်း အင်တာနက်သုံးစွဲသည့် မြန်မာ့နိုင်ငံရေးလေ့လာသူများက ပြောသည်။ အစိုးရ၏ တန်ဖိုးနည်းဖုန်း စီမံကိန်းအရ မကြာမီနှစ်ပိုင်းအတွင်း တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာ တန်ဖိုးနည်းဖုန်း သုံးစွဲရန်ရှိနေပြီး ၎င်းတို့သည် လှုံ့ဆော်သူများ၏ ပစ်မှတ်အသစ်ဖြစ်သွားမည်ကို စိုးရိမ်မှုများလည်း ရှိသည်။

"တန်ဖိုးနည်းဖုန်းတွေကနေ လယ်သမားတွေကို မိုးလေဝသ သတင်းလို ကောင်းတာတွေ ပေးနိုင်သလို အဓိကရုဏ်းတွေလည်း ဖန်တီးနိုင်တယ်" ဟု ဘလော့ဂါကို နေဘုန်းလတ်က ပြောသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲကာစ၊ လွတ်လပ်စွာ ပြောဆိုခွင့်ကို အထိုက်အလျောက်ရခါစ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ပြောဆိုခွင့်ကို အသုံးချပြီး တာဝန်ယူမှုမဲ့သော ပဋိပက္ခလှုံ့ဆော်ရေးသားသူများ၏ စိန်ခေါ်မှုကို ပြည်သူအများစုရင်ဆိုင်နေရပြီဖြစ်သည်။ လက်ရှိအချိန်တွင် ယင်းဒဏ်ကို ခံစားနေရသူများမှာ ၎င်းတို့၏ နိုင်ငံသားအခွင့်အရေးများကို ဆိုးရွားစွာထိခိုက်ခံစားနေရပြီဖြစ်သည်။

"ခံရတဲ့သူက လိမ့်ခံနေဖို့ မလိုဘူး။ သက်ဆိုင်ရာကို တိုင်ကြားသင့်တယ်။ ဒါမှ ပြည်သူကို မကာကွယ်နိုင်ဘူးဆိုရင် ဥပဒေပြုရေး၊ တရားစီရင်ရေးကို မေးခွန်းထုတ်ရမှာပေါ့" ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။


## JOB VACANCY

Information Matrix Co., Ltd. is looking for candidates to fill the following posts at a quarterly business magazine (English):

**1) Editor M/F (1) post**

**Responsibilities**
- Administer overall development and continued improvement of the magazine
- Write and edit the contents of the magazine
- Manage relations with various content contributors involved
- Manage and coordinate personnel involved in the magazine's publication

**Qualifications**
- Myanmar national, aged 20 - 40
- Education: an undergraduate degree, preferably in business or the social sciences
- Excellent command of English and Myanmar, both written and verbal
- Good knowledge of economics and international affairs
- Minimum 2-3 years of working experience
- Possess excellent interpersonal and communication skills

**2) Research Assistant M/F (1) post**

**Responsibilities**
- Assist the Editor in overall development and continued improvement of the magazine
- Translate various materials, including legal and official documents from Myanmar to English
- Conduct research and gather data from contributors
- Draw charts, graphs, and figures from data collected
- Manage data bank, including fact-checking for accuracy and updating data as required

**Qualifications**
- Education: an undergraduate degree, preferably in business or the social sciences
- Excellent command of English and Myanmar, both written and verbal
- Prior experience translating from Myanmar to English
- At least basic knowledge of economics and international affairs
- Possess excellent interpersonal and communication skills
- Highly skilled in Microsoft Word and Excel, especially in the use of graphs, charts, and figures
- Prior experience in research preferred

Please submit your CV with a recent photo, a copy of your NRC card, 2-3 page writing sample in English for post No. (1), and 1-2 page Myanmar to English translation sample for post No (2).

Please submit all applications with the relevant documents to hr@informationmatrix.com, no later than (22/4/2013).

Room No. G-12, Ground Floor, Building (B), Diamond Centre, Pyay Rd, Kamaryut Tsp., Yangon. Tel:+95-1 512887, 513515~519 Fax: +95-1 513519